
www.burmeseclassic.com

ရွှေနှလုံးသားစာအုပ်အမှတ် (၁၁)



# ဖိုးတေရာ

## ဆင်မိုးလုံးနှင့်နောက်ဆုံးအဖြေ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၈၀၅/၂၀၀၄(၈)

●

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၆၄/၂၀၀၄(၉)

●

မျက်နှာဖုံး
ကျော်သောင်း

●

ကွန်ပျူတာစာစီ
ရွှေယောဇဉ်(ကိုရွှေဝင်းမောင်)

●

အုပ်ရေ
၅၀၀

●

ပုံနှိပ်ခြင်း
၂၀၀၄ (ဒုတိယအကြိမ်)

●

ထုတ်ဝေခြင်း
ဇန်နဝါရီ၊ ၂၀၀၅

●

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊
၃/၂၆၇၊ ခရေပင်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ။

●

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်မြင့်မြင့်ဦး (၀၆၅၆၁)၊ သင်္ဂဟပုံနှိပ်တိုက်
၂၅၊ လမ်း ၄၀(အထက်)၊ ကျောက်တံတားမြို့နယ်။

●

တန်ဖိုး- ၁၂၀၀ ကျပ်

အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com

# [၁]

စစ်ထွက်ယောက်ျား၊ မြွေသမားနှင့်၊
ရေသွားခရီး၊ ဆင်စီးသမှု
စိတ်က ဘယ်ခါ၊ မချရာ … ။ ။

ရှေးကဆိုထားခဲ့သော ပညာရှိတို့၏စာသည် မှန်လိုက်ပါလေဘိ။

ယနေ့နေ့လယ်ကဆင်ဦးစီး နှစ်ယောက်ဖြစ်သော ဘသာနှင့် ကျော်စံ တို့ သစ်တွဲဆွဲလုပ်ရာမှ စဖြစ်လာခဲ့ကြသော ပြဿနာမှာ ယင်းက မြစ်ဖျားခံလာလေသည်။

ပျားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ
စုံနှင့်ဟောဝန်၊ ဟောမန်ဟောမာ၊
ရိပ်သာ ဆိုင်းဆိုင်း၊ အင်တိုင်းစေးပျစ်၊
တောချည်းဖြစ်၏။ ။

ဦးထွန်းအောင်မြင့်သည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်သည်။

အရပ်ရှစ်မျက်နှာတို့တွင် တောကို မြင်ရသည်။ တောင်ကို မြင်ရသည်၊ ချောက်ကမ်းပါးကြီးများကိုလည်း မြင်ရသည်။ တောင်စောင်းနှင့် ချောက်နှုတ်ခမ်းပေါ်တွင် ကျွန်း၊ ကညင်၊ အင်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ ပိတောက်၊ ရှား၊ စကား၊ သင်းကနက်၊ အင်ကြင်း၊ မျောက်ချော စသည့် သစ်ပင်များကိုလည်း မြင်နေရသည်။

တောတောင်ကန္တာရထဲက မြို့ကို မရောက်ဖြစ်သည်မှာ တစ်လကျော်ပြီ။ ဇနီးမယား၊ သားသမီးများသည် သူ့ကို မျှော်နေကြပေလိမ့်မည်။ "အစ်ကိုကြီး.. ဒီတစ်ခါပြန်လာရင် ပျားသူငယ်လေး ယူလာပါဦး …၊ သမီးက ပျားသူငယ်လေးကြော်နဲ့ ကောက်ညှင်းထမင်း သိပ်ကြိုက်တာ" ဇနီးသည်၏ အမှာစကားကို ကြားယောင်နေမိသည်။

အငယ်ဆုံးသမီးလေးက ပျားသူငယ်နှင့်ကောက်ညှင်းပေါင်းစားရသည်ကို ကြိုက်သလို၊ သမီးအကြီးကမူ သူတောထဲက ပြန်လာလျှင် သစ်ခွပန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



သာ မျှော်နေလိမ့်မည့် သမီးကြီးသည် သစ်ခွပန်းကို မြတ်နိုးတတ်သူ ဖြစ်သည်။

ဦးထွန်းအောင်မြင့်၏ အတွေးက ပြတ်သွားသည်။ သူက ခြေလှမ်းကို ရပ်လိုက်သည်။ သူ့မျက်ဝန်းရိပ်တွင် လူရိပ်တစ်ခုထင်လာသည်။ ခေါင်းငုံ့၍ အတွေးနယ်ချဲ့နေရာမှ အတွေးက ပြတ်သွားသည်။ ခေါင်းကို မော့လိုက်သည်။

ဆင်ခေါင်းဦးမြသည် သူ့ဆီသို့ ရှေးရှုလာနေသည်။ သူသည် တဝေါဝေါ ဦးမြ၏ ခမ်းပေါက်ဘေးတွင် ရပ်လိုက်သည်။ ဦးမြကို လှမ်းကြည့်ငေးနေမိ၏။

ဦးမြ သူ့အနား ရောက်လာသည်။

"စားပြီးပြီလား ဆရာ"

"ဟုတ်ကဲ့...စားပြီးပါပြီဗျာ"

"ကျွန်တော် ဆရာ့ရုံးထဲ ရောက်သေးတယ်"

ဦးမြက သူ၏ဝါးဆေးတံကို ရှိုက်ဖွာရင်း ဆို၏။

ဦးမြ ဆေးတံဖွာသည်ကို မြင်တော့ သူလည်း ဆေးတံသမားပီပီ ဆေးတံဖွာချင်လာသည်။ ထို့ကြောင့် ကုတ်အင်္ကျီအိတ်ထဲက လင်ကွန်းတံဆိပ် ဆေးတံ သောက်ဆေးဘူးနှင့် ဆေးတံကို ထုတ်၍ ဆေးတစ်ဆုံသိပ်လိုက်သည်။

"ဘာထူးအထူးရှိလို့လား ဦးမြ"

သူက ဆေးတံကို မီးညှိရင်း အသံဝါးဝါးနှင့် မေး၏။

"ဘာစွက အထူးအဆန်းတွေ့ရယ်တော့ မဟုတ်ပါဘူးဆရာရယ်၊ ဘသာနဲ့ ကျော်စံတို့ ကိစ္စပါပဲ"

"ဗျာ...ဘသာနဲ့ကျော်စံ ဘာဖြစ်ကြပြန်ပြီလဲ"

ကိုက်ထားသောဆေးတံကို ပါးစပ်ထဲမှ ရုတ်ခနဲချွတ်လိုက်ပြီး ဦးထွန်းအောင်မြင့် က မေး၏။

"ဒီကောင်နှစ်ကောင် နွေလယ်က သစ်ကွက်ဆယ့်သုံးမှာ တွဲခွဲရင်း ရန်ဖြစ်သာကြတယ် ဝန်ထောက်မင်း"

"ဟေး...အလျှင်တစ်ခါလည်း ဇက်ခတ်ဆွဲကြတာ သံကြိုးပြတ်လို့ ဆိုလား ဖြစ်ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ...၊ ဒါပေမဲ့ အဲဒီတုန်းကတော့ စကားများရုံပါ၊ ခုလို ....."

"အ...အဟမ်း...ဟမ်း...ဟမ်း"

ဆေးတံထဲမှ ရှိုက်သွင်းလိုက်သော မီးခိုး သီးသွားသည်။ အဆုတ်ထဲ တိုက်ရိုက်ဝင်သွားသလို ပူပူဆာဆာဝေဒနာကိုလည်း ရင်ခေါင်းဝမှ ခံစားလိုက်ရသည်။



သူဆေးတံသီးသွားသဖြင့် ဦးမြ၏စကားက ရပ်သွား၏။

"ပြောပါဦး ... ဦးမြရယ်၊ ခုဘယ်လိုဖြစ်ကြလို့လဲ"

"ရန်ဖြစ်ပြီး ထိုးသားကြတာပဲ၊ ဟော့ ဖြစ်လာကြတယ် ဆရာရေ့"

"ဟေး"

ဦးထွန်းအောင်မြင့် အသက်ရှူရပ်သွားသည်။

သူ့ဆေးတံမှ ဆေးငွေ့များကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်၍ ငိုင်သွားသည်။

"အဲဒါ ... ညနေကျရင် ဆရာ ဒီကောင်တွေကို နည်းနည်းပါးပါး ပြောဆိုဆုံးမပါဦး...."

ဦးမြသည် ဤမျှသာပြောပြီး စခန်းတဲရှိရာဘက်သို့ ပြန်ထွက်သွားသည်။ ဦးထွန်းအောင်မြင့်ကလည်း စခန်းရှိရာဘက်သို့ သူ့ခြေလှမ်းကို ရွှေ့လိုက်သည်။

ဦးမြက သုတ်သုတ်သွက်သွက် လှမ်းထွက်သွားသော်လည်း သူ့ခြေလှမ်းကမူ နှေးသည်။ စခန်းတဲဘက် လှမ်းနေသော သူ့ခြေလှမ်းသည် ခဲဆွဲထားသလို လေးနေမိသည်။

နေရောင်ခြည်ကို လုံးဝမမြင်ရတော့။ တောင်မြင့်တန်းများပေါ်တွင် မြူနှင့် မင်းလွင်ပြာပြာတို့ ရောယှက်နေသည်။ နွေလဖြစ်သဖြင့် သစ်တောက ပြာညော် ခြောက်သွေ့နေသည်။ တောင်တန်းတို့သည် မှိုင်းမှုန်နေကြသည်။

စခန်းတဲသို့ လှမ်းအတက်တွင် ခါတိုင်းကြားနေကျ မျောက်လွှဲကျော် တစ်အုပ်၏ ကွိကွိမြည်သံကို မြိုင်ယံဘက်မှ ကြားနေရလေသည်။

ကုန်းခင်းကွင်းပြင်သာဆိုလျှင် ဤလိုအချိန်သည် မှောင်ရည်သန်းစပြင် ရှိမည်မဟုတ်သေး။ နေရောင်ခြည်နှင့် ဆည်းဆာတို့ ရောယှက်ကာ လှပတင့်တယ် ရှိဦးမည်။ အိပ်တန်းတက်ခါစ ငှက်ကလေးတွေ၏ စီစီညံညံအသံတွေနှင့် သာသာ ယာယာပင် ရှိဦးမည်။ အသံကျပ်ကျပ်စူးစူးနှင့် တွန်တတ်သော တောကြက်ဖ၏ တွန်ကျူးသံကိုလည်း ဟိုမှသည်မှ တောင်စောင်း တောစတို့မှ ကြားနေရဦးမည် ရှိဦးမည်။

ယခု သူတို့စခန်းမှာ တောနက်ကျသဖြင့် မှောင်စပပြုနေလေပြီ သစ်တော ဝန်ထောက် ဦးထွန်းအောင်မြင့်သည် စခန်းတဲပေါ် လှမ်းတက်လိုက်သည်။

"မောင်လုဝေရေ"

"ဟုတ်ကဲ့ဆရာ"

"ဘသာနဲ့ ကျော်စံကို ခေါ်ခေါ်ပေးပါကွာ"

"ဟုတ်ကဲ့ခင်ဗျား"

"ဆင်တဲနဲ့ စခန်းတဲ တစ်နေရာရာ ရှိပါလိမ့်မယ်ကွာ"

"ဟုတ်ကဲ့ ... ကျွန်တော်ရှာခေါ်ပေးပါမယ့်ဆရာ"

■

www.burmeseclassic.com

www.burmeseclassic.com

## ၂

ဖိုင်တွဲတစ်ခုထဲရှိ စာရွက်စာတမ်းများကို တစ်ရွက်စီ လှန်လှောစစ်ဆေးကာ ရေးလိုက်၊ မှတ်လိုက်၊ ဖျက်လိုက်၊ ပြင်လိုက်၊ နောက်တစ်ရွက် ထပ်လှန်လိုက်နှင့် ဝန်ထောက် ဦးထွန်းအောင်မြင့်မှာ အလုပ်ရှုပ်နေသည်။

သူ့ဘေးတစ်ဖက်ရှိ နံ့တန်းလျှားရှည်တွင်တော့ တောလိုက်စာရေး ကလေးမောင်လှဝေနှင့် သစ်ခေါင်းဦးမြတို့က ယှဉ်လျက်ထိုင်နေကြသည်။ အချိန်မှာ ညရှစ်နာရီနီးပါးပင် ရှိသွားလေပြီ။

မကြာခင်မှာပင် ဆင်ဦးစီးနှစ်ယောက်ဖြစ်ကြသော ဘသာနှင့်ကျော်စံတို့ ဝန်ထောက်မင်းရှိရာ သစ်တဲထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြသည်။ သူတို့နှစ်ယောက်စလုံးသည် လက်ကိုနောက်ပစ်ကာ ဝန်ထောက်မင်းရှေ့မှာ ခပ်ယို့ယို့ မတ်တတ်လာရပ်ကြသည်။

တရှဲရှဲမြည်နေသော လက်ဆွဲဓာတ်မီးရောင်အောက်တွင် စာရင်းစာအုပ်ဖိုင်တွဲနှင့် ခေါင်းမဖော်နိုင်လောက်အောင် အလုပ်ရှုပ်နေပုံရသော ဝန်ထောက်မင်းက သူတို့နှစ်ယောက်အား ဆတ်ခနဲတစ်ချက် ခေါင်းမော့ကြည့်လိုက်၏။

ဝန်ထောက်မင်း အကြည့်ကြောင့် ဆင်ဦးစီးဘသာနှင့်ကျော်စံတို့မှာ တရားသူကြီးရှေ့မှောက် ရောက်နေရသော တရားခံနှစ်ဦးပမာ မျက်လွှာကိုယ်စီချ၍ ခေါင်းငုံ့နေကြသည်။

ဝန်ထောက်မင်းသည် စာရေးတွက်ချက်နေရာမှ ကလောင်တံကို နံ့ပေါ်တင်ထားလိုက်ပြီး ဖိုင်တွဲကိုလည်း ပိတ်လိုက်သည်။ ပြီးမှဘသာနှင့် ကျော်စံကဖျတ်ခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြန်သည်။

ဝန်ထောက်မင်းမှာ အသက်လေးဆယ်ကျော် ငါးဆယ်ခန့်အရွယ်ရှိသည်။ ဉာဏ်ရုပ်ခန့်ညားသည်။ တည်ကြည်လေးနက်သော မျက်လုံးမျိုးရှိသည်။ ထို့ကြောင့်လည်း ဝန်ထောက်မင်း၏အကြည့်ကို ဘသာနှင့်ကျော်စံတို့က ရုတ်ခြည်းမျက်လွှာချပစ်လိုက်ကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်မှာ အသက်သုံးဆယ်ဝန်းကျင်သာရှိသလို လက်အောက်ငယ်သားများလည်း ဖြစ်သဖြင့် ဝန်ထောက်မင်း ဦးထွန်းအောင်မြင့်ကို လေးစားကြရသည်။



ဘသာနှင့်ကျော်စံတို့၏မျက်နှာမှာ လောလောဆယ်ခန့်မှန်းရခက်သည်။ ဖူးရောင်ညိုမည်း၍ သွေးခြည်ဥကွက်တွေနှင့် မြင်မကောင်းရှုမကောင်းဖြစ်နေကြသည်။ ခေါင်းတွင် စွပ်ကျယ်စုတ်ညစ်ထေးထေး တစ်ထည်ကို ပတ်ထားသည်ကို မြင်ရခြင်းအားဖြင့် ဘသာ ခေါင်းကွဲနေကြောင်း ဝန်ထောက်မင်းက မမေးဘဲ သိလိုက်ရသည်။

ဦးထွန်းအောင်မြင့်၏ စူးစူးတောက်တောက် မျက်လုံးအစုံသည် ပို၍အရောင်တလက်လက် လျှံဖိတ်လာသည်။ သူသည် မျက်လုံးအကြည့်ကို ဘယ်ညာရွှေ့နေသည်။ နှစ်ယောက်စလုံးကိုကြည့်နေသည်။ ဘသာနှင့်ကျော်စံကတော့ တုတ်တုတ်မျှမလှုပ်၊ ပကတိ တည်ငြိမ်နေကြသည်။

"ဘသာ ..."

"ခင်ဗျား ..."

"ကျော်စံ ..."

"ဟုတ်ကဲ့ ... ဆရာ"

နှစ်ယောက်စလုံး ကိုယ်ကို အနည်းငယ်မျှ လှုပ်လိုက်ကြသည်။ မျက်လုံးအကြည့်ကမူ ဝန်ထောက်မင်းဆီ လုံးလုံးမတည့်။ ဘသာက အောက်သို့ငုံ့ထားပြီး ကျော်စံက အကြည့်လွှဲနေသည်။ ကျော်စံ၏ မျက်ခွံမှာ ဖူးရောင်နေသဖြင့် အကြည့်ကိုပို၍ ဖုံးကွယ်ထားသလို ဖြစ်နေသည်။

"မင်းတို့နှစ်ယောက်ကို ငါအခုခေါ်ရတဲ့ကိစ္စကိုတော့ မင်းတို့ နှစ်ယောက်စလုံး သိပြီးကြရောပေါ့"

တစ်ယောက်မျှ မဖြေကြ၊ နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြသည်။

ဝန်ထောက် ဦးထွန်းအောင်မြင့်သည် ဤတစ်ခါတော့ သူတို့နှစ်ယောက်ကို ... ခုံးရှုံးရုံကြည့်သည်။ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ကိုက်လိုက်သည်၊ ... ခေါင်းကို တစ်ချက်ဆတ်ချိုးယမ်းလိုက်သည်။

"ဟင် ... မင်းတို့ကို ငါခေါ်ရတဲ့ကိစ္စတော့ မင်းတို့သိကြပါတယ်နော်"

"ဟုတ်ကဲ့"

နှစ်ယောက်စလုံး ပြိုင်တူ ဟုတ်ကဲ့လိုက်တာလား၊ တယောက်တည်း ... အသံပဲလား ...၊ ဦးထွန်းအောင်မြင့် နားမရှင်းလိုက်။ သို့သော် ... ကလေးသူငယ် ... ...ားကို မေးစစ်ရသလို မေးစစ်ရန် မလိုအပ်မှန်းသိ၍ ဦးထွန်းအောင်မြင့်က ... သက်ပြင်းမှုင်မှုင်တစ်ချက်ကိုသာ ချလိုက်ရ၏။

"ကဲ...ကဲ... ဆိုကြစမ်းပါဦး... အလုပ်အတူတွဲဆွဲလုပ်ကြတဲ့ဥစ္စာ မင်းတို့ ...ခ်ယောက်က တစ်ယောက်ကို တစ်ယောက် ထိုးလားကြိတ်လား ... ...ဘ်လားထိ ဖြစ်ကြရအောင် ဘယ်ကဘယ်လို စဖြစ်ကြရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အကြက်ခရေမ်းစခန်းတွင် ဆင်ဦးစီးနှစ်ယောက် ဖြစ်ကြသော ဘသာနှင့် ကျော်စံတို့ နေ့လယ်က ဆင်နှင့် စခန်းနားသို့ သစ်လုံးများ လိမ့်ဆွဲတွဲချရာတွင် တစ်ယောက်နှင့်တစ်ယောက် စကားများရန်ဖြစ်လာကြပြီး ညနေချမ်း အရက်ဝိုင်းမှာပါ တစ်ခါထိုးလား ကြိတ်လား၊ သတ်လား ပုတ်လား ဖြစ်ကြသည်ဟု သစ်ခေါင်းဦးမြက လာပြောသဖြင့် ဝန်ထောက် ဦးထွန်းအောင်မြင့်က သိထားပြီး ဖြစ်သည်။

ဦးမြ တစ်ခါ လာပြောစဉ်ကမူ သိပ်အရေးမကြီးသေး၊ မနက်ဖြန်မှပြောမည်ဟု သူကတွေးခဲ့သေး၏။ ယခုနောက်တစ်ခါအရက်ဝိုင်းမှာ ထပ်ဖြစ်ကြပြန်ပြီဆိုသဖြင့် ခေါ်ပြောရခြင်းဖြစ်၏။

ဦးထွန်းအောင်မြင့်၏စကားကို မည်သူကမှ နှုတ်တုံ့မပြန်ကြ၊ နှစ်ယောက်စလုံး ငြိမ်နေကြသေး၏။

"ဟေ့... ငါမေးနေတာကို ဖြေကြလေကွာ၊ မင်းတို့ ဒီသစ်ဆွဲစခန်းမှာလာပြီး ရန်ဖြစ်ကြရအောင် ရည်းစားလုဘက်တွေမို့လား"

ဝန်ထောက်မင်း၏ "ရည်းစားလုဘက်တွေမို့လား" ဟူသော စကားကြောင့် ဘသာနှင့်ကျော်စံနှစ်ယောက်စလုံးမှာ ကွက်ခနဲ မျက်နှာပျက်သွားသည်။

ဤသည်ကို ဝန်ထောက် ဦးထွန်းအောင်မြင့်က လုံးဝမရိပ်မိလိုက်ပေ။ ဝန်ထောက်မင်းအနေမှာ စကားအလျဉ်းသင့် ပြောရိုးပြောစဉ် ပြောလိုက်ခြင်းသာ။ ထို့ကြောင့် သူတို့နှစ်ယောက်၏မျက်နှာကိုလည်း သတိ မထားမိလိုက်။ အကယ်၍ သူတို့နှစ်ယောက်၏မျက်နှာကို သတိထားမိသည်ပဲ ဆိုဦး၊ စောစောက ရန်ဖြစ်၍ ထိုးကြိတ်ထားကြကာ ဖူးရောင်နေသော သူတို့နှစ်ယောက်၏မျက်နှာကို မည်သို့မှ ခန့်မှန်း၍ ရမည်မဟုတ်ပေ။

ထို့ကြောင့်လည်း ဝန်ထောက် ဦးထွန်းအောင်မြင့်သာ မဟုတ်၊ သူ့ဘေးတဖက်တွင် ယှဉ်ထိုင်နေကြသော တောလိုက်စာရေး မောင်လှဝေနှင့် သစ်ခေါင်းကြီးဦးမြတို့ကလည်း လုံးဝ သတိမထားမိလိုက်ကြပေ။

ဝန်ထောက်မင်းပြောလိုက်သောစကားမှာ အကြောင်းအားဆီလျော်စွာ ပြောလိုက်ခြင်းသာဖြစ်၍ မည်သူ့ကိုမျှ ဥပါဒ်စေလိုသောစကားလည်း မဟုတ်ပါပေ။ သူတို့နှစ်ယောက်၏ ကိုယ်ရေးကိုယ်တာကိုလည်း ဦးထွန်းအောင်မြင့်က သိသူမဟုတ်၊ သူတို့နှစ်ယောက်မှာ လူပျို လူလွတ်တွေလား ...၊ အိမ်ထောင်သည်တွေလား ...၊ ကလေး ဘယ်နှယောက် ဖခင်တွေလဲ ဆိုတာလည်း ဦးထွန်းအောင်မြင့်က သိသူမဟုတ်ပါချေ။ စကားအလျဉ်းသင့်၍သာ ပြောမိလိုက်ခြင်း ဖြစ်၏။

သို့သော်... ဤသည်ကိုပင် အနာပေါ် တုတ်ကျ ဖြစ်သွားကြသော ဘသာနှင့်



ကျော်စံတို့မှာမူ ဆတ်ဆတ်ခါ နာသွားကြသည်။ တစ်ယောက်ကို တစ်ယောက် ဒေါသနှင့်လည်း ခပ်စောင်စောင်ကြည့်မိပြီးသား ဖြစ်သွားကြသည်။

ဘသာသည် ပို၍ ရှုံ့ရှုံ့ရဲရဲ ဖြစ်သွားသည်။ အထစ်ထစ် အငေါ့ငေါ့စကားကို စတင်သည်။

"ဖြစ် ... ဖြစ်တာက ဒီလိုပါ ဝန်ထောက်မင်း ..."

စကား ထစ်နေပြန်သည်။

ဦးထွန်းအောင်မြင့်၏ မျက်လုံးအစုံက ဘသာစီ ရွေ့သွားသည်။ ဦးမြနှင့် မောင်လှဝေတို့ကလည်း ဘသာ၏ မျက်နှာကိုသာ လှမ်းကြည့်နေကြ၏။

"ကျွန်တော်နဲ့ ဒီကောင် သစ် ..."

"ခင်ဗျား ... ကျုပ်ကို ဒီကောင် ... ဒီကောင်လို့ မပြောပါနဲ့ဗျ၊ အကောင်ဆိုတာ တိရစ္ဆာန်ကို ပြောတာဗျ"

ကျော်စံက သူ့ကို အကောင်တပ် ပြောရမည်လားဟု ဝန်ထောက်မင်းရှေ့မှာပင် ဘသာကို အော်ပစ်လိုက်သည်။

"ကျော်စံနဲ့ကျွန်တော်သစ်လုံး တွဲလိမ့်အတူတူ အလုပ်လုပ်ကြရပါတယ်၊ ဆယ့်သုံးအမှတ် သစ်ကွက်ထဲက ကျွန်းလုံးကြီးတစ်လုံးကို ဆင်နဲ့ဦးပွဲပြိုင်တူ လိမ့်ဆွဲလာကြတာ စခန်းဂိတ်ထိပ်က အဝင်ဝ ကမ်းနဖူးအရောက်မှာ ဒီကောင်ကျော်... ကျော်စံက သစ်လုံးကြီးလည်ပြီး ကျွန်တော့်ကို ရိုက်မိအောင် သူ့ဆင်မ မိပိုနဲ့ တမင်သက်သက် အောင်းခိုင်းလိုက်တာ၊ ကျွန် ..."

"ခင်ဗျားက ကျုပ်ကို ဒီလိုမတရား မစွပ်စွဲပါနဲ့ဗျ၊ ကျုပ်စီးလုပ်ရတဲ့ မိပိုက ခင်ဗျား အကောင်ကြီးထက် အများကြီးအားနည်းတယ်ဆိုတာကျတော့ ခင်ဗျား ထည့်မတွက်ဘူးမဟုတ်လား၊ မိုးလုံးအားသန်တိုင်း ခင်ဗျားက ကုန်းထိပ်အတက်ထိ တအားတွန်းလိမ့်သွားလို့ ဒီလိုဖြစ်ရတာကိုပဲ ကျုပ်အပြစ် ဖြစ်အောင် တမင်လီဆယ်ပြီး ပြောနေ..."

"ဘာ ... ဘာကွ၊ ငါက တအား တွန်းလိမ့်သွားလို့ ဟုတ် ... ဟုတ်လား မင်း ... မင်း မိပိုရဲ့ဦးကင်းနောက်ကိုခြေဖျားလွှဲခတ်ပြီး တအားဆောင့်အောင်းခိုင်းတာ ငါမမြင်လိုက်ဘူး မှတ်သလား"

"မိပိုက အားမလိုက်နိုင်လို့ နောက်ထိုင်တောင် ယိုင်သွားတာ ကျုပ်တော့ကော၊ ဒါကျတော့ ခင်ဗျား မျက်စိ ..."

"ဟာ ... မင်းတို့ဟာက မဟုတ်သေးပါဘူးကွ၊ တစ်ယောက်ပြောပြီး တစ်ယောက်ပြောကွာ၊ သူငယ်နှပ်စား ကျောင်းသားလေးတွေ ရန်ဖြစ်တာကျနေတာပဲ၊ ငါက ဘယ်သူ့စကားနားထောင်ရမှာလဲ"

စကားအချေအတင်ပြောကြရင်းက သူ့ရှေ့၌ပင် တစ်ယောက်နှင့်တစ်ယောက် ထထိုးကြတော့မလို ဒေါသကြီးလာကြပြန်သဖြင့် ဝန်ထောက်မင်းသာ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ထိန်းလိုက်ရသည်။ တစ်ယောက်ပြောပြီးမှ တစ်ယောက်ပြောရန် ဟန့်ထားလိုက်သည်။

သူတို့နှစ်ယောက်မှာ အရက်ဝိုင်းကပင် ရန်ဖြစ်လာကြသူတွေဖြစ်သဖြင့် သူတို့ကိုယ်ပေါ် စိတ်ပေါ်တွင် အရက်ဆိပ်အရက်ငွေ့တွေက မပျောက် သေးပဲ ရှိနေသေး၏။ သူတို့နှစ်ယောက် ပါးစပ်ဟလိုက်တိုင်း အရက်နံ့ ထွက်လာသည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်၏ စကား များကြောင်း ပြောနေကြခြင်းက အလျှဉ်မပြတ်ချင်ကြသေး။ သူဦး ကိုယ်ဦး ပြောနေကြ၍ သူ့မှန် ကိုယ်မှန် ငြင်းနေကြ၏။

"အသေးစိတ်လို့ ချိန်လိုက်မမီတာ တအားအောင်းမခိုင်းလို့ ကျုပ်က ဘယ်လို လုပ်ရမလဲ၊ နောက်ကျနေရင်လည်း ခင်ဗျားကပဲ ကျုပ်ကို ခိုချင်တယ်၊ ကပ်ချင် တယ်ပြောဦးမှာ၊ အလျှင်တစ်ခါ ..."

"သစ်များက တွန်းခိုင်းရတဲ့ မင်းကများ ချိန်လိုက်မမီဘူးဆိုတာ ရှိသေး သလားကွ၊ ငါက ဆင်ပိုင်ဦးစီးတစ်ယောက်ပါကွ၊ မင်း ငါ့ကို မုန်လာဥလုပ်လို့ မရဘူး ... တောက်"

"အားသိမ်လို့ မမီတာ မမီတာပဲဗျ၊ ခင်ဗျား အလုပ်မကျွမ်းကျင်တိုင်း ကျုပ် ကို မတရား မစွပ်စွဲပါနဲ့"

"အ ... အာမယ်၊ ငါကလား အလုပ်မကျွမ်းကျင်တာ၊ မင်းခွေးပါးစပ်နဲ့ နတ် သံမပတ်ပါနဲ့"

"ဘာ နတ်သံပတ်ရမှာလဲ မဟုတ်ဘူးလား"

"ဟေ့ ... ဒီမှာ ကျော်စံ၊ ငါက မင်းလိုသူများဆီမှာ အငှားစီးပေးရတဲ့ ဆင် ကျွန်စီးမဟုတ်..."

"တော် ... တော် ... ခင်ဗျားလွန်လာပြီ၊ ကျုပ်က ဆင်ကျွန်စီးပေမယ့် ခင်ဗျားလို ညစ်ပတ်ကောက်ကျစ်တဲ့ ..."

"မင်းလူပါးမဝနဲ့ ..."

"ဝတော့ကော ... ခင်ဗျားက ..."

"ဟေ့ ... ဟေ့ကောင်တွေ၊ ငါပြောနေတယ်ကွ၊ မင်းတို့နှစ်ယောက်စလုံး ပါးစပ်တွေပိတ်ထားကြစမ်း၊ ငါးစိမ်းသည်တွေ ရန်ဖြစ်တာကျနေတာပဲ၊ လူကြီး လုပ်တဲ့လူက ပြောနေတာကိုလည်း အားနာ လေးစားရကောင်းမှန်းမသိဘူး။ မင်းတို့က ဘာကောင်တွေမို့လဲကွ"

ဤတစ်ခါတော့ ဝန်ထောက်ဦးတွန်းအောင်မြင့်မှာ တော်တော် ဒေါသထွက် သွားသည်။

သို့အတန်တန် တားနေ၊ ပြောနေသည့်ကြားကပင် တစ်ယောက်နှင့် တစ်ယောက် ထိုးမည် ကြိတ်မည် ဖြစ်လာကြပြန်သည်။ ထို့ကြောင့်လည်း



လက်အောက်ငယ်သားများအပေါ်တွင် တစ်ခါမှ မာရေကျောရေပင် စကားတင် မပြောဖူးသောဝန်ထောက်မင်းက စားပွဲကို တဝုန်းဝုန်းထုကာ ဘသာနှင့်ကျော်စံ ကို ရိုင်းရိုင်းဖွဖွ အော်ငေါက်ပစ်လိုက်သည်။

ဘသာနှင့်ကျော်စံတို့ ရန်ဖြစ်ပြီး ထိုးလားကြိတ်လား ဖြစ်လာကြသည့် အကြောင်းရင်းကို ဤမျှဆိုလျှင် ဝန်ထောက်မင်းက အတော်အသင့် ခန့်မှန်းမိ လိုက်လေပြီ။

သစ်ခေါင်းကြီးဦးမြကလည်း ဘသာနှင့်ကျော်စံတို့ ရန်ဖြစ်ခဲ့ကြသည့် အကြောင်းရင်း ဇာစ်မြစ်ကို ယထာဘူတကျကျ အကြမ်းဖျင်း အစီရင်ခံထားပြီး ဖြစ်လေသည်။

အမှတ်ဆယ့်သုံး သစ်ကွက်ထဲက ကျွန်းတုံးကြီးများကို ဆင်ဦးစီးနှစ် ယောက်ဖြစ်သော ဘသာနှင့်ကျော်စံတို့က တစ်ယောက်ဆင်တစ်ကောင်စီနှင့် အရင်းအဖျားမျှ၍ စခန်းနား အရောက် ဆင်နှင့် တွန်းလိမ့် တွဲပြောင်း ဆွဲချ လာကြရာ ဂိတ်တံခါးနားအရောက် ကုန်းလျှောအတက်မှာ ကျော်စံဘက်က သစ်လုံးကြီးအဖျားသည် အရှိန်ပြင်းစွာလည်လာပြီး ဘသာကို ထိရိုက်မိသလို ဖြစ်သွားသည်ဟု ဆိုသည်။

ဤသို့ဖြစ်ရခြင်းမှာ ခံရမည့်သူ ဘသာအတွက် ကျောချမ်းမတွေးဝံ့စရာ အကွက်တော့ မှန်သည်။ ဤသတင်းကို ကြားစက ဝန်ထောက်မင်းပင် ကျောထဲ က စိမ့်ခနဲဖြစ်သွားမိသည်။

မတော်တဆ လူတစ်ဖက်နီးပါးမျှရှိသော ကျွန်းသစ်လုံးကြီးအဖျားကသာ ဆင်တအားနှင့် လူကိုထိခိုက်ရိုက်မိပါက ခံလိုက်ရသူမှာ ထိုနေရာ၌ပင် ပွဲချင်းပြီး သေသွားနိုင်သည်။ အကယ်၍ မသေမပျောက်ပဲ ခံလိုက်ရသည်ထားဘိဦး ခြေကျိုး လက်ကျိုး ခါးဆစ်ကျိုးဖြစ်ကာ တစ်သက်လုံးလူရာမဝင်ပဲ လူညွှန့်တုံး သွားရမည်မှာ မုချပင်တည်း။

အကယ်၍ လူကိုမဆိုထားနှင့်၊ ဆင်တစ်ကောင်ကောင်၏ ခြေလက်အင်္ဂါ များကို ရိုက်မိသွားလျှင်လည်း အတွင်းကြေ၊ အထဲပုပ်၍ ထိုဆင်ကို တစ်သက်ပုံ သီတင်း အနားပေးထားရပေမည်။ သို့မဟုတ် ချက်ကောင်းကို ထိမိက ဆင်လည်း သေနိုင်သည်။ ဆင်ထက် ခွန်အားဗလကအစ ကိုယ်ကာယသေးသိမ်သော လူဆိုလျှင် ဆိုဖွယ်ရာမရှိပြီ။

ဤသို့ မတော်တဆ ဖြစ်ရခြင်းမှာ တွဲလိမ့်ဆွဲပြောင်းရာ၌ ကြောက်စရာ ရင်ထိတ်စရာအကောင်းဆုံးသော မတော်တဆပင် ဖြစ်သည်။

ထို့ကြောင့်လည်း ဤဖြစ်ရပ်ပေါ်မှာ အခြေတည်ပြီးဘသာနှင့် ကျော်စံ အား မကျေမနပ်ဖြစ်ခဲ့ရသည်။ တလမ်းလုံး သို့မဟုတ် အပြန်လမ်းတစ်လျှောက် တစ်ယောက်နှင့် တစ်ယောက် ဗျစ်တောက်ဗျစ်တောက် စကားများ ရန်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြရာ စခန်းရောက်၍ အလုပ်သိမ်းပြီးသော်လည်း သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့၍ စကားမပြတ်နိုင်ကြသေး။ အငြိုးအတေးတွေနှင့် အခဲမကြေကြသေး။ တစ်ယောက်ကို တစ်ယောက် မာန်စောင်နေကြဆဲ။

သည်လိုနှင့် နောက်တော့ ညနေချမ်းအရက်ဝိုင်းတွင် ထိုပြဿနာကြောင့်ပင် ဘစ်ယောက်နှင့်တစ်ယောက် ထိုးလား ကြိတ်လား သတ်လားပုတ်လား ဖြစ်ကြသည်။ စခန်းရှိ အလုပ်သမားများအားလုံးက သူတို့နှစ်ယောက်ကို ဟန့်တားဆွဲထားကြရသည်။ ခေါင်းကွဲ ထိပ်ပေါက်လည်း ဖြစ်ခဲ့ကြရသည်။

ထိုပြဿနာသည် သစ်ခေါင်းဦးမြမှတစ်ဆင့် ဝန်ထောက်ဦးထွန်းအောင်မြင့်ဆီသို့ ရောက်လာရခြင်း ဖြစ်လေသည်။

ဝန်ထောက်ဦးထွန်းအောင်မြင့်သည် ဘသာနှင့်ကျော်စံတို့ မကျေမနပ်နှင့် အချေအတင်ပြောသွားခဲ့ကြသော စကားဆက်ပေါ်တွင် မှုတည်ကာ သစ်ဆွဲတွဲလိုမ့်ပြောင်းရာ၌ ဖြစ်နိုင်၏။ မဖြစ်နိုင်၏ကို သူဉာဏ်မီသလောက် စဉ်းစားတွေးခေါ်ကြည့်ရသည်။

ဘသာ စွပ်စွဲပြောဆိုသလို ကျော်စံက တမင်ညစ်သဖြင့် ဖြစ်နိုင်သလို၊ ကျော်စံ ပြန်လည်ချေပသကဲ့သို့ စီးတွဲလိုမ့်ပြောင်းရသော ဆင်နှစ်ကောင်၏ အားချင်းမမျှကလည်း ဖြစ်နိုင်ကောင်းသော မတော်မဆ ပြဿနာပင်။

နောက်ပိုင်း ဆင်ဆိုသောတိရစ္ဆာန်များမှာလည်း တစ်ခါတစ်ခါ အလွန်အမင်း ပင်ပန်း၍ ငြီးစီစီ ဖြစ်လာကြပြီဆိုလျှင် တစ်ကောင်နှင့်တစ်ကောင် ခိုချင်ကပ်ချင် ညစ်ချင်ကြသည်။

ပင်ကိုသဘာဝ ဗီဇကပင် အမြဲမျက်ကြောမတည့်တတ်ကြသော ဟိုင်းမျိုးနှင့် စွယ်စုံမျိုး အထီးအထီးချင်း၊ အမအမချင်း တွဲထားပေးလျှင် သစ်တွဲလိမ့်ပြောင်းဆွဲရာ၌ အလွန်အန္တရာယ်များတတ်လေသည်။

တစ်ကောင်နှင့်တစ်ကောင် အလစ်ကိုချည်း အမြဲမာန်စောင်လေ့ ရှိကြသည်မို့ ဘယ်တော့မှ ရှောရှောရှုရှုမဖြစ်တတ်ပေ။ ဆင်ချင်း အဆင်မပြေလျှင် ဦးစီးလုပ်သူတွေမှာလည်း အလွန်အန္တရာယ်များတတ်လေသည်။

ထို့ကြောင့်လည်း တွဲဆွဲရွှေ့ပြောင်းရာတွင် ဆင်တွဲပေးသူ ဆင်အုပ်၊ ဆင်ခေါင်း၊ သစ်ခေါင်း၊ သို့မဟုတ် ဦးစီးလုပ်သူက ဆင်၏အထာကို သိတတ်ဖို့ အများကြီးလိုလေသည်။ ဆင်၏အထာကို မသိဘဲနှင့် တွဲပေးမိလျှင် ဆင်တစ်ကောင်သော်လည်းကောင်း၊ ဦးစီးသခင်လူတစ်ယောက်ယောက်သော်လည်းကောင်း အထိအခိုက်ရှိတတ်ကြလေသည်။ ယင်းကြောင့် တာဝန်ရှိသူသည် ဆင်တွဲခက်ခက်ဆွဲရာ၌ အထူးကျွမ်းကျင်ရသည်။ ဆင်အထာကို အထူးသိရလေသည်။ ဘယ်ကောင်နှင့်ဘယ်ကောင်မသင့်၊ ဘယ်အမျိုးနှင့် ဘယ်အမျိုးက သဘာဝအရ မတည့်ကြဆိုသည်ကို ကြိုတင်သိထားရသည်။ သို့မှသာ တွဲဆွဲ၍ရ၏။ သို့မဟုတ်



ဖြစ်ကတတ်ဆန်း တွဲပေးမိလျှင်တော့ လူသော်လည်းကောင်း၊ ဆင်သော်လည်းကောင်း တစ်ဦးဦးအန္တရာယ် ဖြစ်ရမည်မှာတော့ မုချပင်။

ဤသည်မှာ သစ်ထုတ်လုပ်ရာ၌ နှစ်ကြာမြင့်ပြီ ဖြစ်သော ဝန်ထောက်မင်းဦးထွန်းအောင်မြင့်၏ ကြုံတွေ့ဖူးသော အခြေအနေများ ဖြစ်လေသည်။

သို့သော် ... ယခု ပြဿနာဖြစ်ရသော ဘသာ၏ စွယ်ပြောင် ဆင်ပေါက်မိုးလုံးနှင့် ကျော်စံဦးစီးလုပ်ရသော မိပို ဟိုင်းဆင်မတို့မှာ ဤကဲ့သို့ တစ်ကောင်နှင့်တစ်ကောင် မာန်စောင် ညစ်ပေစရာအကြောင်းတော့မရှိပါ။ လိင်မတူသော အထီးအမနှစ်ကောင်ကို တွဲပေးထားခြင်းဖြင့် တစ်ကောင်နှင့်တစ်ကောင် ထိန်းမ၍ ဆွဲရွှေ့ကြစမြဲသာ ဖြစ်လေသည်။

ဟိုင်းဆင်မ မိပိုနှင့် စွယ်ပြောင် မိုးလုံးတို့ ဤကဲ့သို့ တွဲဆွဲရွှေ့ပြောင်းလုပ်လာခဲ့ကြသည်မှာလည်း နှစ်ဝက်ခရီးပင် ရှိလေပြီတည်း။

သို့သော် ယခင်ကမူ မည်သို့သော ပြဿနာမှ မပေါ်ခဲ့ပေ။ သစ်ကွက်တိုင်းတွင် ပုံမှန်သတ်မှတ်ချက် သစ်လုံးရေ သစ်တန်များကို စီမံထုတ်လုပ်နိုင်ခဲ့ကြသည်သာ။

သို့ဆိုလျှင် ကျော်စံက ညစ်၍ ဖြစ်ရခြင်းလား ဆိုသည်ကိုလည်း သစ်တွဲရွှေ့ပြောင်းရာသို့ မိမိကိုယ်တိုင် ကိုယ်ကြပ် တစ်ခါမှ မပါနိုင်ခဲ့ဖူးသော ဝန်ထောက်မင်းမှာ မျက်မြင်ကိုယ်တွေ့ မဟုတ်သဖြင့် မစွပ်စွဲရဲပြန်ချေ။

ကိုယ်တိုင် မျက်မြင်မဟုတ်ပါဘဲနှင့် မည်သူက လွန်သည် မည်သူက ညစ်သည်ဟု ဇောက်ကောက်ချက်ဆွဲချရမှာကိုလည်း မပြုသင့် မပြုထိုက်ဟု ထင်သည်။ ဘသာနှင့် ကျော်စံတို့ ယနေ့ဖြစ်လာခဲ့ကြသော ပြဿနာမှာလည်း ဆင်ကြောင့်လည်းကောင်း၊ လူကြောင့်လည်းကောင်း ဖြစ်နိုင်ကောင်းသော မတော်တဆ တိမ်းပါး ချွတ်ချော်သွားမှုသာ ဖြစ်နိုင်သဖြင့် နောက်ကိုဤသို့ မဖြစ်ရလေအောင် သတိပေး ထိန်းကွပ်ပေးရုံက လွဲပြီး သူ့အနေမှာ ဘာမှ မတတ်နိုင်ပါချေ။

ထို့ကြောင့် ဆင်ကြောင့်ပဲ ဖြစ်ဖြစ်၊ လူကြောင့်ပဲဖြစ်ဖြစ် နောက်ဆုံးမှာ အစီကအသိဉာဏ်ရှိသော လူကိုသာ ထိန်းကွပ်ကြပ်မတ်ပေးရမည့် တာဝန်ရှိသသဖြင့် ဝန်ထောက်ဦးထွန်းအောင်မြင့်က ဘသာနှင့် ကျော်စံတို့အား ကောင်းသောသတိပေးစကားနှင့်သာ ထိန်းကွပ် ကြပ်မတ်ခြင်း ပြုရလေသည်။

"မင်းတို့ ဒီလိုတစ်ယောက်ကိုတစ်ယောက် အပြစ်ချည်းဖို့နေကြလို့ ... ခုမှတော့ ဘာအကြောင်း ထူးကြတော့မှာလဲကွာ၊ ဖြစ်ပြီးကြပြီပဲ၊ ... ကြတော့၊ မဟုတ်ဘူးလား။ ကလေးလေးတွေမှ မဟုတ်တာ၊ အေး ... နောင်တစ်ယောက်ယောက်ကြောင့် ပေါ့လျော့လို့ပဲ ဖြစ်ဖြစ်ပေါ့လေ၊ ဒီလိုပြဿနာမျိုး မဖြစ်ကြရအောင် စောင့်စည်းထိန်းသိမ်းကြရမယ့် အပိုင်းကတော့ မင်းတို့နှစ်

www.burmeseclassic.com



ယောက်ရဲ့ တာဝန်ပဲလို့ ဆရာယူဆတယ်။

ဘသာနှင့်ကျော်စံ ဆင်ဦးစီးနှစ်ယောက်အား ထပ်ပြီးမေးမြန်းစစ်ဆေးနေလျှင် အခြေအနေမှာ ပို၍ဆိုးရွားလာကာ တစ်ဦးနှင့်တစ်ဦး ငြိုးသူရန်ဘက်ပမာ ဖြစ်သွားမည်ကိုစိုးသဖြင့် ဝန်ထောက်မင်းက ထပ်မစစ်တော့ပဲ ကျေအေးရာ ကျေအေးကြောင်း စကားကိုသာ ပြောကြားလေသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အာဃာတ မထားကြပါနဲ့လို့ ငါထပ်ပြောလိုက်ပါရစေ"

ဝန်ထောက်မင်း၏အသံမှာ ရုတ်ခြည်း နူးညံ့သိမ်မွေ့သွားသည်။ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားကတော့ ပင်ကိုရှိပြီးသား အသံရှင်မို့ နားဝင်ချိုစရာပင်။

သို့သော်ဘသာနှင့်ကျော်စံတို့ကမူ ယခုထိ ဝန်ထောက်မင်း၏စကားကို "အင်း" မလုပ် "အေး" မလုပ်ကြသေး။ တစ်ယောက်ကိုတစ်ယောက်လည်း လှုံ့ဆ လှည့်မကြည့်ကြသေး။ မျက်နှာလွှဲနေကြ၏။

"ကဲ — ထိုင်ကြ၊ ထိုင်ကြ၊ မင်းတို့ကိုဆရာထပ်ပြောချင်သေးတာကတော့ မင်းတို့ငါတို့ဟာ သားကျွေးမှု၊ မယားကျွေးမှုဆိုသလို ပရိယေသန ဝမ်းစာအတွက် ဘယ်သူမှ မသွားချင်၊ မလာချင်၊ မလုပ်ချင်ကြတဲ့ ဒီလိုတောကြီးမျက်မည်းထဲမှာ သစ်လုပ်ငန်းအလုပ်ကို နေပူမိုးရွာမရှောင် လာလုပ်နေကြရတာဟာ ဘယ်လောက်ပင်ပန်းဆင်းရဲတယ်၊ စိတ်ပျက် ငြီးငွေ့စရာကောင်းတယ်၊ အန္တရာယ် ထူပြောတယ်၊ ငှက်ဖျားကစပြီး သားရဲတိရစ္ဆာန်တို့ရဲ့ အန္တရာယ်တလည်း အင်မတိ အင်မတန် များတယ်ဆိုတာ မင်းတို့က ငါတို့ထက် သိကြပါတယ်နော်"

ဝန်ထောက်မင်းကစကားကို ခဏရပ်သည်။ ဘသာနှင့် ကျော်စံတို့၏ အကဲကို မျက်လုံးတစ္စေ့စေ့ကြည့်သည်။ ပြီးမှ ဆေးတံကို ဆေးတဆုံသိပ်ရင်း ...

"မင်းတို့ ငါတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်ဒေသ ဘယ်အရပ်ကမှန်းမသိကြဘဲနဲ့ ဒီလို တောကြီး၊ တောင်ကြီး၊ ဂနိုင်ကျတဲ့ ဂန္တရကြီးထဲမှာ လာပြီး ဆုံဆည်းမိကြတာဟာ ငါတို့ဗုဒ္ဓတရားတော်နဲ့ညှိပြီး ပြောရရင် ရှေးရှေးဘဝက ရေစက်အရ ဆုံမှုးကြုံမှုးကြလို့သာ ခုလို တွေ့ဆုံကြရတယ်လို့ ဆိုရမှာပေါ့ကွာ၊ အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် သည်းခံပြီး ညီရင်းအစ်ကိုလို အလုပ်လုပ်ကြပါ။ မတော်မတ ဖြစ်မိတာကိုလည်း တစ်ယောက်နဲ့ တစ်ယောက် ခွင့်လွှတ်တတ်ကြပါလို့ ငါတောင်းပန်ပါတယ်"

ဝန်ထောက်မင်းက ဆေးတံကို မီးညှိဖွာရှိုက်ရင်းက စကားဆက်ပြန်၏။

"မင်းတို့တော့ မပြောတတ်ဘူး၊ ငါ့မှာတော့ ငါလူကြီးပဲ၊ ဒီကောင်တွေ၊ အေး ... ဟဲ ... ဟဲ ကျော်စံ မကြိုက်တဲ့ စကားသုံးမိတာ ခွင့်လွှတ်ပါကွာ၊ ဒီလိုပြောမှ ပိုပြီးသဘာဝကျလို့ပါ၊ ဒီကောင်တွေ ငါ့လက်အောက်ကပဲ၊ ငါနိုင်တာပဲ၊ ငါ့ကိုမချေမငံလုပ်ရင် ငါညှဉ်းမှာပဲဆိုတဲ့ မသမာ စိတ်ဓာတ်မျိုး ဆရာ ဘယ်တော့မှ မထားတာအမှန်ပါ၊ မင်းတို့လည်း ငါနဲ့ပေါင်းနေကြတာ ခုလောက်ဆို သိကြရောပေါ့၊ ငါ့မှာ အဲဒီလို စိတ်ဓာတ်မျိုး မရှိသလို မင်းတို့မှာလည်း မရှိဘူး ဆိုတာတော့ ဆရာ ယုံကြည်တယ်၊ မင်းတို့ကို ချက်ချင်းပြောဆိုမရလို့ လွှတ်ခနဲ ဒေါသစိတ်နဲ့ ငါဆဲမိ ဆိုမိတာရှိရင် ငါ့ကို စွဲမယူကြပါနဲ့လို့ ငါထပ်ပြီး မင်းတို့ကို တောင်းပန်ပါတယ်၊ ငါကဆရာပဲ၊ လူကြီးပဲ၊ ဒီကောင်တွေကို တောင်းပန်ဖို့ မလိုဘူးလို့ မရှိဘူးကွ၊ မှားရင် လူကြီးပဲဖြစ်ဖြစ် လူငယ်ပဲဖြစ်ဖြစ်၊ မှားတဲ့လူက တောင်းပန်ရမှာပဲ၊ ဝန်ချ ရမှာပဲ၊ အေး ... ဝန်ချတောင်းပန်ခံရတဲ့လူကလည်း ကျေကျေနပ်နပ် ခွင့်လွှတ်ပြေငြိမ်းတဲ့စိတ်ကို ထားရမယ်"



ဝန်ထောက်မင်းက ဆေးတံရှိုက်ဖွာကာ လေအေးအေးနှင့် တစ်လုံးချင်း ပြောပြနေသည်။ ဤသည်ကို ဘသာနှင့်ကျော်စံတို့မှာ ခေါင်းငိုက်စိုက်ချ၍ နားထောင်နေကြ၏။ ဘာမှတော့ စောဒက မတက်ကြတော့။

"မင်းတို့နှစ်ယောက်ကို ငါနောက်ဆုံးတစ်ခုထပ်ပြောချင်တာကတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်နေရာနဲ့ကိုယ် ကောင်းကျိုးဆိုးကျိုးကိုတော့ အမြဲဖန်တီးနိုင်တဲ့ စွမ်းရည်သတ္တိတော့ရှိကြတာချည်းပဲ၊ အရေးကြီးတာက မကောင်းတာ၊ မမှန်တာကို ပယ်ရှားပြီး ကောင်းတာမှန်တာကို လုပ်ကြဖို့ပါပဲ၊ အေး တစ်ခုတော့ရှိတာပေါ့ကွာ၊ တစ်ခါတစ်ခါမှာ ကောင်းတာ မှန်တာလုပ်ပေမဲ့ မကောင်းတာ မမှန်တာလည်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ချင် ဖြစ်တတ်သေးတယ်၊ ဒါကိုလဲ ဖြစ်တတ်ပျက်တတ်တဲ့ သဘာဝနိယာမအနေနဲ့ ခွင့်လွှတ်တတ်ကြဖို့၊ သည်းခံတတ်ကြဖို့ သိပ်အရေးကြီးပါတယ်"

ဝန်ထောက်မင်းသည် စကားအဆက်မပြတ် ပြောရင်း ဘသာနှင့်ကျော်စံတို့ ဆင်ဦးစီးနှစ်ယောက်ကိုလည်း ဖျတ်ခနဲလှမ်းကြည့်အကဲခတ်လျက် ရှိလေသည်။

"အမှန်က ဒီကနေ့ မင်းတို့နှစ်ယောက် ဖြစ်ကြရတဲ့ကိစ္စမှာလည်း မင်းတို့နှစ်ယောက်ကြောင့် ဖြစ်ကြရတဲ့ကိစ္စမဟုတ်ဘဲ ဆင်ကြောင့် ဖြစ်ကြရတဲ့ကိစ္စလို့ ငါကတော့ အကြွင်းမဲ့ ယုံကြည်ပါတယ်၊ မင်းတို့နှစ်ယောက်ကသာ တစ်ယောက်ကိုတစ်ယောက်အထင်အမြင်မှားလို့ အပြစ်ဖြစ်ကြရတာနေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျော်စံစီးရတဲ့ဆင်မ မိပိုက တင်မောင် စီးခဲ့တဲ့ဆင်ဆိုတော့ ဒီကောင်မငယ်အထာကို မသိသေးလို့ ဖြစ်ပါလိမ့်မယ်။ ဒီကောင်မငယ်က သူမရိုးနှင်း ဖြစ်ပြီး ပင်ပန်းလာရင် ညစ်ချင်ညစ်မှာပေါ့၊ မဟုတ်ဘူးလား၊ တိရစ္ဆာန်ကိုး၊ ဒါတွေလဲ အမှန်က ပြောနေဖို့တောင်မလိုပါဘူး၊ မင်းတို့က ဆင်ဦးစီးကောင်းတွေ ဆင်စီးကျော်တွေဆိုတော့ ဆင်ရဲ့အထာကို ငါ့ထက်သိကြပါတယ်။ မိပိုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြတာမို့ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်ကြပါကွာ၊ အတတ်နိုင်ဆုံး သည်းညည်းခံပြီး အလုပ်လုပ်ကြပါ။ အာဃာတလဲမထားကြပါနဲ့၊ ဘယ့်နှယ်ကွာ ဆင်ကညစ်တာကိုမသိလို့ တနည်းပြောရရင် ဆင်ကရန်စတိုက်ပေးတာကို မသိလို့ ဦးစီးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အထင်မှား အမြင်မှားဖြစ်ပြီး ထိုးလား ကြိတ်လား ဖြစ်ကြတယ်ဆိုတာ ရယ်စရာတောင်ကောင်းသေးတယ်၊ မင်းတို့ နှစ်ယောက်ရဲ့ မျက်နှာနဲ့ခေါင်းက ဒဏ်ရာကိုကြည့်ပြီး ဟိုကန်းနာမလေး မိပို ကတော့ ခုလောက်ဆို ကျိတ်ပြီးတောင်ရယ်ချင်နေမှာ၊ ဆရာပြောချင်တာ ကတော့ နောက်ဆုံးဒါပဲကွာ၊ အေး ဘသာကိုတော့ ဆရာနောက်ထပ်တစ်ခု ပြောပါရစေဦး။ ကျော်စံနဲ့စာရင် မင်းက ဆင်ပိုင်လည်းဖြစ်တယ်၊ အသက်လည်း ကြီးတဲ့သူမို့ သည်းခံပါကွာနော်"

ဝန်ထောက်မင်း ပြောသောစကားများမှာ ဖြစ်နိုင်ကောင်းသော စကားများ ရှည်သာတည်း။

ဆင်ဆိုသောတိရစ္ဆာန်မှာ ဒုတိယအကြီးဆုံး နို့တိုက်သတ္တဝါဖြစ်သလို လူ၏ အထာကိုလည်း လွန်စွာသိတတ်သော သတ္တဝါဖြစ်သည်။ တစ်ခါတစ်ခါ သူတို့ ဝင်္ဂန်းလာပြီဆိုလျှင် မတော်တဆ ဟန်လွှဲ၍ လူကို ဒုက္ခပေးတတ်၏။ ဒုက္ခ ရောက်အောင် မစွမ်းဆောင်နိုင်လျှင် မထိခလုတ် ထိခလုတ်နှင့်လည်း ဦးစီး သခင်၏စိတ်ကို ဆွတတ်ကြသည်။ အလုပ်ခွင်တွင် ခိုကပ်၍ ညစ်တတ်သည်။ အချို့အရိုင်းစိတ်မကုန်သေးသော ဆင်များ၊ ဆင်ဆိုးများဆိုလျှင် ဦးစီးသခင် ကိုပင် အကွက်ဝင်လျှင် ဝင်သလို ကိုယ်ပေါ်က ဆတ်ခနဲခါချ၍ နင်းသတ်ရန် ကြံစည်ကြိုးစားတတ်ကြသည်။

အထူးသဖြင့် ဦးစီးကိုသတ်တတ်၊ လုပ်ကြံတတ်သော ဆင်များမှာ ဆင်ဆိုး စာရင်းဝင်များ ဖြစ်ကြသည်။ ထို့ကြောင့်လည်း သစ်ထုတ်ရေးတွင် ဆင်ဆိုး စာရင်းဝင် ဆင်များကို တခြားဆင်ကောင်းများလို သစ်သားခလောက်၊ ဝါး ခလောက်ဆွဲမပေးပဲ သံခလောက် သီးခြား ဆွဲပေးထားတတ်ကြလေသည်။

ဆင်ဆိုးစာရင်းဝင်များကို ဤသို့ သံခလောက်ဆွဲပေးထားခြင်းသဘော မှာ စားကျက်လွှန်လာသောဆင်ဆိုးများ ရွာနားချဉ်းကပ်လာလျှင် ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူး၊ သစ်ခုတ်လာကြသော ရွာသူရွာသားများ ဆင်ဆိုးရှိမှန်းသိပြီး ဝေးဝေးက ရှောင်ကွင်းသွားနိုင်အောင် ဖြစ်သည်။ သို့မဟုတ် စားကျက်လွှန်၍ ရွာနား ရောက်နေသော ဆင်ဆိုးများကို သက်ဆိုင်ရာသို့ အကြောင်းကြားပေး နိုင်အောင် ဖြစ်လေသည်။

သံခလောက်သံကိုကြား၍ ဆင်ဆိုးရှိမှန်းသိအောင် လုပ်ပေးထားသည့် ကြားထဲက တစ်ခါတစ်ခါဆင်ဆိုးများသည် သံခလောက်ထဲသို့ ရွှံ့စေး၊ သစ်ရွက် တွေကိုထည့်ကာ သံခလောက် မမြည်အောင်လုပ်ထားတတ်ကြသည်။ သို့မ



ဟုတ် သူတို့ဝေးဝေးလံလံသွားလာ၍ရအောင် သံခလောက်ကို နွားမောင်းနှင့် အသံ မမြည်အောင် ထိန်းကိုင်ပြီး သွားတတ်ကြသည်။

ဤသို့ပြုလုပ်သည်မှာတော့ သူတို့ကို ဦးစီးသခင် ရှာမတွေ့အောင် မျက်လှည့်ပြခြင်း ဖြစ်၏။ သူတို့သံခလောက်သံကိုကြားလျှင် ဦးစီးသခင်သည် သူတို့ကို စောစောလာကောက်မှီကာ အလုပ်ဝင်နိုင်းလေမည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ဆင်ဦးစီးများသည် ဆင်ဆိုးများကို အလုပ်နား၍ စားကျက် သို့လွှတ်ရာ၌ သံခလောက်အပြင် ထူးကြိုးဟုခေါ်သော နှစ်လံသုံးလံရှည် သံကြိုး ကြီး တစ်ပင်ကိုပါ ချည်ပေးလိုက်ကြရသည်။ အကယ်၍ သံခလောက်မမြည်လျှင် တန်းလန်းပါသွားသော သံကြိုးစွပ်ကြောင်းရာကိုကြည့်၍ လိုက်ကြရသည်။ ဤ သည်ကို ထူးလမ်းဟုခေါ်၏။ ဆင်တိုင်းတွင် ထူးကြိုးပါရသည်။

သံကြိုးရော ခလောက်ပါ ပါသောဆင်ဆိုးမှာ နွားမောင်းတစ်ခုတည်းနှင့် သံခလောက်ရော ထူးကြိုးကိုပါ တပြိုင်တည်းကိုင်၍ မသွားနိုင်ပေ။ သံခလောက် မမြည်လျှင် ထူးကြိုးလမ်းက ဆင်ဦးစီးကို သူ့ဆင်ဘယ်သွားသည်ကို ညွှန်ပြီး သား။ သို့မဟုတ် ထူးကြိုးကို ကိုင်သွားလျှင် သံခလောက်သံကို ကြားပြီးသား။ ဘယ်မှပြေးမလွတ်။

ဤသည်ကိုပင် ဉာဏ်များသော ဆင်ဆိုးကလည်း လွတ်အောင် ဦးစီး ရှာမတွေ့အောင် ကြံဖန်ညစ်တတ်၏။ ပထမခလောက်ထဲကို သစ်ရွက်၊ ရွှံ့စေး တွေထည့်သည်။ သစ်ရွက်၊ ရွှံ့စေးတွေထည့်ပြီး အကြိမ်ကြိမ်အခါခါ လှုပ်ကြည့် တတ်သည်။ သံခလောက် ဘယ်လိုလှုပ်လှုပ် မမြည်တော့ဘူးဆိုမှ ထူးကြိုး သံကြိုးကို စွပ်ကြောင်းရာမပေါ်အောင် နွားမောင်းနှင့် ကိုင်မြှောက်၍ လစ်တော့ သည်။

ဦးထွန်းအောင်မြင့်သည် သူ၏လုပ်သက် အတွေ့အကြုံအရ ဆင်ဆိုးတို့၏ သဘာဝကို တွေးမိသည်။ သို့သော် ယနေ့ကျော်စံစီးသွားသောဆင်မ မိပိုသည် ဆင်ဆိုးစာရင်းဝင် ဆင်မဟုတ်၊ ဆင်မ လိမ္မာသာ ဖြစ်သည်။

ထို့ကြောင့် ဆင်ကြောင့်ဖြစ်သည်ဟူသော စကားကို ဦးစီးနှစ်ယောက် ကျေနပ်အောင်သာ ပြောလိုက်ရသော်လည်း ဘဝင်တော့ သိပ်မကျလှပေ။ သို့သော်တစ်ခုတော့ရှိ၏။ မိပိုသည် ကျော်စံစီးနေကျ၊ နှစ်ရှည်လများ လက်ပွန်း တတီးရင်းနှီးနေကျ ဆင်တော့မဟုတ်။ မိပိုကို ကျော်စံစီးရသည်မှာ တစ်လပင် မပြည့်သေး။ မိပိုနှင့်ပတ်သက်၍ ကျော်စံမှာ လူသစ်သာဖြစ်ချေ၏။ ထို့ကြောင့် လည်း မိပို၏အထာကို မကျွမ်း၍ဟုသာ ဝန်ထောက်မင်းက နောက်ဆုံး ကောက်ချက် ချလိုက်၏။

ကျော်စံမှာ ဝန်ထောက်မင်း ဦးထွန်းအောင်မြင့်တို့ ကြက်လှေစမ်း စခန်းမှ ဆင်ဦးစီး တစ်ယောက်မဟုတ်ပေ။ သူသည် ဝန်ထောက်ကြီး ဦးသန်းလှကျော်တို့

www.burmeseclassic.com

www.burmeseclassic.com



သပြေစခန်းမှဖြစ်သည်။ ယခုဝန်ထောက်ဦးထွန်းအောင်မြင့်တို့ စခန်းနှင့် ဝန်ထောက်ကြီး ဦးသန်းလှကျော်တို့ စခန်းမှာ "မြားရှောင်း"၏ အထက်နှင့်အောက်ဖြစ်လေသည်။

ကြက်ရေစမ်းစခန်းရှိ ဝန်ထောက် ဦးထွန်းအောင်မြင့်ဆီက မိုပို၏ ဦးစီးသခင်ဖြစ်သူ တင်မောင်မှာ ငှက်ဖျားထုံနစ်ဖြစ်၍ ရွာပြန်သွားသည်။ ထိုအခါ အသင်းပိုင်ဌာနပိုင်ဖြစ်သော ဟိုင်းဆင်မယ်မိပိုကို ဦးစီးမည့်သူ မရှိသဖြင့် သပြေစခန်းရှိ ဝန်ထောက်ကြီးတို့ဆီမှ ဆင်ဦးစီးတစ်ယောက် လွှတ်ပေးရန် ဦးထွန်းအောင်မြင့်က အကြောင်းကြားရသည်။ ဦးထွန်းအောင်မြင့်၏ အကြောင်းကြားချက်အရ ကြက်ရေစမ်း စခန်းသို့ ကျော်စံရောက်လာရခြင်းဖြစ်လေသည်။

မြားရှောင်းအထက်ဖျား ကြက်ရေစမ်းစခန်းရှိ ဝန်ထောက်ဦးထွန်းအောင်မြင့်မှာ ကျော်စံနှင့် ယခုနှစ်မှအလုပ်အတူလုပ်ဖူးကြသူဖြစ်၏။ ထို့ကြောင့် ကျော်စံ၏အကြောင်းကိုလည်း ဝန်ထောက်မင်းက ဆင်ဦးစီးတစ်ယောက်ဆိုသည်ကလွဲ၍ ဘာမှမသိပေ။

အမှန်ကတော့ ဦးထွန်းအောင်မြင့်သာ မဟုတ်။ ကျော်စံအကြောင်းကို ဤကြက်ရေစမ်းစခန်းရှိ မည်သည့် အလုပ်သမားများကမှ သိကြပုံမရ၊ ကျော်စံ ဤကြက်ရေစမ်း စခန်းသို့ ရောက်လာသည့်မှာလည်း ရက်သတ္တနှစ်ပတ် သုံးပတ် ကျော်လောက်သာရှိသေးသည်။ ဘာသာမှာမူ ဦးထွန်းအောင်မြင့်နှင့် ဤသို့ အလုပ်အတူ လုပ်လာကြသည်မှာ နှစ်နှစ်ခန့်ပင်ရှိလေပြီ။ ထို့ကြောင့်လည်း ဦးထွန်းအောင်မြင့်က ဘာသာကို အလုပ်နှင့်ပတ်သက်၍ အတော်အသင့် အကဲခတ်မိခဲ့သည်။

အထက်နှင့်အောက် ဖြစ်နေသလို ဆင်ဦးစီးနှင့် ဝန်ထောက်ဖြစ်နေသဖြင့် ဘာသာအကြောင်းကို ခရေစေ့တွင်းကျ မသိရသော်လည်း သစ်ခေါင်းမှတစ်ဆင့် သိရသောဘာသာ၏အကြောင်းမှာ မကောင်းသတင်းတော့ တစ်ခါမှ မကြားဖူးပေ။

တစ်ခုတော့ ဆိုစရာရှိ၏။

ဘာသာသည်အသင်းပိုင်ဆင်ကို ဦးစီးအဖြစ်စီး၍ အလုပ်လုပ်သူမဟုတ်ဘဲ ကိုယ်ပိုင်ဆင်မိုးလုံးနှင့် နေ့စားအငှားလာလုပ်နေသူမို့ အနည်းအကျဉ်း နိုချင်ကပ်ချင်ကြောင်းကိုတော့ သစ်ခေါင်းဆီမှတစ်ဆင့် ကြားရဖူးသည်။

သို့သော် ... ပြောပလောက်အောင် အနှောင့်အယှက်ဖြစ်အောင် နိုကပ်ခြင်း မဟုတ်။ ဤသည်မှာလည်း လူသားတိုင်း၏ အတ္တစိတ်နှင့် မိမိပိုင်ဆင်ကို ညှာတာခြင်းသာ ဖြစ်ပေမည်ဟု ဦးထွန်းအောင်မြင့်က ရိုးရိုးသားသား ခွင့်လွှတ်ယုံကြည်ထားခြင်း ဖြစ်လေသည်။ ကျော်စံနှင့် ဖြစ်ကြသောယနေ့ကိစ္စတွင် ဘာသာမှာ သူနှင့်လူရင်းလိုဖြစ်နေသဖြင့် ဘာသာအား ကျော်စံကိုထက် တစ်လေးတင်း၍ ပြောခဲ့သည်မှာလည်း ဤအကြောင်းတွေကြောင့်ပင်တည်း။



သို့သော် ... ပြော၍သာ ပြောရသော်လည်း သူ ပြောသောစကားများမှာ ထိရောက်ချင်မှ ထိရောက်ပေမည်။ သူ့အနေကလည်း ဤထက် ပြော၍မဖြစ်။ ဘာသာအား လူရင်းလူဟောင်းဟူသောသဘောနှင့် မိမိပြောလျှင် ဘာသာက သီးခြား ပုဂ္ဂလိကအငှားမို့ ပြောသည်ဟု ထင်မှာစိုးသလို ကျော်စံကလည်း လူသစ်မို့ နှိပ်သည်ဟုအမြင်ကို မမြင်စေချင်ပေ။

အမှန်တကယ် ပြောကြစတမ်းဆိုလျှင်တော့ အသင်းပိုင် ဆင်ကိုစီးရသူ ကျော်စံအား ပို၍ပြောသင့်သည်။ ကျော်စံသည် သူတို့သစ်လုပ်ငန်းအဖွဲ့တွင် လခစားဆင်ဦးစီး မဟုတ်ပါလား။

သို့သော် ... ဦးထွန်းအောင်မြင့်မှာ ပင်ကိုအေးဆေး၍စိတ်ရင်းကောင်းသူဖြစ်သဖြင့် အကျိုးအလွန်တော့ မည်သူ့ကိုမှ မပြောလိုက်ပေ။ နောက်ဆုံး ပြောလိုက်သော စကားများပင် ကျေရာကျေကြောင်း စကားများသာ ဖြစ်လေသည်။

"ကဲ ... ဘယ့်နှယ်လဲ၊ ငါပြောတာ မင်းတို့ သဘောပေါက် ကျေနပ်ကြတယ် မဟုတ်လား"

ဝန်ထောက် ဦးထွန်းအောင်မြင့်က နှစ်ယောက်စလုံးကို တည်ကြည်လေးနက်စွာ ကြည့်၍မေးလိုက်၏။

"ကျေနပ်ပါတယ် ဝန်ထောက်မင်း"

ဘာသာက ပကတိတည်ငြိမ်နေသော မျက်နှာနှင့် ကျော်စံကို မသိမသာ ဖွေကြည့်၍ အဖြေပေး၏။

"မင်းကကော ကျော်စံ"

"ဆရာအမိန့်ရှိတာ ကျွန်တော်လည်း သဘောပေါက်ပါတယ် ဆရာ —"

ကျော်စံက ခေါင်းမဖော်ဘဲ မျက်လွှာချ၍ ဆိုသည်။

"အေး ... ဒီလိုမှပေါ့ကွ၊ အလုပ်အတူလုပ်နေကြတဲ့ စီးပွားဖက်ညီအစ်ကို အလုပ်သမားချင်းတွေပဲဟာ၊ မတော်တဆဖြစ်ရတာပဲ၊ တစ်ယောက်ငိုတစ်ယောက် သည်းခံခွင့်လွှတ်တတ်ကြမှပေါ့၊ ပြီး ... မင်းတို့နှစ်ယောက်က တောင်ပြန်မလာမချင်း အမြဲတွဲလုပ်ကြရမဲ့ ဆင်ဦးစီးကောင်းတွေဆိုတော့ ...... တစ်ယောက်ကိုတစ်ယောက် ကူညီရိုင်းပင်းပြီး လုပ်ကြရလိမ့်မယ် ...... တို့က အထက်စခန်းကို ပြောင်းလုပ်ကြရဦးမှာ၊ ခုကတည်းက မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရင်းရင်းနှီးနှီး ခင်မင်နေကြရင် တို့သစ်လုပ်ငန်းလည်းပိုပြီး တွင်ကျယ်မယ်လို့ ငါသဘောပေါက်တယ်"

"ဟုတ်ပါတယ်ကွာ၊ မင်းတို့နှစ်ယောက်က နေ့စဉ်အလုပ်အတူတွဲလုပ်ကြရမဲ့ ဆင်ဦးစီးတွေပဲ၊ ဝန်ထောက်မင်း ပြောသလို တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်သည်းခံပြီးနေကြမှပေါ့၊ ဆင်ဦးစီးဆိုလို့လည်း တို့စခန်းမှာ မင်းတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲရှိတာ၊ ဘာမဟုတ်တဲ့ မတော်တဆကိစ္စ အသေးအမွှားတွေနဲ့သာ တစ်ယောက်နဲ့တစ်ယောက် အာယာတထား အငြိုးဖွဲ့နေကြမယ်ဆိုရင် တို့အလုပ်က ဘယ်ဖြစ်တော့မလဲ"

သစ်ခေါင်းဦးမြကလည်း ကျော်စံနှင့်ဘသာတို့အား နှစ်သိမ့်စကားဝင်ဆိုသည်။

ဘသာနှင့်ကျော်စံအား ကောင်းမြတ်သော ဆုံးမဩဝါဒများနှင့် ဦးထွန်းအောင်မြင့်က ဖျန်ဖြေပေးလိုက်၏။ သူ၏စကားကို ဘသာနှင့်ကျော်စံတို့သည် မြေဝယ်မကျ လိုက်နာခံယူလိမ့်မည်ဟုလည်း အကြွင်းမဲ့ယုံကြည်ခဲ့လေသည်။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဆရာ"

"အေး အေး ... သွား ... သွား မင်းတို့ တစ်ရက် နှစ်ရက်လောက် နားချင်နားလိုက်ကြဦး၊ ငါလည်း သစ်ကွက်အသစ်တွေ ဖွဲ့စရာရှိသေးတယ်"

အမှန်မှာ နှစ်ယောက်စလုံးသည် မနက်ဖြန်၌ ဘယ်လိုမှ အလုပ် မလုပ်နိုင်ကြသေး ဆိုသည်ကိုအတတ်သိ၍ ဝန်ထောက် ဦးထွန်းအောင်မြင့်က ပြောလိုက်ခြင်းသာ။

ကျော်စံသည်ဦးဆုံးပင် သူ့အပါးမှလှည့်ထွက်သွားလေသည်။

■

[၃]

ဝန်ထောက်မင်း၏ သစ်တဲရုံးမှဆင်းလိုက်သည်။ သစ်ပင်အကြိုအကြားမှ လရောင်သည် သူ့ကိုယ်ပေါ်ကျလာသည်။ ကျော်စံသည် အရှေ့ဘက်တောင်ပေါ်ကို လှမ်းကြည့်လိုက်သည်။ ပြည့်လုပြည့်ခင်လဝန်းကို တောင်ထိပ်ပေါ်၌မြင်ရသည်။

ခြေလှမ်းကို သူ့တဲရှိရာဘက်သို့လှမ်းလိုက်သည်။ သူနေသော တဲနှင့် ဝန်ထောက်ဦးထွန်းအောင်မြင့်၏ သစ်တဲရုံးမှာ စမ်းပေါက်တစ်ခုခြားသည်၊ ထို့ကြောင့် သူသည် စမ်းပေါက်နားလျှောက်လာသည်၊ စမ်းရေသည် လရောင်ထဲတွင် လက်နေသည်။ ဝန်ထောက်မင်းပြောလိုက်သောစကားများထဲတွင် သူအမှတ်မိဆုံးစကားနှင့် ယခုတိုင် သူ့နားထဲ၌လောင်ဆူနေသောစကားကို ပြန်ကြားမိသည်။

"...မင်းတို့ ဒီသစ်ဆွဲစခန်းမှာ လာပြီး ရန်ဖြစ်ကြရအောင် မင်းတို့နှစ်ယောက်က ရည်းစားလုဘက်တွေမို့လားကွ..."

"ဟင်း .... ဟင်း .... ဟုတ်တယ်ဆရာရေ ဟုတ်တယ်၊ ဟုတ်တယ်၊ ဆရာပြောတာ သိပ်ဟုတ်၊ ကျွန်တော်နဲ့ ဘသာကရည်းစားလုဘက်ဗျ၊ ကျွန်တော်နဲ့ ဘသာက ရည်းစားလုဘက် ..."

သူ့ရင်ထဲ တင်းကျပ်နေသည်။ ဖြစ်နိုင်မည်ဆိုလျှင် တအားအော်ဟစ်ပစ်လိုက်ချင်သည်။ ဝန်ထောက်မင်းတွင်မက စခန်းထဲရှိ အလုပ်သမားအားလုံး တစ်တောလုံး၊ တစ်တောင်လုံး၊ တစ်ပြည်လုံး၊ အိုး ....တစ်လောကလုံး ကြားသွားအောင် ကျော်စံ အော်ဟစ်ပစ်လိုက်ချင်သည်။

သို့သော်...ယခုတော့ အော်၍မဖြစ်သေး။ ဟစ်၍ အဆင်မပြေသေး။ မကောင်းဆိုးဝါး တစ်ကောင်ကောင်က သူ့လည်မျိုကို ညှစ်ထားသေးသည်။ စိတ်ထဲက မည်မျှအော်အော် အသံမထွက်နိုင်သေး။

ရှည်လျားသော သက်ပြင်းတစ်ခုနှင့်အတူ ကျောက်တုံးတစ်ခုပေါ် ထိုင်ချလိုက်သည်။ သစ်ရိပ်ကျသော အမှောင်ထဲမှ တဝေါဝေါကျနေသော စမ်းချောင်းအမိပ္ပာယ်မဲ့ ငေးကြည့်နေသည်။ သူ့စိတ်သည် တဝေါဝေါစီးကျနေသော စမ်းရေနှင့်အတူ အတိတ်ဆီသို့ မျောပါသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com

## [၁]

"ကိုကို ... မလုပ်ပါနဲ့ဆို"

"ဟား ... ဟား ...၊ သွားလေ ... သွားပါ၊ ကိုကိုက ညီမကို ဘာလုပ်လို့လဲ"

"ကြည့်ပါလားလို့ ပြောနေတဲ့ဥစ္စာ၊ ကိုကိုနော် သူများရေအိုးလွှတ်ချလိုက်မယ်၊ ကွဲရင်ကွဲပါစေ"

ထိုစဉ်က မိုးလုံးသည် ယခုလို သစ်ခွဲဆင် ဖြစ်မလာသေး။ ဝန်တင်ဆင်၊ အလုပ်သင်ဆင်သာ ရှိသေး၏။ ကျော်စံ၏ အသက်မှာလည်း ဆယ့်ငါးနှစ်ကျော်သာ ရှိသေးသည်။ မိုးလုံးက အလုပ်သင်ဝန်တင်ဆင် ဖြစ်သလို၊ သူကလည်း အလုပ်သင်ဆင်ဦးစီးငယ်သာ ရှိသေးသည်။ သူသည် လုံကိုင်နောက်လိုက်မှ ဘစ်ဆင့်တက်ပြီး ယခုဆင်စီးသင် ဦးစီးပေါက်စဖြစ်၏။

ထို့ကြောင့် အလုပ်သင်ရာမှ တောထဲက ပြန်လာခြင်း ဖြစ်သည်။ လမ်းတွင် မြသူနှင့် ဆုံမိကြ၏။ မြသူသည် ညနေချမ်း သဲစမ်း လက်ယက်တွင်းထဲက ရေခပ်၍ ပြန်လာသည်။

ကျော်စံက မြသူ လျှောက်ရမည့် ကမ်းပါးလမ်းကို မိုးလုံးဆင်ကိုယ်နှင့် ဆီးပိတ်ထားပြီး စသည်။ မြသူ ရှေ့ရာဘက်သို့ မိုးလုံးကို ခြေလှမ်းစေပြီး လမ်းကို ပိတ်ထားသည်။ ဤသည်ကို မြသူကနှုတ်ခမ်းစူပြီး အော်နေ၏။ စမှန်းသိသော်လည်း မြသူက အော်သည်။

"ကိုကို မလုပ်ပါနဲ့လို့ ဆို ...၊ သူများ ဆင်နင်းမိဦးမယ်၊ ကြည့်ပါလားလို့"

"ဟား ... ဟား၊ ကိုကိုကလုပ်တာ မဟုတ်ဘူးညီမရယ်၊ မိုးလုံးက သူ့သခင်မကိုမြင်လို့ တမင်ကျီစယ်တာ နေမှာပေါ့"

"အို ... ကိုကိုက မိုးလုံးကို ခိုင်းနေတာကို"

"ကိုကို ... မခိုင်းရပါဘူး ညီမရေ ... တွေ့လား၊ တွေ့လား၊ မိုးလုံးက သက်သက်လိုက်ပိတ်နေတာ"

မြသူက မြေရေအိုးလေးခေါင်းပေါ်ရွက်ပြီး ရှောင်သည်ကို မိုးလုံးကလည်း အတင်းလိုက်၍ ပိတ်ထားသည်။ ကိုယ်လုံးနှင့်တွင်မက နှာမောင်းနှင့်ပါ ကာဆီး

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ မြသူက ဘယ်ဘက်ရွှေ့လျှင် မိုးလုံးကလည်း လိုက်ရွှေ့၍ကာသည်။ မြသူနှင့် မိုးလုံးတို့မှာ ထုပ်ဆီးတိုးတန်း ကစားနေကြသလို ဖြစ်နေကြသည်။ ဤသည်ကို ဆင်ပေါ်ကကျော်စံမှာ တဟားဟား။

"ဟား ... ဟား ...၊ ပြေးလေ၊ လွတ်အောင်ပြေး"

"သူများ ရေအိုးကွဲရင် အမေဆူလိမ့်မယ်"

မြသူက ခြေဆောင့်၍ ပြောသည်။

"ကိုကိုက ဘာလုပ်လို့လဲလို့၊ မိုးလုံး လုပ်နေတာပါဆို"

"ကိုကိုက ခိုင်းနေတာကို၊ ဖေဖေနဲ့တိုင်ပြောမယ်"

"ဦးကြီးက နောက်နှစ်ပတ်နဲ့တောင် မပြန်ရသေးဘူး"

ကျော်စံက မြသူကိုရယ်၍ ဆင်ပေါ်ထက်က လှမ်းပြော၏။

မှန်သည်။ ဆင်ပိုင်ရှင်၊ ဆင်ဦးစီး ဦးလှဘော်သည် စေတုတ္တရာကြိုးဝိုင်းတွင် သူ၏ဆင်မကြီး "မြင်မတိန်" နှင့် အငှားဆွဲလျက်ရှိလေသည်။

စေတုတ္တရာကြိုးဝိုင်းသို့ ညောင်ခြေထောက်ရွာမှ ထွက်သွားကြစဉ်ကမူ ကျော်စံနှင့်ဦးလှဘော်တို့မှာ အတူတူဖြစ်သည်။ ဦးလှဘော်က မြင်မတိန်ဆင်မကို စီးရသလို ကျော်စံက အလုပ်သင်ဆင်မိုးလုံးကို စီးရသည်။ မြင်မတိန်နှင့် ဦးလှဘော်မှာ အလုပ်လုပ်ရန်သွားရသလို၊ ကျော်စံနှင့်မိုးလုံးတို့မှာလည်း အလုပ်သင်ရန်လိုက်ကြရသည်။ မိုးလုံးနှင့် ကျော်စံမှာ ဖွားဖက်တော်ပမာအတွဲညီနေကြသည်။

ယခုကြိုးဝိုင်းတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် ကုန်နေသဖြင့် ဦးလှဘော်က ကျော်စံအား ဝန်တင်အလုပ်သင် ဆင်မိုးလုံးနှင့် အတူ စားနပ်ရိက္ခာယူရန် ရွာသို့လွှတ်လိုက်ခြင်းဖြစ်သည်။

"ကဲ ... ရေလဲမခပ်တော့ဘူး၊ စိတ်တိုလာပြီ"

မြသူက ခေါင်းပေါ်ရွက်ထားသော ရေအိုးကို ချောင်းနှုတ်ခမ်းပေါ် လှမ်းတင်လိုက်၏။ ခြေဆောင့်၍ ရေအိုးဘေးက ကမ်းပါးယံအောက် သဲသောင်ခုံပေါ် ထိုင်ချလိုက်သည်။ နှုတ်ခမ်းကိုလည်း ချွန်နေအောင် ရှုပစ်လိုက်သည်။

"ကဲ .. မိုးလုံးရေ ...၊ မင်း သခင်မလေးတော့ ရွှေစိတ်တော် ညိုးသွားပြီ၊ ကဲ .. ရေအိုးလေး ကူရွက်ပေးလိုက်ပါဦး"

ကျော်စံက မြသူခြေဆောင့် စိတ်ကောက်ကာ ရေအိုးပစ်ချထားလိုက်သည်ကို သဘောကျ၍ မိုးလုံးကို အမိန့်ပေးလိုက်၏။

"ကဲ ... ကောက်ဆို ကောက်ရွက်စမ်း၊ မင်းသခင်မလေး စိတ်ကောက်နေပါပြီဆို"

"ဟင် ..."



မြသူမှာ အတိုင်းမသိ အံ့ဩသွားသည်။

မိုးလုံးဆင်ပေါက်လေးသည် ကျော်စံ ခိုင်းလိုက်သလို မြသူချထားသော ရေအိုးကို နှာမောင်းနှင့် ရစ်ပတ်၍ ကောက်ချီလိုက်၏။

"ဟဲ့ ... ကောင် ရေဖိတ် ကျမယ်နော် ...၊ ရေ ဖိတ်ကျရင် မင်းသခင်မဆီမှာ မျက်နှာမရ ခြေထောက်ရနေဦးမယ်၊ မဖိတ်စေနဲ့ မြဲမြဲကိုင်ထားစမ်း၊ မြဲမြဲကိုင်ထားစမ်း ..."

"ကြည့်စမ်း ... ကြည့်စမ်း ၊ ဒီတစ်ခါ မိုးလုံး သိပ်တတ်လာပြီ၊ ကိုကို သင်ထားတာလားဟင်..."

မြသူမှာ ကျော်စံအမိန့်ပေးသလို ရေတစ်စက်ပင် မဖိတ်မစဉ်ရအောင် ရေအိုးကောက်ချီထားသော မိုးလုံးကိုကြည့်၍ မြူးမြူးကြွကြွ ဖြစ်သွားသည်။

"ဟုတ်တယ် ညီမရေ ... ၊ ကိုကို စခန်းမှာ ဆိုရင် မိုးလုံးကို ဆေးလိပ်ညှိဖို့ ထင်းစတွေတောင် ယူခိုင်းလို့ ရတယ်၊ ဦးကြီးဆေးတံ ဆင်မကြီး မြင်မတိန်ပေါ်က ကျသွားရင် ဒီကောင်ကောက်ပေးနေကျ၊ ဒါပေမဲ့ သူ့ကို ဆေးတံကောက်ခတော့ ပေးရတယ်"

ဆင်များတွင် နှာမောင်းဖျား၌ အာရုံခံစားမှုနှင့် အစာကောက်စားရန် ခက်ရင်းခွအဖုလေးတစ်ခုပါသည်။ ထိုခွယ်နှင့်ဆင်သည် အပ်ချောင်လို သေးငယ်သော အရာဝတ္ထုကိုပင်ကောက်ယူ၍ ရတတ်သည်။ ဆင်တွင် နှာမောင်းသည် လက်ဖြစ်သည်။ အစာစားသောအခါ နှာမောင်းနှင့် ကောက်ပြီးမှ ပါးစပ်ထဲ ထည့်သွင်း၍ စားတတ်၏။ ရေသောက်သောအခါမှာလည်း ရေကိုနှာမောင်းနှင့် စုပ်ယူပြီးမှ ပါးစပ်ထဲမှာ နှာမောင်းသွင်း၍ သောက်တတ်လေသည်။ တောတောင်ထဲ သွားလာကျက်စားရာတွင်လည်း ရေဆာလျှင် နှာမောင်းကို မြှောက်၍ အာရုံခံတတ်သည်။ ရေရှိသောအရပ်နှင့် ရေရှိရာအရပ်၏ အကွာအဝေးကိုလည်း နှာမောင်းကသာ ညွှန်ပြသည်။ လူစသည်နှင့် အခြားတိရစ္ဆာန်တို့၏ အနံ့အသက်နှင့် ကျစ်မြေ(ဆားဓာတ်ပါသောမြေ)များကိုလည်း နှာမောင်းမှတစ်ဆင့် ဦးနှောက်သို့ သတင်းပို့ပြီး သွားလာ ကျက်စားရလေသည်။ ထို့ကြောင့် ဆင်တွင် နှာမောင်းသည် အလွန်အရေးပါသော ရေဒါကိရိယာဖြစ်လေသည်။ ဆင်တွင် နှာမောင်းဖျားမှ အနှုကလေး ပြတ်သွားလျှင် အာရုံချုပ်၍ သေတတ်လေသည်။

"ဟင် ... ကိုကို ... ဆေးတံ ကောက်ခ၊ မီးယူပေးခ မိုးလုံးကို ဘာပေးရလဲဟင်"

"ဆေးတံကောက်ခ မီးယူခကတော့ ငှက်ပျောသီး တစ်လုံး၊ ကြံတစ်ဆစ်၊ ဆားတစ်ဇွန်း၊ ဒီလိုမှ မဟုတ်ရင်လည်း မန်ကျည်းသီးတစ်ခဲပေးရတယ်"

ဆင်သည် ကြံ၊ ငှက်ပျောသီး၊ မန်ကျည်းသီး၊ ဆားတို့ကို အလွန်ကြိုက်သော တိရစ္ဆာန်ဖြစ်သည်။ ထို့ကြောင့် ဆင်ကို ဆေးကျွေးရာ၌ပင် မန်ကျည်းသီး

www.burmeseclassic.com

www.burmeseclassic.com



အမှည့်ထည့်၍ပေးကျွေးရ၏။ သို့မဟုတ်လျှင် ဆင်သည် အလွန်အနံ့ခံ ကောင်းသော တိရစ္ဆာန်ဖြစ်သဖြင့် ဆေးနံ့ရလျှင် မစားဘဲ နှာမောင်းနှင့်လွှဲခတ် လွှင့်ပစ်တတ်သည်။

ဆားကတော့ ဆင်အကြိုက်ဆုံး အစာဖြစ်သည်။ ဆားမစားရသော တောဆင်ရိုင်းများဆိုလျှင် ဆားဓာတ်ပါသောမြေကို ရှာစားတတ်ကြသည်။ ကျစ်မြေဟုခေါ်၏။ ထိုကျစ်မြေကို လုကြရင်း တစ်ခါတစ်ခါ တောဆင်ရိုင်းများသည် အသေအကြေပင် တိုက်ခိုက်တတ်ကြသည်။ ထိုကျစ်မြေတစ်ကျင်းကျင်း တောထဲ၌ တွေ့ထားလျှင် ထိုအနား ပတ်ဝန်းကျင်က မခွာဘဲ မောင်ပိုင်စီးထား တတ်ကြသည်လည်း ရှိသည်။ အခြားဆင်များ ကျစ်မြေနားကို မလာနိုင်အောင် ကာကွယ်ထားတတ်လေသည်။

ဆင်များသည် ဝမ်းချုပ်၍ သန်ကောင်၊ တုတ်ကောင်တွေ ထလာလျှင်လည်း သဘာဝအရ ဆားစားရမည်ကို အလိုလို သိလာကြသည်။ ကမ္ဘာ့စိတ္တအရ သူတို့ကိုယ်ခန္ဓာက တောင်းဆိုလာသည်။

ထိုအခါ ကျစ်မြေကို မနားမနေ ရှာဖွေတတ်ကြလေသည်။ အမှန်ကတော့ ဆင်သာမဟုတ်၊ ကျစ်မြေနှင့်ဆားကို တောတိရစ္ဆာန်ကြီးများ အတော်ကြိုက်ကြသည်။ ဒုတိယအကြိုက်ဆုံးမှာ နွားနောက်ဖြစ်သည်။

ထို့ကြောင့် "နွားနောက်ကိုဆားကျွေးခါသလို" ဟူသော တိုင်းရင်းသားစကားပုံပင် ရှိလေသည်။ နွားနောက်များသည်လည်း ကျစ်မြေအတွက် တစ်ကောင်နှင့်တစ်ကောင် သေအောင် ခတ်တတ်ကြလေသည်။

"အတော်ပဲ အစ်ကိုရေ၊ အိမ်ရောက်ရင် မိုးလုံးကို ငှက်ပျောသီးကျွေးမယ်၊ အမေခုတ်ထားတဲ့ ငှက်ပျောသီး တစ်ခိုင် မှည့်နေပြီ"

"ဆေးတံကောက်ခ၊ မီးယူခ ငှက်ပျောသီးတစ်လုံး ပြောတာ မြသူရယ်၊ ခုရေအိုးတစ်လုံးကို ရွာအရောက်၊ အိမ်အရောက် ရွက်ပေးခ ဆိုရင် ငှက်ပျောသီးတစ်ခိုင် အနည်းဆုံးပေးရမယ်၊ မပေးရင် မရွက်ပေးနိုင်ဘူးကွနော်၊ မိုးလုံး မရွက်ဘူး မဟုတ်လား"

မိုးလုံးက ကျော်စံ၏စကားကို နားလည်သလို နှာမောင်းကို မသိမသာယမ်းပြသည်။

"ဟင် … တစ်ခိုင်ကြီးများတောင် မများဘူးလား"

"ကဲ … များတယ် ထင်ရင် မခိုင်းနဲ့၊ ပြန်ချလိုက်ကွ မိုးလုံး၊ ပြန်ချလိုက်၊ ပြန်ချထားလိုက်၊ ရေအိုးကို ပြန်ချထားလိုက်"

ဤတစ်ခါလည်း မြသူမှာ အံ့သြရပြန်သည်။

မိုးလုံးသည် ကျော်စံခိုင်းသလို ရေအိုးကို ပြန်ချထားလိုက်၏။

မိုးလုံး ဤမျှ တော်အောင် ကျော်စံ ဘယ်လိုများ သင်ထားပါလိမ့်။



"ကြည့်စမ်း … ကြည့်စမ်း … တကယ် ပြန်ချထားတယ်၊ ခစ် … ခစ် … မိုးလုံး သိပ်တတ်နေပြီ၊ ကိုကို သင်ထားတာလားဟင်"

"ဟုတ်တယ်လေ၊ ကိုကိုသင်ထားတာ၊ ဦးကြီးကပြောတယ်၊ နောက်နှစ်ဆိုရင် မိုးလုံးသစ်ဆွဲလို့ ရပြီတဲ့"

"ဟုတ်လား ကိုကို"

"ဟုတ်တယ်"

"ဒါဆို မြသူတို့မှာ သစ်ဆွဲဆင်နှစ်ကောင် ရှိပြီပေါ့နော်"

"ဒါပေါ့မြသူရယ်"

အမှန်မှာ မိုးလုံးသည် မြသူတို့အဖေပိုင် ဆင်မဟုတ်ပေ။ ကျော်စံ၏ အဖေပိုင် ဆင်သာဖြစ်၏။ ယခု ကျော်စံအဖေမရှိသည့်နောက်တွင် ဆင်ရောကျော်စံကိုပါ မြသူတို့အဖေဆီတွင် ကျော်စံအဖေက အပ်ထားခဲ့ခြင်း ဖြစ်လေသည်။

"ဒီတစ်ခါအဖေစခန်းက ပြန်လာရင် ဗီရိုဓာတ်စက် အထောင်ကြီး မတ်တတ်တစ်လုံး ဝယ်နိုင်းရမယ်၊ အဖေက ဝယ်ပေးမယ်လို့ ပြောထားတယ်၊ နောက်နှစ်လည်း မိုးလုံး သစ်ဆွဲနိုင်ပြီဆိုရင် ပိုက်ဆံတွေလည်း အများကြီးရမယ်"

နောက်နှစ်ဆိုရင် မိုးလုံး သစ်ဆွဲနိုင်ပြီ ဆိုသဖြင့် မြသူက သူလိုချင်တာတွေ ပြော၍ပျော်သွား၏။

"ကဲ … မိုးချုပ်တော့မယ်၊ ညီမလာ၊ သွားကြမယ်"

ကျော်စံသည် ဆင်ပေါ်တက်ကာမြသူကို လက်ကမ်းသည်၊ ဘယ်လို အမိန့်ပေးလိုက်သည်မသိ၊ မြသူဆင်ပေါ်ထက် တက်လာနိုင်အောင် မိုးလုံးက သူ့လက်တစ်ဖက်ကိုကွေး၍ လှေကားထစ်လုပ်ပေးလိုက်၏။

"ဟင် … ကိုကိုကြီး … ရေအိုးကော"

"ရေအိုးက မိုးလုံး ရွက်လိမ့်မယ်လေ၊ အိမ်မှာ ငှက်ပျောသီးတစ်ခိုင် ရှိတယ်ဆို၊ အိမ်ရောက်ရင် ရေအိုး ရွက်ခ မိုးလုံးကို ကျွေးလိုက်"

"ဟင် … သစ်ခွပန်းတွေလည်း နည်းနည်းလေးပဲပါတယ်၊ များများညီတာ တကျည်ထဲရယ် … များသူငယ် တွေကောဟင် ကိုကို၊ မပါဘူးလား"

ဆင်ပေါ်က ပုခက်တွင်းရှိ ပန်းတွေကို တစ်ခုစီကောက်ကြည့်တာ မြသူက ကျော်စံကို နှုတ်ခမ်းစူ ပြောနေ၏။ ကျော်စံစခန်းက ပြန်လာတိုင်း ပါတတ်သော ပျားရည်၊ သစ်ခွပန်းတို့မှာ ဤတစ်ခါ နည်းနေသဖြင့် မြသူက အလိုမကျ ဖြစ်နေသည်။

"ပျားသူငယ်တွေတော့ ဒီအပတ်မပါဘူး၊ ညီမလေးရယ်၊ နောက်အပတ်မှ ကိုကိုရှာလာခဲ့မယ်နော်၊ ရိက္ခာကုန်နေတော့ ကမန်းကတန်း လာရတာပါ"

"ဟင် …"

"မဟုတ်နဲ့၊ ကဲ သွားမယ်၊ ဟေး … မိုးလုံး … ရေအိုးကို ရှာစမ်း အိမ်အရောက်

www.burmeseclassic.com

www.burmeseclassic.com



ရင် မင်းကို မြသူက ငှက်ပျောသီးတစ်ခိုင် ကျွေးပါ့မယ်တဲ့”

မိုးလုံးသည် မြသူ ချထားသော ရေအိုးကို ကောက်၍ နှာမောင်းနှင့်ချီမကာ ခြေလှမ်းစလိုက်လေသည်။

တယိမ်းယိမ်းတယွဲ့ယွဲ့ လှုပ်နေသော မိုးလုံးကျောပေါ်က ကြိမ်ပုခတ္တဲ့ထဲတွင် မြသူက အငြိမ့်သားလိုက်ပါလာလေ၏။

ညနေချမ်းဆည်းဆာ၏ တိမ်ရောင်ဟပ်သဖြင့် ဖြူနုသော မြသူ၏ ပါးမှာ ဆေးဆိုးထားသလို ရဲရဲနီနေသည်။ ပါးလွှာသော နှုတ်ခမ်းရဲရဲကမူ တလမ်းလုံး လှုပ်လာ၏။

“ဟေး … ဟိုမှာ … ဟိုမှာ … ဆင်ကြီး ရေအိုး ရွက်လာတယ်ဗျို့၊ ဆင်ကြီး ရေအိုးရွက်လာတယ်”

ရွာကို စဝင်ကတည်းကပင် ကလေးများ၏ အံ့သြဘနန်းသြဘာပေးသံကို ကြားရသည်။

“အေး…ဟုတ်တယ်ဟ၊ ဆင်ကြီး ရေအိုးရွက်လာတယ်”

ကလေးများက ဝိုင်းအော်၍ နောက်က လိုက်လာကြသည်။

သစ်ထုတ်ရေး သစ်တောကြီးဝိုင်းနှင့် နီးသည့်အပြင် ဆင်ပိုင်ရှင်တွေလည်း နှစ်ဦးသုံးဦးရှိသဖြင့် ညောင်ခြေထောက်ရွာသူရွာသားကလေးသူငယ်များအတွက် ဆင်ကတော့ အဆန်းမဟုတ်ပေ။ အထူးအဆန်း ကြည့်စရာလည်းမဟုတ်ပေ။ တွေ့ကြောမြင်နေရသဖြင့် ဆင်က သူတို့အတွက် ရိုးနေလေပြီ။

သို့သော် ဤသို့လိမ္မာ၍ ရေအိုးရွက်လာသော ဆင်ကိုတော့ သူတို့က တစ်ကောင်တလေမှ မမြင်ဖူးကြ။ ထို့ကြောင့်လည်း ယခုရေအိုးရွက်လာသော ဆင်ကို ဝိုင်းကြည့်အော်ဟစ်ကာကလေးများမှာ ပျော်နေကြသည်။

ကလေးတွေအော်သံကြောင့် လူကြီးတွေကပါ ထွက်ကြည့်ကြသည်။

“ဩော် … ကျော်စံတို့ မြသူတို့ဆင်ကိုး၊ တယ်လိမ္မာတာပဲ”

ရွာလယ်လမ်းမအတိုင်း တယိမ်းယိမ်း တလှုပ်လှုပ် ဝင်လာနေသော မိုးလုံးနှင့်ကျော်စံ၊ မြသူတို့ကို မြင်သောအခါ လူကြီးတွေကပါ အံ့သြကြသည်။

သူတို့သည်လည်း ဤလောက် လိမ္မာသောဆင်ကို တစ်ခါမှ မမြင်ဖူးကြပေ။

“ကိုကြီးကျော်စံ ခင်ဗျားဆင်ကတယ်လိမ္မာပါလားဗျ” ကျော်စံထက် တစ်နှစ်နှစ်နှစ်သာငယ်သော အသိလူပျိုပေါက်လေးတွေ ကလည်း ကျော်စံကို လှမ်းနှုတ်ဆက်ရင်း မိုးလုံးကို ချီးကျူးကြသည်။

မိုးလုံး၏ အရှင်သခင်၊ မိုးလုံးကို ယခုလိုလိမ္မာလာအောင် သင်ပြပေးနိုင်ခဲ့သူ ကျော်စံမှာမူ မိုးလုံး၏ဦးကင်းပေါ်မှခါးကို ဆန့်ထုတ်လိုက်ကာ “အေးကွ၊ ဒီကောင်ကြီးက သိပ်လိမ္မာတာ၊ လူ့စကားလူ့အထာလည်း သိပ်ကျွမ်းတယ်” ဟု ပြုံး၍ ဂုဏ်ယူပြော လှမ်းပြောရသည်။



သည့်ထက်ရင်းနှီးကြသူ ရွယ်တူတန်းတူ ယောကျ်ားလေးများက မိုးလုံးကို ချီးကျူးစကားဆိုကြလျှင်တော့ “မင်းကွာ … သင်တဲ့ဦးစီးကိုလည်း ကြည့်ဦးမှပေါ့” ဟုရင်ကိုကော့ကာ တဟားဟားရယ်၍ ပြန်ပြောနေရ၏။

သူ့ရေအိုးကို အိမ်ကဆင် ရွက်ခိုင်းပြီး သူက ဆင်ပုခက်ပေါ်ငြိမ့်ငြိမ့်လေး လိုက်ပါလာသော ဆယ့်သုံးနှစ်ရွယ်မြသူကို လမ်းမှာတွေ့သော မိန်းကလေးတိုင်းကလည်း အံ့သြကြသည်။ မြသူတို့ဆင်ကဟယ် အံ့သြစရာ၊ ကြည့်စမ်း … ရေခပ်ပေးဖော်တောင်ရတယ်၊ လိမ္မာလိုက်တာ၊ ဒီလိုဆင်မျိုး တို့တစ်ကောင်လောက်ရှိရင်သိပ်ကောင်းမှာပဲ၊ ထင်းခွေ၊ ရေခပ်ခိုင်းရမယ်ဟု ဆိုကြပြန်သည်။

ရွယ်တူတန်းတူ မိန်းကလေးတွေက လှမ်းမေးလှမ်းပြော လှမ်းချီးကျူးကြတိုင်း မြသူ၏မျက်နှာမှာ အပြုံးတွေ လှုံ့ဖိတ်၍ ပါလာသည်။ မြသူတို့ဆင်မဟုတ်ဘူး၊ ကိုကိုကျော်စံ ဆင်၊ ကိုကိုကျော်စံ သင်ထားဟုလည်း ဝင့်ကြွားလာသည်။

မြသူက ထိုသို့ပြောလေ၊ ငယ်ရွယ်သူကျော်စံမှာလည်း ဘဝင်ခိုက်လေပင်၊ ဆယ့်ငါးနှစ်ရွယ်ဆိုသည်မှာ ကလေးသာရှိသေးသည်မဟုတ်ပါလား။

“ဟဲ့ကောင် … မိုးလုံး … လွတ်ကျမယ်နော်၊ ရေအိုးလွတ်ကျမယ်၊ ကောင်းကောင်းကိုင်သွားစမ်း”

အရှေ့ပိုင်းက ဘသာတို့အိမ်နားရောက်သောအခါ ကျော်စံ၏ ဆင်မောင်းသံမှာ ပို၍ကျယ်လာလေသည်။

ကျော်စံနှင့်မြသူတို့သည် ဘသာတို့အိမ်ဘက်ကိုလည်း မသိမသာ ပြိုင်တူ စွေကြည့်ကြ၏။ ပြီး … ပြန်၍ မကြည့်သလို ဟန်ဆောင်ထားကြသည်။ မျက်နှာကိုလည်း တည်ထားကြသည်။

ကျော်စံ၏ ကျယ်ကျယ် လောင်လောင် ဆင်မောင်းသံနှင့်မြသူတို့၏ မသိမသာအကြည့်သည် တခြားသူများအတွက် ဘာမှအဓိပ္ပာယ်မရှိသော်လည်း ဘသာတို့မိသားစုအတွက်မူ များစွာအဓိပ္ပာယ်ရှိလေသည်။

ဤညောင်ခြေထောက်ရွာတွင် ဆင်ပိုင်ရှင် သုံးလေးဦးရှိသော်လည်း ဤအရှေ့ပိုင်းတွင်ကော့ ဘသာတို့အဖေ ဦးဘထွန်းနှင့် မြသူတို့အဖေ ဦးလှဘော်တို့မိသားစု နှစ်စုသာ ဆင်ပိုင်ရှိကြသည်၊ တခြားသူများမှာ အငှားစီး ဆင်ကျောင်းတွေသာ များလေ၏။

ဘသာတို့မိသားစုနှင့် မြသူတို့မိသားစုမှာ ဆွေမျိုးတော်ကြသည်၊ သို့သော် လုံးဝမခေါ်မပြောကြ။ အမွေခွဲရာ စီးပွားလုရာမှ တရားတဘောင်ပင် ဖြစ်ခဲ့ကြသည်ဟုဆိုသည်။ မြသူတို့အမေ ဒေါ်သူဇာမေနှင့် ဘသာအဖေ ဦးလှကြီး ဦးဘထွန်းမှာ မောင်နှမ သုံးလေးဝမ်းကွဲ တော်ကြသည်ဟုဆိုသည်။

ဆွေမျိုးဟု သိထားသော်လည်း မြသူက ဘသာတို့မိသားစုနှင့် လုံးဝ စကားမပြောဖူး။ မြသူတို့ကို မမွေးခင်ကပင် တရားတဘောင်ဖြစ်၍ သေရှိခြင်း

www.burmeseclassic.com



ကြဟုသိရသော်လည်း ယနေ့ထိ ဆင်ပိုင်ရှင်တွေဟူသော မာနနှင့် စီးပွားပြိုင်ကြတုန်း၊ လူကြီးတွေအရိပ်ထိုးကာ ကလေးတွေကပါ တစ်ဦးနှင့်တစ်ဦး ပြိုင်ပြေးသူရန်ဘက်ပမာ သဘောထားကြတုန်းပင်တည်း။

ထို့ကြောင့် ဘသာတို့အိမ်ရှေ့သို့ရောက်သောအခါ မြသူမှာ အလိုလိုမသိမသာ ကြည့်မိပြီးသား ဖြစ်သွားလေသည်။

ကျော်စံ၏အကြည့်နှင့်ဆင်မောင်းသံကတော့မြသူ၏အကြည့်နှင့် မတူပေ။ သီးခြားအဓိပ္ပါယ်ရှိ၏။

ဘသာမှာ ကျော်စံထက် အသက်သုံးလေးနှစ်ကြီးသည်။ ဆင်ပိုင်ရှင်သားဟု ဆိုသော်လည်း ဆင်ကို ဟုတ်တိပတ်တိ နိုင်နိုင်နင်းနင်း စီးတတ်သူ မဟုတ်။ ယခုအသက် ဆယ့်ရှစ် ဆယ့်ကိုးနှစ်ပြီ ဖြစ်သော်လည်း နောက်လိုက်လုံ့ကိုင် မပါဘဲ ထီးတည်း စီးရဲသူမဟုတ်။ ဆင်ဆိုးဆင်ပြောင်ကို မဆိုးထားနှင့် ဆင်ကောင်းဆင်ထီးကိုပင် ဝံ့ဝံ့စီးရဲသူမဟုတ်။ ဤသည်ကို ကျော်စံသိသည်။

သို့သော် … ဘသာသည် လက်တွေ့သာ ဆင်ကို ဝံ့ဝံ့မစီးရဲသေးသော်လည်း လေလုံးကတော့ အင်မတန်ထွားသည်။ သူတို့မှာ ဘိုးစဉ်ဘောင်ဆက်ကတင် ဆင်ပိုင်ရှင်တွေဖြစ်သဖြင့် အဘိုးက ဘယ်လိုဆင်ဆိုးတွေ စီးနဲ့သူ၊ ဘကြီးက လူဘယ်နှယောက်သတ်ထားသော ဆင်ဆိုးကို တက်တချက် ခေါက်လိုက်ရုံနှင့် ဦးတင်ဘယ်လို ငိုက်ကျသွားပုံ၊ နားရွက်ဘယ်လိုလျှော့သွားပုံတို့ကို လူစုလူဝေးရှိသော ဥပုသ်သီတင်းနေ့တိုင်း ကာလသားချင်းပြောတတ်သည်။ အထူးသဖြင့် ကျော်စံကိုမြင်လျှင် ပို၍ အသံကို မြှင့်ပြီး ပြောတတ်၏။

"ကျုပ်တို့က အခုမှ ဆင်ကိုင်တာ မဟုတ်ဘူးဗျ…၊ မျိုးနဲ့ရိုးနဲ့ ဆင်ကိုကိုင်လာကြတာ၊ ဆင်ဆိုရင် ခြေထောက်ကစပြီး အစွယ်ဖျားထိ ဘာသိချင်လဲ၊ ဘယ်အမျိုးအစားဟာ ဘယ်လိုလဲဆိုတာအကုန်သိတယ်"

ဘသာသည် ဤသို့အစချီကာ ဆင်အကြောင်း အာဘောင်အာရင်းသန့်သန့် ပြောတော့သည်။

"ကျုပ်တို့ဘကြီး ဦးဘကျော် စီးသွားတဲ့ဆင်ဆိုရင် လူကိုးယောက် ဦးစီးကိုးလောင်း သတ်ထားတဲဆင်ဗျ၊ အဲဒီဆင်နာမည်ဟာ အစတုန်းက ဗိုလ်စိန်တဲ့ …၊ လူကိုးယောက်သတ်ထားလို့ နောက်တော့ ကိုးလောင်း ကိုးလောင်းလို့ ခေါ်ကြရင်းက ကိုးလောင်းနာမည်တွင်သွားတာဗျ၊ ဗြိတိသျှ ဥပဒေအရဆိုရင် လူဆယ်သက်နဲ့ ဆင်တစ်သက်ညီမျှတယ်တဲ့၊ ဆင်သက်တစ်ထောင်လို့ ကျုပ်တို့မြန်မာတွေက ဆိုရိုးရှိကြတာကိုးဗျ၊ အဲဒါကြောင့် လူဆယ်ယောက်ကို သတ်ပြီးတဲ့ဆင်မှ ပစ်သတ်ရမယ်လို့ အမိန့်ရှိသတဲ့…၊ ဘကြီးစီးသွားတဲ့ဆင်က လူကိုးယောက်သတ်ပြီးပြီဆိုတော့ နောက်ထပ်တစ်ယောက်သတ်ရင် သေဖို့ပဲရှိတော့တယ်၊ အဲဒီဆင်ကို လုံကိုင် ဘယ် ညာ နှစ်ယောက် ထားပေးတာတောင် ဘယ်ဦးစီးကမှ မစီးရဲကြဘူး၊ အဲဒါ … စေတုတ္တရာ ကြိုးဝိုင်းနဲ့ မင်းဘူးတစ်ခရိုင်လုံးမှာ စီးရဲမဲ့သူမရှိလို့ သတ်ပစ်မယ် လုပ်ထားတဲ့ဆင်၊ ဘကြီးဦးဘကျော်က ကိုယ့်ဆင်ဟိုင်းဗိုလ်ကိုပစ်ပြီး ကျုပ်စီးပါ့မယ်လို့ အင်္ဂလိပ်ဝန်ထောက်ကြီးကို ပြောပြီး စီးခဲ့တာဗျို့ …၊ ဘကြီး ဦးဘကျော်လက်ထည်း ရောက်ရော ကိုးလောင်းခမျာ ဘကြီးသာ ဦးကင်းပေါ်မှာရှိနေရင် ခေါင်းတောင်မယမ်းရဲ နှာမောင်းတောင် မမြှောက်ရဲဘူးတဲ့၊ လူတွေ စကားနဲ့ပြောရင်တော့ ယားလို့တောင် မကုတ်ရဲဘူး ဆိုတဲ့ သဘောပေ့ါဗျာ…၊ အဲဒါ ခင်ဗျားတို့ သဘောပေါက်ချင်မှ ပေါက်မယ်။

"ဆင်ဆိုးတွေ နှာမောင်းထောင်တာ ခေါင်းယမ်းတာက သိပ်အဓိပ္ပာယ်ရှိတယ်ဗျ၊ ဆင်ဆိုးလက္ခဏာတွေထဲမှာ အဲဒါတွေပါတယ်၊ နှာမောင်းကို မိုးပေါ်ထောင်ပြီး လေကိုစုပ် နှာမောင်းကို ပါးစပ်ထဲပြန်ထည့်၊ အဲသလို လုပ်တာကို တိမ်ညွှန့်စားတယ်လို့ ခေါ်တယ်၊ အဲဒါ တိမ်ညွှန့်စားအမျိုး ဆင်ဆိုးပဲ၊ နောက်ခေါင်းတညိတ်ညိတ် လုပ်တတ်တဲ့ ဆင်ကိုတော့ ရှူးကူတယ်လို့ ခေါ်တယ်၊ မောင်းထောင်းတယ်လည်း ခေါ်တယ်၊ နောက် နှာမောင်းကိုပဲ အမြဲရှေ့နောက်ယမ်းနေတဲ့ဆင်ကိုတော့ ပုခက်လွှဲလို့ ခေါ်တယ်၊ အဲဒါအခွင့်ကြုံရင် လူသတ်မယ်၊ ဦးစီးကိုနင်းမယ်ဆိုတဲ့ဆင်ပဲဗျ၊ နောက်ရှိသေးတယ်၊ လူသေကောင်မြှုပ်တဲ့ မြေကိုခွာနဲ့ရှုပ်ပြီး မြေပုံတွေ ပုံ့ပုံ လုပ်ကစားနေတတ်တဲ့ ဆင်ပဲ၊ သဘောကတော့ လူသေကောင်မြှုပ်သလိုပေ့ါဗျာ၊ နောက်တမျိုးကတော့ စံဂိုး(စကော)ဝိုင်းတဲ့၊ ရှေ့နောက် ယိမ်းလှုပ်နေတတ်တဲ့အကျင့်ပဲ၊ အဲဒီလိုအမူအကျင့်ပါတဲ့ဆင်ဆိုရင် ကြပ်ကြပ်သာ သတိထားပေတော့၊ တစ်ယောက်မဟုတ် တစ်ယောက် လူသတ်မဲ့ ဆင်တွေချည်းပဲဗျ၊ အဲ ဆင်ဆိုးတာနဲ့ပတ်သက်လို့ ဦးစီးလုပ်တဲ့ လူအပေါ်မှာ တည်တယ်ဗျ၊ ကိုးလောင်းကိုကြည့်လေ၊ ဘကြီးလက်ထဲရောက်တော့ ဝပ်နေတာပဲ မဟုတ်လား။

"အချို့ဦးစီးတွေက၊ အချို့မဟုတ်ပါဘူးလေ၊ အတော်များများပါပဲ၊ ဆင်ဆိုးစီးရတာကို ဂုဏ်ယူတယ်၊ သစ်ထုတ်လုပ်ရေးအဖွဲ့မှာလည်း ဆင်ဆိုး စီးတဲ့ ဦးစီးတွေကို အခ ပိုပေးတာကိုးဗျ၊ အဲဒါကြောင့် တချို့ဦးစီးတွေက ဆင်မဆိုးဆိုးအောင် တမင်လုပ်ကြတာလည်းရှိတယ်၊ အရိုင်းစိတ်သွင်းပေးတဲ့သဘောပေ့ါ၊ အဲဒီလို အရိုင်းစိတ် သွင်းပေးတယ် ဆိုတာကလည်း အခြေခံကစပြီး လုပ်ကြရတယ်၊ ထူးခတ်တာကအစပေ့ါဗျာ၊ ဆင်တွေကို ညှပ်သွင်းပြီး သင်တဲ့ကျင့်တဲ့အခါ ခြေထောက်မှာ ထူးကြိုး ချည်တဲ့အခါ ဘယ်ဘက်က ဝင်ပြီး ချည်တဲ့ ဆင်ဆိုရင် အမြဲတမ်း ဘယ်ဘက်ကပဲဝင်ပြီး ထူးခတ်ထူးဖြုတ်လုပ်ရသေး ဘယ်ဘက်က ဝင်ပြီး ထူးခတ်ထူးဖြုတ်လုပ်တဲ့ဆင်ကို အမှတ်တမဲ့ ညာဘက်က ဝင်ပြီး ထူးခတ်ထူးဖြုတ်လုပ်ရင် ဆင်က နင်းတော့တာပဲတဲ့၊ အေး တချို့ ကျတော့လည်း ဘယ်ရော ညာရော ဝင်လို့ရအောင် စကတည်းက သင်ထားကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ များသောအားဖြင့် ဆင်ဆိုးဖြစ်အောင် ဖန်တီးချင်တဲ့ဦးစီးကတော့ ဘယ်ဝင် ညာဝင် မသင်ဘူးတဲ့၊ တဘက်ပဲသင်တယ်၊ မင်းဆင်က ဘယ်ဝင်လား ညာဝင်လားလို့ မေးရင် ဘယ်ရော ညာပါ ဝင်ချင်တဲ့ဘက်ကဝင်လို့ရတယ်လို့ ပြောလိုက်ရင် ဆင်ပေါသွားတတ်တယ်သတဲ့၊ အဲဒါကြောင့် ဆင်ကို ဆိုးအောင်လို့ တချို့ဦးစီးတွေက တစ်ဖက်ပဲ သင်သတဲ့'

ညောင်ခြေထောက်ရွာမှာ သစ်လုပ်ငန်းတို့ ဆင်တို့နှင့် ကင်းကြသူတွေ မဟုတ်သဖြင့် လူငယ်တွေမှာ ဘသာ၏စကားကို စိတ်ဝင်စားကြသည်။ ဗဟုသုတအဖြစ် နားထောင်ကြသည်။

"ကဲ ... ကိုကြီးဘသာ၊ ဆင်ဆိုးတာကတော့ ဟုတ်ပါပြီဗျို့၊ အဲဒီ ဆိုးတဲ့ ဆင်ကို မဆိုးရဲအောင် လုပ်တဲ့နည်းလေးဘာလေးလည်း ပြောပြပါဦးဗျ"

စိတ်ဝင်စားသူတစ်ယောက်ကသာ အဘိယာစက ပြုလာလျှင်တော့ ဘသာ၏စကားမှာ မဆုံးတော့။

"ဆိုးတဲ့ဆင်တွေကို အချို့ဆင်ဦးစီးတွေက ဘယ်လိုလုပ်သလဲဆိုတော့ ဘယ်ညာစလွယ်သိုင်းကြိုးချည်ပြီး ဂျုတ်လုံးနဲ့ရိုက်တယ်ဗျ၊ ဘယ်ညာစလွယ်သိုင်း ကြိုးချည်ထားတော့ ဆင်ကရုန်းတာနဲ့ ပုန်းခနဲ လဲတာကိုးဗျ၊ လဲတော့ ပိုရိုက်အောင်ပေါ့၊ ဆင်က ကြိုးစလွယ်သိုင်းထားတော့ မတနိုင်ဘူးပေါ့လေ၊ အဲဒါ ဆင်ဆိုးတွေကို ဆုံးမနည်းပဲ၊ အချို့ဦးစီးတွေကတော့ ဒူးပေးတဲ့နေရာမှာ သံမြှုပ်ထားတတ်တယ်၊ မြှုပ်ထားတဲ့သံကို ဒူးနဲ့တိုက် လုပ်လိုက်တာနဲ့ ဆင်ဟာ ဆတ်ဆတ်ခါနာပြီး ဒူးပေး မခံရအောင် ကျိုးကျိုးနွံနွံ အလုပ်လုပ်တော့တာပဲတဲ့ဗျ၊ ဒါပေမဲ့ ဘကြီးနဲ့ပဲလုပ်လုပ် ဦးစီးကို သတ်တတ်တဲ့ ဆင်တွေရဲ့ နောက်အကျင့်တစ်ခုကတော့ ဆင်ဦးစီးဟာ သူမျှားသားမယားကို ဇော်ကားလာရင်၊ ကြာခိုလာရင်ပေါ့ဗျာ၊ ဆင်ဟာ ကိုယ်ပေါ်ကို လုံးဝအတက်မခံတော့ဘူးတဲ့၊ သဘောကသနတယ်၊ ညစ်ပတ်တယ်ပေါ့၊ ဒါကတော့ ဆင်ဦးစီးတွေ အထူးဆင်ခြင်ကြရတဲ့ ဆင်စီးသမားတွေရဲ့ အမိကအချက်ပေါ့ဗျာ"

ဤမျှနှင့် ဘသာ၏ ဆင်စကားကပြီးပြီလားဆိုတော့ မပြီးသေး။ ဘုန်းကြီးနေ့လယ်ဆွမ်းဘုဉ်းပေးပြီးသည်ထိ သူ့စကားက မပြတ်သေး၊ ဆင်ဆိုသည်မှာ ဆဒ္ဒန်ဆင်ကစပြီး အာဠာဝက၊ ဂင်္ဂေယျ၊ ပန္ဍရ၊ သဗ္ဗ စသည့် ကျမ်းလာ ဆင်ဆယ်မျိုးနှင့် ယခုသူစီးနေသာ ဆင်ထိ ပြောပြတတ်သည်။

ဆင်၏အမျိုးအစားကို ခွဲရာ၌လည်း ဦးပဉ္စင်းကိုရင်များ သဒ္ဒါရပ်တွက်သလို ခြေထောက်ကစပြီး တစ်ခုချင်း ပြောပြပါလိမ့်မည်။ ခြေသေးလက်သေး ဘယ်နှမျိုး၊ အမြီးတံခါးပိတ်၊ ထိုအမြီးတံခါးပိတ်၏ အာနိသင်၊ စုန်းကာ နတ်ကာ အမှောင့်ပယောဂ၊ ဆင်ကျောကုန်း၏အနေအထား၊ ဝက်ကုန်း၊ ငှက်ပျောကိုင်း၊ ခြသေ့်ထိုင်၊ ကျောပြာသာဒ်၊ မျက်လုံးက ပုလဲ၊ ဘုတ်၊ ကြက်တူရွေး၊ ရွှေ၊ ငွေ၊



အစွယ်ဆိုလျှင်လည်း ကြက်နင်း၊ ငှက်ပျောဖူး၊ ကြံဆစ်၊ စွယ်စုံ၊ တယ်၊ ဟန်၊ စုံတကာ ရွေးသွားရမည်။ ကိုးသော အစွယ်နှင့် ပတ်သက်၍လည်း ထန်ကျိုး၊ မာန်ကျိုး၊ ဟန်ကျိုး။ ထိုစွယ်ကျိုးများကို ရုပ်တုလုပ်ကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ပြောရဦးမလား၊ ဦးတိန္နမင်းက စ၍ ဟုတ်တာရော မဟုတ်တာရော နားထောင်သူပင် ဘွာခတ်ယူရမည်။

ဘသာမှာ ဆင်ဆိုးသာ ဝံ့ဝံ့ မစီးရဲသော်လည်း အပြောကတော့ စောဖေတို့ နောကျေပြီးသားထဲပင်။

ထို့ကြောင့်လည်း ဤလိုအပြောကြီးသောဘသာကို ကျော်စံက သူသည် အပြောသမားမဟုတ်ကြောင်း၊ ဆင်ကို လိမ္မာယဉ်ပါးအောင် သွန်သင်ရာတွင် မည်မျှတော်ကြောင်း ပြချင်သဖြင့် မိုးလုံးကို ရေအိုးရွက်ခိုင်းကာ ယနေ့ ဘသာတို့ အိမ်ရှေ့က ဖြတ်လျှောက်ပြခြင်းဖြစ်လေသည်။

ဤသည်ကို လူကြီးတွေ ကလေးတွေ အော်သံပြောသံ ချီးကျူးသြဘာသံတို့ကြောင့် ဘသာနှင့်တကွ သူတို့မိသားစုမှာလည်း ထွက်ကြည့်မိပြီးသား ဖြစ်သွား ကြလေသည်။

ထွက်ကြည့်မိပြီးခါမှ ကျော်စံနှင့်မြသူတို့မှန်းသိရသောအခါ သူတို့မှာ ဆက်ကြည့်ရ ကောင်းနိုး၊ ပြန်ဝင်ရ ကောင်းနိုးနှင့် အတော် ကသိကအောက် ဖြစ်သွားကြသည်။ "ဆင်ကြီး ရေအိုး ရွက်လာတယ်ဗျို့၊ ဆင်ကြီး ရေအိုးရွက်လာတယ်" ဟု ကလေးတွေအော်တုန်းကတော့ မည်သူ့ဆင်ဟု မသိ၊ တကယ်ဟုလည်းမထင်။ ရွာလယ်လမ်းတွင် တကယ်မြင်လိုက်ရတော့မှ မျက်နှာမထားတတ်အောင် ဖြစ်သွားကြလေသည်။

ဘသာတို့မိသားစု ဤသို့ဖြစ်သွားသည်ကို ကျော်စံနှင့် မြသူတို့မှာလည်း အကျေနပ်ကြီး ကျေနပ်လာကြလေသည်။

ထို့ကြောင့် မိမိအိမ်ပေါ်ရောက်သည်အထိ မြသူ၏ ရွှင်ပျအားရ ကျေနပ်မှုက အဆုံးမသတ်နိုင်သေး။

■

www.burmeseclassic.com

www.burmeseclassic.com

[၂]

'အမေ ... အမေ၊ ကျွန်မရေအိုး မိုးလုံး ရွက်ပေးတာ ကြည့်ပါဦး"

သမီး၏အသံကို ကြားသောမိခင်မှာ မကြည့်ဘဲ နေ၍မရ၊ အိမ်ပေါ်ထပ်တွင် ဗိုင်းငင်နေရာမှ ဝရန်တာသို့ ထွက်ကြည့်သည်။

အမြင်မှန်ကိုမြင်တော့ အများနည်းတူ အမေက အံ့သြရပြန်သည်။ သူ့တစ်သက်တာတွင် တစ်ခါမှမမြင်ဖူးသောမြင်ကွင်း။ ပြီး ... ပတ်သက်နေသည်က သူ့သမီးအရင်း ခေါက်ခေါက်နှင့် မွေးစားသားဟု ဆိုလျှင်လည်း ဆို၍ရသော ကျော်စံတို့၏ ထူးထူးခြားခြား ရောက်လာသော ဖြစ်ရပ်။

ဒေါ်သူဇာမေသည် ချက်ချင်း အိမ်အောက်သို့ ပြေးဆင်းလာသည်။

ကျော်စံသည် ခြေတံရှည်အိမ်ကြီး၏ ဆင်ဝင်အောက်သို့ မိုးလုံးကို စီးချလာသည်။ ဂုဏ်ယူဝင့်ကြွားသော အကြည့်နှင့် ဒေါ်သူဇာမေကို တစ်ချက်ပြုံးကြည့်လိုက်သည်။ ပြီး ... မိုးလုံးကို အမိန့်ပေး၏။

"မက်..."

"မက်..."

သုံးခွန်းပြည့်အောင်ပင် မအော်ရ၊ မိုးလုံးက အသာတကြည် ဝပ်ချလိုက်သည်။ ရေအိုးကို မဖိတ်မစဉ်ရအောင် ယနုထိ မြှောက်ကိုင်ထားတုန်း။

"ဆင်းလေညီမ"

မြသူကို ပုခက်ထဲက အလျင်ဆင်းစေသည်။ ပြီးမှ သူသည် ဆင်ဦးကင်းပေါ်က ဆင်း၏။ မြသူသည် သူ၏ရေအိုးကို မိုးလုံးဆီက ချက်ချင်းမယူသေးဘဲ "တွေ့လား အမေ မိုးလုံးဘယ်လောက်လိမ္မာလဲ၊ နောက်ဆို အမေ ရေ မိုးလုံးပဲ ခပ်ခိုင်း၊ ကျွန်မ မခပ်တော့ဘူး၊ ထင်းခွေလည်းမိုးလုံးပဲ ခိုင်းရမယ်" ဟု အားရဝမ်းသာနှင့် ပြောသည်။

"အေးဟယ် ... တကယ်ပဲ၊ မိုးလုံးနှယ်လိမ္မာလိုက်တာ၊ ငါ့သားသိပ်လိမ္မာတာပဲ"

မိုးလုံးကိုသာ လိမ္မာသည်ဟု ချီးကျူးပြီး မိုးလုံးအား ဤသို့လိမ္မာအောင် သင်ပြသူ သူ့အား မည်သို့ချီးကျူး စကားမျှ မဆိုကြသဖြင့် ကျော်စံ၏ စိတ်ထဲမှာ



နည်းနည်းတော့ ခံပြင်းသွားသည်။

သို့သော် ဒေါ်သူဇာမေသည် သူ့အပေါ်မိခင်ရင်းတမျှ ကောင်းခဲ့သည်မို့ များစွာတော့ စိတ်အနှောက်အယှက်မဖြစ်မိလိုက်ပေ။

"ကဲ ... ညီမ ... ရေအိုးကိုယူဦး၊ အစ်ကို ပုခက်ချလိုက်ဦးမယ်"

မြသူက မိုးလုံးနှာမောင်းနှင့် ချီမြှောက်ထားသောရေအိုးကို လှမ်းယူသည်။ ရေစင်ရှိရာသို့ ရေအိုးထားရန် ထွက်သွားသည်။

"ညီမ... မိုးလုံးကို ကျွေးဖို့ ငှက်ပျောသီး ယူလာခဲ့ဦးနော်"

ပုခက်ချနေရင်းက မြသူကို ကျော်စံက လှမ်းပြောသည်။

"အေး ... ကျွေး ... ကျွေး၊ မိုးလုံးက သိပ်လိမ္မာတာ၊ ကျွေးရမှာပေါ့" —

ကျော်စံ ဆင်ပုခက်ချနေသည်ကို အနားကရပ်ကြည့်နေသောဒေါ်သူဇာမေကလည်း ထောက်ခံစကားဆိုသည်။

"ကြီးကြီးမေ ... ဒါတွေယူပါဦး"

ပုခက်ထဲက ပျားရည်ကျည်တောက်နှင့် သစ်ခွပန်းတို့ကိုကျော်စံက လှမ်းပေးသည်။

ကျော်စံ လှမ်းပေးသောပျားရည် ကျည်တောက်ကို လှမ်းယူရင်း —

"အတော်ပဲ လူလေးရယ်၊ မရမ်းချိုသီးတွေ မှည့်နေတာနဲ့လူလေးတို့ ကိုလှတို့အတွက် ကြီးကြီးမေ ပျားရည် မရမ်းချိုပေါင်း လုပ်ပေးလိုက်ဦးမယ်၊ မင်းဦးကြီးက ဘာမှာလိုက်သေးသလဲ ..."

"သစ်ခွဲခ ငွေငါးရာ ပေးလိုက်ပါတယ် ကြီးကြီးမေ၊ အထွေအထူးတော့ ဘာမှမမှာလိုက်ဘူး"

"ဟင် ... ငွေငါးရာတည်းပဲလား၊ သူပြောသွားတုန်းကတော့ ဒီလထဲမှာ ငွေတစ်ထောင်ရမယ်လို့ ပြောသွားတာပဲ"

ကျော်စံသည် မိုးလုံး၏ ရင်သိုင်းကြိုးတစ်ပင်ကို ဆွဲဖြုတ်ရင်း ခဏ နှုတ်ဆိတ် နေသည်။

"ဟင် ... လူလေး ကိုလှက ငါးရာပဲရမယ် ပြောလား"

ဒေါ်သူဇာမေက ကျော်စံ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ မေး[illegible]

ရုတ်တရက်မှု ကျော်စံမှာ မဖြေတတ်ဖြစ်သွားသည်။ ဦးကြီးဦးလှဆော်တာ ဒေါ်သူဇာမေအား မည်သို့ ပြောထားခဲ့သည်ကိုလည်း သူမသိ။ လင်မယားကြား စကားဆိုသည်အတွင်းစကားသာ ဖြစ်သဖြင့် သူနှင့်လည်း မပတ်သက်၊ သို့သော် — ငွေပေးရမည့် သူ့အနေကမူ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွား မိသည်။ နောက်မှ သတိရ၍ "ဒါ ပထမအရစ်ဖြစ်ပါလိမ့်မယ် ကြီးကြီးမေ" ဟု ကမန်းကတန်းပြောလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ငွေမက်သော ဒေါ်သူဇာမေ၏ စကားကမူ ငွေကိစ္စမပြတ်သေး။

"နင့်ဦးကြီးက တောထဲမှာ ဝန်ထောက်တွေနဲ့ ဖဲတွေဘာတွေများ ရိုက်နေရော့လားဟဲ့၊ ကြီးကြီးမေကို ပြောသွားတော့ ဒီလ တစ်ထောင်ရမယ်လို့ ပြောသွားတာ၊ မင်းဦးကြီးဝန်ထောက်တွေနဲ့ဖဲတွေ ဘာတွေရိုက်တာတော့မမြင်မိဘူးလား"

ကျော်စံသည် ပုခက်ဒေါက်ကို လက်ထဲက ပစ်ချလိုက်ပြီး သက်မတစ်ချက်ကို မသိသာ ချလိုက်မိသည်။

သူ့အနေမှာ အဖြေရကျပ်သော မေးခွန်းပင်။

အမှန်က တောထဲတောင်ထဲ နေကြသူတွေမို့ ဖဲအရက်တို့ဆိုသည်မှာ ကင်းနိုင်ကြသည်တော့ မဟုတ်ပေ၊ တစ်ခါတစ်ခါအပျင်းပြေ အပျော်သဘောမျိုးပေါ်ကာ ကစားချင် ကစားတတ်၏။

သူ့ဦးကြီး ဦးလှဘော် ပေါ်ကာ ကစားသည်ကိုတော့ သူမြင်ဖူးသည်၊ သို့သော် ... ဝန်ထောက်တွေနှင့်ကစားတာတော့ သူမမြင်ဖူး။ ပြည်ခရိုင်က ဦးကြီးလိုပင် ဆင်ပိုင်ရှင် ဦးသိန်းလွင်မိုး၊ သစ်ကန်ထရိုက် ဦးဆန်းညွန့်၊ ဦးကျော်စိုး၊ သစ်ခေါင်းအုပ် ဦးစိန်လှမောင်တို့နှင့် ကစားတာကိုသာ တစ်ခါတစ်ခါ မြင်ဖူးလေသည်။

အမှန်က ဤသည်မှာလည်း အဆန်းတော့ မဟုတ်ပေ၊ ဆင်ပိုင်ရှင်တိုင်း၊ သစ်ကန်ထရိုက်တိုင်း၊ တောအုပ်သစ်ခေါင်းတိုင်း ကစားနေကျအလုပ်လို ဖြစ်နေသည်။ သူတို့အနေမှာ တောထဲတောင်ထဲ၌ ဖျော်ဖြေစရာစိတ်အစာဆို၍ ဘာမှမရှိပေ၊ ထို့ကြောင့်လည်း အချို့ဖဲဝါသနာမပါသော ဝန်ထောက်တွေဆိုလျှင် မိန်းမ၊ ဘိန်းဘက်တို့ပင် လိုက်စားကြသည်ကိုလည်း ကျော်စံ မြင်ဖူးထားလေသည်။

သူ့ဦးကြီး ဦးလှဘော်မှာ ဖဲရိုက်သည်ဟု ဆိုသော်လည်း ငါးရာ တစ်ထောင် ရှုံးအောင်ရိုက်သည်ကိုတော့ သူတစ်ခါမှမမြင်ဖူး။ သစ်ကန်ထရိုက်နှင့် ဆင်ပိုင်ရှင် အချင်းချင်း ခေါ်မှသွားကစားတာတွေ့သည်။ ဦးကြီး၏စာရိတ္တနှင့် ပတ်သက်၍ ကြီးကြီးမေကလည်း အတိုင်းအတာတစ်ခုတော့ စိတ်ချလိမ့်မည်ဟု သူယုံကြည်ထားသည်။

သို့သော် ယခုကြီးကြီးမေမေးပုံမှာ မယုံကြည်သဘောပါနေသည်။ ဦးကြီး ပိုက်ဆံတစ်ထောင်ပေးလိုက်သည်ကို သူကပဲ လမ်းရှိစခန်းတစ်ခုခုမှာ ဖဲရှုံးပစ်ခဲ့သလို။ ဤသို့ဒေါ်သူဇာမေ အထင်မှား အမြင်မှားဖြစ်မှာကိုတော့ ကျော်စံ အကြောက်ဆုံး မလိုလားဆုံးပင်။ သူ့အနေမှာ ကြီးကြီးမေကို မိခင်အရင်းတစ်ခင်တွယ်ခဲ့ရသူ မဟုတ်ပါလား။



"ဟင် လူလေး ... ကြီးကြီးမေ မေးတာကြားလား၊ မင်း ဦးကြီးကို ဝန်ထောက်တွေက လာဖျာ ဆင်ပိုင်ကြီးလို့ ဖဲရိုက်ဖို့ခေါ်ကြတယ်မဟုတ်လား"

"မ ... မဟုတ်ပါဘူး ကြီးကြီးမေရယ်၊ ဝန်ထောက်တွေနဲ့ဦးကြီး ဖဲရိုက်တာတော့ ကျွန်တော်တစ်ခါမှမမြင်ဖူးဘူး"

"ဝန်ထောက်တွေနဲ့မရိုက်ဘူးဆိုရင် ဘယ်သူတွေနဲ့ရိုက်လဲ၊ သစ်ခေါင်းတွေနဲ့လား၊ ဆင်ပိုင်ရှင်တွေ၊ သစ်ကန်ထရိုက်တွေနဲ့လား၊ ကြီးကြီးမေကိုပြောစမ်း"

သူက လုံးဝမဟုတ်ပါဘူးဟုတော့ ငြင်းမရမှန်း ကျော်စံသိသည်။ ဘယ်လူနဲ့မှ တစ်ခါမှမရိုက်ပါဘူးဟု ကျော်စံကျိန်တွယ်ပြောလျှင်လည်း ကြီးကြီးမေက ယုံမည်မဟုတ်။ ထို့ကြောင့်မယုတ်မလွန်စကားကိုတော့ ကျော်စံကပြောလိုက်ရသည်။

"ဆင်ပိုင်ရှင်တွေ၊ သစ်ကန်ထရိုက်တွေနဲ့တော့ တစ်ခါတစ်ခါ အပျင်းပြေ ပေါ်ကာကစားကြတာ မြင်ပါတယ် ကြီးကြီးမေ၊ ဒါပေမဲ့ တစ်ရာမျိုး ငါးဆယ်မျိုးရှုံးတာ နိုင်တာလည်းမရှိကြပါဘူး၊ အပျော် ... "

"အံမယ်လေး"

ဒေါ်သူဇာမေက သူ့ရင်ဘတ်ကို သူ့လက်နှင့်အုပ်သည်။

ကျော်စံမှာလည်း ရုတ်တရက်ထိတ်လန့်သွားသည်။ သူ့စကားက ဒေါ်သူဇာမေကို ဤမျှအထိတ်တလန့် ဖြစ်သွားစေလိမ့်မည်ဟု သူဘယ်လိုမှမထင်ခဲ့။ ယခု ဒေါ်သူဇာမေ အထိတ်ထိတ်အလန့်လန့် ဖြစ်သွားသောရုပ်ကိုလည်း တကယ်လား၊ ပရိယာယ်ဖြင့် ဟန်လုပ်တာလားဟု ကျော်စံကငေးငေးလေးကြည့်မိသည်။ သူသည် တကယ်ထက် ပရိယာယ်ကပိုများလေမည်။

ဤသည်ကိုလည်း အမှန်တော့အပြစ်မဆိုသာပေ၊ ဘယ်အမျိုးကောင်းသမီးကမှ မိမိတို့၏လင်သား ဖဲသမား အရက်သမား၊ ဘိန်းစားဖြစ်သည်ကို မြင်လိုကြည့်လိုကြမည်မဟုတ်။ ဖဲ၊ အရက်၊ ဘိန်း၊ မိန်းမတို့ကင်းသော လင်သားများကိုသာ ကိုးကွယ်ချင်ကြပေလိမ့်မည်။

ဤသည်မှာ မိန်းမသဘာဝပင် ဖြစ်၍ မိန်းမများကို ခွင့်လွှတ်ရမည်။ ထို့ကြောင့် ယခုကြီးကြီးမေအား ကျော်စံက ခွင့်လွှတ်ကြည့် ကြည့်သည်။

သို့သော် ကြီးကြီးမေ၏စကားကမပြတ်သေး။ ဆက်လာသေး၏။

"အံမယ်လေး ... ကျော်စံရယ်၊ ဆင်ပိုင်ရှင်၊ သစ်ကန်ထရိုက်တွေနဲ့ ဖဲရိုက်ဘယ်ဆိုမှတော့ တမတ် ငါးမူးဝိုင်း ဟုတ်တော့မလားဟဲ့၊ ငါးဆယ်ဝိုင်း တစ်ရာဝိုင်းကနေပြီး ငါးရာဝိုင်း တစ်ထောင်ဝိုင်းဖြစ်တော့မပေါ့ဟ၊ နင်တို့ သူ့အဖ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းတွေများလားဟဲ့၊ နင်ကော ဖဲတွေဘာတွေ ရိုက်တတ်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွန်တော်မရိုက်တတ်ပါဘူး ကြီးကြီးမေရာ ..."

"အေး ... နင်ကတော့ ငယ်သေးတာကိုး နင့် ဦးကြီးဆီမှာသင်ပေါ့၊ ဟုတ်လား၊ ငါကတော့ ဖဲသမားဆိုယင် အလွန်မုန်းပဲ၊ အဲဒါ မြဲမြဲမှတ်ထား၊ ဟိုတစ်ယောက်လည်းပြန်ပါစေဦး၊ ဒီ ဘယ်လောက်ညဏ်များလဲကြည့်၊ ပိုက်ဆံတစ်ထောင်ရမဲ့ဟာ ငါးရာပဲ ပေးလိုက်တယ်၊ သူလာရင် ငါမေးမှာစိုးလို့ နင့်ကို လွှတ်လိုက်တယ်ဆိုပါတော့"

"မဟုတ်ပါဘူး ကြီးကြီးမေ အလုပ်ကအရေးကြီးနေလို့ပါ"

"ဘာမဟုတ်တာလဲ၊ နင်တို့သားအဖတွေက တစ်ကျိတ်တည်း တစ်ညဏ်တည်းနေမှာ၊ ဘယ်မှာလဲ ငွေငါးရာပေး၊ ပေး၊ နင့်ကိုလည်းမယုံရဘူး"

ဦးကြီးပေးလိုက်ငွေငါးရာကိုယူကာ အိမ်ပေါ်သို့ခြောင့်အောင့်တက်သွားသော ဒေါ်သူဇာမေ၏ နောက်ကျောကို ကျော်စံက ငေးကြည့်နေမိသည်။

တစ်ခါမှ သူ့အား ဤသို့မပြောဖူးသော ဒေါ်သူဇာမေ၏ စကားကြောင့် ကျော်စံမှာ အားငယ်ဝမ်းနည်းသွားမိသည်။

"နင့်ကိုလည်းမယုံရဘူး" ဟူသော စကားကမူ သူ့ စိတ်ကို အထိခိုက်ဆုံးပင်၊ သူ့ အနေမှာ ဒေါ်သူဇာမေနှင့် ဦးလှဘော်တို့ကိုသာ ဤအမေ ဤအဖေ လုပ်နေရသူဖြစ်သည်။ သားကိုအမေ အဖေတို့က မယုံကြည်တော့ဘူးဆိုလျှင် ...

ကျော်စံသည် ဆက်၍မတွေးချင်တော့။

ဒေါ်သူဇာမေသည် ငွေကြေးနှင့်ပတ်သက်လျှင်ဆတ်ဆတ်ထိ မခံတတ်သည်ကိုတော့ သူသိသည်။ သို့သော် သူတစ်ပါးငွေကြေးဥစ္စာကို မတရားယူလိုသော လောဘရမ္မက်မျိုးတော့ မဟုတ်။ သူပိုင်ဆိုင်သောငွေကို အလဟဿမဆုံးရှုံး မပြုန်းတီးအောင် ကာကွယ်သည်သာဖြစ်၏။

တစ်ခုခက်သည်မှာ သူ့ဦးကြီး တောထဲကပြန်လာလျှင် သူကဖဲရိုက်ကြောင်းပြောမိ၍ လင်မယားရန်ဖြစ်ကြမည်ဆိုလျှင်တော့ မကောင်းပေ။ သူတို့လင်မယားကတောက်ကဆ ရန်ဖြစ်ကြလျှင် သူ့အနေမှာ သက်သက်ရှိသလိုဖြစ်မည်ကို စိုးရိမ်နေမိလေသည်။

ကျော်စံသည် မိုးလုံးကိုငေးကြည့်ကာ အကြာကြီးငိုင်သွားသည်။

"ဟင် ကိုကို မေမေ ဘာကိုစိတ်ဆိုးသွားလဲ ဟင်"

ဆံတောက်ဖားဖားနှင့် ငှက်ပျောသီးခိုင် ထမ်း၍ ရောက်လာသော မြသူက ချက်ချင်း သူ့ကိုမေး၏။

"ဘာမှမဟုတ်ပါဘူး ညီမရယ်၊ ဦးကြီးက ပိုက်ဆံတစ်ထောင် ပေးလိုက်ရမဲ့ဥစ္စာ ငါးရာပဲပေးလိုက်လို့ ကြီးကြီးမေ စိတ်ဆိုးနေတာ"

"ဒါများ"



မြသူကမူ ဘာမှမဖြစ်သလို သူရွက်လာသော ငှက်ပျောခိုင်ကို မိုးလုံးရှေ့တွင် ချလိုက်သည်။

ငှက်ပျောခိုင်ကို မြင်ကတည်းက မိုးလုံးသည် နှာမောင်း တယမ်းယမ်းလုပ်နေ၏။

"ရော့ မိုးလုံး၊ လိမ္မာတဲ့အတွက် ကျွေးတာနော်၊ လိမ္မာရင်နောက် ဒီထက်စားရမယ်၊ ငှက်ပျောသီးတွင်မကဘူး၊ နောက်အုန်းသီးတို့ ကြံတို့လည်း ကျွေးဦးမယ်၊ မိုးလုံးကလည်း ထင်းဆွဲ ရေခပ်လုပ်ပေးရမယ်နော်"

မိုးလုံးအား ငှက်ပျောသီးမှည့်တစ်လုံးစီ ခြွေကျွေးကာ ပါးစပ်ကလည်း တတွတ်တွတ် ပြောနေသော မြသူကို ကျော်စံကမတ်တတ်ရပ် စိုက်ကြည့်နေသည်။

ဆံတောက်တဖားဖားနှင့် ဆယ့်သုံးနှစ်ရွယ် မြသူကို ကြည့်ရသည်မှာ အစွမ်းကုန်ဖူးပွင့်လှပလာမည့် ပန်းတစ်ငုံကိုကြည့်ရသလိုရင်ထဲ အေးမြဖွယ်ရာကောင်းသည်။ နှုတ်ခမ်း ပါးပါး ရဲရဲလေးနှင့် တီတီတာတာ ပြောတတ်သလို ရေပြည့်ကန်သို မင်နိုရည်ပြာလွဲနေသော မျက်လုံးနှင့်လည်း စကားပြောတတ်သည်။ သနပ်ခါးဘဲကျားနှင့် ပါးမို့မို့ ဖောင်းဖောင်းနှစ်ဖက်ကလည်းချစ်စရာ၊ ကေသာနှင့် ဒဏ္ဍာသုံးဆယ့်နှစ်ကောဋ္ဌာသတွင် ဘာမျှပြစ်မျိုးမှဲ့မထင်ဟု ကျော်စံအမြင်က ရှင်းနေသည်။

"ဟင် ... ကိုကို၊ လိမ္မာတဲ့ မိုးလုံးကို ကိုကိုလည်း ငှက်ပျောသီးတွေခြွေကျွေးဦးလေ" သူ့အလှကို ကြည့်၍ ငိုင်နေမှန်းမသိ၊ စောစောက သူ့ အမေစကားကို စိတ်မကောင်းဖြစ်နေသလားအထင်နှင့် မြသူက ကျော်စံကို တံတောင်နှင့်တွတ်၍ ပြော၏။

မြသူ၏အနေမှာ အထိအတွေ့ လောကီကို ဇာပင် မသိသေးသောအရွယ်မို့ ကျော်စံ၏ မနသိကာရကို လုံးဝ မရိပ်မိရှာပေ။

"ဟင် ... ကိုကို ရောလေ၊ မိုးလုံးကို ကျွေးပါဦးလို့ဆို"

မြသူက ငှက်ပျောသီးခိုင်ကို ကျော်စံဘက်ရွှေ့ပေးသည်။

"ဟင့်အင်း ..."

ကျော်စံက ငြင်းလိုက်သည်။

"ဟင်...ကိုကို"

မြသူသည် ကျော်စံ၏မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ကျော်စံမျက်နှာ တည်နေသည်ကို မြင်သောအခါ သူ့စိတ်ထဲ စိုးရိမ်သွားသည်။

"ဟင်...ကိုကို၊ မိုးလုံးကို ကိုကို ဘာလို့မကျွေးချင်လဲဟင် ... သိပ်လိမ္မာတဲ့ဆင်လေ"

"ဝမ်းနည်းလို့ ...ဝမ်းနည်းလို့"

"ဟင် ... ကိုကို ဝမ်းနည်းလို့"

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ခါတော့ မြသူမှာ ရုတ်ခြည်း အထိတ်တလန့် ဖြစ်သွားသည်။

ကျော်စံ၏ မျက်နှာကို မော့ကြည့်ကာ သူမ၏ မျက်ဝန်းလဲ့ ပြာပြာလည်း ရုတ်ခြည်းမျက်ရည်တို့ လျှံ ပြည့်လာ၏။

"ကိုကို ... ဘာလို့ဝမ်းနည်းတာလဲဟင်၊ မေမေက ကိုကို့ကို ဆူလို့လား ဟင်"

"မဟုတ်ပါဘူးဟာ၊ ကြီးကြီးမေက ငါ့ကိုမဆူပါဘူး"

"ဟင် ... နို့ ... ဆို ... ကိုကိုက ဘာကို ဝမ်းနည်းနေတာလဲဟင်"

"ဘာကိုဝမ်းနည်းရမှာလဲ၊ ဆင်လိမ္မာတယ်ဆိုပြီး ဆင်ကိုတော့ချီးကျူးကြတယ်၊ ကျွေးကြမွေးကြတယ်၊ ဆင်ကိုလိမ္မာအောင်သင်ရတဲ့ငါ့ကျတော့ ဘယ်သူမှ မချီးကျူးကြဘူး၊ တောထဲကပြန်လာတာ ဆာလို့အူလိမ်နေပြီ၊ ဘယ်သူကမှ မကျွေးကြဘူး"

ကျော်စံက နှုတ်ခမ်းစူပြီးအတည်ပေါက်နှင့် ပြောလိုက်သည်။ ဤသည်ကို မြသူက သဘောကျပြီး တဟားဟားရယ်လိုက်၏။

"ဟားဟား ... ကိုကိုက အဲဒါကြောင့် မြသူကို စိတ်ကောက်နေတာပေါ့လေ၊ ဟုတ်လား၊ ကဲကဲ ... ဒီဆင်ကြီးကိုလည်း ကျွေးပါတယ်၊ မွေးပါတယ်၊ စားပါရှင့် သောက်ပါရှင့်"

မြသူသည် မိုးလုံးကိုကျွေးမည်ဟုကိုင်ထားသောငှက်ပျောသီးတစ်လုံးကို ကျော်စံလက်ထဲ အတင်းလာထည့်၏။

ကျော်စံကမယူ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မျက်နှာကတော့ မပြုံးတုံ့ ပြုံးတုံ့။

"ကဲ ... စားမယ်ဆို"

မြသူ အမေးကို ကျော်စံက ဘာမှပြန်မပြော။ ပါးစပ်သာဟပြ၏။

"ဪ ... သူ့ကို ခွံ့ ပေးရမယ်ပေါ့၊ ကဲ ရော့ ရော့ စားတော်မူ"

မြသူက ငှက်ပျောသီးတစ်လုံးကို အခွံ နွာ၍ ကျော်စံကို ခွံ့ပေးသည်။

မြသူ ခွံ့ပေးသော ငှက်ပျောသီးကို ကျော်စံက တကိုက်စီ ကိုက်စားသည်။ ငှက်ပျောသီးတစ်လုံး မကုန်ခင်ပင် မြသူက ကျော်စံကို ပြောပြန်၏။

"ဟိုမှာ ငှက်ပျောသီး စားနေတဲ့ ဆင်နာမည်က မိုးလုံး၊ ဒီ ... ဒီက ဆင်ကြီးနာမည်ကကော ..."

"သံ ... သံလုံး ... မှီ ... ထွီ"

"ဟား ဟား ဟား ... သံလုံးကြီး အခွံပါ စားတယ်လား၊ အခွံပါစားတယ် တကယ်ဆင်၊ တကယ်ဆင်၊ ကိုကိုက ဆင်ဖြစ်သွားပြီ၊ အခွံပါစားတယ်"

မြသူ လက်ထဲက ငှက်ပျောသီးကို တကိုက်စီ ကိုက်စားနေယင်းက ငှက်



ပျောသီးအကုန်တွင် မြသူက သူ့ပါးစပ်ထဲအခွံပါ ထိုးထည့်ပေးလိုက်သည်ကို စားမိပြီးမှ ကျော်စံက အခွံမှန်းသိသွားသည်။

ကျော်စံ ငှက်ပျောသီးခွံ ထွေးလိုက်သည်ကို မြသူက သဘောကျ၍ တဟားဟားရယ်ပြီး ထွက်ပြေးသည်။

"တော်တော်ဆိုးတဲ့ ကောင်မလေး၊ ကဲ ဆင်ကြီးလာပြီ၊ လွတ်အောင်သာ ပြေးပေတော့"

ကျော်စံသည် ပခုံးပေါ်အပိုပါလာသော လုံချည်တစ်ထည်ကို ဆင်နှာမောင်းလို လိမ်ကျစ်လိုက်ပြီး ခေါင်းပေါ်ကို ရုတ်ခြည်းစွပ်လိုက်သည်။ ပြီး ... ခါးကုန်းကြီးနှင့် လက်နှစ်ဖက်ကို ရှေ့ချကာ မြသူကို ဆင်လုပ်၍လိုက်ဖမ်း၏။

မြသူက တစ်ယောက်ဖက်နီးပါးရှိသော ခြေတန်ရှည်အိမ်တိုင်တွေကို ယီးလေးခိုလိုက် ကွယ်လိုက် ဖက်လိုက်နှင့် တစ်တိုင်မှ တစ်တိုင်သို့ ပြေးရှောင်နေသည်။

ကျော်စံက လုပ်ထားသော ဆင်နှာမောင်းနှင့် ခေါင်းယမ်းကာ မြသူကို လိုက်ဖမ်းနေရသည်။

"ကဲ မိအောင်ဖမ်းလေ၊ ကရော် ... ကရော် ... ဆင်သံလုံးကြီး ငှက်ပျောသီးအခွံ စားတယ်၊ ကရော် ... ကရော် ..."

မြသူနှင့် ဤသို့ လိုက်တမ်း ပြေးတမ်း ကစားနေရလျှင် ကျော်စံသည် အားလုံးကို မေ့သွားတတ်သည်။ စောစောက မြသူအမေ စကားကြောင့်စိတ်ထဲကသိကအောက်ဖြစ်သွားသည်ကိုပင် လုံးဝ သတိမရတော့။ ကလေးလေးတွေ ပီပီ မောင်နှမနှစ်ယောက် ဆင်လုပ်၍အိမ်အောက်တွင် ပြေးဆော့ကစားနေကြသည်။ ဤတစ်ခါ တောထဲ၌အချိန်ကြာခဲ့သည်ကို အတိုးချ၍ဆော့နေမိ၏။

မိုးလုံးကတော့ သူတို့မောင်နှမ ပစ်ထားခဲ့သော ငှက်ပျောတစ်ခိုင်လုံးကို မြိန်ရည် ယှက်ရည်စားတုန်း။

"ဟဲ့...မောင်နှမတွေ၊ မိုးချုပ်တော့မယ်၊ နင်တို့ဆော့တုန်းပဲလား"

အိမ်ပေါ်က သူ့အမေ အသံကို ကြားရသည်။ မြသူက ခြေလှမ်းတုံ့ပြီး ကျော်စံကို မျက်လုံးပြူးပြ၏။ ကျော်စံကလည်းကုန်းထားသောခါးကိုဆန့်သည်။ ခေါင်းက ဆင်နှာမောင်းကိုချွတ်သည်။

"လူလေး ... နင် တောထဲကပြန်လာတာ မဆာသေးဘူးလား"

"ဒီကောင်ကြီးကို စားကျက် အလျှင်သွားလွှတ်လိုက်ဦးမယ် ကြီးကြီး"

"စားပြီးမှ လွှတ်ရော့ပေါ့ကွယ်"

"ရေလည်းမချိုးရသေးလို့ပါ"

"မင်းညီမခပ်ထားတဲ့ရေတွေရှိပါတယ်၊ ချိုးလိုက်ပါလား"

ဒေါ်သူဇာမေ၏ အပြောကတော့ ကျော်စံ၏ရင်ကိုအတိုင်းမသိ ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



သွားစေသည်။ စောစောက သူ့ခင်ပွန်းနှင့်ပတ်သက်နေ၍သာ သူ့ကိုမာမာထန်ထန် ပြောမိသော်လည်း သူ့တယောက်တည်း အပေါ်ဆိုလျှင် ဒေါ်သူဇာမေ မရိုင်းဆိုသည်ကိုတော့ ကျော်စံ အကြွင်းမဲ့ ယုံကြည်သည်။ ယခု ဒေါ်သူဇာမေ အိမ်ပေါ်ကလှမ်းပြောနေသော စကားတွေမှာ ကျော်စံ၏ရင်ကို နိုက်စရာချည်းဖြစ်သည်။ ထိုထက် ရင်နိုက်စရာကောင်းသည်ကတော့ မြသူ၏စကား။

"ဟုတ်သားပဲ ကိုကိုကလဲ၊ ဆာရင် မြသူခပ်ထားတဲ့ ရေပဲချိုးလိုက်၊ မြသူ ထမင်း သွားနူးလိုက်မယ်နော်"

"ကျွန်တော် ဆာလည်းမဆာသေးလို့ပါ ကြီးကြီးမေ၊ ဒီကောင်ကြီးပဲ အလျှင်လွှတ်လိုက်ဦးမယ်၊ ရေလည်း ချောင်းထဲကပဲ တခါတည်းချိုးလာတော့မယ်"

မြသူက တီးတိုးပြောသည်ကို မျက်လုံးနှင့်သာ အသိအမှတ်ပြုရပြီး ဒေါ်သူဇာမေကိုတော့ ကြားလောက်အောင် ကျော်စံက လှမ်းပြောရသည်။

"အေး ...သွား သွား၊ မင်းပြန်လာမှ အတူစားကြတာပေါ့"

ကျော်စံသည် မိုးလုံးရှိရာသို့ ချက်ချင်း ခြေလှမ်းလိုက်သည်။ မြသူကတော့ သူ့ကို တိုးတိုးလေး စတုန်း။

"ဆင်ကြီးသံလုံး ...ဆင်ကြီးသံလုံး ...ငှက်ပျောသီးခွံကျုံး"

"ဆင်ကြီးသံလုံး ...ဆင်ကြီးသံလုံး ...ငှက်ပျောသီးခွံကျုံး"

■

[၃]

"လာ ... လာ၊ မိုးလုံး ... လာ"

လက်ကျန်ငှက်ပျောသီးတစ်လုံးနှစ်လုံးနှင့်ငှက်ပျောရိုးကိုပြပြီးမိုးလုံးကို ဆင်တင်းကုပ်နား ခေါ်လာရသည်။ မြသူလည်းနောက်က လိုက်ပါလာ၏။

"ဟော ... ဆင်မမိပြားကလည်း ငှက်ပျောသီးစားချင်လို့ လိုက်လာတာလား"

သူ့ကို ဆင်ကြီးသံလုံး ငှက်ပျောသီးခွံကျုံးဟု စထားသဖြင့် မြသူကို ကျော်စံက ပြန်စသည်။

"ကိုကိုနော် ... သူများကို ဆင်မလို့ မပြောပါနဲ့၊ တိရစ္ဆာန်နဲ့ လူက တ—"

"သူများကိုလည်း ဆင်ကြီးလို့ မပြောနဲ့ပေါ့"

ပြိုင်တူ ရယ်မိကြသည်။

"ဆင်စားတဲ့ ငှက်ပျောသီးစားရင် ပြောမှာပဲ ဆင်ကြီး"

"မြသူကတော့ ငှက်ပျောသီး မစားချင်ဘူးပေါ့"

"မစားချင်ဘူး"

"တကယ်နော်"

"ဆယ်ကယ်၊ ဆယ်ကယ်"

"အတော်ကြာမှ ငှက်ပျောသီး ကြိုက်လှချေရဲ့"

"အို ... မကြိုက်ပါဘူးဆို"

ကျော်စံက ဟက်ခနဲတစ်ချက် ရယ်လိုက်သည်။

"ဘာရယ်တာလဲ"

"ငှက်ပျောသီး မကြိုက်ရင် ကြံချောင်းကြီးကော"

"ဘယ်မှာလဲ ကြံ၊ ရှိလည်းရှိပဲနဲ့"

"ဟင်း ... ဟင်း ... မြသူ ကြံတော့ကြိုက်တယ်ပေါ့ဟုတ်လား [illegible] ကြံကြိုက်တယ်တဲ့ ... ၊ ဟား ... ဟား၊ ဘယ်ကလဲ၊ ဘယ်သူလဲ"

"ဟင် ... ကိုကိုနော်၊ မကောင်းဘူး"

"မသိဘူးလေ ... မြသူကခုနမေးလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှကြိုက်မကြဲ့ ကြဲမကြိုက်ဘူး"

"မြသူ ပြောပြီးပြီ၊ ကြဲကြိုက်တယ်တဲ့"

"ကိုကိုနော် ... ပစ်လိုက်မယ် သိလား"

တင်းကုပ်ထဲက ဆင်ခလောက်တစ်လုံးကို ကောက်ပြီး မြသူက ကျော်စံကို ရွယ်လိုက်သည်။ ကျော်စံက လက်ဖြန့်၍ပြန်ပြော၏။

"ပစ်လိုက်လေ"

"တကယ် ပစ်ထည့်လိုက်မှာ"

"ပစ်လိုက်ပါဆို၊ မိုးလုံးကို တောလွှတ်ဖို့ ဆွဲပေးလိုက်မယ်"

"တကယ်ပဲကိုး ..."

မြသူ ပစ်ပေးလိုက်လေသည်။

ကျောက်ကျင်မြည်သွားသော ကျွန်းသား ခလောက်ကို ကျော်စံက ဆီးဖမ်းလိုက်၏။ မိုးလုံး၏လည်ပင်းပတ်တွင် ခလောက်ကို ဆွဲချိတ်ထားသည်။

ဆင်ခလောက်မှာ ကျွန်းသားကိုထွင်း၍ ဘေးနှစ်ဖက်၌ လက်ခုပ်နှစ်ခုကို တွဲလွဲဆွဲထားရသည်။ တခြား တိရစ္ဆာန်များကို ဆွဲသောခလောက်လို အတွင်းက ခလောက်ဆံမဟုတ်ဘဲ အပြင်ရိုက်တံဖြစ်သည်။ ဤသည်မှာ ဆင်များသည် တကျောင်ကျောင် မြည်သော ခလောက်ထဲ သစ်ရွက် ရွှံ့စေးတို့ထည့်ပြီး ခလောက်မမြည်အောင်လုပ်တတ်သဖြင့် ဖြစ်သည်။

ခလောက်မြည်လျှင် ဆင်ကောက်လာသော ဦးစီးက ခလောက်သံနားထောင်ပြီး လာခေါ်သည်။ ပြီး ... ပင်ပင်ပန်းပန်း သစ်ဆွဲခိုင်းတော့မည် ဆိုသည်ကို သူတို့သိသည်။ ခလောက်ထဲကို သစ်ရွက် ကောက်ရိုး ရွှံ့စေး ရွှံ့ခဲတို့ ထည့်၍ ပုန်းနေတတ်၏။ ဤသည်တို့ကြောင့်ပင် ဆင်ဦးစီးများက ဆင်အတွက် သီးသန့်ပုံစံနှင့် လုပ်ထားသော ခလောက် ဖြစ်သည်။

ကျော်စံသည် သိုင်းကြိုးဆွဲကြိုးနှင့်ထူးလံကို ဖြေလိုက်သည်။

"ညီမ ...ပင်လယ်ကွင်းတစ်ကွင်း ထပ်ပေးစမ်းပါဦး"

မြသူက လှမ်းပေးသည်။

"တပါးစပ်လဲပေး"

"ဟုတ်ကဲ့"

"နောက် ... ကော"

မြသူ ရွံ့ပြီ ...

ခါတိုင်း ဆိုလျှင် မိုးလုံးကို ထူးထိခတ်သော အလုပ်မှာသူတစ်ယောက်တည်းနှင့် နိုင်နိုင်နင်းနင်းလုပ်သော နေ့စဉ်အလုပ်ဖြစ်သည်။ ဤနေ့ အနားတွင် လွယ်လင့်တကူ မြသူ ရှိနေသဖြင့် သူက ခိုင်းမိခြင်းသာ။ ဤသည်ကိုပင် မြသူက ရွံ့၏။



ဆင်များကို စားကျက် လွှတ်ခါနီး၌ ထူးထိ ခတ်ရသည်။

ထူးကြိုးမှာ သံကြိုး ကြိမ်ကွင်းများကို အသုံးပြုရသည်။ သံကွင်းထူး၌ အလယ်ကွင်းကို ပင်လယ်ကွင်းဟု ခေါ်သည်။ ဆင်၏ရှေ့လက်နှစ်ဖက်နှင့် ဆက်သော ချိတ်ကို တပါးစပ်ဟု ခေါ်၏။

သဘောမှာ ဆင်၏ ရှေ့လက်နှစ်ချောင်းကို လှမ်းသွား၍မရအောင် ပူးချည်ထားခြင်း ဖြစ်၏။ ရှေ့လက် နှစ်ချောင်းကို ပူးချည်ထားသော်လည်း ဆင်သည် ခုန်ဆွခုန်ဆွလုပ်၍ သွားနိုင်သည်။

ညဉ့် ဆင်တစ်ကောင် ထိုသို့ ခုန်ဆွခုန်ဆွ အစာရှာစားရင်း သွားသောခရီးမှာ ရှစ်မိုင်မှ ဆယ့်နှစ်မိုင်အထိ ရှည်တတ်သည်။ ထူးထိ (ထူးစိပ်) မဟုတ်ဘဲ ထူးကျဲခတ်ထားသော ဆင်တစ်ကောင်၏ သွားနှုန်းမှာ လူပြေးသလောက်နီးနီး မြန်သည်။ စားကျက်သို့ လွှတ်ရမည့် မိုးလုံးအား ကျော်စံက ထူးထိခတ်ခြင်းမှာ ဝေးဝေးသို့ ရောက်မသွားရလေအောင် ဖြစ်သည်။

"နောက်တော့ ဟိုဘက်တင်းကုပ်က ထူးကြိုးသုံးလေးစုံ သွားထမ်းပေးပါဦး"

"ဟုတ်ကဲ့ ကိုကို"

မြသူက ခေါင်းညွှတ်အရိုအသေ ပြု၍ ထွက်သွား၏။ သို့သော် ကျော်စံ ပြောသော ဆင်မကြီး မြင်မတိန်၏ ဆင်တင်းကုပ်ဘက်သို့တော့ မဟုတ်။ အိမ်ဘက်သို့သာ။

"ဟော့ ညီမလေး ... ထူးကြိုးသွားယူပေးပါဆို၊ ဘယ်လဲဒါ"

မြသူက ကျော်စံကို နောက်ပြန်လှည့်၍ မဲ့ပြ၏။ ပြီး ထူးကြိုးထမ်းလာပုံ ခါးကိုင်းပြကာ အိမ်ဘက်သို့ ယိုင်တိ ယိုင်တိုင် ဆက်လျှောက်ပြနေသည်။

"ဟော့ ညီမ မြသူ၊ ထူးကြိုးပေးပါဆို၊ ဘယ်လဲလို့ ဒီမှာ မနိုင်မနင်းနဲ့"

"ဒီကောင်မလေးဟာလေ ... နိုင်းလိုက်ရင်ယိုင်တိယိုင်တိုင်နဲ့ ၊ ဒါဘယ်လိုဖြစ်တာလဲ ၊ လူလေးက ထူးကြိုးယူနိုင်းတယ်ဆို"

ကျော်စံ၏ အသံကိုကြားသဖြင့် အိမ်နောက်ဘက် ရောက်နေသော ဒေါ်သူဇာမေက ပြတင်းတံခါးဖွင့်ကြည့်သည်။ ယိုင်တိယိုင်တိုင်နှင့်အိမ်ဘက် လျှောက်လာသော မြသူကိုမြင်ရသောအခါ ဒေါ်သူဇာမေက သူ့သမီးကို အော်ဟောက်သည်။

သူ့အမေအသံကို ကြားရသောအခါ မြသူမှာ ချက်ချင်းခါးဆန့်လိုက်သည်။ လှမ်းနေသောခြေလှမ်းကိုလည်း ချက်ချင်းတုံ့လိုက်ရ၏။

အစက နောက်ပြောင်သော်လည်း ဒေါ်သူဇာမေ ကြားသွားပြီးတတ်ခိုင်းသည်အထင်နှင့် မြသူကိုအော်နေသောအခါ ကျော်စံမှာလည်း ဣန္ဒြေဆယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့သည်။

"ဟဲ့ကောင်မလေး ပြောနေတာ မကြားဘူးလား ထူးကြိုးဆို၊ မြင်မတိန် တင်းကုပ်ထဲ နေမှာပေါ့ဟဲ့၊ သွား ယူပေးလိုက်လေ၊ ဆင်ပိုင်ရှင်သမီး တဲ့ ထူးကြိုးကိုတောင် ဘယ်ရှိမှန်း မသိဘူး ...၊ နင်အိမ်ပေါ်မှာရှာမလို့မဟုတ်လား အိမ်ဘက်ခြေဦးလှည့်လာတာ၊ ကြားပဲမကြားဖူးဘူး၊ ဒါနဲ့များ ဆင်ပိုင်ရှင်သမီး တဲ့၊ ဒီအရွယ်က ငယ်တော့တာမဟုတ်ဘူး"

မြသူသည် ကျော်စံကို နောက်မိရာမှ သူ့အမေနှင့်တန်းတိုးပြီး အဆူခံရရာ ဆင်မကြီး မြင်မတိန်၏ တင်းကုပ်ဘက်သွားပြီး သံထူးကြိုးတစ်ပင်ကို မနိုင်မနင်း တရွတ်တိုက်ဆွဲလာသည်။

"ကဲ ... ရော့၊ နောက်တော့ ဘာခိုင်းဦးမလဲ၊ ခါတိုင်း သူ့ဘာသာသူလုပ်နေကျဥစ္စာ၊ ဒီနေ့မှ သူ့ကိုသူ ဘာထင်နေသလဲမသိဘူး"

မြသူက ကျော်စံနှင့် မိုးလုံးရှေ့ ထူးကြိုးတစ်ပင်ကို ဆောင့်အောင့် ပစ်ချ လိုက်၏။

"အင်း ... ဘာထင်ရမလဲ ဆိုတော့ ... ငါသည်ကား ...ပပဝတီမင်းသမီးရဲ့ ရုပ်ပုပ် မျက်နှာတော်ကို ဖူးမြော် မြင်လိုဇောနဲ့ ဆင်တင်းကုပ်ရောက်နေတဲ့ တုလားမင်းသား ဖြစ်တော့သကိုး ..."

ကျော်စံ၏ ခတ်ဟန်ပါပါ စကားက မြသူကို မပြုံးဘဲနှင့် "ခစ်" ခနဲ အသံထွက်သွားစေသည်။

"မှတ်ထား အဲဒါ၊ လူကြီးစော်ကားရင် သံပြားကျောက်စောင်းရှတတ် တယ်တဲ့၊ ခုတော့ သံကြိုးကြီး ထမ်းပေးနေရပြီ"

"မထမ်းသေး ... မထမ်းသေးဘူး"

ဤတစ်ခါတော့ မြသူက တကယ် အိမ်ဘက်သို့ ခြေဆောင့်ထွက်သွား သည်။ ပြတင်းပေါက်တွင်လည်း သူ့အမေခေါင်းကို မမြင်ရတော့သဖြင့် ကျော်စံကလည်း ထပ်၍စပြန်သည်။

"ကြံကြိုက်သူများ ထူးကြိုးစား"

"ကြံကြိုက်သူများ သံကြိုးစား"

"ဝါး ... ဟားဟား ..."

■

|၄|

"အိုး ... အမေ့"

"ဟဲ့ ... ဘာလဲ"

မြသူ၏ အထိတ်တလန့် အမေတသံကြောင့် ဒေါ်သူဇာမေသည် ဘုရား သောက်တော်ရေခွက် ရေဖြည့်နေရာက တစ်ချက်လှမ်းကြည့်သည်။ မြသူ့အသံ ကြောင့် ကျော်စံကလည်း လှမ်းကြည့်၏။

"ဒီကောင်မလေးဟာလေ လုပ်ပြန်ပြီ၊ မမီမကမ်းနဲ့၊ ခွေးခြေနဲ့ယူပါဆို ပြောတာလည်း မမှတ်ဘူး၊ နေ့တိုင်းပဲ"

မြသူသည် ခြေဖျားထောက်၍ လက်ဆွဲခတ်မီးကို လှမ်းဖြုတ်သည်။ မမီတမီဖြစ်နေသဖြင့် ခတ်မီးလက်ကိုင်ကွင်းနှင့် သံချိတ်က လွတ်လုလွတ်ခင်မှာ လူက ယိုင်သွားသည်၊ လက်ဆွဲကွင်းက သံချိတ်ထဲ ပြန်ကျသွား၏။ လူယိုင်သွား သဖြင့် "အိုး ... အမေ့ " ဟု ပါးစပ်က ယောင်ယမ်းသွား၏။ ခတ်မီးကို လက်လွှတ်သွား၏။

လက်ထဲက လွတ်သွားသော ခတ်မီးသည် သံချိတ်တွင် ပုခက်လွှဲနေသည်။

"နင်လုပ်ပုံနဲ့တော့ မီးစာဖိုးနဲ့ မွဲလိမ့်မယ်၊ ကြည့်စမ်း ကြည့်စမ်း ခုလည်း မီးစာ ပြုတ်ကျပြီ မဟုတ်လား"

"ဒီမီးစာက မြသူကြောင့် မဟုတ်လည်း လဲရမဲ့ မီးစာပါ အမေရဲ့၊ တပ် ထားတာ ဘယ်လောက်ကြာပြီလဲ"

အမှန်ကတော့ တပ်ထားတာ မကြာသေး။ တစ်ပတ်လောက်သာရှိသေး ၏။ ယခု မြသူမမီမကမ်း ဖြုတ်မိ၍ ချိတ်ထဲလက်ကိုင် ပြုတ်ကျကာ ချည်ကြိုးနား အရင်းက ကွဲသွားသည်။ မီးစာက ဂျာမနီလုပ် ပိုးမီးစာအကောင်းစား၊ တစ်ပတ် ပင်မပြည့်သေးဟုသာ သူ့အမေသိလျှင် ရင်ဘတ်ကိုထုမည်။

"ဆင်ပိုင်ရှင်သမီးလား မပြောရဘူး၊ ပြောလိုက်ရင် ဆင်ခြေဆင်လက်ချည်း ပဲ၊ မီးစာ တစ်ဒါဇင်ဝယ်လာတာ ဘာကြာသေးလို့လဲ၊ ခု ဘယ်နှလုံးရှိတော့သလဲ ဒီခွေးခြေလေး လှမ်းယူရတာ ဘယ်လောက် အပန်းကြီးလဲ၊ ပြောရင်းသာ နင် သုပ်ပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာမေသည် သူ့သမီးအား မာန်မဲဆုံးမရာ၌ပင် ဆင်ပိုင်သမီးဟု အမြဲဂုဏ်တင် ပြောတတ်သည်။ သူ့အနေမှာ ဂုဏ်ပကာသနမက်သူ၊ ဥစ္စာပစ္စည်းမက်သူမို့ ဂုဏ်ပကာသနတို့၊ ဥစ္စာပစ္စည်းတို့နှင့် ပတ်သက်လာလျှင် မိမိအိမ်သားအချင်းချင်း ပြောဆိုရာ၌ပင် ဂုဏ်စကား၊ ဥစ္စာပစ္စည်းစကား ပါတတ်သည်မှာ ဝသီလိုဖြစ်နေလေသည်။

တစ်နေ့တလေတော့လည်း တစ်ခါတည်းခြေဖျားထောက် လှမ်းဖြုတ်ရုံနှင့် ရသူ့သဖြင့် သူက ခွေးခြေနင်းမယူဘဲ ဖြုတ်သည့်နေ့ကများ၏။ တစ်ခါ ဖြုတ်မရလျှင် သုံးလေးခါ ဖြုတ်ရသည်၊ ရတော့ရ၏။ သူ့အမေပြောသလို ဓာတ်မီးလှုပ်သဖြင့်မီးစာနာသည်။ ခွေးခြေလေးသွားယူပြီး ခွေးခြေပေါ်က တက်ဖြုတ်သည်ထက် အချိန်လည်းကြာတတ်သည်၊ သို့သော် မြသူကလည်း ညနေရောက်၍ ဓာတ်မီးထွန်းခါနီးတိုင်း ခွေးခြေကို တစ်နေ့မှ မယူဖြစ်။ မမီမကမ်းနှင့် လှမ်းဖြုတ်သောအကျင့် ဇါနေသည်။

"ဖြုတ်မလို့ မဟုတ်ဘူး၊ လှုပ်နေတာ ငြိမ်အောင်လို့ အမေရယ်"

အမှန်လည်း ပခက်လွှဲနေသော လက်ဆွဲဓာတ်မီးဖင်ကို မြသူက လှမ်းကိုင်ထိန်းထားသည်။

"ပေး ပေး ... ညီမ၊ ကိုကို ဖြုတ်ပေးမယ်"

ဆင် ရင်သိုင်းကြိုးပြားတွေ ချုပ်နေသော ကျော်စံက ထလာပြီး မြသူအား လက်ဆွဲဓာတ်မီးဖြုတ်ပေးလိုက်သည်။

"ဟုတ်တာပေါ့ညီမရယ်၊ ကြီးကြီးမေ ပြောသလို ခွေးခြေနဲ့ ဖြုတ်ပါလား၊ မီးစာနာတယ်၊ နတောင် ..."

လာပြန်ပြီလားတစ်ယောက် ဟူသောသဘောနှင့် မြသူက မျက်စောင်းထိုးလိုက်သောအခါ ကျော်စံ၏ တီးတိုးပြောသံမှာ လုံးဝတိတ်ဆိတ်သွားလေသည်။

မြသူသည် ကျော်စံ လက်ထဲက ဓာတ်မီးကို လှမ်းယူသည်၊ ကြမ်းခင်းပြင်တွင်ချသည်။ ခေါင်းကိုချွတ်လိုက်သည်။ မီးစာက တစ်ဝက်ပြတ်သွားပြီ။ မှန်ကို အဝတ်နှင့်သုတ်ရန် ဓာတ်မီးမှ ချွတ်၍ မှန်ခေါင်းထဲ လက်လျှိုလိုက်သည်။

"မှန်တစ်ချောင်းကျိုးနေတယ်၊ လက်ရှဦးမယ်"

ရူဆောင့်ဆောင့်လုပ်နေသော မြသူကို ကျော်စံက သတိပေး၏။

မှန်မှာတစ်ဆက်တည်း အဝိုင်းမဟုတ်။ အချောင်းလိုက်။ လက်တစ်လုံးလောက်စီ ခွဲခြမ်းကာ အပေါ်အောက်နှစ်ဖက်ကို သံပတ်နှင့် ထိန်းချုပ်ထားသော မှန်ဖြစ်သည်။ မှန်ချောင်းတစ်ချောင်း၏ အပေါ်ပိုင်းက ကျိုးနေ၏။

ဓာတ်မီးစာ တစ်နေ့ခံမခံကို လှည့်ပတ်ကြည့်နေသော ကျော်စံအား မြသူက ခံပက်သည်။



"ရှ ... ရှ"

"သွေးတွေ သံတွေ မကြည့်ရဲလို့ ပြောတာ"

"မကြည့်ရဲရင်သွား အနားမနေနဲ့"

"ဟုတ်ကဲ့"

ကျော်စံက ရယ်ပြီးထသွားသည်။

ကျော်စံနှင့် မြသူတို့ တီးတိုးရန်ဖြစ်နေကြသည်ကို ဒေါ်သူဇာမေကတော့ ကြားပုံမရ။

ကျော်စံသည် ချက်ချင်းပင် မြသူအနား ပြန်ရောက်လာသည်။ ကျော်စံ၏ လက်ထဲမှာ မီးစာအိတ်နှင့် အရက်ပြန်ဘူးတို့ ပါလာသည်။

"လုပ်လာပြန်ပြီတလွဲတချော်စီ၊ ဆီပုံးနဲ့ကတော့တော့အလျှင်ယူမလာဘူး"

"ဟာ ... ဟုတ်သားပဲ၊ မေ့လို့ ကျောင်းအမရေ ကျွန်တော်မျိုး ပြန်ယူလိုက်ပါဦးမယ်"

"နေပါ နေပါ၊ ကျောင်းဒကာရေ ကျုပ်ဘာသာကျုပ် သွားယူပါ့မယ်၊ ခိုင်းလိုက်ရင် တစ်ခါမှဝီထိပေါက်အောင်မလုပ်တတ်ဘူး"

နှစ်ယောက်သား မျက်နှာကို ပြုံးတူကြည့်၍ ရယ်လိုက်ကြသည်။

အဝတ်နှင့် အခါခါပွတ်တိုက်သဖြင့် မြသူလက်ထဲက မှန်မှာ ကြည်လင်နေပြီး မျက်နှာလည်း ကြည်လင်သွားသည်။ စောစောကလို ရှုပုပ်မနေတော့။ မြသူသည် လက်ထဲက မှန်ကိုချသည်။ မှန်သုတ်ထား၍ မှိုင်းစွဲနေသော အဝတ်ညစ်နှင့် ကျော်စံ၏လက်ကို သုတ်ထားခဲ့ပြီး ထသွား၏။ ကျော်စံက ရယ်၍ လက်ဆွဲဓာတ်မီး၏ခေါင်းဖုံးကို ထိုအဝတ်နှင့်ပင် ထပ်သုတ်နေသည်။

မြသူသည် ဆီပုံးနှင့်ကတော့ကိုင်ကာ ပြန်ရောက်လာသည်။ ဓာတ်မီးဆီအိုးအဖုံးကိုဖွင့်၍ ဆီဖြည့်သည်။

"ဆီကျန်တွေ ပုံးထဲပြန်မထည့်ဘူးလား၊ ဆီကျန်များရင် ချေးပိတ်တတ်တယ်"

"ဟုတ်ကဲ့ရှင့်"

"အဲသလိုမှပေါ့"

ဓာတ်မီးထဲက ဆီကျန်တွေပုံးထဲပြန်ထည့်နေသောမြသူသည် ကျော်စံ၏စကားကြောင့် ပုံးထဲပြန်မထည့်တော့ဘဲ ချက်ချင်းရပ်ပစ်လိုက်၏။

မီးစာအသစ်လဲနေသော ကျော်စံက ဤသည်ကို မြင်ပြန်သောအခါ —

"အကုန်လုံးလည်းပြန်မထည့်ရဘူးဗျ၊ ဆီကျန်အခံရှိအောင်— အေး — ဟုတ်ပြီ နည်းနည်းတော့ ချန်ထားလိုက်"

ထည့်လက်စ တန်းလန်းဖြစ်နေသော မြသူသည် ကျော်စံ၏ စကားဆုံးသောပြကာ အကုန်ပုံးထဲလောင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသူက ရယ်လိုက်သောအခါ ကျော်စံပါ လိုက်ရယ်သည်။

"ကဲ ... ပုံးထဲကဆီကို ပြန်ထည့်ရဦးမလား"

"ကျောင်းအမသဘောပါပဲ"

မြသူက ဆီအိုးပေါက်ထဲ ကတော့တပ်၍ ဆီဖြည့်သည်။ မှန်ကို ပြန်တပ်သည်။ ကျော်စံက မီးစာတပ်ပြီးသား ခေါင်းဖုံးကိုတပ်လိုက်သည်။အရက်ပြန်ဘူးနှုတ်သီးကောက်နှင့် အပေါက်ထဲက မီးစာအောက်ဆီခွက်ထဲ အရက်ပြန်ထည့်သည်။

"မီးစာအသစ်ဆိုတော့ ပြည့်အောင် ထည့်ရတယ် ကျောင်းဒကာရဲ့"

"ဟုတ်ကဲ့"

သစ်သားမီးခြစ်ကို ရှဲခနဲခြစ်လိုက်ကာ အရက်ပြန်ခွက်ထဲ မီးညှိလိုက်၏။ ဟုတ်ခနဲ မီးကူးသွားသည်။

ကျော်စံကဓာတ်မီးကိုငြိမ်ငြိမ်ကိုင်၍လေထိုးသည်။ လေဖြည့်အားပြ လက်တံငယ်သည် တရိပ်ရိပ်တက်လာသည်။ လေပေါင်ပြည့်သော ဇဟိုမှန်းတည့် အမှတ်ကိုရောက်သောအခါ ကျော်စံက ရပ်လိုက်သည်။

ရှည်မျောမျော မီးစာက ရဲရဲနီနေသည်၊ အရက်ပြန်မီးက မီးစာကိုလောင်နေ၏။ မကြာခင်ရဲရဲနီသော မီးစာသည် ဖွေးဖွေးဖြူလာသည်။ ရှည်၍ ရှုံ့တွန့်နေရာက တင်း၍ ပုသွားသည်။ အပ်ပေါက်ကို ဖွင့်လိုက်သောအခါ ရှဲကနဲ ဆီတက်လာသည်။ အရက်ပြန်ခွက်ထဲကမီးသည် မီးစာကို ဟုတ်ခနဲ ကူးသွား၏။

အပ်ကို ဖွင့်လိုက်ပိတ်လိုက် ကစားပေးသည်။ ဆီတက်သံ တရှဲရှဲ မြည်လာသည်။ ဟုတ်ကနဲ ဟုတ်ကနဲ လေပေါက်သံ၊ ဆီချေးပိတ်သံကို မကြားရတော့။ မီးစာမှာ ရဲရဲနီနေရာက ဖြူ၍လင်းလာသည်။အရက်ပုံခွက်ထဲကမီးကားဆီကုန်၍ ငြိမ်းသွားလေသည်။

ကျော်စံသည်လက်ဆွဲဓာတ်မီးကို သံချိတ်တွင် ချိတ်ရန် မတ်တတ်ထရပ်လိုက်သည်။ မီးရောင်နှင့် ပြာဝေနေသော မျက်လုံးကိုအားယူပြီး သံချိတ်ကို ကြည့်သည်။ မြသူက ခွေးခြေပြေးယူပြီး သံချိတ်အောက်တွင် ချသည်။

မောင်နှမနှစ်ယောက် ဓာတ်မီးထွန်းနေကြသည်ကို လှမ်းကြည့်နေသော သေါ်သူဇာအမေက မြသူ ခွေးခြေပြေးယူသည်ကို ကြည့်၍ ဟဲ့ ... ခွေးခြေက ဘာလုပ်မှာလည်းဟု လှမ်းမေး၏။

"အမေက ခွေးခြေနဲ့လုပ်ပါဆို"

"ခွေးမ၊ ငါက နင့်ကိုပြောတာဟဲ့၊ ကျော်စံက မမီလို့လား၊ မီတာမှ ဟိုဘက်တောင်လွန်သွားတယ်"

"မသိဘူးလေ၊ အမေကပြောတော့ မိဘစကား နားထောင်ရင်"

"ခွေးမလေး ..."



သူ့အမေက မြသူ သူ့ကိုနောက်မှန်း စုမှ သဘောပေါက်သွားသည်။

ကျော်စံသည်တဟဲဟဲရယ်၍ လက်ဆွဲဓာတ်မီး သံချိတ်တွင်ချိတ်လိုက်သည်။ တစ်အိမ်လုံးသည် ရုတ်ချင်း လင်းထိန်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## [၅]

လဝန်းကို အရှေ့ဘက် သစ်ဆိုင်ကြားတွင် မြင်နေရသည်။ ထွက်ပြူစ လရောင်သည် အလင်းအားနည်းနေ၏။ ရှည်လျားသော သစ်ရိပ်များသည် ဇရန့်တာပေါ် ထိုးကျနေသည်။ သစ်ရိပ်ထဲတွင် လရောင်ဇာပေါက်တို့ ပြန့်ကျဲနေသည်။ အကျဲ အစိပ် အပိုင်း အချွန် ထောင့်အမျိုးစုံသည်။

ရွာ၏ဝန်းကျင်သည် တိတ်ဆိတ်စ ပြုလာသည်။ မြောက်ဖျားမှကာလသားတို့၏ ပလွေသံကို တစ်ချက်တစ်ချက်သာ ကြားရသည်။ ညှို့ညှို့ပျစ်ပျစ် ကူချွဲသော ပလွေသံကို ကြားရသည်မှာ လွမ်းမောစရာ ကောင်းလှသည်။ ကျေးလက်၏ ညနေချမ်းကို ပလွေသံက ဖော်ကျူးနေသည်။

ကျော်စံသည် ဗီရိုပေါ်က ဓာတ်စက်ကို လက်လှမ်းလိုက်သည်။ ဓာတ်ပြားချပ်တွေကို ဆင့်တင်လိုက်၏။ ဓာတ်စက်သေတ္တာငယ်ကို ဝရန်တာသို့ မ, ယူလာသည်။

တောထဲမှာဆိုလျှင် ဓာတ်စက်သီချင်းသံအစား ငှက်မြည်သံ၊ မျောက်အော်သံ၊ ချေဟောက်သံ၊ သားကောင်ဟစ်သံ တို့ကိုသာ ကြားရတာတ်သည်။ ထို့ကြောင့်လည်း တောထဲက ပြန်လာသောညနေတိုင်း ဓာတ်စက်ဖွင့်တတ်သည်မှာ သူ့အကျင့်လို ဖြစ်နေသည်။

အိုလံပီယာ ဓာတ်စက်ငယ်ကို စားပွဲပေါ် တင်လိုက်သည်။ အဖုံးဖွင့်၍ သော့တံကို နှတ်သည်။ သော့တံကောက်ကို တရစ်ရစ်လှည့်သည်။ စိန်ခေါင်းတွင် ထိပ်လုံးခိုင်မခိုင်ကို လှည့်သည်။ မူလီရစ်များကို တင်းသည်။ ခွေးတံဆိပ် အပ်ဘူးထဲမှ အပ်သွားတစ်ချောင်းကို စိန်ခေါင်းတွင် တပ်လိုက်သည်။ စိန်ခေါင်းကို နှိမ့်ချလိုက်သည်နှင့် ကတ္တီပါခင်း စက်ဝိုင်းပေါ်က ဓာတ်ပြားသည် တရှဲရှဲ မြည်လာလေသည်။

ချွန်မြသောအပ်ထိပ်ကို ဓာတ်ပြားနှုတ်ခမ်းပေါ် ရှရှလေးတင်ပေးလိုက်သည်။ ရွာစားကြီးစိန်ဗေဒါ၏ ပတ်စမ်းဆိုင်းသံ ပေါ်လာသည်။

"ခွေးတံဆိပ်ဓာတ်ပြား၊ အပ်သွားနဲ့ မြန်မကြာ ဆုံတော့၊ မန္တလာပုံဆိုတဲ့ သီချင်းမှတ်တယ်"



ရှဲရှဲမြည်သံနှင့် ပတ်စမ်းတီးလုံးပျောက်သွားပြီး လူရွှင်တော်၏ အသံကပေါ်လာသည်။

ကျော်စံသည် အိတ်ထောင်ထဲက ဆေးသားလိပ် (ဆေးပြင်းလိပ် တစ်လိပ်ကို) နှိုက်ပြီးပါးစပ်ထဲ ခဲထားလိုက်၏။ နောက် အိတ်ထောင်တစ်ဖက်မှဥတုသုံးပါး ခံသော နတ်သမီး တံဆိပ် မီးခြစ်ကိုနှိုက်ကာ ဆေးလိပ်မီးညှိသည်။ ဆေးလိပ်မီးခိုးတွေ ဝေ့လာသဖြင့် မျက်လုံးကိုမှေးထားလိုက်ရသည်။

မြန်နဲ့မောင်နဲ့ ခုမှတွေ့တာ၊ လူပါး မဝခင်တုန်းက ပြောကြတော့ ရယ်စရာပါ၊ ထဘီလေးတိုတို ဝတ်ကာ၊ မြငယ်စဉ်မှာ၊ လူထဲမဝင်ခင်တုန်းမတော့ အလှပြင်ဆင်ရှာ၊ ယဉ်ယဉ်ကုန်ကုန် ပြောမယ် တောတသက်မို့ ဘယက်ဒ္ဒါဒရာ၊ ရွှံ့တွေ ကပ်စီး ကပ်စီး ပုတီးလုပ်ခါဝတ်တတ်ပါတယ်၊ အုန်းမှုတ်ခွက်ကို ရှာရှာ၊ ဒေါ်လာပြားက ဆယ့်ငါးပြားလောက် ဆွဲတတ်တာ ....

ဓာတ်စက်သံကြားသဖြင့် မြသူပါ ဝရန်တာသို့ ထွက်လာသည်။

မောင်မောင်များက မြောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်ပါ။

ကိုကိုများက မြောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်ပါ။

"ဟင် ... ဘာဖြစ်လို့လဲ ညီမ"

ဓာတ်ပြားထဲက လေပါတီမမြရင်၏ သီချင်းကို လက်ခုပ်လက်ဝါး တီးပြီး လိုက်ဆိုနေသော မြသူအား ကျော်စံက အထိတ်တလန့် အမူအရာနှင့် မေးလိုက်သည်။

"ဟင် ... မြသူ ဘာဖြစ်လို့လဲ ကိုကို"

"အေးလေ ... ညီမ ဘာဖြစ်လဲလို့"

"မြသူ ဘာဖြစ်လို့လဲ"

"မောင်မောင်များက မြောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်ပါဆို ဘာဖြစ်လို့လဲ၊ ရည်းစားက မချစ်နိုင်တော့ဘူး ပြောလို့လား"

"ဟင် ... ကြည့်၊ သူ့ မျက်နှာ တည်သွားတော့ သူများက ဘာလဲလို့ ထိတ်သွားတာ၊ ကိုကို သိပ်နောက်တယ်"

"ဟား ... ဟား ... ကောင်မလေး ရှက်ပါတယ်"

အမှန်လည်း မြသူက ကျော်စံနောက်မှန်း ယခုမှသိသည်။

"အံမယ်လေးဗျာ"

"ကဲ မှတ်ထား၊ သူများကို သက်သက်စတယ်"

မြသူသည် ဓာတ်စက်အပ်ဘူးထဲက အပ်သွားတစ်ချောင်းကိုယူ၍ ကျော်စံ၏ ပုဆိုးစပေါ်နေသော ဒူးခေါင်းကို ထိုးသည်။ ကျော်စံက အံမယ်လေးဗျာဟု အော်၍ထခုန်၏။ ဤသည်ကို မြသူက သဘောကျ၍ တခစ်ခစ်ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တာနောယက္ခဓာတ်ဖွင့်ရအောင် ကိုကိုရာ"

"ဟင့်အင်း၊ အသည်းကွဲတဲ့ဓာတ် နားမထောင်ချင်ဘူး"

"ကိုကို ဘာနားထောင်ချင်လဲ"

"ကိုကို နားထောင်ချင်တဲ့ ဓာတ်ပြား ဖွင့်မယ်လေ"

"ဖွင့်"

ကျော်စံက ဓာတ်ပြားသေတ္တာထဲက ဓာတ်ပြားချပ်တွေကို ရွေးနေသည်။ မြသူက ဓာတ်ပြားတစ်ချပ် ပြောင်းလိုက်၏။ မြသူ ပြောင်းတပ်လိုက်သော ဓာတ်ပြားကို ကျော်စံက ပြန်ပြောင်းတပ်လိုက်သည်။

မြင်သူငေးလောက်အောင် ချောသူယဉ်သူ
ဘယ်ဘဝက တောင်းဆုယူ၊ ရုပ်ရည်လည်းလှပပေသူ
သဘောဖြူ မနောဖြူ အပြောအမူလွှမ်းတဲ့သူ ...

"သူ ... သူ ... ဒီလောက်တောင်ပဲလား ကိုကို"

"မသိဘူးလေ"

ကျော်စံက ရှက်သွားသလို ဖြေသည်။

မြသူ၏ ရှည်လျားသော သက်ပြင်းချသံကို ကြားမိသည်။

လဝန်းသည် မြင့်တက်လာပြီ ဖြစ်သည်။ သစ်ဆိုင်ပေါ်မှ လွတ်သွားသဖြင့် ရွှန်းရွှန်း မြမြ သာနေသည်။ ရှည်လျားစွာ ကျနေသော သစ်ရိပ်များသည်လည်း ရုပ်သွားကြပြီ။

အေးမြသောလရောင်ရိပ်ထဲတွင် ကျော်စံက မြသူ၏ မျက်နှာကို ငေးနေမိသည်။ ဆံတောက်ဖားဖား နှစ်ဖက်ဝေကျနေသော မြသူ၏ မျက်နှာမှာ ကြည့်မဝ ရှုမငြီးစရာ။

"ကိုကို ... မြသူအကြိုက်လည်း ဓာတ်ပြားတစ်ပြား ဖွင့်လိုက်ဦးမယ်၊ ကိုကို့ အကြိုက်ချည်း ဖွင့်မနေနဲ့"

"အေးပါဗျာ ... ရွေးပါ ဖွင့်ပါ"

မြသူသည် ဓာတ်ပြား တစ်ချပ်ကို စက္ကူအိတ် ကာဘာချွတ်၍ဓာတ်စက် ပေါ် တင်လိုက်သည်။ အသံက အေးကြည်၍ ပေါ်လာသည်။

မောင့်မျက်နှာ တစ်ရှာမှတ်ထင် ...
အချစ်ဓာတ် ရစ်ပတ်မိရင် ...
ကြာလေလေ နိုင်မြဲလေလေ ...
အမြစ်ဖြတ် ဖြတ်မရသေး အသည်းထဲ စွဲကာပင် ...
ဖွတ်နှစ်ပြီး ချစ်ရတော့မယ် ... အားနဲ့သူပါရင် ...
ဆူးကျလည်းဖက် ...
ဖက်ကျလည်းဖက် ...



နာဘက်ကမို့ပင် ...
မွေးတုန်းတော့ လူရာဝင် ...
နောင်တွင် ယိုးမယ်ဖွဲ့ကာ ...
ပစ်မှာစိုး အမျိုးမျိုး ပူတယ်ရှင် ...

"မပူပါနဲ့ဦး ... ငယ်ပါသေးတယ်"

"ဟင်း ... ကိုကိုနော် ကိုကိုက ဓာတ်ပြား ထဲက သီချင်းဆိုတဲ့ မိန်းကလေး ကို ပြောတာ"

"သီချင်းဆိုတဲ့ မိန်းကလေးလည်း မပြောရဘူး"

"ပြောမယ်"

"မပြောရဘူး"

"ပြောမယ်၊ ပြောမယ်၊ အရွယ်မရောက် ..."

"ပြော ... ပြော ... ပြောတဲ့လူ ... အာဒါလွှတ်ဥ မကျွေးဘူး။ သူများ အာဒါလွှတ်ဥတွေ ပြုတ်ထားတယ်၊ သွားယူဦးမယ်၊ ကိုကို့ ကို မကျွေးဘူး"

မြသူ ဝရန်တာက ထသွားသည်။

"ကျွေးပါဗျာ ... ကျွေးပါ ... ကျွေးပါ၊ နောက်မပြောတော့ပါဘူး အာဒါလွှတ် ဥတွေ ပြုတ်ထားမှန်း မသိလို့ပါ"

"မကျွေးဘူး ... မကျွေးဘူး"

ကျော်စံသည် တဟားဟားရယ်၍ ဝရန်တာ၌ပင် ကျန်ရစ်ခဲ့သည်။

နောက်ထပ် ဓာတ်ပြားတစ်ချပ် လဲလိုက်သည်။

ဘုရားဒကာ ဦးဖိုးစိန်၏ အသံကပေါ်လာသည်။

ရွှေပဏ္ဍုနာလိုခဲ့ပါတော့၊ စွဲတဲ့မေတ္တာ
ဘဝါဘဝေအဆက်ကယ်က နှစ်ဖြာရေစက်
ပြုသမျှမကွာ၊ အာသဝေမပျက်ခင်မို့
ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ
မနီးရရင်လေ၊ ကြီးမောင်ဒုက္ခာ ...
ကာမောဂါ ဘဝေါဂါ ဒိဋ္ဌောဂါ အဝိဇ္ဇာဓောဂါ
တရားမရကြလို့ မျှားလှတဲ့ဝေနေယျတွေဟာ ...

ဦးဖိုးစိန်၏ ဓာတ်ပြားမဆုံးခင်မှာပင်၊ ကာမောဂါ ဘဝေါဂါ သီချင်းဆို၍ မြသူကဝရန်တာသို့ ထွက်လာသည်။ အာဒါလွှတ်ဥ တစ်ပန်းကန်နှင့် ဆီဆား တစ်ပန်းကန်ကို ဘယ်ညာ ကိုင်လာသည်။

တေဘုမ္မာ ... အနိစ္စာ ဒုက္ခာ အနတ္တာ

ကျော်စံက တေဘုမ္မာဆို၍ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ရော့စား"

"နို ... မကျွေးဘူးဆို"

"ကိုကိုက သီချင်းဆိုကောင်းလို့"

နှစ်ယောက်သား ပြုံးမိသွားကြသည်။

သို့သော် သူတို့၏အပြုံးက ကြာရှည်မခံလိုက်။ ဒေါ်သူဇာမေသည် သူတို့အနား ရောက်လာ၏။

"မေမေ အာဒါလွတ်ဥ စားမလို့လား"

မြသူက သူ့အမေမျက်နှာကို မော့ကြည့်၍မေး၏။

"မစားပါဘူးအေ"

ဒေါ်သူဇာမေက သူ့သမီးကို သဘောမတွေ့ဟန်နှင့်ဆိုသည်။

ဤသည်ကို မြသူက အမှတ်မထားမိ၊ သူ့စကားကိုဆက်၏။

"မေမေ၊ နောက်နှစ်ဆိုရင် မိုးလုံးလည်း သစ်ဆွဲဆင် ဖြစ်ပြီတဲ့"

"အဲဒီတော့"

ဒေါ်သူဇာမေက သူ့သမီးကို လုံးဝမကြည့်ဘဲ "အဲဒီတော့" ဟုသာ စကားဆို၍ တစ်ဖက်သို့ လှည့်နေ၏။

"အဲဒီတော့ မတ်တတ်ဗီရို ဓာတ်စက်တစ်လုံး ဝယ်ပေးရမယ်၊ ဒီဓာတ်စက်က အဘွားတို့ခေတ် ဓာတ်စက်၊ ဟောင်းလည်းဟောင်းနေပြီ"

"အင်း၊ ဝယ်နိုင်လိမ့်မယ် အားကြီးကြီး၊ နင့်အဖေ တောထဲမှာ ဖဲရိုးပစ်လို့ ဟိုလကလည်း အိမ်ကိုပိုက်ဆံတစ်ပြားမှ ပြန်မပါဘူး၊ ဒီလလည်း ကျော်စံနဲ့ ပိုက်ဆံတစ်ပြားမှ မပေးလိုက်ဘူး၊ သူလိုချင်တာပဲ မှာတယ်"

အဘွားကြီးက ဆောင့်အောင့်၍ တစ်ဖက်သို့ လှည့်ထွက်သွား၏။

"ဟင် ... ကိုကို တကယ်လားဟင်"

"မဟုတ်ပါဘူး ညီမရယ်၊ ကန်ထရိုက်ပြီးမှ ရမှာမို့ပါ"

"မေမေက အလကား အားအားရှိ ဖေဖေ့ပဲ ရန်လုပ်ချင်နေတာ"

မြသူပြောသည်မှာ အမှန်လည်းဟုတ်သည်။ ဦးလှဘော်မှာ အေးအေးဆေးဆေး နေတတ်သူ ဖြစ်သည်။ ဖဲကစားသည်ဟုဆိုသော်လည်း တောထဲတွင် အပျင်းပြေ အချိန်ကုန်ရုံသဘောသာ။ တစ်ရာမျိုး တစ်ထောင်မျိုး ဖဲရိုးပစ်သည် ဟုလည်းတစ်ခါမှမရှိခဲ့။ သို့သော် ဒေါ်သူဇာမေကား လင်နိုင်သောမိန်းမပီပီ အစ အနေကြားရုံနှင့် ဆတ်ဆတ်ခါနေတတ်သည်။ ဆို၍ ပြော၍မပြီး ဖြစ်နေတတ်သည်။

ဒေါ်သူဇာမေတို့ အဘိုးအဘွားတွေမှာ ပစ္စည်းဥစ္စာ ချမ်းသာခဲ့သလို မာန လည်း အလွန်ကြီးသော အမျိုးဖြစ်သည်။ ဒေါ်သူဇာမေတို့ခေတ်တွင် စီးပွားပျက်၍ အထုအထည်မရှိတော့ပြီ ဖြစ်သော်လည်း မာနကား ရှိသေး၏။



မာနထုပ်က ပို၍ပင်ကြီးနေသေး၏။ ဒေါ်သူဇာမေအပျိုတုန်းကဆိုလျှင် သူ့သမီး သူ့တူမ၊ သူ့ညီမကို မြို့ပိုင် နယ်ပိုင်နှင့်မှ ပေးစားမည်ဟု လေသံမြှင့်ခဲ့ကြသည်။ ထိုအထဲက တစ်ရပ်တည်းသား ရုပ်ချောသဘောကောင်းသော မောင်လှဘော်နှင့် လိုက်ပြေးသောအခါ ဆွေမျိုးတွေမှာ အမျှော်ပြတ် ဆွေမျိုးပြတ်ပင် ကြဉ်ထားခဲ့ကြ သည်။ နောက်မြသူကို မွေးဖွားလာ၍ ဦးလှဘော်ကလည်း ဆင်ပိုင်ရှင် ဖြစ်လာမှ ခေါ်ခေါ်ပြောပြော ပြန်ဖြစ်သွားကြ၏။

ဦးလှဘော်မှာကား ဆင်းရဲသားမိဘများမှ ဆင်းသက်လာသူဖြစ်သည်။ ဆင်ပိုင်ရှင် ဖြစ်လာသည်မှာလည်း ကျော်စံအဖေ ဦးရွှေကျော်နှင့်တွေ့၍ ရှိုင် ရိုးမတွင် ဆင်ဖမ်း ဆင်လိုက်လုပ်ကြရာမှ ဆင်ဝေစု ငွေဝေစုရ၍ သူငယ်ချင်း နှစ်ယောက်ပူးပေါင်းပြီး ဆင်ပိုင်ရှင် ဆင်ဦးစီး ဖြစ်လာကြသူတွေပင်။

ထို့ကြောင့် မျိုးနှင့် ရိုးနှင့် အပေါ်စီးက နေခဲ့ရသော ဒေါ်သူဇာမေတို့ မိသားစုမှာ ဦးလှဘော် ဆင်ပိုင်ရှင် ဖြစ်လာသောအခါ တို့အမျိုးက ဆင်ပိုင်ရှင်တစ်ယောက် တိုးလာပြန်ပြီဟု ဝင့်ဝါကြပြန်သည်။ သို့သော် အမျိုးအချင်းချင်းကား တစ် ယောက်ပါးစပ်ထဲက ထမင်းလုတ် တစ်ယောက်နှိုက်စားရန် အမြဲလက်ဆန့်ထား သည်မို့ အချင်းချင်းမကြည့်ကြ။ အဘွားသေ၍ အမွေလုကြသောအခါ တစ် ယောက်နှင့်တစ်ယောက် မခေါ်နိုင် မပြောနိုင်ပင် ဖြစ်သွားကြသည်မှာ ယခုထိပင် ဖြစ်လေသည်။

"ကဲ .... နင်တို့ တစ်ညလုံး ဓာတ်စက်ဖွင့်ပြီး အဲဒီမှာ အိပ်နေကြတော့မှာ လား"

"ကိုးနာရီတောင် မထိုးသေးဘူးအမေရဲ့"

"ထိုးထိုး မထိုးထိုးအေ၊ ငါ့အပ်တွေ တုံးကုန်မယ်၊ အပ်ဘူးတစ်ဘူးအသစ် ဝယ်ရင် နင်တို့ဖွင့်တာနဲ့ကုန်တာပဲ၊ တော်ပြီ ၊ တော်ပြီ၊ ဥပုသ်နေ့ ကျရင်လည်း ကျောင်းမှာ ဦးဣန္ဒကတို့ ဦးဉေးယျတို့ တရားဓာတ်ထုပ်တွေ ဖွင့်ပေးရဦးမယ် တော်ပြီ၊ တော်ပြီ ပိတ်"

အမှန်မှာ ပိုက်ဆံမပေးလိုက်၍ ခင်ပွန်းသည်အပေါ် မကျေမနပ်ဖြစ်နေ သော ဒေါ်သူဇာမေ၏ ဒေါသသည် ယခုတော့ ကျော်စံနှင့် မြသူတို့အပေါ် ကူးလာ ခြင်းဖြစ်လေသည်။

"မတော်ဘူး၊ မတော်ဘူး၊ တစ်ညလုံးဖွင့်မယ်"

မြသူက သူ့အမေကို မကြားတကြားပြော၍နှုတ်ခမ်းစူ၏။

"တော်ပြီ ညီမရယ်၊ ပိတ်ထားလိုက်တော့၊ ကိုကို တို့ ဒီလောက်နားထောင် ရင် တော်ပြီပေါ့၊ ကြီးကြီးမေပြောတာဟုတ်တယ်၊ သန်ဘက်ခါဆိုဥပုသ်နေ့ ကျောင်းမှာ ဥပုသ်သည်တွေကို တရားဓာတ်ထုပ် ဖွင့်ပြရတော့ အပ်သိပ်လိုတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် ဓမ္မကထိက ဆရာတော်တွေတရား ခုလို ဓာတ်စက်ရှိလို့ နာရတာ၊ ဒီကိုပဲ့ပြီး တရားဟောင်းမယ်ဆိုရင် တရားပွဲ တစ်ပွဲ တစ်ထောင်နဲ့တောင် လာဟောနိုင်မှာ မဟုတ်ဘူး”

မြသူကို ပြောသာပြောလိုက်ရသော်လည်း ကျော်စံစိတ်ထဲကမကောင်းပေ။

အမှန်မှာ သားရဲတိရစ္ဆာန် အန္တရာယ်နှင့် ငှက်ဖျားထုံနှစ် ငန်းသံနိပါတ်တို့ ပေါ်များသော တောတောင်ထဲတွင် အချိန်မရွေးအသက်ကိုအန္တရာယ် ပေးနိုင်သော ဆင်နှင့်အလုပ်သွားလုပ်နေရသောသူအား ဤသို့ မပြောသင့်ဟု ထင်သည်။ တစ်လတစ်ခါ၊ နှစ်လတစ်ခါ အိမ်ပြန်လာရသူမို့ သက်ညှာသင့်သည်ဟု ယူဆသည်။ မြသူကို ပြောချင်သော်လည်း သူ့ကို ငဲ့ညှာသင့်သည်။ သူသည် အိမ်ပြန်လာလျှင်လည်း တစ်ပတ်ပြည့်အောင်ပင် နေရသူမဟုတ်။ စားနပ်ရိက္ခာ၊ ဆန်၊ဆီ၊ဆား ယူ၍သစ်ဆွဲအလုပ် လုပ်ရန် တောထဲသို့ ပြန်ရမည့်သူသာ ဖြစ်သည်။ သူ ဤသို့ လုပ်ကိုင်ပေးနေသည်မှာလည်း သူတို့မိသားစုအတွက်ပင် မဟုတ်ပါလား။

တောထဲ တောင်ထဲ အနေကြာ၍ အိမ်ပြန်လာသောအခါ ဓာတ်စက်ကလေး ဖွင့်တာကိုပင် ဒေါ်သူဇာမေသည် သူ့အား မကြည်ဖြူလေရော့သလား။

သူယခင်တစ်ပတ်အိမ်ပြန်လာစဉ်ကလည်း ဦးကြီးဦးလှဘော်က ငွေငါးရာသာ ပေးလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ “နင့်ကိုလည်း ငါမယုံရ” ဟု တစ်ခါ ပြောဖူးသည်။ သူ့ကို မယုံရအောင် သူဘာများ လုပ်နေလို့ပါလိမ့်။

ဆင်နှင့်လုပ်၍ရသော ငွေကြေးကို ခိုးရအောင်ကလည်း ဦးကြီးတစ်ယောက်လုံးရှိသည်။ ပြီး ... သူတို့ဆင် မြင်မတိန်ကိုလည်း သူက စီးရသူမဟုတ်။ သူစီးရသောဆင်မှာ သူ့အား သူ့အဖေ သေခါနီး အမွေပေးထားခဲ့သည်ဆိုသော မိုးလုံးသာ ဖြစ်သည်။

ကျော်စံသည် လသာသောအပြင်ကို ဝရန်တာပေါ်က လှမ်းငေးကာ အတွေးစိတ် လွင့်နေသည်။ ညသည် ပိုနက်လာသည်။ သူသတိမရ။ သူက သူ့အဖေကိုသာ သတိရနေသည်။ သူ့စိတ်က အတိတ်ကိုသာ ပြန်သွားနေသည်။

“ကိုကို ... မအိပ်သေးဘူးလား၊ အိပ်တော့လေ၊ မနက်ဖြန်လည်း အစောကြီးဆင်ကောက်သွားရဦးမယ်” မြသူ လာပြောသဖြင့် အိပ်ရာပေါ်ရောက်သွားသည်။ အတိတ် အတွေးစိတ်ကား မပြတ်သေး။ ပို၍သာ ရှည်လျားလာ၏။

မှောင်သောညမှာ အတွေးကလည်း ရှည်လျားလှစွာ၏။

■

[၆]

“လူလေး ... မင်း ဘုန်းကြီးကျောင်းမှာ နေလိုက်ရမယ်နော်”

သူငယ်ချင်းတွေနဲ့ ခုံညင်းဒိုး ထိုးကစားနေသော သူ့ကို အဖေကလာပြောသည်။ ကာလမှာ မိုးနှောင်းကာလ ဖြစ်သည်။

“အဖေ ဘယ်သွားမလို့လဲ ”

“အဖေ ရခိုင်ရိုးမထဲ ဆင်ဖမ်းလိုက်သွားရမယ်သား”

“ဘယ်တော့ပြန်လာမလဲ အဖေ”

“တစ်လ နှစ်လဆို ပြန်လာမှာပေါ့ သားရယ်”

ဤသို့ ပြောပြီး အဖေသည် သူ့ကို ဘုန်းကြီးကျောင်းတွင် အပ်ထားခဲ့သည်။ သူတို့ သားအဖနေကြသော အိမ်ကိုလည်း တစ်ရာငါးဆယ်နှင့် ရောင်းသွား၏။ အိမ်ရောင်း၍ရသော ငွေကို ဆင်ဖမ်းအဖွဲ့တွင် အစုရှယ်ယာအဖြစ်ထည့်ဝင်ရမည်ဟုဆိုသည်။

ကျော်စံမှာ အမေဆိုတာ ဖြူသလား မည်းသလားပင် မမြင်ဖူး။ ယခု အဖေက တစ်ခါ ဘုန်းကြီးကျောင်းတွင် အပ်ပြီး ရိုးမထဲ ထွက်သွားပြန်သည်။ ကျော်စံမှာ အားငယ်စိတ်နှင့် ကျန်ရစ်ခဲ့ရသည်။

ဘုန်းကြီးကျောင်းတွင်နေရသည်ကို ကျော်စံ လုံးလုံးမပျော်။ ကျောင်းသားကြီးတွေ၊ သူ့ထက် ကျောင်းရောက်စောသူတွေက သူ့ကို အနိုင်ကျင့်ကြသည်။ သူ့မှာ ကျောင်းသားကြီး အစ်ကို၊ ဦးလေး တော်စပ်သူ ဆို၍လည်း တစ်ယောက်မှ မရှိရာ အားလုံးက သူ့ကို နိုင်ကြသည်။ မခံနိုင်၍ ပြန်ထိုးလျှင်လည်း ညီအစ်ကိုတွေ၊ ဦးလေးသားချင်း ရှိသူတွေက ဝိုင်းထိုးကြသဖြင့် သူပဲငိုရသည်။

ဘုန်းကြီးကျောင်းရောက်၍ တစ်ပတ်မကြာခင်မှာပင် ကျော်စံ ပန်းကန်ပြား ထဲက အမဲသားတုံးကို အနိုင်ကျင့်ခံရသည်။ ကျောင်းသားကြီးလုပ်သူက ကျောင်းသားအားလုံးကို အမဲသား တစ်ယောက်တစ်တုံးစီ ဝေငှထည့်ပေးသည်။ ထို့ ထည့်ဝေရာတွင် ညီအစ်ကိုတော်များ၊ ဦးလေးသားချင်း ဆွေမျိုးများကို အတုံးကြီးတွေ ရွေးထည့်ပေးတတ်လေရာ ဘယ်သူ့ပန်းကန်များ အတုံးကြီးကြီး ထည့်ပေးလေမလဲဟု လိုက်ကြည့်မိစဉ် မိမိပန်းကန်ထဲက အမဲသားတုံး ဘယ်သူ

www.burmeseclassic.com



နိုက်သွားမှန်းမသိ ဖြစ်ရသည်။

အမဲသားတစ်တုံး စားရပြီဟု အားခဲထားသော ကျော်စံ၏ မျက်နှာမှာ ငိုမဲ့မဲ့ ဖြစ်သွားသည်။

"ငါ့ပန်းကန်ပြားထဲက အမဲသားတုံး ဘယ်သူနိုက်စားသွားလဲကွ"

ဘယ်လူကမှ သူ့ကို အဖက်လုပ် မပြောကြ။ အားလုံးက သူ့ကိုသာ ဝိုင်းဟားကြသည်။ ကျောင်းရောက်စ ကျောင်းသားတိုင်း ဤသို့ အနှိပ်ခံရသည်ကို နောက်တော့ သဘောပေါက်သွားသည်။

ဟင်းဝေပြီဆိုလျှင် မိမိ၏ပန်းကန်ထဲက အမဲ၊ ငါးဟင်းလျာများကိုလက်နှင့် အုပ်ထားပြီးမှ သူများပန်းကန်ကို လှမ်းကြည့်ရဲတော့သည်။

ညနေ အိပ်ခါနီးဆိုလျှင် ကျောင်းသားကြီးတွေက သူ့ကို အနင်းအနှိပ် ခိုင်းတတ်ကြသည်။ အနင်းခိုင်းကြသည်ကို တော့ သူက ကြည်ကြည်ဖြူဖြူ လုပ်ပေးတတ်၏။ လုံးဝ မငြိုငြင်မိ။ ကျောင်းသားကြီးတွေမှာ သူ့ကို စာသင်ပေးကြသော သူ့ဆရာတွေဟု သဘောထားသည်။ သူတို့ ပေါင်ကြားက ဝဲခြောက်တွေကို ကုတ်ခိုင်း ခြစ်ခိုင်းကြသည်ကိုတော့ သူ့ခံပြင်းမိသည်။ ဝဲခြောက်၏ အနံ့ ညှီစို့စို့ကလည်း အော့နှလုံး နာစရာ ကောင်းသည်။ သို့သော် မပြောဝံ့၊ မလုပ်နိုင် ဘူးဟု မငြင်းဝံ့။ သူတို့ခိုင်းတာ မလုပ်လျှင် စာချပေးရာ၊ စာရေးရာတို့၌ သူ့လက် တို ကံ့ကူတံနှင့်အထိုးခံရမည်။ လက်သီးနှင့် ခေါင်းကိုထုမည်။ ဂွစ်ကန်ကန် ကျောင်းသားသစ်တွေ အထိုးခံရသည်ကို သူမြင်နေရသည်။

ဤသည်တို့ကိုလည်း သည်းညည်းခံနိုင်လျှင်တော့ ဟင်းဝေရာ၌လည်း သူ့ပန်းကန်ထဲကို ဟင်းအတုံးကြီးကြီးတွေ ပါတတ်သည်။ ကံ့ကူဆံလည်း တိုက်ပေး သည်။ ကံ့ကူတံလည်း လုပ်ပေးသည်။ စာအံကြရာ၌ အိပ်ငိုက်လျှင်လည်း ဆေး ပြင်းလိပ်တိုကို ဝါးပြီး မျက်စဉ်းခတ်ခံရသော ဘေးမှလွတ်မည်။ နောက်ဆိုသင်ပုန်း၊ ရေးသင်ပုန်း ရှာပေးကြမည်။ သင်ပုန်းကို အစာတင်ပေးကြမည်။

ကျောင်းသားသစ်တစ်ယောက်အတွက် ကံ့ကူတံနှင့် ကံ့ကူဆံ တို့မှာ အလွန် အရေးကြီးလေသည်။ သူတို့ ရွာသည် တောင်ပေါ်ကျ၍ အလွန်ခေါင်သော အရပ် ဖြစ်လေရာ ကျောက်သင်ပုန်း၊ ကျောက်တံ၊ စာအုပ်တို့နှင့် စာမသင်ကြရ။ သစ်သားကို ခုတ်ထားသော မီးသွေးသင်ပုန်းနှင့်သာ စာသင်ကြရသည်။ ပရိတ်ကြီး၊ လောကနီတိ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းပါသော ဆယ့်ငါးစောင်တွဲ၊ ဆယ်စောင်တွဲ စာအုပ်တို့မှာ ကျောင်းသားကြီးများ၌ပင် မရှိ။ ကိုရင်ကြီး၊ ဦးပဉ္စင်း၊ဘုန်းတော်ကြီး တို့ဆီ၌သာ ဆရာကိုင်အဖြစ် ရှိကြသည်။

သင်ပုန်းကြီးမှာ အနံ့ရှစ်လက်မ၊ အလျား တစ်တောင့်တစ်ထွာလောက်ရှိ သောပျဉ်ပြားဖြစ်သည်။ ခေါင်းဘက်တွင် အမှတ်သင်္ကေတဖြစ်သော လေးလက်မ



ပတ်လည် သစ်သား အပိုအဝိုင်း၊ သို့မဟုတ် ဆန္ဒင်းမကောင်း ဒိုင်းမွန်းပုံစံ သင်ပုန်းခေါင်း ရှိသည်။ ထိုခေါင်းတွင် ကြိုးထည့်ချည်ရန် အပေါက်တစ်ပေါက်ရှိလေသည်။ ဤသည်ကို လက်ရေးကျင့်သော ရေးသင်ပုန်းကြီးဟု ခေါ်သည်။

ဆိုသင်ပုန်းမှာ ရေးသင်ပုန်းထက် အလျားရော အနံပါ ငယ်သည်။ အနံမှာ လေးလက်မ၊ ငါးလက်မသာရှိပြီး အလျားက တောင်ဆုပ်လောက်သာ ရှိသည်။ သင်ပုန်းကိုလိုက်၍ ခေါင်းလည်းသေးသည်။ ဆိုသင်ပုန်းခေါင်းတွင် အရို့အရုပ်ထွင်း ထားတတ်သည်။ ထိုသင်ပုန်းပေါ် စာအုပ်ထဲက စာတွေကိုကံ့ကူဆံနှင့် ကူးရေး၍ ကျက်ရသည်။

ဆိုသင်ပုန်းနှင့် ရေးသင်ပုန်းတို့ကို အစာတင် သင်ပုန်းချေရာတွင်ကွဲပြားခြား နားမှုရှိသည်။ ရေးသင်ပုန်းမှာ လက်ရေးကျင့်သော သင်ပုန်းဖြစ်သဖြင့် သင်ပုန်းနှစ် ဖက်ရေးပြီးသွားသည်နှင့်ဖျက်၍ ပြန်ရေးရလေရာ ဖျက်၍လွယ်အောင် ထမင်း လုံး ကော်မပါဘဲ အစာတင်ရသည်။ မီးသွေးကိုသင်ပုန်းပေါ်တင်၍ သစ်သားကို လုပ်ထားသော မီးသွေးကြိတ်နှင့် မီးသွေးများ အမှုန့်ဖြစ်သွားအောင် ကြိတ်ရသည်။ ရေလည်း အလောတော်ထည့်ရသည်။ မီးသွေးကို ဤသို့ အစာတင် ကြိတ်ချေပြီးလျှင် နေပူက နေလှန်းရသည်။ မိုးတွင်း နေမပူလျှင် မီးကင်ရသည်။ သင်ပုန်းမခြောက်လျှင် ကံ့ကူဆံနှင့် ရေး၍မရပေ။ ရေစိုနေသော ကျောက်သင် ပုန်းကဲ့သို့ ရေးမထင်တတ်ပေ။

ဆိုသင်ပုန်းမှာလည်း ဤသို့ပင်ခြောက်ရန်လိုသည်။ သင်ပုန်းချေ မီးသွေး ကြိတ် အစာတင်ကတည်းကပင် ထမင်းထည့်ကော်ကြိတ်တင်ထားသဖြင့် ရေးပြီး ပြီးချင်း ဖျက်၍မရတော့ပေ။ ရေးထားသောစာသည် တစ်ရက် နှစ်ရက်ခံ၏။ ထိုစာ ကို ကျက်မှတ်၍မရမချင်း စာပျက်မသွားတတ်ဘဲ ဖတ်၍ရလေသည်။

သင်ပုန်းချေရာတွင် မီးသွေးအမျိုးအစားလည်း ကောင်းဖို့လိုပေသည်။ မွမွ ညက်ညက် မီးသွေးချောများနှင့် ဆိုသင်ပုန်းကို အစာတင်ရသည်။ ရေးသင်ပုန်းကာ တော့ မီးသွေးကြမ်းနှင့်လည်း အစာတင်၍ ရ၏။ သင်ပုန်းလုပ်ထားသော သစ်သားလည်းကောင်းဖို့လိုသည်။ မာကျောကျော သစ်သားဆိုလျှင် သင်ပုန်း လုပ်၍မကောင်းပေ။ ပိန္နဲသားသင်ပုန်းသည် မမာလွန်း မပျော့လွန်းပဲ အကောင်း ဆုံး ဖြစ်သည်။ ပျဉ်းကတိုးတို့၊ သင်းကနက် တို့မှာ မာလွန်းသည်။

ကျောင်းသားကြီးများသည် သူတို့ခိုင်းစေ၍ရသော ကျောင်းသားသစ်များ ဆိုလျှင် ကျောင်းအောက် သင်ပုန်းစင်တွင် တင်ထားသော သင်ပုန်းများထဲမှ ပိန္နဲသားသင်ပုန်းကို ရွေးပေးတတ်ကြသည်။ မီးသွေးမှာ လျှော်သားမီးသွေး အကောင်းဆုံး ဖြစ်သည်။

မီးသွေးမည်မျှ တင်ချေထားထား၊ တင်ထားထား၊ ကျောင်းသားကြီးများ သည် အတွေ့အကြုံအရ သင်ပုန်းကြောကို ကြည့်ရုံနှင့် သင်ပုန်းသားကောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သိတတ်ကြသည်။ ထို့ကြောင့်လည်း သူတို့နှင့် ပလဲနံပ သင့်သော ကျောင်းသား၊ နိုင်း၍စေ၍ကောင်းသော ကျောင်းသားဆိုလျှင် ဆိုသင်ပုန်းရော၊ ရေးသင်ပုန်းပါ သစ်သားကောင်းကို ရွေးပေးတတ်ကြသည်။ မသင့်မြတ်သော ကျောင်းသားဆိုလျှင်တော့ ကံ့ကူဆံရေးမထင်သော မာကျောကျော သင်ပုန်းကိုသာ ပေးတတ်လေသည်။ ဤသို့ သင်ပုန်းစင်ထဲမှ သင်ပုန်းရွေးပေးသောအလုပ်ကို ကျောင်းသားကြီးများအား ဘုန်းတော်ကြီးက လုပ်ပိုင်ခွင့် ပေးထားလေသည်။

ကံ့ကူဆံမှာ လေးမျိုးရှိသည်။ အပြာ၊ အနက်၊ ကြက်သွေး၊ အဖြူဟု အရောင်ကို လိုက်၍ ခွဲခြားခေါ်လေသည်။ အပြာသည် အညံ့ဆုံးဖြစ်သဖြင့် လက်ရေးကျင့်ရာတွင် သုံးသည်။ အနက်မှာ ဒုတိယတန်းစား ဖြစ်သည်။ အနက်ကိုလည်း လက်ရေးကျင့်ရာတွင် သုံးကြသည်။ ကြက်သွေးနှင့်အဖြူကိုမူ ဆိုသင်ပုန်းရေးရာ စာကူးရာ၌သာ သုံးကြသည်။ ဈေးကြီးသလို ရှားပါးသော ကံ့ကူဆံများ ဖြစ်လေသည်။

အမှန်က အားလုံးမြေက ထွက်သော ကျောက်တစ်မျိုးသာ ဖြစ်သည်။ သက်နုသက်ရင့်ကွာပြီး အမျိုးအစားကွဲသွားခြင်း ဖြစ်သည်။ ကံ့ကူဆံကို မြေဖြူတူးသလို တူးယူရသည်။

ကျော်စံတို့ဒေသ၌ ကံ့ကူဆံ တူးသူများသည် မိုးဦးကျ၌ ဘုန်းကြီးကျောင်းများကို လှည့်လည်၍ ကံ့ကူဆံ ရောင်းချတတ်ကြသည်။ ကံ့ကူဆံကို အလေးချိန်ခွင်နှင့် ချိန်တွယ်၍ ရောင်းကြ၏။ အတုံးလိုက်၊ အခဲလိုက် လေးထောင့်တုံးတွေ လုပ်၍ ရောင်းကြသည်။

ကံ့ကူဆံဝယ်ရာ၌လည်းအတွေ့အကြုံရှိသော ကျောင်းသားကြီးများ၊ ကိုရင်၊ ဦးပဥ္စင်းများ အကူအညီကို ရယူရသည်။ အပြင်ကချောနေသော်လည်း အတွင်းတွင် ရေးမထင်သော ကျောက်ရော၊ ကံ့ကူဆံ မဖြစ်သေးသော သက်နုကျောက်ပါမပါကို ကြည့်တတ်ဖို့လိုသည်။ ကံ့ကူဆံ ရောင်းသူများသည် နှစ်လက်မ သုံးလက်မပတ်လည် အတုံးတွေ လုပ်၍ လာရောင်းတတ်ကြသည်။

ရောင်းသူဆီက ထိုအတုံးများကိုဝယ်ကာ အလျား အရှည် လက်နှစ်ဆစ်၊ အနံတစ်လက်မကို သုံးဝက်ဝက်၍ ကံ့ကူဆံ ဖြစ်အောင် သံပြားကိုလုပ်ထားသော လွှငယ်နှင့် ခွဲစိတ် ဖြတ်ယူရသည်။ ကံ့ကူဆံမှာ ကျောက်တံလိုအရှည်လုပ်၍မရ၊ ဆတ်လွန်းသဖြင့် ကျိုးတတ်သည်။ ထို့ကြောင့် လက်နှစ်ဆစ်လောက်သာ အရှည်ဖြတ်၍ ကံ့ကူဆံလုပ်ရသည်။

တစ်လက်မ၏ သုံးပုံ တစ်ပုံ အခြမ်းနှင့် အရှည် လက်နှစ်ဆစ်မျှ ရှိသော ကံ့ကူဆံလေးထောင့်ချောင်းကို ကံ့ကူတံတွင် ထည့်ရေး၍ရအောင် ဓားနှင့်အရင်းကို အရင်ရွေပစ်ရသည်။ ရွေပြီးမှ ကံ့ကူတံတွင် တပ်ရ၏။ တပ်ပြီးမှ အဖျားကို တစ်ခါ စာရေး၍ ရအောင်ချွန်ရပြန်သည်။



ကံ့ကူဆံထည့်ရေးရသော ကံ့ကူတံမှာ ဝါးလုံးသေးသေးကို ပြုလုပ်ရသည်။ အခေါင်းကျဉ်း၍အသားထူသော ဝါးလုံးမာမာ ဝါးရင့်ကို ရွေးခုတ်ရသည်။ ကံ့ကူတံ၏ အလုံးပမာဏမှာ ဖောင်တိန်လုံးလောက် ဖြစ်သည်။ အရှည်မှာ ခဲတံထက်ပင် အနည်းငယ်ရှည်သေး၏။ တစ်ထွာခန့် ရှိလေသည်။ ကံ့ကူတံ၏ အဖျားတစ်ဝက်ကို တစ်ခြမ်းရွေခုတ်ထားသည်။ ထိတ်ပိုင်းကို တစ်ခါထပ်၍ ချွန်ထား၏။ ဤအချွန်နှင့် မျဉ်းသားရာတွင် ရေးကြောင်းရသလို စာပြစာသင်ရာ၌လည်း ဆရာက တပည့်၏လက်ကို သွေးပေါက်လုမတတ် ထိုးတတ်ကုတ်တတ်သည်။ အရင်းပိုင်း လက်နှစ်ဆစ်ခန့်ကို စပါးလုံးတစ်တောင့်၏ တစ်ဝက်ခန့်အနက် အစောက် ပတ်ပတ်လည် ဓားနှင့်ရွေပြီး လှီးထုတ်ထားသည်။ ထိုလှီးထုတ်ထားသောနေရာကို သစ်စေး တိုက်ထားသော အပ်ချည်ကြိုးနှင့် ပတ်လည်ရစ်ပြီး ကြိုးစကိုအစဖျောက်ရသည်။ ထိုကြိုးရစ်အစဖျောက်ထားသော ကံ့ကူတံ အရင်းပိုင်းကို သစ်ခေါက် သစ်စေးတို့နှင့် တစ်ခါထပ်တိုက်ရသည်။ ဤသို့ ကံ့ကူတံအရင်းပိုင်းကို ကြိုးပတ်ပတ်လည် နှစ်မြှပ်ရစ်ချည်ထားရခြင်းသဘောမှာ ကံ့ကူတံထဲ ကံ့ကူဆံ ထည့်သောအခါ ဝါးလုံးကံ့ကူတံ ကွဲမသွားအောင်၊ အက်ကြောင်းပေါ်မသွားအောင် ဖြစ်လေသည်။

ဤကံ့ကူတံ ကောင်းကောင်းလှလှလေးတွေကိုလည်း ကျောင်းသားကြီး၊ ကျောင်းသားဟောင်းတွေကသာ လုပ်တတ်လေရာ ကျော်စံမှာ ကျောင်းသားဟောင်း၊ ကျောင်းသားကြီးတွေ ခိုင်းသမျှ စေသမျှ မငြိုမငြင်လုပ်ပေးရလေသည်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေး နှစ်ဦးစသို့ပင် ရောက်နေပြီ ဖြစ်သော်လည်း ကျော်စံစာသင်ရသည်မှာကား ပုဂံခေတ်အတိုင်းသာ ရှိသေးလေသည်။ ကံ့ကူလက်လှည့် သင်ကြားဆဲပင် ရှိသေး၏။ တောင်ပေါ်ဒေသဖြစ်သဖြင့် ကျောက်သင်ပုန်း၊ စာအုပ်စာတမ်းတွေမှာ သူတို့ဆီမှာ ရှားပါးတုန်းသာ။

ထို့ကြောင့်လည်း သူတို့ရွာတွင် စာမတတ်သူများလေသည်။ အမျိုးသမီးများကို မဆိုထားနှင့် အမျိုးသားများပင် တစ်ရာမှာ ခုနစ်ဆယ့်ငါးယောက်လောက်သာ သေစာ ရှင်စာ တတ်ကြလေသည်။ အလုပ်အကိုင်မှာလည်း လယ်မရှိသော တောင်ပေါ်ဒေသဖြစ်သဖြင့် စူးထိုးစပါးနှင့် သစ်လုပ်ငန်းတွင် ဆင်ဦးစီး ဆင်နောက်မြီးဆွဲ၊ သင်းသတ်၊ သစ်ခုတ် အလုပ်ကိုသာ အများဆုံးလုပ်ကြလေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးပြီဖြစ်သော်လည်း သူတို့ဒေသ၌ကား ပိန်းပိတ်အောင် မှောင်ဆဲ၊ အလင်းရောင်မှဲ့ဆဲပင်တည်း။ ထိုစဉ်က သစ်လုပ်ငန်းသင် ပုလွေကုမ္ပဏီပိုင်သာ ရှိသေးလေသည်။

သုံးလလောက် ပျောက်သွားသော အဖေသည် ဆောင်းဦးတွင်မှ ကျော်စံဆီသို့ ရောက်လာသည်။ သား ဘုန်းကြီးကျောင်းနေရတာ ပျော်ရဲ့လားဟု

www.burmeseclassic.com

www.burmeseclassic.com



ခရီးရောက်မဆိုက်မေးသည်။ ထုသား ပေသားကျနေပြီဖြစ်သော ကျော်စံက ခေါင်းမခါမိ။ မပျော်ဘူး၊ မနေချင်ဘူးဟုလည်း မပြောမိ။ ကျောင်းသား ရွယ်တူ အပေါင်းအဖော်တွေလည်း ရနေပြီး ကျောင်းပါးလည်း ဝနေပြီဖြစ်သဖြင့် မပျော်သော်လည်း မပျင်းတော့ပေ။

"အဖေတို့ ဆင်ဖမ်းလို့ ရခဲ့လား ဟင် ..."

"ရခဲ့တာပေါ့သားရယ် ... ၊ ဆင်ဖမ်းရလို့ သားအတွက် ဖေဖေ အင်္ကျီ လုံချည်၊ စောင်တွေ ဝယ်လာတာပေါ့"

သူ့အဖေက အင်္ကျီသစ် လုံချည်သစ်တွေ၊ ဘာဘူ ဖြူစောင်တွေကို ထုတ်ပြသောအခါ ကျော်စံမှာ အတိုင်းမသိ ပျော်သွားသည်။

"အဖေတို့ ဆင်တွေက ဘယ်မှာ ထားခဲ့လဲဟင်၊ သားသား ကြည့်ချင်လိုက်တာ"

"နောက်တော့ ကြည့်ရမှာပေါ့ သား သားရယ်"

"ဆင်တွေ ရွာကို ယူမလာခဲ့ဘူးလား ဖေဖေရယ်"

"ဆင်တွေ အရိုင်းတွေပဲ ရှိသေးတယ် သားရယ်၊ ဘယ်ယူလာလို့ဖြစ်မလဲ၊ ယဉ်အောင်သင်ရဦးမယ်လေ"

"ကျွန်တော် ကြည့်ချင်လိုက်တာ"

"နောက်တော့ ကြည့်ရမှာပေါ့သားရယ် ... ခုဘုန်းတော်ကြီးကျောင်းမှာ သားသား ဘာတွေလုပ်ရလဲ၊ ဖေဖေ့ကို ပြောစမ်းပါဦး"

"မနက် ငါးနာရီထိုး ထရတယ်၊ ဘုရားရှိခိုးရတယ်၊ ဘုရားရှိခိုးပြီးရင် အရုဏ်ဆွမ်းကပ်ရတယ်၊ ရွာက လာပို့ကြတာလေ ဖေဖေ ...."

"အေး ... ဟုတ်ပြီ ... ပြီးတော့ကော"

"ဘုန်းကြီး ကိုရင်တွေဘုဉ်းပေးပြီးရင် သားသားတို့လည်း အရုဏ်ဆွမ်းစားရတယ်၊ အရုဏ်ဆွမ်းစားပြီးရင် စာကျက်ရတယ်၊ ကိုးနာရီဆိုရင် ကျောင်းသားကြီးတွေ ရွာထဲကို ဆွမ်းခံဝင်ရတယ်၊ သားသားကငယ်သေးလို့ မလိုက်ရဘူး၊ စမ်းပေါက်မှာ ရေသွားခပ်ရတယ်၊ ဝါးပိုးကျည်တောက်တွေနဲ့ ကျောင်းသားကြီးတွေက အိုးနဲ့ ခပ်တယ်၊ သားသားတို့ကတော့ ရေအိုးကွဲမှာစိုးလို့တဲ့၊ ပြီးတော့ စာရေးရတယ်၊ နေ့လယ်ဆွမ်းစားပြီးလို့ တစ်နာရီထိစာရေးရတယ်ဖေဖေ၊ တစ်နာရီထိုးရင် ရေသွားချိုး၊ ရေခပ်၊ သုံးနာရီထိုး သင်စာကျက်၊ ငါးနာရီထိုးရင် ဆွမ်းကျန်တွေကို ပြန်နွှေးစားကြတယ်၊ အိမ်ရှိတဲ့ လူတွေက ရွာပြန်စားတယ်၊ ဖေဖေ ရောင်းထားခဲ့လို့ သားကအိမ်မှမရှိတာ"

နောက်တော့ ရောင်းထားခဲ့တဲ့ အိမ်ထက်ကြီးကြီး အဖေ ဆောက်ပေးပါ့မယ်"



သူ့သားစိတ်ထိခိုက်သွားသည်ဟု ထင်ပုံရသည်။ ထို့ကြောင့် စကားလွှဲမေး၏။

"နောက်တော့ကော သားဘာလုပ်ရသေးလဲ"

"ညခုနစ်နာရီ ဘုရားရှိခိုးရတယ် ဖေဖေ၊ ဘုရားရှိခိုးပြီးရင်စာအံ၊ ကိုးနာရီထိုးရင်အိပ်ရတယ်"

တစ်နေ့တာ ကျောင်းထုံးစံကို သူ့အဖေအား ကျော်စံကပြောပြ၏။

"သား ခု စာတော်တော်ရနေပလား"

"ကကြီး ကသတ်ကက် ရောက်နေပြီဖေဖေ"

"ဟာ ... သား သိပ်တော်တာပဲ"

"ဟုတ်တယ် ဖေဖေ၊ ဘုန်းကြီးကလည်း ပြောတယ်၊ ဒကာရွှေကျော့်သား ဉာဏ်ကောင်းတယ်၊ နောက်နှစ်မိုးဦးကျရင် သင်ပုန်းကြီးကုန်ပြီတဲ့"

ဘုန်းကြီးစကားကို အဖေ့အား ပြောပြသည်။ အဖေကလည်း ဝမ်းသာသွားသည်။

"ကဲ ... ငါ့သားစာတော်တယ်၊ ခု အဖေတို့ရထားတဲ့ဆင်ကို ဘယ်လို စာရေးမလဲ၊ အဖေ့ကို ဆိုပြစမ်း"

"ဆလိမ် ကသတ်ဆက် ဆိုတော့ ဆလိမ်သေတ် ဆင် ပေါ့ အဖေရေ့"

"ဟေး ... ဒါမှ ငါ့သားကွ၊ သားသိပ်တော်တယ်၊ လာလာ ဆရာတော်ဆီ သွားရအောင်"

ဦးရွှေကျော်က သားကျော်စံကို ဘုန်းကြီးရှိရာသို့ ချီရွက်သွားသည်။ ဘုန်းကြီးကို ဝတ်ပြုသည်။ ကျော်စံကို ဘုန်းကြီးဆီ၌ ထပ်အပ်သည်။ ဘုန်းကြီးကို ဒင်္ဂါးငွေ ကပ်သည်။ ကျော်စံအတွက် ကွမ်းကူဆံဝယ်ရန် ပိုက်ဆံကို အပ်သည်။ ဆင်မိလာသည့် အကြောင်းလည်း ဘုန်းကြီးကို လျှောက်သည်။

"အေး၊ ဒကာတို့ဆင်ရတယ်ကြားလို့ ဘုန်းကြီးလည်း ဒကာလာလိမ့်မယ်တော့ ထင်နေတာ၊ ဒကာကြီးသားက ဉာဏ်တော့မဆိုးဘူး၊ ဒါပေမဲ့ ညစ်တစ်တစ် ကပ်တတ်တတ် အကျင့်တော့ ရှိတယ်၊ ရန်ဖြစ်လို့ သူခံထားရင် ကြီးကြီးငယ်ငယ် အလစ်ကို ပြန်တွယ်တတ်လို့ ဟိုလကတစ်ခါ ဘုန်းကြီးဆော်ပြီးပြီ၊ မေးကြည့်ပါလား"

ကျော်စံက ဘုန်းတော်ကြီးရှေ့တွင် ခေါင်းငုံ့ထားသည်။ သူ့အဖေမျက်နှာကို ပင် မကြည့်။

"ဟုတ်လား၊ သား နောက်ကို ရန်မဖြစ်ရဘူးနော်"

"ကျွန်တော့်ကို မတရားရိုက်တာကိုး ဖေဖေရယ်"

ဘုန်းကြီးက တစ်ဖက်သို့လှည့်၍ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မတရားလုပ်ရင် ဘုန်းဘုန်းကို တိုင်ရတယ် သားရယ်၊ ရန်မဖြစ်ရဘူးနော်၊ နောက် ရန်ဖြစ်တယ်ကြားရင် သားသားအတွက် ဖေဖေ အင်္ကျီ၊ လုံချည်တွေ ဝယ်မလာတော့ဘူးနော်၊ ရန်မဖြစ်ရဘူး"

ကျော်စံက ဘာမျှမပြောတော့။ သူ့အဖေက ဘုန်းကြီးကို ဆက်လျှောက်နေသည်။

"တပည့်တော် သုံးလတစ်ခါ၊ လေးလတစ်ခါပဲ လာနိုင်မယ်ဘုရား၊ အရှင်ဘုရားကိုပဲ အပ်ပါတယ်၊ မလိမ္မာရင် ဆိုဆုံးမပါ ဘုရား၊ မကျိုးမပဲ့ မကန်းရင် တပည့်တော် ကျေနပ်ပြီးသားပါ၊ တပည့်တော်တို့မှာ ဆင်ကျင့်ဖို့ အလုပ်ကလည်း ရှိနေသေးတော့ ခွင့်ပြုပါဦးဘုရား"

"ဒကာကြီးတို့ ခု ဘယ်မှာလဲ"

"တပည့်တော်တို့တော့ ခု ရိုးမထဲမှာပါဘုရား၊ တနွေလုံး ဆင်ကျင့်ရပါ့မယ်၊ မိုးဦးကျမှ ညောင်ခြေထောက်ဘက် ရွှေ့ရပါမယ်ဘုရား"

"အိမ်း ... ကောင်းပြီ ဒကာကြီးသားကိုလည်း မကြာမကြာ လာတွေ့ပေါ့"

"မှန်ပါ့ ဘုရား"

သူ့အဖေ ရိုးမထဲ ပြန်သွားသောအခါ ကျော်စံ၏ ရင်မှာ ဟာ၍ကျန်ရစ်သည်။ ပြန်ခါနီး သူ့အဖေ သူ့အား မှာသွားသောစကားကိုမူ ကျော်စံ အမြဲသတိရနေလေသည်။

"ရန်လိုရင် ရန်ပိုသည်"

"ရန်ကိုရန်ချင်း မတုံ့နှင့်"

ရန်ဖြစ်တတ်သည်ဆိုသောသားကို ဦးရွှေကျော်မှာ စိတ်မချ၍ မှာထားခဲ့သော စကား။

သူ့အဖေသည် သုံးလတစ်ခါ၊ လေးလတစ်ခါ သူ့ကို လာကြည့်တတ်သည်။ သူ့အဖေလာတိုင်း အင်္ကျီ၊ လုံချည်၊ ခြုံစောင်တို့ ဝယ်လာတတ်သည်။ သူ့သားမှာ ပရိတ်ကြီးတက်ရတော့မည်ဆိုသဖြင့် ဆယ့်ငါးစောင်တွဲ ဘုတ်အုပ် (စာအုပ်) တစ်အုပ်လည်း ဝယ်လာပေးသည်။ မီးသွေးသင်ပုန်းနှင့် စာမကျက်ရတော့သဖြင့် ကျော်စံက ဝမ်းသာနေသည်။ သူ့ကို ပိုက်ဆံလည်း ပေးသွားသည်။ ဘုန်းတော်ကြီးဆီတွင် သူ့အဖေ သူ့အတွက် ပိုက်ဆံအပ်သွားသည်ကိုလည်း သိသည်။

သည်လိုနှင့်ကျော်စံသည် ဘုန်းတော်ကြီးကျောင်းတွင် သုံးနှစ်ခန့်ကြာသွားသည်။ အသက်က ဆယ့်တစ်နှစ်။

နွေလတစ်နေ့မှာ သူ့အဖေ ရောက်လာပြီး ဘုန်းတော်ကြီးကို လျှောက်သည်။



"တပည့်တော်တော့ ညောင်ကန်ရွာမှာ အခြေစိုက်ဖြစ်လိမ့်မယ်ထင်ပါတယ်ဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်နဲ့ ဆင်နှစ်ကောင် အစုစပ်ရထားတဲ့ ဦးလှဘော်ဆိုတာ ညောင်ခြေထောက်ရွာသား ဘုရား၊ သူနဲ့ တပည့်တော်တို့ ရထားတဲ့ဆင်နှစ်ကောင်မှာ အကြီးတစ်ကောင်နဲ့ အငယ်တစ်ကောင်ဆိုတော့ ခု အကြီးဆင်ကောင်နဲ့ပဲ သစ်ဆွဲရပါမယ်ဘုရား၊ သူက တပည့်တော်ထက် ဆင်ကျွမ်းကျင်တဲ့လူမို့လို့ ခု အကြီးဆင်မကို သူ့ပဲကြပ်မတ်ခိုင်းထားရပါတယ်၊ အငယ်ဆင်ကိုတော့ တပည့်တော်က ကြပ်မတ်ဦးစီးလုပ်နေရပါတယ်"

"ဒါဆိုလဲ ဒကာကြီးက ဘာလို့ညောင်ကန်မှာ အခြေချမှာလဲ၊ အလုပ်တူ စီးပွါးဘက်ရှိတဲ့ ညောင်ခြေထောက်မှာပဲ ဟိုဒကာနဲ့ အတူနေပြီး ညောင်ခြေထောက်မှာပဲ အခြေချလိုက်ပေါ့ဗျ"

"မှန်ပါ့ဘုရား၊ ညောင်ခြေထောက်နဲ့ ညောင်ကန်ဟာ နီးနီးကလေးမို့ ဒါကတော့ ပြဿနာမရှိပါဘုရား၊ ညောင်ကန်နေနေ ညောင်ခြေထောက်နေနေ ရပါတယ်၊ ဒါပေမဲ့တပည့်တော်က ဒီကောင့်ကို စာသင်ကျောင်း ဆက်ထားပေးချင်လို့ ညောင်ကန်မှာ စာသင်ကျောင်းရလို့ပါဘုရား"

"သြော် ... ဒီလိုလား၊ ကောင်းသားပဲ ဒကာကြီးရဲ့၊ သစ်လုပ်ငန်းမှာ ဝန်ထောက်တွေ၊ အရာရှိ အရာခံတွေကိုမြင်ရလို့ အားကျလာပြီထင်တယ်၊ ကောင်းပါတယ် ကောင်းပါတယ်၊ ဒီကောင်က ဉာဏ်ကောင်းတယ်၊ ကြိုးစားပညာသင်ပေးနိုင်ရင် ထွန်းထွန်းပေါက်ပေါက် ဖြစ်မှာပါ၊ ကျုပ်ကလည်း အရေးပိုင်ဆရာတော်၊ ဝန်ထောက်ဆရာတော်ဖြစ်ရ နည်းလားဗျ၊ ဟေ့ကောင် မင်းဝန်ထောက် အရေးပိုင်ဖြစ်သွားရင်သာ ကွဲကူလက်လှည့်ဆရာ ငါ့ကိုမမေ့မသွားနဲ့နော်"

ဘုန်းတော်ကြီးကလည်း အသာတကြည်ပင် ခွင့်ပြုလိုက်သည်။ ဦးရွှေကျော်မှာလည်း သားအတွက် ရည်ရွယ်ချက်ကြီးစွာနှင့်မို့ ညောင်ကန်သို့အလာ လမ်းမှာ ခြေထောက်မြေမထိဖြစ်လာလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[၇]

ညောင်ကန်ရွာရှိ အဘွားကြီး တစ်ယောက်အိမ်တွင် ကျော်စံကို သူ့အဖေက အပ်ထားသည်။ အဘွားကြီးမှာ သားသမီးမရှိ၊ ဆွေမျိုးအရင်းအချာ မရှိသဖြင့် ကျော်စံကို သားမွေးပမာ ခင်သည်။ ညောင်ကန်တွင် လောကဓာတ် ကျောင်းနေရသည်ကို ကျော်စံပျော်သည်။ လောကဓာတ်ကျောင်းမှာ သူအလျင် နေခဲ့ရသော ဘုန်းကြီးကျောင်းလို ကံ့ကူဆံနှင့် မီးသွေးသင်ပုန်းနှင့် မဟုတ်တော့။ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဗလာစာအုပ်၊ ခဲတံတို့နှင့် ဖြစ်သည်။ အဖေစောစောကပင် ဒီလိုကျောင်းမျိုးမှာ ဘာလို့လာမထားပါလိမ့်ဟုပင် အဖေ့ကို စိတ်ထဲက အပြစ်တင်မိသည်။

ညောင်ကန်နှင့် ညောင်ခြေထောက်မှာ နီးနီးလေးဟု ပြောသော်လည်း ဆင်သမားစကားမို့ ဆင်စီးသွားသောဆင်သမား အတွက်သာ နီး၏။ လူ့ခြေနှင့်ဆိုလျှင် နေ့တစ်ဝက် ခရီးသာသာ ရှိသည်။ ထိုခရီးကို ကျော်စံ့အဖေသည် တစ်ပတ် တစ်ခါ နှစ်ခါ ဆင်နှင့်လာလေ့ရှိသည်။ သူသည် ညောင်ကန်၌ အမြဲ မနေပေ။ သူ အချိုးကျပိုင်သော သစ်ဆွဲဆင်ရှိရာ သစ်လုပ်ငန်းနှင့်လည်းနီးရာ ညောင်ခြေထောက်၌သာ အနေများလေသည်။

ဦးရွှေကျော်သည် ညောင်ကန်ရှိကျော်စံဆီလာလျှင် မိုးလုံးကို စီး၍လာတတ်သည်။ ထိုစဉ်က မိုးလုံးမှာ အမိနောက်လိုက် ဆင်သာသာ သာရှိသေးသည်။ ဝန်တင်ဆင် အဆင့်ကိုပင် သင်ကြားကြပ်မတ်ရတုန်း။

"လာလူလေး .... ဆင်စီးမလား"

ညောင်ကန်သို့ လာလျှင် ဦးရွှေကျော်သည် ကျော်စံအား ဆင်ပေါ်ခေါ်တင်တတ်၏။ သူ့သားကိုသာ မဟုတ်၊ သူ့သားသူငယ်ချင်း ကျောင်းသူကျောင်းသားတွေကိုလည်း ဆင်ပုခက်ထဲထည့်၍ ရွာကိုပတ်ခြင်း၊ စာသင်ကျောင်းကို ပတ်ခြင်း ပြုလုပ်ပေးတတ်သည်။ ကလေးတွေနှင့် ပျော်နေတတ်သည်။ ထို့ကြောင့် ကျော်စံ့သူငယ်ချင်း ကျောင်းသားတွေကလည်း ဆင်စီးချင်ကြသဖြင့် ကျော်စံ့အဖေကိုသာ မျှော်နေတတ်ကြသည်။

ကျော်စံ့အဖေက ကလေးတွေကို ဤသို့ဆင်ပေါ်တင်ပြီး ဟိုဟိုဒီဒီ လျှောက်



စီးပြရခြင်းမှာ ရည်ရွယ်ချက် နှစ်ခုပါသည်။ တစ်ခုမှာ ကလေးများကိုပျော်ရွှင်စေပြီး သူ့သားအာဂန္တုအား ရွာခံကလေးတွေက ခင်မင်လာအောင် ဖြစ်သလို တောထဲက ဖမ်းလာသော အရိုင်းကလေးမိုးလုံးကိုလည်း လူတောတိုးပြီး ယဉ်ပါးအောင် ဟူသောရည်ရွယ်ချက် ဖြစ်လေသည်။

ဤသို့နှင့် ကျော်စံ့အဖေသည် ညောင်ကန်နှင့် ညောင်ခြေထောက်ကို ကူးချည်သန်းချည် ရက်ကန်းသည်ဖြစ်နေလေသည်။ ညောင်ခြေထောက်ရွာ၌တော့ ဦးရွှေကျော်သည် သီးခြားအိမ်ရှာမနေဘဲ သူနှင့်အလုပ်တူ စီးပွါးဘက် ဦးလှဘော် အိမ်၌သာနေလေသည်။ သူသည် ဦးလှဘော်နှင့်အတူ သစ်ဆွဲရာသို့ လိုက်ရသည်။ ဦးလှဘော်စီးသော ဆင်မကြီးမြင်မတိန်နှင့် ဦးလှဘော်တို့သစ်ဆွဲနေလျှင် သူကလည်း မိုးလုံးကိုစီးပြီး အလုပ်သင်သဘော သူတို့အနားတွင် လိုက်ပါနေရသည်။ ဆင်မကြီးမြင်မတိန်သစ်ဆွဲနေသည်ကို မိုးလုံးမျက်စိယဉ်ပါးနားယဉ်ပါး ဖြစ်အောင် ပြသရခြင်းဖြစ်လေသည်။

ဆင်မကြီးမြင်မတိန် သစ်ဆွဲ၍ ရသော အခကြေးငွေထဲမှ ကျော်စံ့အဖေ ဦးရွှေကျော်သည် လေးပုံတစ်ပုံသာ ရသည်။ သို့သော် သူကျေနပ်သည်။ သူ အပိုင် ရထားသော မိုးလုံးမှာ နောက်သုံးလေးနှစ်ကြာလျှင် အာဇာနေယျ၊ ဂန္ဓဟတ္ထိနှင့် ပဏ္ဍရ၊ တမ္ဗစသည့် ကျော်ဟိုး ဆင်ဆယ်မျိုးတို့တွင် တစ်မျိုးသော ဆင်ပြောင် အားကြီးကို ဆောင်နိုင်သော ဆင်ပြောင်ဆင်ပေါက် ဖြစ်လာမည်ကို တွေး၍ ပီတိဖြစ်နေလေ၏။ ယခု သူတို့သားအဖသည် ဦးလှဘော်ဆီမှ ဝေစု တစ်ပုံကိုနှင့် စားလောက်သည်။ နောက်လေးငါးနှစ်ဆိုလျှင် ကျော်စံလည်း အတန်းကြီးလာမည်။ မိုးလုံးလည်း လုံးလုံးလျားလျား ဆင်ပြောင် သစ်ဆွဲဆင်ကြီးဖြစ်လာမည်။ ထိုအခါ ငွေဆိုသည်မှာ တစ်နေ့ အစိတ်သုံးဆယ် ဘယ်လိုရှာရှာ ရပြီး သားကို မြို့ကျောင်းပို့မည်။ ဘုန်းတော်ကြီး အမိန့်ရှိခဲ့သလို ဝန်ထောက်၊ မြို့အုပ်၊ အရေးပိုင် ဆရာတော် ဖြစ်သလို သူသည်လည်း ဝန်ထောက်အဖေ၊ အရေးပိုင်အဖေ၊ မြို့အုပ်အဖေ ဖြစ်လာရမည် မဟုတ်ပါလား။

ဤအတွေးတွေနှင့် ဦးရွှေကျော်က ပျော်နေသလို၊ ကျော်စံမှာလည်း တစ်နှစ် တစ်တန်း စာမေးပွဲအောင်သဖြင့် ပျော်နေလေသည်။

ဤသို့နှင့် ကျော်စံ ငါးတန်းတက်ရသော နှစ်မှာတော့ ကြမ္မာဂြိုလ်ဆိုးသည် သူတို့ သားအဖကို စတင် ထိုးနှက်လေတော့သည်။

မှတ်သုံတို့ နိုးထစသည် အတန်းကျောင်း စဖွင့်သော ကာလဟု ကျော်စံ အမှတ်ရနေမိသည်။

ကျော်စံမှာ ငါးတန်းကိုရောက်နေလေပြီ၊ ကျောင်းလည်း တက်နေရသည်။

www.burmeseclassic.com



တောင်ငွေ့မြားတန်းတို့သည် ရံဖန်ရံခါ ကျောင်းခေါင်မိုးပေါ် ကျလာတတ်သည်။ ကျောင်းဝန်းကျင်သည် မိုးပေါက်မိုးစက်တို့ကြားတွင် မှုန်ဝါးနေတတ်သည်။ ရိုးမနှင့် နီးသောအရပ်မို့ မိုးရွာပြီဆိုလျှင် တောင်နိုး တောင်ငွေ့များသည် ရွာသို့ပင် လိမ့်ဆင်းလာတတ်သည်။ လေပြင်းနေသဖြင့် တောင်မှ ထွက်သော တောင်နိုးတို့သည် တောင်ထိပ်မိုးပေါ် ကျော်မတက်နိုင်ကြ။ တောင်ကြား၊ ချိုင့်ကြား ရွာနားထိ လာရောက်ပုန်းခိုနေတတ်ကြသည်။ ထိုအခါ မိုးနှင့်မြူမိုး တောင်နိုးတွေဖုံး၍ သူတို့ညောင်ကန်ရွာသည် မှိုင်းပြာမှုန်ဝါးနေတတ်သည်။

သည်လို မှိုင်းပြာမှုန်ဝါးနေသော နေ့တစ်နေ့မှာပင် သူ့အဘွားကသူ့ကို စာသင်ကျောင်းမှာလာခေါ်သည်။

"ဘာလုပ်မလို့လဲ ဟင်.....အဘွား"

"မင်းအဖေက အခေါ်လွှတ်တာတဲ့"

"အဖေကလည်းဗျာ.....သူလည်းလာနေကျဥစ္စာ၊ သူလာလဲရသားနဲ့"

"မင်းအဖေနေမကောင်းလို့ အခေါ်လွှတ်တာတဲ့ လူလေးရယ်....."

"ဟင်....."

ဤတစ်ခါတော့ကျော်စံမှာ ဘာဆင်ခြေဆင်လက်မှပေးမနေနိုင်တော့။ ချက်ချင်း ဆရာ့ဆီခွင့်တောင်းကာ အဘွားနှင့်အိမ်သို့ပြေးလိုက်လာမိသည်။

အိမ်ဝင်းထဲမဝင်ခင်ကပင် အဖေလာလျှင်စီးနေကျ မိုးလုံးဆင်ကို လှမ်းမြင်လိုက်ရသည်။ အဖေ၏ရုပ်က ဆင်ပေါ်တွင်ချက်ချင်းပေါ်လာသည်။ အမြဲပျော်ပျော်နေတတ်သော အဖေ၏တဟားဟားရယ်သံကိုလည်း ကြားမိလိုက်သည်။

"ကျော်စံဆိုတာသူလား ကြီးကြီး"

"ဟုတ်တယ်ကွဲ့"

မျက်နှာစိမ်းညို့သည်က လှမ်းအမေးမှာ ကျော်စံကကြောင်သွားသည်။ အဘွားက ဟုတ်မှန်ကြောင်းပြောပြလိုက်သည်။

"ညီလေး.....မင်းအဖေနေမကောင်းလို့ မင်းကိုအစ်ကိုလာခေါ်တာ၊ ကဲ.....လိုက် အစ်ကို့မှာဆင်ပါတယ်၊ သွားကြမယ်"

ယခုထိ ကျော်စံမှာ ဘာပြောရမှန်းမသိသေး။ အမေ့အတွက်စိုးရိမ်စိတ်နှင့် တကိုယ်လုံးထူပူနေ၏။ ဆယ့်သုံးလေးနှစ်သားအရွယ်မှာ လူကြီးတွေလိုလည်း စကားမပြောတတ်သေး။ ဘယ်ကစ၍ဘယ်လို မေးရမှန်းမသိဖြစ်နေ၏။

"လူလေး.....အင်္ကျီလုံချည်လေးတွေ ယူသွားဦးမှပေါ့"

ကျောင်းလွယ်အိတ်ကိုပစ်ချကာ သူတစိမ်းညို့သည်နောက် ချက်ချင်း ထလိုက်သွားသော ကျော်စံကို အဘွားကသတိပေးသည်။

လာခေါ်သူညို့သည်က နောက်ပြန်လှည့်ကြည့်၍ပြော၏။



"ဟုတ်သားပဲညီလေးရယ်၊ အင်္ကျီလုံချည်တွေတော့ယူပါဦး"

အဘွားကပင်ပြင်ဆင်ပေးသည်။ ကျောင်းလွယ်အိတ်ထဲက စာအုပ်တွေကို နှုတ်၍ အင်္ကျီလုံချည်လေးတွေထည့်ပေးလိုက်သည်။

ဆင်ပုခက်ပေါ်တွင် တစ်ယောက်တည်းလိုက်လာရသည်ကို အားငယ်နေမိသည်။ ယခင်က အဖေသူ့ဆီလာပြီဆိုလျှင် ပုခက်ထဲတွင် စားစရာများ အဝတ်အစားများပါလာတတ်သည်။ နောက် ရွာရောက်ပြီဆိုလျှင်လည်း ဤပုခက်ပေါ်တွင် သူငယ်ချင်းများပြည့်နေတတ်သည်။ အဖေကရွာကိုပတ်စီးပြသည်၊ ကျောင်းကိုပတ်စီးပြသည်။ ရွာလယ်လမ်းမတွင်လည်း တရွေ့ရွေ့လျှောက်၍ ကလေးတစ်သိုက်နှင့် ပျော်ခဲ့ကြသည်။ ယခုတော့ အဖေနေမကောင်း၍ အခေါ်လွှတ်လိုက်သည်ဟုဆိုသည်။

တော်ရုံတန်ရုံ ဖျားနာမကျန်းဖြစ်ပုံတော့မဟုတ်။ သူ့ကိုပင်အခေါ်လွှတ်သည်ဟုဆိုလျှင် အသည်းအသန်သာဖြစ်ရမည်၊ လာခေါ်သူ၏မျက်နှာကို အကဲခတ်ကြည့်ပါသည်။ များစွာရွှင်ရွှင်လန်းလန်းမရှိ။ သူ့ရင်ထဲ အပူလုံးဆို့လာသည်။ အဖေ၏အခြေနေကို သိချင်စိတ်ပြင်းပြလာသည်။

"အစ်ကို.....အဖေတော်တော်ဖြစ်နေလားဟင်"

"အိမ်း ညီလေးအဖေရောဂါကတော့ နည်းနည်းကြီးတယ်"

"ဖျားတာလားဟင် အစ်ကို၊ ဘာဖြစ်တာလဲ"

"ရိုးမငှက်သင့်ရင်းက ထုံနစိုသံနိပါတ်ဖြစ်သွားတယ်လို့ ဆေးဆရာက ပြောတယ်"

ဆေးဆရာပင် ပင့်ထားရသည်ဟူသောရောဂါမှာ မသေးမှန်း ချက်ချင်းသူ သဘောပေါက်သည်။ သို့သော် ငှက်သင့်တာတို့ ထုံနစိုတို့ သံနိပါတ်တို့ဆိုသည်ကို သူမသိ။ ဘယ်လိုရောဂါမျိုးဟုမခန့်မှန်းတတ်။

"ငှက်သင့်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲအစ်ကို၊ ဖျားတာကိုလား"

"ဟုတ်တယ်"

သူ့ကိုလာခေါ်သူက ယတိပြတ်ပြောသည်။ သူကဆက်မမေးမိတော့။ အဖေ ဖျားနေသည်ဟု သာမန်သိလိုက်ရသည်။

"ရောက်တော့မလားအစ်ကို"

သူ့အဖေနေသွားသောညောင်ခြေထောက်ရွာကို ယခင်ကတစ်ခါမှမရောက်ဖူးသဖြင့် လာခေါ်သူကိုမေးရ၏။

"နေမဝင်ခင်တော့ရောက်မှာပါကွာ"

သူသည် အနောက်ဘက်တောင်တန်းဆီ ဆင်ပေါ်ကလှမ်းကြည့်သည်။ မှိုင်းပျနေသော အနောက်ရိုးမတောင်တန်းကြီးကို လှမ်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေလုံးသည် တောင်ထိပ်ပေါ်ရောက်ရန် ဝါးတစ်ရိုက်သာသာလိုသေးသည်။ နေရောင်ခြည်ကိုလုံးဝမမြင်ရ၊ အုံ့မှုံ့မှိုင်းမှုန်မှုန်မိုးသားထဲက နေဝန်းမှာ ရဲရဲနီနီပင် အရောင်မရှိ။ မိုးသားထုကြားထဲတွင် ယှဲ့ယှဲ့ဖျော့ဖျော့သာထွန်းနေသည်။

အားမရှိသောနေဝန်းကိုငေးကြည့်၍ စိတ်ထဲနောက်ကျုသွားမိ၏။ မျက်လုံးအိမ်ထဲ မျက်ရည်တို့လည်းဝေ့လာသည်။ စောစောက မိုးရွာသွားသဖြင့် စိမ်းဖန့်သောသစ်ရွက်များပေါ်တွင် မိုးရေစက်တို့တွဲခိုနေကြသည်။ ဆင်လမ်းနှင့် မလွတ်၍တိုးတိုက်မိသောအခါ သစ်ရွက်ပေါ်မှမိုးစက်တို့မှာ တဖြောက်ဖြောက် ကြွေသက်သွားကြသည်။

သူသည်မျက်ရည်စက်တို့ကို လက်ဖမိုးနှင့်သပ်သုတ်မိသည်။

အားနာသော်လည်းထပ်၍တစ်ခါမေးမိပြန်သည်။ အဖေ့ကိုမြင်လိုတွေ့လို စိတ်ကို ချုပ်တားမရလောက်အောင် ခံစားလာရသည်။

"နီးပြီလားဟင်အစ်ကို"

"ဟိုခင်တန်းကျော်ရင်ရောက်ပါပြီကွာ"

ဆင်ဦးစီးပြောသောခင်တန်းကို ဘယ်ခင်တန်းမှန်းသူမသိ။ သူ့ရှေ့တွင် ခင်တန်းတွေကအများကြီး။ ဆင်ဦးစီးကလည်းလက်ညှိုးညွှန်၍ တိတိကျကျမပြ။ မေးဆတ်၍သာဆို၏။

ဘယ်ခင်တန်းပါလိမ့်။ ထပ်၍မမေးမိတော့။ ရွာကိုရောက်ရန်၊ အဖေနှင့် တွေ့ရန်မှာ ခင်တန်းသည်သင်္ကေတတစ်ခုပါလား။

ဘယ်ခင်တန်းမှန်းမသိသဖြင့် ဆင်ပေါ်ထက်က ခင်တန်းကမူတိုင်းကို လှမ်းကြည့်မိသည်။ အုတ်ဂူဖြူဖြူနှင့်ခင်တန်းတစ်ခုကို လှမ်းမြင်လိုက်ရလေသည်။ သူ့ကျောထဲစိမ့်သွားမိ၏။

သင်္ချိုင်းသည် ရွာနှင့်နီးသောအရပ်မဟုတ်ပါတကား။

■

[၈]

"လာ လူလေး"

ဆင်ပေါ်ကပင် မဆင်းရသေး။ လူကြီးတစ်ယောက်က သူ့ကိုလက်ကမ်းလာ၏။ တစ်ခါမှ မရောက်ဖူးသော အရပ်၊ မမြင်ဖူးသော မျက်နှာစိမ်းများ။

စိတ်ထဲ တွေနေသည်။ ရင်ထဲ တင်းကျပ်နေသည်။ အမြင်အားလုံး ဝါးနေ၏။ မိမိ၏ ရင်ခုန်သံကို မိမိ ပြန်၍ ကြားနေမိသည်။ အမှောင်သည် လောကထဲသို့ စတင်ဝင်ရောက်ရန် အားပြုနေသည်။

လက်ကမ်းလာသော လူကြီးနောက် လိုက်လာရသည်။ ခြေတံရှည် အိမ်ကြီးတစ်ဆောင်ပေါ် တက်လာကြသည်။ လက်ဆွဲခါတ်မီးရောင်ထဲတွင် ဆယ်ယောက်ခန့် ကို အိမ်ပေါ်တွင် ဝိုးတဝါး မြင်နေရသည်။ သူက တစ်ယောက်တလေ ကိုမှ မသိ။

လှမ်းအကြည့်လိုက်တွင် မူးမေ့မတတ်ဖြစ်သွားမိသည်။ ရင်ထဲ ရုတ်ချည်း ဆို့သွား၏။ သူ့အဖေမျက်နှာဟုပင် မထင်မိ၊ ယုံကြည်စရာမရှိ။ တခြားတစ်စုံ တစ်ယောက်လားဟုပင် ထင်မိသည်။ ထုအမ်းဖော့သွပ်နေသော မျက်နှာကြီးတစ်ခုကို အဝတ်ဖြူထဲမှ ဖော်ထားကြသည်။

"ဖေ ... ဖေဖေလားဟင် ... ဒါ ဖေဖေလား"

ယောင်ယမ်းအော်လိုက်မိသည်။ ချက်ချင်းအရူးတစ်ယောက်လို ခံစား လိုက်ရသည်။ မျက်လုံးအစုံကလည်း ပြာဝေသွားသည်။ မိမိအဖေဟု စိတ်ထဲက သိနေသော်လည်း လန့်နေမိသည်။

"ထိုင် ... ထိုင် လူလေး"

ယိုင်နဲ့သွားသော သူ့လက်ကို တစ်စုံတစ်ယောက်က လှမ်းဆွဲမှန်းသိသည်။ ထိုင်နိုင်းသောအသံကို နားထဲတွင် မကြားမိသော်လည်း ချည့်နဲ့စွာ ထိုင်ပြီးသား ဖြစ်သွားသည်။ သူ့မျက်လုံး အစုံသည် ပို၍ဝိုးဝါးလာသည်။

တမိုးချုပ်လေပြီ။

အဖေသည် သူ့ကိုလုံးဝ စကားမပြောနိုင်တော့။ အမောဖောက်နေသော သည်။ လည်ချောင်းမှ သလိပ်တက်ဆောင့်သံကို တဂတ်ဂတ်ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နားကို ပိတ်ထားမိသော်လည်း အမြင်တွင်ကြားနေသည်။ မျက်စိကို စုံမှိတ်ထားသော်လည်း အကြားတွင် မြင်နေသည်။ အမြင်အကြားတို့ ယှက်ဖြာ၍ အဖေ၏ မချိမဆန့် အသက်ရှူနေရပုံကို ကြားနေ မြင်နေမိသည်။

အမှောင်သည် ပို၍ သိပ်သည်းလာသည်။ ညသည် ပို၍ နက်ရှိုင်းလာသည်။ လေသည် ပို၍ ပြင်းလာသည်။ သစ်ပင်တို့ တစ်ပင်နှင့်တစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းနှင့် တစ်ကိုင်း ပွတ်တိုက်မိ၍ မြည်သောသစ်ကြိတ်သံသည် မှောင်မိုက်အေးစိမ့်နေသော ညတွင် မင်္ဂလာမဲ့သော ညည်းညူသံသဖွယ်ပင်။

မိုးသည် ဝေါခနဲ ရွာချလိုက်သည်။

ညငှက်တစ်ကောင်၏ အထိတ်တလန့်အော်မြည် ပျံသန်းသွားသံသည် မှောင်မည်း တိတ်ဆိတ်နေသော ညကို လန့်နိုးသွားစေလေသည်။

■

[၉]

အဖေ၏ အမှာစကား တစ်ခွန်းတစ်စကိုပင် မကြားလိုက်ရ၊ အဖေဟု ခေါ်လိုက် သော သူ့အသံကိုလည်း အဖေကြားသွားပုံမရ။ ညကအဖေဆုံးပါး သွားသည်။

အဖေ၏ အလောင်းကောင်ထည့်ထားသော ခေါင်းကို ဂျပန်ငွေစက္ကူ တစ်ရာတန်၊ တစ်ထောင်တန်တွေနှင့် ပတ်ပတ်လည် ကပ်ထားကြသည်။ ဤငွေစက္ကူများသည် ယခင်က အဖိုးအနဋ္ဌထိုက်တန်ကောင်း ထိုက်တန်ခဲ့ကြပေလိမ့်သည်။ ယခုတော့ ဘာမှအသုံးမကျတော့။ သူ့ခေတ်ကုန်သွားပြီ။ အဖေ့အလောင်းနှင့်အတူ မြေမြှုပ်ခံရပေတော့မည်။

အသုဘလိုက်ပို့သူများက မနည်း၊ လေး ငါးဆယ် ရှိသည်။ အဖေသည် ဤရွာ၌ ဧည့်သည် ဖြစ်သော်လည်း ဦးလှဘော်၏ မိတ်ဟောင်းမိတ်သစ်များက စည်စည်ကားကား လိုက်ပါပို့ဆောင်ကြသည်။ တောရွာတို့၏သဘာဝအတိုင်း ဝိုင်းဝန်းကူညီကြသည်။ မိုးရွာကြီးထဲ၌ပင် ညည်းညည်းညူညူမရှိကြ။

ခေါင်းထမ်းရသူများသည် မိုးရေထဲ ရွှံ့ရွှံ့စိုနေကြသည်။

ကျော်စံသည် သရဏဂုံတင်ရန် ကန်တော့ပွဲကို ရွက်၍ ဦးလှဘော်အနောက်မှ ယှဉ်လိုက်သည်။ ရှေ့က သွားဟု ဦးလှဘော်က ဆိုသော်လည်း သူ့ခြေလှမ်းအား ရှေ့ကို သိပ်မရောက်မိ။ ချမ်းသည်၊ အေးသည်၊ မိုးရွာသည်၊ လေတိုက်သည်တို့ကို သတိမထားမိ။ စိတ်ထဲမှာ မွန်းကျပ်နေသည်။ အိပ်မက်လို ခံစားနေရသည်။ တ(၊)ယ်လား ... အိပ်မက်လားဟုပင် ဝေခွဲမတတ်သော အတွေးနှင့် အဖေ၏ အလောင်းကို မြေချရန် လိုက်ပါနေရသည်။

လက်နှစ်ဖက်နှင့် ပွေ့ပိုက်ထားသော ကန်တော့ပွဲထဲ ခမောက်အား မိုးရေစက်တို့သွန်ကျလာသည်။ ကန်တော့ပွဲထဲတွင် အုန်းသီးတစ်လုံးနှင့် ငှက်ပျော သီးအစိမ်းနှစ်ဖီးရှိသည်။ ကွမ်းရွက်နှင့် ဆေးရွက်ကြီးကို ဝါးခြမ်းပြား တုတ်ချောင်း တစ်ခုနှင့် ညှပ်၍ အုန်းသီးခွံပေါ် ထိုးစိုက်ထားသည်။

ကျော်စံသည် သူ၏ခြေလှမ်းကို လူကြီးများနှင့် ယှဉ်၍ တရွေ့ရွေ့လှမ်းနေ ရသည်။ ဘုန်းတော်ကြီးကို အစိုခံ၍ထီးမိုးပေးသော်လည်း ဘုန်းတော်ကြီးအား

www.burmeseclassic.com



ထီးမိုးပေးသူပါ ရွှဲရွှဲစိုနေကြသည်။ နောက်တော့လည်း ဘာမှမထူး၊ အားလုံး ရွှဲရွှဲစိုကြရသည်။ ဤလမ်းသည် အားလုံး အတူလာသော လမ်းဖြစ်သည်။ အတူ သွားကြရမည်၊ အတူပြန်ကြရမည်။ ရှေ့နောက် အနေအထားသာကွာမည်။

မရဏဇရပ်ပေါ်တွင် ဘုန်းတော်ကြီးထိုင်ရန် ဖျာခင်းပေးရသည်။ ဘာမှ မထူး၊ ဖျာလည်းရေစိုနေသည်။ သရဏဂုံ ပေးသော ဘုန်းတော်ကြီး၏ အသံမှာ ချမ်း၍တုန်နေသည်။ လေကအဆမတန် တိုက်နေသဖြင့် အကာမဲ့သော သာလာယံ ဇရပ်ကြမ်းခင်းတပြင်လုံး ရေစိုနေသည်။ အမှန်က ကြမ်းခင်း တပြင် သာမဟုတ်၊ တလောကလုံး စိုရွှဲနေသည်။ အေးစိမ့်တုန်ရိုက်နေကြသည်။ ကျော်စံ၏ ရင်ထဲမှာမူ မအေးမချမ်း၊ အပူတွေပြည့်သိပ်နေ၏။ သူတစ်ယောက် တည်း အပူငွေ့ပြန်နေ၏။

သက်ပျောက်ဆွမ်းကျွေးပြီးပြီ ဖြစ်သော်လည်း သရဏဂုံ ထပ်တင်ရသည် ကို ဘုန်းကြီးကျောင်းသား ကျော်စံက အဖေသေမှ သတိထားမိသည်။ ဘုန်းကြီး ကျောင်းတွင် နှစ်နှစ် သုံးနှစ် နေလာသော်လည်း သတိမထားမိခဲ့။ သူငယ်ချင်း အပေါင်းအသင်းများ၏ အမိအဘတို့ သေကြသည်ကို ကြုံဖူးသည်။ အဖေသေ၍ လာခေါ်သော ကျောင်းသားများကို တွေ့ဖူးသည်။ အမေသေ၍ လာခေါ်သော ကျောင်းသားများကိုလည်း တွေ့ဖူးသည်။ ညီအစ်ကို မောင်နှမ သေ၍သွား ကြသော သူငယ်ချင်းများကိုလည်း အကြိမ် အခါပေါင်းများစွာ မြင်ဖူးကြုံဖူး သည်။ သူငယ်ချင်း အမေအဖေ၏ အသုဘအိမ်တွင် ဘုန်းတော်ကြီးနှင့် လိုက်သွား၍ ဟင်းကောင်း၊ ကျွေးကောင်း၊ ကျွေးမွေးကြသည်ကို လိုက်စားဖူး သည်။ များစွာ စိတ်မထိခိုက်မိ။ မိမိတွင် ယခုအဖေ ဆုံးသည်ကို ကြုံရမှ သည်လို ခံစားကြရမှာပဲဟု တွေးထင်မိသည်။ သို့သော် ရှေ့ရှေ့က သူငယ်ချင်း၊ ညီအစ်ကို မောင်နှမများ သေဆုံးကြခြင်းမှာ သူ့အဖြစ်လောက်မဆိုးဟု ခံစားနေရသည်။

မနေ့က အဖေ မသေသေး။ ဆင်နှင့်လိုက်လာစဉ်က ဆင်ဦးစီးပြ၍ ကြည့်မိခဲ့သောနေရာ။ ခင်တန်းကမူ အုတ်ဂူတွေနှင့် သရိုင်းသုသာန်မြေ။ အလာ တုန်းကပင် သတိပြုမိသော နေရာ။ ဤရွာသို့ ဝင်စတုန်းကပင် အမှတ်ထင်ထင် မြင်ခဲ့ရသော နေရာ။ ယခု အဖေသည် သူ၏အစခရီး နေရာ၌ပင် အဆုံးသတ် သွားလေပြီ။

ခေါင်းမြုပ်မည့် မြေကျင်းတွင်ရေတစ်ဝက်မျှ ပြည့်နေသည်။ အဖေသာ အသက်ရှိနေသေးလျှင်ဟု တွေးလိုက်မိ၏။ စိတ်ထဲ မွန်းကျပ်သွားသည်။ ခေါင်းက ရေထဲနစ်သွား၏။ မြေစာခဲတွေကို ပေါက်တူးနှင့် ယက်ဖုံးကြသည်။ သူနှင့် ဦးလှဘော်တို့က မြေစာခဲတွေကို လက်နှင့်ယက်ချကြ၏။ ဦးလှဘော် ပါးစပ် ထဲက တတွတ်တွတ် ရေရွတ်နေသည်ကို မြင်ရသည်။ အသံကိုမကြားရ၊



သူ့သူငယ်ချင်း အဖေအား ကောင်းရာမွန်ရာ ရောက်ပါစေဟု ဆုတောင်းနေပုံရ သည်။ မျက်လုံးထဲမှ မျက်ရည်တို့သည် မိုးစက်မိုးပေါက်နှင့် ပြိုင်၍ကျနေသည်။

အိမ်ပြန်ရောက်လာကြသည်။ တစ်ညလုံး တစ်နေ့လုံး ရွာသည့်မိုးက စဲသွားလေပြီ။ မိုးသည် အမြဲရွာမနေ။ ညနေတွင် နေခြည်ပျပျကို နောက်ဘက် သစ်ဆိုင်ကြားတွင် မြင်လိုက်ရသည်။ မနက်ဖြန်ဆိုလျှင် ....။

■

www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

နေခြည်သည် နေ့သစ်တစ်နေ့ကို မွေးဖွားလိုက်သည်။

မိုးရက်ထဲက နေခြည်သစ်သည်ပို၍ တောက်ပနေသည်။ စိမ်းလန်း နုဖက်သော သစ်ရွက်တို့သည် နေခြည်ထဲတွင် တဖျပ်ဖျပ် လှုပ်နေကြသည်။ လှဲ့လှဲ့တောက်နေကြသည်။ ငှက်ကလေးများ၏ စိုးစိုးစီစီ မြည်ကြသံကိုလည်း ကြားနေရသည်။ လောကသည် သာတောင့် သာယာ ရှိလေသည်။

"လူလေး"

ကျော်စံသည် တရုတ်စကားပင်ပေါ်က ငှက်ကလေးတွေကို ငေးကြည့်နေရာမှ မျက်နှာကို လှည့်လိုက်သည်။

ဦးလှဘော်သည် သူ့အနားသို့ လျှောက်လာသည်။ ခေါ်လိုက်သံက နူးညံ့သလို ခြေလှမ်းကလည်း ညင်သာသည်။ သူ့အနားတွင် ရပ်လိုက်သောအခါ ဦးလှဘော်၏ မျက်နှာမှာ ကြည်လင်သန့်စင်နေသည်။

"လူလေး ဘာမှအားငယ် မနေနဲ့နော်၊ လူလေးအဖေ ကိုရွှေကျော်နဲ့ ဦးကြီးဟာ ညီရင်းအစ်ကိုတမျှ ချစ်ကြတဲ့ မိတ်ဆွေမို့ ဦးရွှေကျော်သား လူလေးဟာ ဦးကြီးသား ပါပဲကွယ်၊ လူလေးအဖေကလည်း မှာထားခဲ့တယ်၊ လူလေးကို သားအဖြစ်မွေးစားပါတဲ့၊ သူမရှိတဲ့နောက်ပိုင်းမှာ စောင့်ရှောက်လိုက်ပါလို့ ဆုံးပါးခါနီး မှာသွားရှာတယ်၊ ညောင်ကန်ကို မပြန်ပါနဲ့တော့၊ ဦးကြီးဆီမှာပဲနေနော် လူလေး"

ဦးလှဘော်ကို မြင်ကတည်း တွေ့ကတည်းက ခင်မင်မိသည်မှာတော့အမှန်ပင်။ သူ့အနေမှာညောင်ကန်ကိုပြန်သွား၍လည်း အကြောင်းမထူးမှန်း သူသိသည်။ သူ လက်ရှိ နေနေသော အဘွားသည် ဆွေမျိုးမဟုတ်။ ညောင်ကန်မှာဆွေမျိုးဆို၍လည်း တစ်ယောက်မှမရှိ။ ထို့ကြောင့် ဦးလှဘော်၏ စကားကို သူက ငြင်းရန် အကြောင်းမရှိ။ သို့သော် .... နေမည်ဟုလည်း ဝန်မခံရဲ။ ဘယ်သွားရမှန်းလည်း သူမသိ။ သူ့မှာတစ်ကောင်ကြွက်မှတကယ့်တစ်ကောင် ကြွက်ဖြစ်သည်။

အဖေက မမျှော်လင့်ပဲ ဆုံးပါးသွားသောအခါ ကျော်စံအနေမှာ သောင်ပြင်



လွှတ်သော ခွေးတစ်ကောင် ပမာသာ။ ခွေးသည် သောင်ပြင်၌ လျှောက်နိုင်သော်လည်း သူ့ဘဝသည် ဘယ်အပေါ် လျှောက်ရမှန်း မသိသေး။

"လူလေး၊ ဟိုမှာတွေ့လား ..."

ဦးလှဘော် လက်ညှိုးညွှန်ရာသို့ ခေါင်းလှည့် ကြည့်မိသည်။

အဖေစီးနေကျဆင်နှင့် ကြီးမားသော ဆင်မကြီးတစ်ကောင်ကို ဆင်တင်းကုပ်၌ လှမ်းမြင်ရသည်။ နှစ်ကောင်စလုံး ကျူရိုးတွေကို ဝါးနေကြသည်။

"တွေ့တယ်မဟုတ်လား လူလေး"

သူက ခေါင်းညိတ်ပြသည်။

"အဲဒီ ဆင်နှစ်ကောင်ထဲက အငယ်ဆင်ထီးမိုးလုံးဟာ လူလေးအဖေပိုင်ဆင်ပဲ၊ ကိုရွှေကျော် ဆုံးပါးသွားတော့ ခု လူလေးပိုင်ပေါ့၊ ကာလ တန်ဖိုးနဲ့ဆို အနည်းဆုံး လေးငါးထောင်တန်တယ်၊ လူလေး ဘာအားငယ်စရာရှိလဲ၊ နောက်သုံးနှစ် လေးနှစ်ဆိုရင် မိုးလုံးဟာ သစ်ဆွဲနိုင်တဲ့ ဆင်ကြီးဖြစ်လာတော့မယ်၊ အဲဒီအခါကျတော့ တစ်နေ့ပိုက်ဆံ သုံးလေးဆယ်ရမယ်၊ ရောင်းမယ်ဆိုယင်လည်း အဲဒီအခါ တစ်သောင်းလောက်ရမယ်၊ ဦးကြီးပြောတာ သေသေချာချာ နားထောင်နော်"

"ဟုတ် ... ဟုတ်ကဲ့"

ဦးလှဘော်စကားက ကျော်စံကို အားတက်သွားစေသည်။ ထို့ကြောင့်လည်း ဦးလှဘော်၏ မျက်နှာကို အားကိုးတကြီးနှင့် မော့ကြည့်၍ ဟုတ်ကဲ့ဟု ဆိုလိုက်မိ၏။

"လူလေးအဖေ ပစ္စည်းဟာ ဒီတွင်မကသေးဘူး၊ ဟိုဆင်မကြီး သစ်ဆွဲလို့ရတဲ့ငွေထဲက လူလေးဟာ လေးပုံတစ်ပုံရမယ်၊ ဒီဆင်နှစ်ကောင်ဟာ လူလေးအဖေ နဲ့ ဦးကြီးတို့ဆင်ဖမ်းအဖွဲ့က ဝေစုရလာကြတာ၊ ဦးကြီးနဲ့ လူလေးအဖေ ရခိုင်ရိုးမထဲ ဟိုနှစ်တွေက ဆင်ဖမ်းကြတယ် ဆိုတာတော့ လူလေးသိပါတယ် နော်"

"ဟုတ်ကဲ့ ... သိပါတယ်၊ ဖေဖေက ပြောခဲ့ပါတယ် ဦးကြီး"

ဦးလှဘော်၏ မျက်နှာမှာ ပထမဦးဆုံး အပြုံးတွေ လျှံဖိတ်သွားသည်။ ကျော်စံ အနေကတော့ ဦးဆုံး ခေါ်လိုက်သော ဦးကြီးဆိုသည့် အသုံးအနှုန်းသည်။

"အဲဒီ ဆင်မကြီးဆီက ရမယ့် ဝေစုတွေကို လူလေးအဖေက ဦးကြီးဆီ အပ်ထားခဲ့တာ၊ ခု ဦးကြီးလက်ထဲမှာလူလေးငွေ ငါးရာကျော် ရှိတယ်"

ဦးလှဘော်က သူ့လက်တစ်ဖက်ကို ကြင်ကြင်နာနာ လာဆုပ်သည်။ ကျော်စံသည် နွေးထွေးသော အတွေ့အထိနှင့် ကြည်နူးသွားမိသည်။

"လူလေးအဖေ ဆုံးပါးခါနီးမှာ ဦးကြီးကို မှာသွားတယ်၊ လူလေးနဲ့ သူ့အေး

www.burmeseclassic.com



ဆင် မိုးလုံးကို အရွယ်ရောက်အောင် စောင့်ရှောက်ပေးပါတဲ့၊ ပြီးတော့ လူလေး အရွယ်ရောက်ရင် ဦးကြီးသမီးနဲ့ လက်ဆက်ပေးပါတဲ့"

ဦးလှဘော်က ကျော်စံကို လက်ဆွဲပြီး ဆင်တင်းကုပ်ဘက်လျှောက်လာသည်။ သူ့သမီးနှင့် ပေးစားမည် ဆိုစကားကြောင့် ကျော်စံက ရှက်သွားမိသည်။ မျက်နှာငုံ့၍ ဦးလှဘော် ဆွဲခေါ်ရာသို့ ပါလာရသည်။

"လူလေးကို ရှင်လည်း မပြုရသေးဘူးဆို"

"ဟုတ်ကဲ့"

"အဲဒါ ရှင်ပြုပေးဖို့လည်း လူလေးအဖေက ဦးကြီးကို မှာသွားတယ်၊ ခု လူလေးအဖေအတွက် အလှူလုပ်ပြီး ကျန်တဲ့ငွေရယ်၊ နောက်ထပ် ဆင်မကြီး သစ်ဆွဲခ ရမဲ့ ငွေရယ် ပေါင်းပြီး နေ့ပေါက်ရင် လူလေးကို ဦးကြီးသင်္ကန်းဆီး ပေးမယ်"

"ဟုတ်ကဲ့"

"ဦးကြီးနဲ့ ကြီးကြီးမေကိုလည်း ဒီနေ့ကစပြီး အမေ အဖေ အရင်းလို သဘောထားနော် လူလေး၊ မြသူကိုလည်း ညီမလေးလို မှတ်ထားရမယ်နော်"

"ဟုတ်ကဲ့"

ဦးလှဘော်၏ ခြေလှမ်းက ဆင်တင်းကုပ်ရှေ့တွင် ရပ်သွားသည်။ ကျော်စံ လည်း ရပ်လိုက်ရ၏။

"ဒီဆင်နှစ်ကောင်ကို ဦးကြီးနဲ့ လူလေးအဖေဟာ သင်စွန့်ကြိုးပမ်း လုပ်ပြီးမှ ဝေစုအဖြစ် ရလာကြတာ၊ တောကြီးတောင်ကြီးထဲက ဆင်ရိုင်းတွေကို ကျိုးသွင်းဖမ်းတယ်ဆိုတာ အသက်စွန့်ပြီးလုပ်ရတယ် လူလေး၊ သားရဲတိရစ္ဆာန် အန္တရာယ်တွေများသလို ငှက်ဖျား၊ ထုံနစ် သံနိပါတ်စတဲ့ ရောဂါဘယလည်း အင်မတန် ထူပြောတယ်၊ ခု လူလေးအဖေ ဆုံးပါးသွားတာလည်း တောထဲ ကရလာခဲ့တဲ့ ငှက်ဖျားကြောင့်ပဲ၊ အဲဒါကြောင့် လူလေးအဖေ အသက်နဲ့ရင်းပြီး ရှာဖွေပေးခဲ့တဲ့ ဒီဆင်တွေအပေါ်မှာတော့ လူလေးတို့ ဦးကြီးတို့က သစ္စာရှိရမယ်၊ ကတိတည်ရမယ်"

ဦးလှဘော်သည် စကားရပ်၍ သူ၏ မျက်နှာကို စိုက်ကြည့်နေသည်။ ဤဆင်တွေမှာ သူ့အဖေအသက်နှင့် လဲထားခဲ့သော ဆင်တွေဆိုသဖြင့် ကျော်စံမှာ ဆင်နှစ်ကောင်ကိုကြည့်၍ မျက်ရည်ဝဲနေ၏။

"လူလေး၊ ဦးကြီးပြောတာကို သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ်ဦးကြီး၊ ကျွန်တော်ဦးကြီးကို တွေ့တွေ့ချင်းလည်း ခင်ပါတယ်"

အမှန်အတိုင်းပင် ပြောလိုက်သည်။



"ဝမ်းသာလိုက်တာ လူလေး၊ လိမ္မာလိုက်တဲ့ကလေး"

ဦးလှဘော်သည် ကျော်စံ၏ ပခုံး တစ်ဖက်ကို ဖျစ်ညှစ်ကာ ကျော်စံ၏ နဖူးကိုလည်း ခပ်ဖွဖွငုံ့နမ်းလိုက်သည်။

"ဖေဖေ"

သူတို့အနားကို ဘယ်က ဘယ်လို ရောက်လာမှန်း မသိသော မြသူကို ဦးလှဘော်နှင့် ကျော်စံတို့က ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

"ဖေဖေ"

"ဘာလဲသမီး"

"မေမေက ထမင်းစားကြမယ်တဲ့"

"ကောင်းပါပြီတဲ့ဗျ၊ ဪ ... သမီးဒီက ကိုကို့အင်္ကျီ၊ လုံချည်တွေကော လျှော်ဖွပ်ပြီး ပြီလား သမီး"

"ပြီးပါပြီဖေဖေ၊ သမီး လျှော်ဖွပ်ပြီး ဟိုမှာ လှန်းထားတယ်လေ၊ ဒီနေ့ နေသာတာပဲ ဖေဖေရယ်၊ ကိုကို့အဝတ်တွေ ခဏလေး ခြောက်မှာပါ"

"လိမ္မာလိုက်တဲ့ သမီးရယ်"

ဦးလှဘော်၏ လက်သည် မြသူဆီ ရောက်သွားပြန်၏။

"သမီးလိမ္မာရင် ဘာပေးမလဲ"

"သမီးဘာလိုချင်လို့လဲ"

သမီး လိမ္မာရင် ဖေဖေ မွေးမွေးပေး၊ ကိုကို့ကို ဖေဖေ မွေးမွေးပေးတာ သမီးမြင်တယ်"

"ဟား ... ဟား ... ဟား"

သူတို့ သမီးအဘ ကြားထဲ ကျော်စံမှာ ယောင်နန ဖြစ်နေသည်။ မြသူက သူ့ကို အဖေနမ်းကြောင်း ပြောလိုက်သောအခါ သူ့နဖူးကို ယောင်မှားရှပ်ပင် စမ်းမိသွားသည်။

"သမီးကိုလည်း ဖေဖေက မွေးမွေးပေးပါသတဲ့ဗျား၊ ကဲ ကျေနပ်ပလား"

ဦးလှဘော်က သူ့သမီးဆယ့်တစ်နှစ်အရွယ်ကို ကုန်းနမ်းကာ ရယ်မောနေ သည်။

"ဒီမှာသမီး ... ဖေဖေပြောတာ မှတ်ထားရမယ်နော်"

မြသူက ခေါင်းညိတ်၏။

"ဘယ်တော့မှ မမေ့ရဘူးနော်"

"ဟုတ်ကဲ့ပါဖေဖေရယ်၊ ပြောမှာသာ ပြောစမ်းပါ"

"ဟား ... ဟား ... ငါ့သမီးက စိတ်တိုတတ်တယ်၊ သူ့အဖေ အတိုင်းပဲ လူလေး၊ တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘော်က ကျော်စံဘက် လှည့်ပြောသည်။

"သမီးစိတ်တိုလို့လား ဖေဖေ၊ စိတ်တိုပေမဲ့ သမီးစိတ်မဆိုးတတ်ပါဘူး"

"အေး ... သမီးစိတ်မဆိုးတတ်ပေမဲ့ စိတ်တိုတယ်၊ အဲဒါကြောင့် သမီးကို ဖေဖေက ပြောရတာ၊ ဒီက ကိုကို့ကို သမီးစိတ်မတိုရဘူး။ စိတ်မဆိုးရဘူး။ သမီးက ဖေဖွေသမီးဖြစ်သလို ဒီက ကိုကိုကလည်းဖေဖွေ သားပဲ"

"မဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ် သမီးရယ်၊ သားက လောကဓာတ်ကျောင်းနေချင်တာ၊ ဖေဖေတို့ သမီးတို့ရွာမှာ လောကဓာတ်ကျောင်းမရှိလို့ သမီးငယ်ငယ်ကပင် သားကို ညောင်ကန်က လောကဓာတ်ကျောင်းမှာ သွားထားတာ၊ အဲဒါ ...."

"ဖေဖေညာတယ် မဟုတ်ဘူး၊ ကိုကိုက ဦးလေး ဦးရွှေကျော်သား၊ ဦးရွှေကျော်ဆုံးသွားလို့ သွားခေါ်တာ၊ မသိတာ ကျနေတာပဲ"

ဦးလှဘော်က အရှက်ပြေ တစ်ချက်ရယ်လိုက်သည်။

"သမီးကို ဘယ်သူပြောလဲ ကဲ"

"မေမေက ပြောတယ်"

ဦးလှဘော် မျက်နှာတစ်ချက်တည်သွားသည်။

"လူလေးက ဦးရွှေကျော်သားဟုတ်တယ် သမီးရယ်၊ ဦးဦးရွှေကျော်နဲ့ ဖေဖေနဲ့ကော ဘာတော်တယ်ဆိုတာ သမီးသိလား"

မြသူက ခေါင်းခါ၏။

"အေး ... ဖေဖေပြောမယ်သမီး၊ သေသေချာချာ မှတ်ထား၊ သမီး ဦးလေး ဦးရွှေကျော်နဲ့ ဖေဖေက ညီအစ်ကိုတော်တယ်၊ ဒီတော့ ဖေဖေက လူလေးကို ဘာတော်မလဲ၊ သား မ"

"ကိုကိုက ဖေဖွေ တူပေါ့"

စကားတတ်လွန်းသောသမီးကြောင့် ဦးလှဘော်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သားမတော်ဘူးလားဟု မေးမည်အပြုတွင် သမီးကတူတော်သည်ဆိုသဖြင့် ကသိကအောက်လည်း ဖြစ်သွားမိသည်။

"တူသားနောင်မယ်ဆိုတာ စကားလျှဦးသင့်ရှိတယ်လေသမီး၊ အဲဒါကြောင့် ဖေဖေက သားတော်တယ် ပြောတာပေါ့"

"တူပါဆို ဖေဖေကလဲ"

"ကဲ ကောင်းပါပြီတဲ့ဗျား၊ လူလေးကို သမီးက ဘာတော်မလဲ၊ ကဲ ပြော"

"အစ်ကိုပေါ့ ဖေဖေရယ်"

"အေးလေ၊ အဲဒါကြောင့် ဖေဖေပြောတာပေါ့၊ သမီးအစ်ကိုဆိုတော့ ဖေဖွေ သားပဲ မဟုတ်လားလို့"



"အို ... တူပါဆို ဖေဖေကလဲ"

"ကဲဗျာ၊ ထားလိုက်ပါတော့၊ လူလေးကို ဖေဖေက တူတော်ပေမဲ့သမီးကတော့ အစ်ကိုတော်တယ်နော်"

မြသူက ခေါင်းညိတ်၏။

"အဲဒီတော့ ကိုယ့်အစ်ကိုကြီး ပြောစကားကို နားထောင်ရမယ်၊ ကိုယ့်အစ်ကိုကြီးခိုင်းတာလုပ်ပေးရမယ်၊ ကိုယ့်အစ်ကိုကြီးကိုမလေးမစနဲ့မလုပ်ရဘူး ငါတို့အိမ်မှာ လာနေတာပဲလို့ အနိုင်မကျင့်ရဘူးနော်သမီး၊ ဖေဖေပြောတာ မှတ်ထားနော်"

"သမီး ကိုကို့ကို ဘယ်မှာအနိုင်ကျင့်လို့လဲ ဖေဖေရယ်၊ ကိုကိုသမီးတို့ဆီ ရောက်တာလည်း သုံးလေးရက်ပဲ ရှိသေးတဲ့ဥစ္စာ"

"အေးပါ၊ နောက်ကို အနိုင်မကျင့်ဖို့ ဖေဖေက ပြောထားတာပါ၊ ပြီးတော့လေ သမီး၊ ဒီဆင်တွေဟာလေ သမီးကိုကို ဆင်တွေ"

"မဟုတ်ဘူး၊ မိုးလုံးပဲ ကိုကို့ဆင်တဲ့၊ မြင်မတိန်မကြီးက သမီးတို့ဆင်၊ သမီးတို့ ဆင်မကြီးရဲ့ အလုပ်လုပ်လို့ရတဲ့ပိုက်ဆံ လေးပုံတစ်ပုံသာ ကိုကိုက ပိုင်တယ်တဲ့၊ မိုးလုံးကြီးလာလို့ သစ်ဆွဲနိုင်ရင်တော့ ကိုကိုကမရတော့ဘူး၊ မိုးလုံးဆွဲတာပဲ ရမယ်တဲ့"

သူ့သမီးစကားကို ဦးလှဘော်မှာ အလွန်အမင်း အံ့ဩသွားသည်။

"ဟင် ... ဒါတွေ သမီးကို ဘယ်သူပြောလဲ"

"ဦးလေးဦးရွှေကျော် မဆုံးခင် တစ်နေ့က ဖေဖေနဲ့ ဦးလေးဦးရွှေကျော်တို့ ပြောနေကြတာ သမီးကြားသားပဲ"

ဟုတ်ပေလိမ့်မည်။ ဦးရွှေကျော် မဆုံးမီတစ်ရက်က သားရေး သမီးရေး စီးပွါးရေးပြောကြရင်း ဦးရွှေကျော်က ပြောသွားသော စကား။ သူလည်း သဘောတူပြီးသား။ ဤသည်တို့မှာလည်း ခုမှမဟုတ်။ ဖမ်းဆင်ဝေစုရကတည်းက သဘောတူခဲ့ကြသော ကတိကဝတ်။ ထိုနေ့ကတော့ ဦးရွှေကျော်သည် သူ့ကိုယ်သူ သေမည်မှန်း အတပ်သိ၍ ပြောသွားလေသလားမသိ။ ဤသည်ကို သူ့သမီး ကြားသွားပုံရသည်။

"ကဲ ... သမီး၊ နောက်ထပ်ကော ဖေဖေနဲ့ ဦးဦးရွှေကျော်တို့ ဘာဆက်ပြောကြသေးလဲ ပြောစမ်းပါဦး"

"ကိုကို့ကို ဖေဖေရှင်ပြုပေးရမယ်တဲ့၊ ကိုကိုနဲ့မိုးလုံးတို့ကြီးပြင်းတဲ့အထိ စောင့်ရှောက်ပေးရမယ်တဲ့၊ ပြီးတော့"

မြသူက စကားရပ်၍ သူ့အဖေမျက်နှာကို မော့ကြည့်သည်။

"ပြီးတော့ ... ပြီးတော့ကော ပြောလေသမီး ပြော"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘော်၏အသံမှာ ရုတ်ခြည်းအားတက်သရော ဖြစ်သွားသည်။

"ဟင့်အင်း၊ ထမင်းဆာတယ်၊ သမီးသွားတော့မယ်"

"ဟား ... ဟား၊ ငါ့သမီးက တကယ့်အလည်မှ အလည်ပဲဗျို့၊ ကြည့်ကြစမ်းပါဦး ကြည့်ကြစမ်းပါဦး၊ ကိုယ့်ဘက်ရောက်လာလို့ထင်တယ် ဟုတ်လား"

မြသူသည် သူ့အဖေနှင့် ကျော်စံတို့အနားမှ ထွက်ပြေးမည်လုပ်သဖြင့် ဦးလှဘော်က လှမ်းဆွဲဖမ်းထားလိုက်သည်။ ပြေးမလွှတ်လိုက်သောမြသူက သူ့မျက်နှာကို သူ့အဖေပုဆိုးစနှင့် ဆွဲအုပ်ထား၏။

ဦးလှဘော်မှာ ချက်ချာသောသမီးကို အားရကျေနပ်ဖြစ်ကာ တဟားဟား ရယ်မောနေမိသည်။

ကျော်စံမှာ ကြားထဲက မျက်နှာပူနေမိ၏။ သူ့အား မြသူနှင့် ပေးစားရန် ဦးလှဘော်ပြောတုန်းကမှု ဤမျှမျက်နှာမပူမိ။ ယခု မြသူက ရိပ်ဖမ်းသံဖမ်းပြောသောအခါမှာတော့ သူ့မှာ မျက်နှာပင် ဘယ်လိုထားရမှန်းမသိ ဖြစ်သွားမိသည်။

"ကိုကိုက ဆင်ပိုင်ရှင်သမီးရဲ့ ပိုက်ဆံအများကြီးရမယ်၊ ကိုကို့ ကိုသမီးချော့ပေါင်းထားနော်၊ သမီးကို ကိုကိုက ချစ်ရင် သမီးလိုချင်တာ ကိုကိုဝယ်ပေးလိမ့်မယ်၊ နွေရောက်ရင် ရွှေစက်တော်ဘုရားပွဲမှာ သမီးဘာလိုချင်လဲ၊ သမီးလိုချင်တာ သမီးကိုကိုက ဝယ်ပေးလိမ့်မယ်"

"ဟင်၊ တကယ်ဝယ်ပေးမလားဟင် ကိုကို"

"ဝယ်ပေးမှာပေါ့ညီမရယ်၊ ညီမလေးလိုချင်တာဆို ကိုကိုက အကုန်ဝယ်ပေးမယ်"

ဤတစ်ခါ ကျော်စံလည်း မနေသာတော့၊ မြသူက သူ့ကို တိုက်ရိုက်မေးသဖြင့် သူကလည်းတိုက်ရိုက်ပင် ပြန်ပြောလိုက်ရသည်။

"ကိုကို့ ကတိ ကိုကိုမှတ်ထားနော်"

"မှတ်ထားပါတယ် ညီမလေးရယ်"

"သမီးလည်း သမီးကတိ သမီးမှတ်ထားပေါ့"

"သမီးက ဘာကတိမှတ်ထားရမှာလဲ ဖေဖေရယ်"

"ဩော် အင်း ဟိုဟာလေ၊ကိုကို့ကို အနိုင်မကျင့်ရဘူးဆိုတာ"

"ကိုကိုကလည်း သမီးကို အနိုင်မကျင့်နဲ့ပေါ့"

"မကျင့်ပါဘူး ညီမလေးရယ်"

■

|၁၁|

ထိုနေ့ကို ကျော်စံ အမှတ်ရနေမိ၏။

အဖေသေသောနေ့နှင့် ထိုနေ့ကို ကျော်စံတစ်သက်မမေ့ပေ၊ နေခြည်တို့ဝင်းဝင်း လက်လက်တောက်ပသော မိုးဦးနေ့ တစ်နေ့သည် ကျော်စံ၏ ဘဝသစ်ကို မွေးဖွားပေးလိုက်သော နေ့ပင်တည်း။

ထိုနေ့က မိုးတွင်းတွင် တောက်ပသော နေခြည်နုနုရဲရဲသည်သူ့ဘဝကို အားရှိစေခဲ့သည်။ အလင်းရောင်ပေးခဲ့သည်။ မျှော်လင့်ချက်ရှိစေခဲ့သည်။

ဦးလှဘော်သည် သူနှင့်မြသူကို တဖက်စီလက်တွဲကာ အိမ်ဘက်သို့လျှောက်လာလေသည်။ အိမ်ဝင်းတစ်ခုလုံးသည် နေရောင်ခြည်ကြောင့် စိတ်ကြည်နူးစရာကောင်းနေသည်။ ဘယ်နေရာကြည့်ကြည့် လင်းထိန်နေသည်။ အလင်းရောင်ရှိနေသည်။ ခါတိုင်းနေ့များလို မှိုင်းပျ ပိုးဝါးခြင်း အလျှင်းမရှိခဲ့။

မြသူအမေ ဒေါ်သူဇာမေ၏ စကားကလည်း အားရှိစရာကောင်းခဲ့လေသည်။

"ကဲ၊ သားအဖတွေ ထမင်းစားကြမယ် တော်ရေ့"

ဤသည်ကစ၍ ကျော်စံသည် မြသူတို့အိမ်၌ အခြေကျသွားလေသည်။ ကျော်စံအတွက် ဘဝသစ်နေ့ကို မွေးဖွားပေးလိုက်လေသည်။

ကတိမမေ့သော ဦးလှဘော်သည် နွေပေါက်သောအခါ ကျော်စံကို ရှင်ပြုပေးသည်။ ကျော်စံ ရှင်လူထွက်သောအခါ ဆင်နောက်မြီးဆွဲလုံ့ကိုင်အဖြစ် ဦးလှဘော်နှင့် တောထဲလိုက်သွားရသည်။ မိုးလုံးကို စီးသင်လိုက်ကျင့်ရသည်။ ဆင်မကြီး မြင်မတိန်နားတော့ သူမကပ်ရဲသေး။

မြင်မတိန်မည်သော ဆင်မကြီးမှာ သူ့ကိုစတွေ့သော တောင်၏ ဂုဏ်ရှိန်ဝိသေသနဖြစ်သည်။ ရခိုင်ရိုးမထဲတွင် ဘယ်ကကြည့်ကြည့် မြင်လွှင့်ခြင်းမများနိုင်၊ မတိန်နိုင်သော တောင်တစ်လုံးရှိသည်။ ထိုတောင်သည် ရိုးမရှိ တောင်တကာတို့ထက် မြင့်သည်။ တောင်ပေါင်း မြောက်မြားစွာကို ကျော်လွှား၍ မိုးသို့ ထိုးတက်နေသည်။ တောင်ထိပ်သည် တိမ်ညွန့်စားနေသလို တိမ်ကြားထဲ ထိုးထင်နေတတ်သည်။ ထိုတောင်ခြေရင်းတွင် ဦးဆုံးတွေ့ရသော ဆင်မို့ မြင်မတိန် ဟု

www.burmeseclassic.com



အမည်ပေးခဲ့ကြသည်။ ထိုတောင်၏အမည်က "မြင်မတိန်"

တောင်၏ဂုဏ်ပုဒ်နှင့် အမှန်လိုက်သော ဆင်မကြီးပင်။ ဆင်အုပ်ထဲတွင် လှမ်းကြည့်လိုက်ရုံနှင့် သူ၏ ထူးခြားသော ကျောကုန်းကို ခန့်ညားထည်ဝါစွာ မြင်ရပေမည်။ စစ်မြေပြင်တွင် သူ့ရဲကောင်းတို့၏ တင့်တယ်မှုကဲ့သို့ ဟိန်းထည်နေတတ်သည်။ ဘယ်ကကြည့်ကြည့် မြင်မတိန်မှန်းသိသာသည်။

အမြင့်ကလည်း ရှစ်ပေကျော်သော ဆင်မကြီး ဖြစ်သည်။ ကျောကုန်း၏ အနေအထားကလည်း ခြသေ့ထိုင်အနေအထား။ အမျိုးအစားကလည်း ဟိုင်းမျိုး ဖြစ်လေရာ ဆင်ဝိုင်းတစ်ရာမှာ နှစ်ကောင်မရှိနိုင်သော ဆင်မမျိုးပင်။

ဆင်သမားများသည် သာမန်အားဖြင့် ဆင်ကို လေးမျိုးလေးစား ခွဲခြားခေါ်တတ်ကြသည်။ ဟိုင်း၊ ဟန်၊ တေနှင့် စွယ်စုံတို့ ဖြစ်သည်။

ဟိုင်းမျိုးသည် စွယ်စုံဆင်များလို အစွယ်ရှည်ရှည် မရှိပေ။ သစ်ခွံထိုးဟု ခေါ်သော ပင်စည်မှ သစ်ခေါက်ကို ခွာစားနိုင်ရုံ တိုတိုလေးသာ ရှိ၏။ ထို့ကြောင့် ဟိုင်းဆင်မျိုးများသည် အမိနို့ကို သက်တမ်းကုန်အောင် စို့ကြရသဖြင့် အကောင်ထွားသည်၊ အားသန်သည်။ စွယ်စုံဆင်များမှာမူ တစ်နှစ် နှစ်နှစ် အရွယ်ကပင် အစွယ်ငေါငေါထွက်လာတတ်ရာ မိခင်နို့ကို ဦးကင်းနှင့်အောင်းစို့ရသောအခါ အစွယ်စူးသဖြင့် အမိက စွယ်စုံဆင်လေးတွေကို နို့စောစော ဖြတ်ပစ်တတ်ကြသည်။ ထို့ကြောင့် နို့မျက်သော စွယ်စုံသည် ဟိုင်းဆင်လို မကြီးမထွားပဲ အားနည်းသည်။ ဟိုင်းဆင်၏ အဓိကလက်နက်မှာ နှာမောင်းဖြစ်သလို၊ စွယ်စုံဆင်၏ အဓိကလက်နက်မှာတော့ အစွယ်သာဖြစ်လေသည်။

ဟိုင်းဆင်သည် စွယ်စုံ၊ ဟန်၊ တေ စသော အခြားဆင်မျိုးများနှင့် အသွင်သဏ္ဌာန်အရလည်း ထူးခြားချက်ရှိသည်။ ဟိုင်းသည် အထီးပဲဖြစ်ဖြစ်၊ အမပဲဖြစ်ဖြစ် နားရွက်နှင့် ခြေဆုံလက်ဆုံ၊ ခြေသည်းလက်သည်း၊ ခြေချောင်းလက်ချောင်း များ ကြီးမားဝိုင်းဝန်းသည်၊ ဦးကင်းနှင့်နားရွက် နှာမောင်းအိုးများ ထူးထူးခြားခြား ကြီးမားသည်။အသက်အရွယ်ချင်းတူသောအခြားဆင်များထက် အလုံးအထည် မြင့်မား ထွားကျိုင်းသည်။ အားသန်သည်။ ဟိုင်းဆင်၏ အားကိုးအားထားရာ လက်နက်မှာ နှာမောင်းပင် ဖြစ်သည်။

သူ၏နှာမောင်းသည် အခြားဆင်များထက် ကြီးမားအားသန်ပြီး စွယ်စုံဆင်များ၏ အစွယ်နှစ်ဖက်ကိုလည်း ချက်ချင်းလှမ်းဆွဲကာ သစ်ခက်သစ်ကိုင်းများကို ဆွဲချိုးလိုက်သလို ဖြောင်းခနဲ ဖြောက်ခနဲ ချိုးပစ်နိုင်စွမ်း ရှိ၏။ ထို့ကြောင့် ဟိုင်းဆင်နှင့် စွယ်စုံတို့မှာ အမြဲပြိုင်ဘက် ဖြစ်တတ်ကြသည်။ တစ်ကောင်နှင့်တစ်ကောင် ရန်ထောင်၍ သတ်ကြချင်း ပြိုင်ရဲကြသော ဆင်တို့မှာလည်း များသောအားဖြင့် စွယ်စုံနှင့် ဟိုင်းဆင်တို့သာ ဖြစ်ကြသည်။ ဟန်နှင့်တေ



ဆင်တို့မှာ မလွှဲမရှောင်သာသော အခါမှတစ်ပါး အခြားအခါများ၌ ဟိုင်းနှင့်စွယ်စုံ တို့ကို ရင်မဆိုင်ရဲကြပေ။

စွယ်စုံအုပ်ချုပ်သော ဆင်အုပ်ထဲတွင် ဟိုင်းဆင်ထီးက နောက်လိုက်ငယ် သားအဖြစ် မနေသလို ဟိုင်းဆင်ဦးစီးသော ဆင်အုပ်ထဲတွင်လည်း စွယ်စုံ ဆင်ပြောင်များကို မတွေ့ရတတ်ပေ။ အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် အုပ်မှ ခွဲထွက်သွားပြီး တစ်ကောင်တည်းနေတတ်၏။ သို့မဟုတ် နီးစပ်ရာ သင့်ရာသင့်ရာ ဆင်အချို့ကို ဆွဲခေါ်သွား၍ စင်ပြိုင် အုပ်ထောင်လေ့ ရှိကြသည်။

ဥပမာ .... ဆင်ကောင်ရေ သုံးလေးဆယ် ရှိ၍ စွယ်စုံ ဆင်ပြောင်ကြီး တစ်ကောင်က ဦးစီးနေသော ဆင်အုပ်ထဲမှ ဆင်မတစ်ကောင်သည် ဟိုင်းဆင် ဖြစ်လာမည့် ဆင်ကလေးတစ်ကောင်ကို မွေးဖွားလာပါက အုပ်ချုပ်သော စွယ်စုံဆင် ကြီး၏ အငြိုအငြင်ကို ခံရတတ်သည်။ ဆင်ပေါက်ဖြစ်လာလျှင် သူ့ကို အာခံ၍ ခြေရာချင်း တိုင်းလာမည့် ဟိုင်းဆင်ကလေးအား စွယ်စုံဆင်ပြောင်ကြီးသည် အမြဲ မျက်စောင်းထိုးနေတတ်သည်။

ဟိုင်းဆင်ကလေး အရွယ်ရောက်လာသောအခါ အကယ်၍ ဆင်အုပ်ထဲမှ ဆင်မ တစ်ကောင်ကောင်နှင့် နှာမောင်းချင်းယှက်လိမ်၍ ကျီဆယ်ကလူ ပြုမူနေ သည်ကိုမြင်လျှင် ဦးစီးစွယ်ပြောင်ကြီးသည် ထိုဟိုင်းဆင်ပေါက်ကလေးအား အစွယ်နှင့် ထိုးသတ်ရန်ကြိုးစားတတ်ကြသည်။ ထိုအခါ ဟိုင်းဆင်ပေါက်ကလည်း သူ၏နှာမောင်းကို အားကိုးကာ စွယ်စုံဆင်ပြောင်ကြီး၏အစွယ်ကို လိမ်ချိုးရန် ခုခံတတ်၏။

ဤသည်ကစ၍ ဆင်အုပ်ထဲတွင် ပဋိပက္ခဖြစ်ကာ ဟိုင်းဆင်ပေါက်၏ အမေနှင့် ဟိုင်းဆင်ပေါက်၏ ရည်းစားက အုပ်ထဲမှထွက်ပြေး၍ တစ်စင်ထောင် တတ်ကြ၏။ လူများကဲ့သို့ပင် အုပ်ထဲမှ ဆင်များကလည်း ဟိုဘက်သည်ဘက် နီးစပ်ရာ လိုက်ပါကြ၍ ဆင်တစ်အုပ်မှသည် နှစ်အုပ်နှစ်စု ဖြစ်သွားတတ်၏။

ဟိုင်းဆင်အုပ်ချုပ်ရသော ဆင်အုပ်ထဲတွင် စွယ်စုံဆင်ပြောင်ဖြစ်လာမည့် စွယ်စုံမျိုးအထီး မွေးဖွားလျှင်လည်း ထိုနည်းအတူ ဖြစ်တတ်၏။ တစ်ခါတစ်ရံ ဦးစီးဆင်ကိုတိုက်ခိုက်၍ နောက်ပေါက် ဆင်ပြောင်များက အုပ်ကို လုယူသဖြင့် ဆင်အိုကြီးခမျာမှာ ကိုယ်ထီးကည်း ထွက်ပြေးရသည်လည်း ရှိလေ၏။

အမှန်မှာ ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့သည် အုပ်ထဲ၌သာ အမြဲရန်မူတတ် သည် မဟုတ်။ ထီးတည်း သွားလာနေကြရာ၌လည်း ဟိုင်းဆင်နှင့် စွယ်စုံဆင် ကြုံပြီဆိုလျှင် တစ်ကောင်နှင့်တစ်ကောင် သတ်ဖြတ်ရန်သာ ကြိုးစားလေ့ရှိ ကြသည်။

ဟိုင်းနှင့် စွယ်စုံဆင်တို့သည် မိတ်လိုက်ရာ၌ လည်းကောင်း အစာရှာ ကျက်စားမြေလုရာ၌လည်းကောင်း ဆုံမိတတ်ကြသည်။ အလုံးသဖြင့် ကျင်းခြေ

www.burmeseclassic.com



ကျင်းတွင် ဆုံမိကြလျှင် အသေအကြေ တိုက်ခိုက်တတ်ကြသည်။

ကျစ်မြေဆိုသည်မှာ ဆားဓာတ်၊ အငန်ဓာတ်ပါသောမြေကို ခေါ်ခြင်းဖြစ်သည်။ တောထဲရှိ သားကောင်ကြီးများသည် ဆားဓာတ်ပါသော ကျစ်မြေကို တောထဲတောင်ထဲတွင် အမြတ်ကနိုးရှာစားလေ့ ရှိတတ်ကြလေသည်။

ကျစ်မြေတွင် ဟိုင်းဆင်နှင့် စွယ်စုံဆင်တို့ တွေ့ကြလျှင် ဟိုင်းဆင်က စွယ်စုံဆင်၏အစွယ်ကို သူ၏ တုတ်ခိုင်သန်မာသော နှာမောင်းနှင့်လိမ်ချိုးသတ်ရန် အတင်းပြေးဝင်လာတတ်သည်။ ထိုအခါ သူနှင့်အားချင်းပြိုင်၍ မနိုင်မှန်းသိသော စွယ်စုံဆင်ကလည်း သူ၏ဖြူဖွေးရှည်လျားသော အစွယ်ကို ကမ်းပါးယံ တောင်စောင်း စသည် မြေထဲတွင် တအားထိုးနှစ်ထားပြီး ကိုယ်လုံးကို လှည့်ပတ်ကာ တကျည်ကျည်အော်မြည်ပြီး ကာကွယ်ထားတတ်၏။

မြေထဲထိုးနှစ်ထားသဖြင့် အစွယ်ကို ဘယ်လိုမှ လုချိုးမရမှန်းသိသော ဟိုင်းဆင်ကြီးသည် ရရာ ကျောက်ခဲ၊ သစ်တုံးသစ်ကိုင်းများကို ကောက်၍စွယ်စုံဆင်၏တကိုယ်လုံးကို တအုန်းအုန်းထုရိုက်သည်။ အမြီးကို လုန်ချိုးသည်။ အမြီးမှား၊ နားရွက်များတို့ကို ကိုက်ဖြတ်ဆုတ်ဖြဲသည်။ သစ်ကိုင်းသစ်ခက်များကို ထပ်ချိုး၍ တင်းပုတ်လုပ်ကာ ကျောကုန်းဘေးစောင်းများကို တဖြောင်းဖြောင်း ရိုက်နှက်ခြင်းပြုတတ်သည်။

ဟိုင်းဆင်ကြီး၏ အကြံမှာ သူရိုက်နှက်ထုထောင်းသောဒဏ်ကို မခံနိုင်၍ သော်လည်းကောင်း၊ ဒေါသဖြစ်၍သော်လည်းကောင်း စွယ်စုံဆင်က မြေထဲထိုးနှစ်ထားသော အစွယ်ကို ထုတ်ပြီး သူ့အား ရတ်ချည်းထိုးသတ်ရန် ကြံလာလျှင် အစွယ်ကို ဖမ်းယူပြီး လိမ်ချိုးပစ်ရန် ဖြစ်သည်။

သို့သော် ပါးနပ်သော၊ တိုက်ပွဲနွဲဖူးသော စွယ်စုံဆင်ကလည်း သူ့အား ဟိုင်းဆင်ကြီးက မည်မျှရိုက်နှက်ထုထောင်းသော်လည်း အောင့်၍သာခံမည်၊ အစွယ်ကိုမူ မြေကြီးထဲက လုံးဝမနုတ်ပေ။ မြေပြန့်ဖြစ်နေလျှင်လည်း ဖင်ဘူးတောင်း ထောင်၍သာ ဖင်ပေးအော်ခံတတ်သည်။ ဦးခေါင်းနှင့် အစွယ်ကိုကား သူ့အနီးအနားဥ္ဇ ဟိုင်းဆင်ကြီးရှိနေသမျှ လုံးဝမဖော်ရဲပေ။

ဘယ်လိုလုပ်၍မျှ အစွယ်ကို ချိုးရန်အခွင့် မသာသောအခါ ဟိုင်းဆင်ကြီးသည် သူ့အား ကြောက်သွားလေပြီအထင်နှင့် လှည့်ပြန်သွားတတ်၏။ ဟိုင်းဆင်က အမှုမဲ့အမှတ်မဲ့ လှည့်လိုက်လျှင် စွယ်စုံဆင်သည် မြေကြီးထဲ ထိုးစိုက်ထားသော သူ့အစွယ်ကို ရုတ်ချည်း ပြန်နုတ်ကာ ဟိုင်းဆင်၏ ဘေးစောင်းနံကြားကို အစွယ်နှင့် တအားထိုးသတ်တတ်သည်။ ထို့ကြောင့် အချို့တိုက်ပွဲပါးဝ နေသော ဟိုင်းဆင်ကြီးများသည် စွယ်စုံဆင်နားမှ အတော်ဝေးဝေးထိ နောက်ပြန် ဆုတ်ခွာပြီးမှ မိမိလိုရာ ခရီးကို ဆက်သွားကတတ်လေသည်။



ဟိုင်းဆင်မှာ အထီးသာမဟုတ်၊ အမလည်းရှိသည်။ ယခု ဦးလှဘော်၏ မြင်မတိန် ဆင်မမှာ ဟိုင်းမကြီးဖြစ်သည်။ သို့သော် မျိုးရိုးစဉ်ဆက် ဟိုင်းမျိုးဟူ၍ သီးခြားမရှိပေ။ ဟိုင်းဆင်မများကလည်း စွယ်စုံဆင်ကလေးများ မွေးဖွားတက်သလို စွယ်စုံဆင်မများကလည်း ဟိုင်းဆင်ကလေးများ မွေးဖွားတတ်လေသည်။ ဟိုင်းဆင်အုပ်ချုပ်သော ဆင်အုပ်ထဲမှ ဆင်မတစ်ကောင်ကောင် စွယ်စုံဆင်ငယ် မွေးလာလျှင် ဟိုင်းဆင်က ထိုဆင်မကို မျက်စောင်းထိုးတော့၏။ သူ့အလစ်တွင် စွယ်စုံတစ်ကောင်ကောင်နှင့် ဖောက်ပြားသည်ဟူသော သဘော၊ စွယ်စုံအုပ်ချုပ်သော ဆင်ဝိုင်းမှ ဟိုင်းဆင်ကလေးမွေးလျှင်လည်း ထိုနည်းငှင်းပင်။

ဟန်ဆင်မှာ စွယ်စုံဆင်ကဲ့သို့ အစွယ်နှစ်ချောင်းပါသည်။ သို့သော် ဟန်၏အစွယ်မှာ သန်မာထွားကျိုင်းခြင်းမရဘဲ အသေးအဖျင်း အသောင်သာ ဖြစ်၏။ မသန်မာသော အစွယ်ပင်။ အချို့ဟန်ဆင်များသည် သစ်ပင် သစ်ခေါက်များကို အစွယ်နှင့်ထိုးခွာစားရာ၌ မသန်မာသော အစွယ်တစ်ဖက်ကျိုးသွားတတ်သည်။ ဤသို့ အစွယ်တစ်ဖက်ကျိုး၍ တစ်ဖက်သာ ရှိသောဆင်ကို ဘယ်သာရှိသည်ကို အစွဲပြု၍ ဘယ်ဟန်၊ ညာဟန်ဟု ခေါ်ကြသည်။

ဆင်စွယ်ကျိုးကို ရရှိကြသည်နှင့် ပတ်သက်၍လည်း တန်ကျိုး၊ မာန်ကျိုး ခုန်ကျိုး ဟန်ကျိုးဟု ဆင်သမားများက ခွဲခြား၍ ခေါ်တတ်ကြသည်။ တန်ကျိုးဆိုသည်မှာ ပင်ကို မသန်စွမ်းသော အစွယ်သည် သစ်ခေါက် သစ်ခွံခွာစားရာ၌ သူ့ဘာသာသူကျိုးခြင်းဖြစ်သည်။ အာနိသင်လည်း ဘာမှမရှိဟု ဆိုသည်။

မာန်ကျိုးတို့မှာ တစ်ကောင့် တစ်ကောင်မြင်ရာ၌ ဟန်ရေးပြ၊ မာန်ရေးပြ၍ သစ်ပင်၊ ဝါးပင်တစ်ခုခုကိုထိုးလိုက်ရာမှ ကျိုးသွားကျန်ခဲ့သော အစွယ်ဖြစ်သည်။ ဒုက္ခိနှနုတ်ပိုင်တင်၍ ထိုအစွယ်ကို ရုပ်တုလုပ်ကိုးကွယ်လျှင် တုတ်၊ ဓား၊ သေနတ် ပြီးသည်ဟု အယူရှိကြသည်။ မုန်ကျိုးမှာ မုန်ကျသောဆင်များ ရာဂစိတ်နိုးကြွပြီး ဘစ်စုံတစ်ခုကို ဒေါသနှင့်ထိုး၍ ကျိုးကျန်ခဲ့သော အစွယ်ကျိုးကို ခေါ်သည်။ ဒုတိနှနုတ်ရုပ်ထုလုပ်၍ ဆောင်ထားလျှင် ဣတ္ထိယပီယ ကောင်းသည်ဟု အယူ ရှိကြသည်။

ဟန်ဆင်များသည် အခြားဆင်များလောက် အားခွန် ဗလမသန်ငည် ကြသည့်ပြင် အစွယ်ကလည်းအားကိုးမရသော အသိန်အဖျင်းသာ ဖြစ်ရာ သူ့ကို့ ဘာလက်နက်မှ ကိုယ်ပိုင်အားကိုးစရာမရှိပေ။ ထို့ကြောင့် ဟိုင်း၊ စွယ်စုံ စသည့် ဆင်များလို အုပ်ထဲမှထွက်ပြီး တစ်ကောင်တည်း ဗိုလ်ဝင်ခံမနေရဲကြပေ။ အုပ်ထဲတွင်ဆိုလျှင်လည်း ဟန်ဆင်ကို ဘယ်ဆင်ကလေး၊ ဘယ်ဆင်ကမှ အားကိုးအားထား အရေးဗယူဆက်ဆံလေ့ မရှိပေ။ ထို့ကြောင့် ဟန်ဆင်ကောင်သည်

www.burmeseclassic.com



လည်း မနေရဲ မသွားရဲသော ဟန်ဆင်များမှာ အုပ်ထဲ၌ မွေးသည်မှစ၍ သေသည်အထိ နောက်လိုက်အမြှောင်ဘ၀နှင့်သာ စခန်းသိမ်းသွားကြရရှာသည်။

တေဆိုသောဆင်မှာ အရှားပါးဆုံး အမျိုးအစားဖြစ်သည်။ တစ်ထောင်မှာ တစ်ကောင် တွေ့ရခဲသည်။ မွေးကတည်းကပင် အစွယ်တစ်ချောင်းတည်းသာပါ၏၊ တစ်ချောင်းတည်းသော အစွယ်မှာ အလွန်တုတ်ခိုင်သန်မာသည်။ ထို့ကြောင့်လည်း တေဆင်များသည် သူ၏ အစွယ်ကို အလွန်အားကိုးသည်။ မည်သူ၏ အုပ်ချုပ်မှုကိုမှ မခံဘဲ တစ်ကောင်ထီးတည်း နေတတ်သော အကျင့်ရှိသည်။ စိတ်တို စိတ်ထက်သဖြင့် တေဆင်နားကို ဘယ်ဆင်မှမကပ်ရဲကြ။ သူ၏သဘာ၀ကလည်း ဟိုင်းတို့ စွယ်စုံတို့လို ဆင်အုပ်ကြီးကို ကွက်ကဲအုပ်ချုပ်၍ ဗိုလ်လုပ်ရန် ၀ါသနာမပါ။ ဗိုလ်မထား ဗိုလ်မလုပ်ဘဲ တစ်ကောင်ထီးတည်းနေတတ်၏။ ဘယ်ဘက်တွင် အစွယ်ရှိသောဆင်ကို ဘယ်တေ ဟုခေါ်သလို ညာဘက်တွင် အစွယ်ရှိသောဆင်ကို ညာတေ ဟုခေါ်လေသည်။

ဆင်ကျောကုန်းနှင့် ပတ်သက်၍မူ မြင်မတိန် ဆင်မကြီး၏ ခြသေ့ထိုင်ခေါ်သော ကျောကုန်းသည် ပထမတန်းစားဖြစ်သည်။ ဒုတိယမှာ ငှက်ပျောကိုင်းဖြစ်သည်။ တတိယ ၀က်ကုန်း။ အညံ့ဆုံး အဖျင်းဆုံး အမျိုးအစားက ကျောပြာသာဒ်ဖြစ်လေသည်။

ကျောပြာသာဒ်နှင့် ၀က်ကုန်းမှာ ကျောပေါ်တွင် အဖုအထစ်ပါသဖြင့် သစ်ဆွဲရာတွင် ခဏလေးနှင့် ကျောပေါက်ပြီး အလုပ်နားပေးရသည်။ ငှက်ပျောကိုင်းနှင့် ခြသေ့ထိုင်တို့မှာ အရှေ့မြင့်နောက်နိမ့်ဖြစ်သဖြင့် သစ်ဆွဲရာတွင် ကျောပေါက်ခြင်း၊ ပွန်းပဲ့ထိရှခြင်းနည်းသဖြင့် အကောင်းဆုံး အတန်းအစားဖြစ်လေသည်။

ထို့ကြောင့်လည်း ခြသေ့ထိုင် ဆင်ပိုင်ရှင် ဦးလှဘော်သည် ဆင်မကြီး မြင်မတိန်နှင့် အလုပ်လုပ်ရသည်ကို အမြဲ ကျေနပ်နေလေသည်။

ဟိုင်းဆင်မ မြင်မတိန်သည် ဆက်မထဲတွင် ယှဉ်နိုင်သော ပြိုင်နိုင်သော ဆင် မရှိအထဲက ဖြစ်၏။ မည်သည့်ဆင်အုပ်၊ မည်သည့်ဆင်နှင့် ယှဉ်ထား ယှဉ်ထား၊ မြင်မတိန်ကား အပေးကပင် ခွဲခြားသိသာသော ဆင်မဖြစ်လေသည်။

ကိုယ်လုံးကိုယ်ထည် အမျိုးအစား ကောင်းသလို ဟိုင်းမျိုးဗီဇအတိုင်း စိတ်လည်းရှည်သည်။ အလုပ်မည်မျှ ပင်ပန်း ပင်ပန်း ညစ်ခြင်း၊ နိုခြင်း၊ ကပ်ခြင်း မရှိ။ သခင် ခိုင်းသည်ကို ကျေကျေ ပွန်ပွန်လုပ်တတ်သော ဆင်မပင်။

ဤသည်ကို့ကြောင့်လည်း ဦးလှဘော်သည် ဟိုင်းဆင် မြင်မတိန်နှင့် စီးပွားဖြစ်လျက် ရှိလေသည်။

■

[၁၂]

“လူလေး … လူလေးထတော့လေ၊ အရှေ့ကျောင်းက တုံးမောင်းခေါက်ပြီးပြီ”

ဒေါ်သုဇာမေ လာနှိုးမှ ကျော်စံနိုးသည်။

သူ ဒေါ်သုဇာမေတို့အိမ်သို့ ရောက်လာရသည့် အကြောင်းတစ်ညလုံးတွေးနေမိသဖြင့် မိုးလင်းပိုင်းမှ အိပ်ပျော်သွားခြင်းဖြစ်သည်။ အရှေ့ကျောင်းမှ တုံးမောင်း ခေါက်သံကို သူမကြားလိုက်ရ၊ သို့သော် အရှေ့ကျောင်းမှ စခေါက်တတ်သော တုံးမောင်းမှာ လေးနာရီက စသည်ကို သူသိသည်။

ကျော်စံသည် အိပ်ရာမှ ကမန်းကတန်း ထလိုက်ရ၏။

ကောက်ညှင်းပေါင်း စားသွားဦး၊ မင်းညီမက ပျားကောင်လေးတွေ လှော်နေတယ်၊ ထားခဲ့ရင် တူးသွားမှာ စိုးလို့ ကြီးကြီးက လာနှိုးတာ”

ဒေါ်သုဇာမေနှင့် မြသူတို့က သူ့အား ဤသို့ အရေးတယူရှိကြပြန်တော့လည်း ကျော်စံမှာ ကျေနပ်မိပြန်သည်။

ညဦးကဓာတ်စက်အပ်တွေတုံးကုန်သည့်ဟု ဒေါ်သုဇာမေ၏ ပြုံးငြင်သောစကားကိုလည်း ရုတ်ခြည်းမေ့သွားမိသည်။ ကလေးသာသာ အရွယ်မို့ ဒေါ်သုဇာမေအပေါ်မှာ စိတ်အတေးအမှတ်မထားတတ်၊ အမေအဖေ အရင်းအချာများသည်ပင် သားသမီးအပေါ် တစ်ခါတစ်ခါဆိုဆဲတတ်သည် မဟုတ်ပါလား။

ညဦးကဒေါ်သုဇာမေပြောသည်မှာ ယင်းလို သဘောပင်ဖြစ်သည်။ သူတစ်ယောက်တည်းကို ပြောခြင်းမဟုတ်၊ သမီးအရင်းမြသူပါ ပါသည်၊

မျက်နှာသစ်ပြီးသောအခါ မီးဖိုဆောင်ထဲ ၀င်လာမိသည်။

ခြေတစ်လှမ်းကျူးကတည်းက ကောက်ညှင်းပေါင်းအနံ့ကို ဦးစွာ ရှူရှိုက်မိသည်။ ပြီးတော့ မြသူ၏ကိုယ်ပေါ်မှ သနပ်ခါးနံ့ သင်းသင်းမွှေးမွှေး …

မြသူသည် ရေနွေးကြမ်းအိုးကို မီးထိုးနေရာမှ သမင်လည်ပြန်ကာ သူ့ကို လှည့်ကြည့်သည်။ ရေနံ့ဆီမီးရောင်ထဲက မြသူ၏ ၀င်း၀င်းပပ မျက်နှာကို မြင်ရသည်၊ ကျော်စံ ရင်ထဲမှာ နွေးသွားမိသည်။

“ကိုကို …၊ကောက်ညှင်းပေါင်း ခူးလိုက်တော့မယ်နော် … ဟုသူမ

www.burmeseclassic.com



လည်း ကျက်ပါပြီ"

ပြောရင်းနှင့်ပင် မြသူက ကောက်ညှင်းပေါင်း တစ်ပန်းကန်ခူး၍ ခုံပေါ်တင်သည်။ ပျားသူငယ်လှော်ကမူ ခူးပြီးသားရှိနေ၏။

"ဒီနေ့ မြသူ့အိပ်ရာထနည်းနည်းနောက်ကျသွားလို့ကိုကိုရေ၊ ရေနွေးတောင် အခုမှဆူတယ်"

မြသူက ရေနွေးအိုးကို ခွင်ပေါ်မှ ချရင်းပြော၏။

"အရေးမကြီးပါဘူး ညီမရယ် ...၊ ရေအေးသောက်သွားလည်းရပါတယ်၊ ကိုယ်တို့တောထဲမှာ ဆင်ကောက်သွားရင် ဘယ်ရေနွေးရမလဲ၊ မျှက်နှာသစ်တာ တောင် ချောင်းနားရောက်မှ လမ်းမှာသစ်ရတာ"

"မျက်နှာသစ်တာကတော့ အရေးမကြီးဘူး၊ တောထဲ ဟောင်ထဲမှာ ရေသီးပါးတဲ့ ချောင်းရေတွေ ကိုကို မသောက်နဲ့နော်၊ ငှက်တွေဘာတွေ မိတတ်တယ်လို့ ဖေဖေပြောဖူးတယ်"

သူ့အတွက် မြသူ၏ စိုးရိမ်စကားက ကောက်ညှင်းပေါင်းမစားရသေးခင်ပင် ကျော်စံ၏ရင်ကို ပြည့်သွားစေ၏။

မြသူသည် ကျော်စံရှေ့ရှိ ရေနွေးပန်းကန် သုံးလုံးထဲ ရေနွေးကြမ်း ငှဲ့ထည့်ပေး၏။

"ညီမလည်း စားဦးလေ"

"ညီမက အိမ်မှာနေတဲ့လူပဲ ကိုကိုရေ ....၊ ဘယ်အချိန်စားစား ရတဲ့ဥစ္စာ ကိုကိုပဲ စား"

"ဟူး ... ဟူး ..."

မြသူ ငှဲ့ထားပေးသောရေနွေးကြမ်း တစ်ပန်းကန်ကို ရုတ်တရက်ကောက်သောက်မိသဖြင့် ကျော်စံမှာ ရေနွေးပူလောင်မလို ဖြစ်သွားသည်။

"ပေး ... ပေး၊ ကိုကို မြသူ အေးသွားအောင် မှုတ်ထားပေးမယ် ..."

ကျော်စံလက်က ရေနွေးကြမ်းပန်းကန်ကို လှမ်းယူကာ မြသူသည် တဖူးဖူး မှုတ်နေ၏။

ကျော်စံသည် မြသူ၏ ကြင်နာမှုတွေကို မြင်ရသောအခါ ရင်ထဲနင့်သွားမိသည်။

သူသည် ယခုမှ အိပ်ရာက ထလာသူဖြစ်သည်။ သူအိပ်ရာက ထလျှင် ထချင်း ကောက်ညှင်းပေါင်းစားပြီး ဆင်ကောက်သွားနိုင်အောင် ညီမငယ်မြသူသည် ဘယ်အချိန်ကပင်ထ၍ ကောင်ညှင်းပေါင်းနေပါလိမ့်။

"ရော့ ... ကိုကို၊ အေးသွားပြီ ... သောက်လိုက်ဦး"

မြသူသည် သူ့လက်ထဲက ရေနွေးကြမ်း ပန်းကန်လုံးထဲရှိ ရေနွေးကြမ်းကို တကျိုက်မှုတ်သောက်ကြည့်ပြီး ကျော်စံဘက်ရွှေ့ပေး၏။



သူ့အား မြသူပြုစုနေသည်မှာ မိခင်သည် ကလေးသူငယ်ကို ပြုစုပေးနေသလိုပင် ရှိချေသည်။

မြသူအနေမှာ ညီအစ်ကိုမောင်နှမ မရှိသဖြင့် သူ့ကိုအစ်ကိုအရင်းပမာ ချစ်ခင်သလို၊ တစ်ကောင်ကြွက် ဖြစ်သော ကျော်စံမှာလည်း မြသူအား အရင်းအချာ နှမငယ်လေး တစ်ယောက်ကဲ့သို့ ခင်မင်နေရှာသည်။

ထို့ကြောင့်လည်း တစ်ခါတစ်ခါမှာ ဒေါ်သူဇာမေ၏ မထင်မှတ်သော အငြိုအငြင်၊ အပြောအဆိုခံရ၍ ရုတ်တရက်စိတ်ထွက်မိသော်လည်း ဒေါ်သူဇာမေ အပေါ် မကျေနပ်စိတ်တွေမှာ ညီနှမငယ်ကြောင့် ပြေပျောက်သွားခဲ့ရ ပြန်လေသည်။

ညီနှမငယ်ကား .... သူ့အပေါ် အမြဲခွင့်လွှတ်တတ်သူ၊ အလိုလိုက် အကြိုက်ဆောင်တတ်သူပါတည်း။

■

www.burmeseclassic.com

## [၁၃]

ဘာမပိုတာ ဝေငှလိုက်တော့
ရာဇဂြိုဟ် သာကေတငယ်နှင့်
ဗာရာဏ တက္ကသိုလ်။
အညီ တွေးလိုက်တော့
ဤလေးပြည် ဗဟိုအလယ်ထင့်
နိစဖွယ် ထိုဝယ်ခရီးမှာတော့
မှောင်စိုစို ညှောင်ညိုကြီးရယ် ....
ထီးဖြန့်သလို။

မိုးပင်မလင်းသေး။

သီချင်းတကျော်ကျော် အော်ဆို၍ ကျော်စံဆင်ကောက်ရန် ရွာထဲကထွက်လာ၏။ ဤခွန်းတောက်မှာ ကျော်စံဆင်ကောက်ရန် ထွက်လာတိုင်း ဆိုနေကျခွန်းတောက် ဖြစ်သည်။ သူ၏ ခွန်းတောက်ဟစ်သံကို အိမ်ကမြသူ ကြားလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့်လည်း အသံကိုမြှင့်၍ ခွန်းတောက်ကို တစ်ကျော့ပြန်ကောက်သည်။

အညီ တွေးလိုက်တော့
ဤလေးပြည် အလယ်ဗဟိုထင့်
နိစဖွယ် ထိုဝယ်ခရီးမှာတော့
မှောင်စိုစို ညှောင်ညိုကြီးရယ်
ထီး ... ဖြန့်သလို။

သူ့အနေက မြသူတို့ မိသားစုသည် နိစရာ ညှောင်ညိုရိပ် ဖြစ်ခဲ့သည် မဟုတ်ပါလား။

သူသည် ဤနေ့ မြသူကို ပို၍သတိရနေမိသည်။

"ကိုကို့ အသံက အသံဝါကြီး၊ ခွန်းတောက် ဟစ်ရင် သိပ်နားထောင်လို့ကောင်းတာ၊ ရွာထွက်ဝက ကိုကိုသီချင်းဆိုသွားတာ အိမ်ကမြသူ အတိုင်းသားကြားရတယ်"



သူ့ဆင်ကောက်ရာက ပြန်လာတိုင်း မြသူ ပြောနေကျစကား။

မန်းချောင်းနားကိုရောက်လာသည်။ အရုဏ်သစ်၏ကျေးငှက်တေးဆိုသံတာ မန်းချောင်းနားတွင် ညံစီနေ၏။ နန်းလုံးကြိုင်ပွင့်တို့က မန်းချောင်းတစ်လျှောက်တွင် လှိုင်လှိုင် ပွင့်နေကြသည်၊ နန်းလုံးကြိုင်သည် မန်းချောင်းတစ်လျှောက်လုံး ကြိုင်သင်း ဖနေလေသည်။

မန်းချောင်းသည် ရခိုင်ရိုးမက မြစ်ဖျားခံလာသော ချောင်းဖြစ်ရာ မိုးတွင်းဆိုလျှင် ရေစီးကြမ်းသည်။ ထို့ကြောင့် စပါးထောင်း၊ ဆန်ဖွပ်တပ်ထားသော ရေရဟတ် ဒလက်တွေကို ဖြုတ်ထားရသည်။ နွေဆိုလျှင် သူတို့ရွာသည် စီးကျလာသော မန်းချောင်းရေကို ဒလက်ရဟတ်မှတဆင့် စပါးကြိတ် ဆန်ဖွပ်ခိုင်းထားတတ်ကြသည်။ မန်းချောင်းမှစီးကျလာသော ရေသည် သူတို့ရွာသားတွေကို တစ်ဖက်တစ်လမ်းက အလုပ်အကျွေးပြုနေသည်။

ဆောင်းယွန်းခါစ သမယဖြစ်သဖြင့် မန်းချောင်းရေသည် ဒူးခေါင်းလောက်သာနက်သည်။ ရေတိမ်သလို ရေစီးလည်းညင်သာသည်။ ကျော်စံသည် မန်းချောင်းကို ဖြတ်ကူးလာသည်။

နေဆာလှုံရင်း သစ်ခြောက်ပင်တစ်ပင်ပေါ် ဝိုက်မျှဉ်းနေကြသော ငှက်ဝယွန်းဇနီးမောင်နှံတစ်စုံသည် သူ့ကိုမြင်သောအခါ လန့်ပျံပြေးသွားကြသည်။ စောစောက ဝိုက်မျှဉ်းခဲ့ကြသော သစ်ပင်ထက်မြင့်သော သစ်ပင်ပေါ် ပြန်နားကြသည်၊ ပြန့်ဝိုက်မျှဉ်းကြသည်။ နာမည်နှင့်လိုက်အောင်ပျင်းသော ငှက်ပျင်း လင်မယား။

နေရောင်ခြည်သည် မြေပြင်သို့ မကျရောက်သေး။ မြင့်မားသော သစ်ပင်အဖျားနှင့် တောင်ထွတ်ထိပ်သို့ ထိနမ်းစသာ ရှိသေးသည်။

ချောင်းကတက်သောအစတွင် ဆင်ခြေရာတစ်ခုကိုတွေ့ရသည်။ ကျော်စံ၏စိတ်သည် မြသူဆီမှ သူ့ဆင်မိုးလုံးဆီ ရုတ်ခြည်း ပြန်ရောက်သွားပြန်လေသည်။

မနေ့ညနေက မိုးလုံးကို လွှတ်လိုက်သည်မှာ ဤနေရာဘက် တော့မဟုတ်ပေ။ နတ်တောင်၏ အရှေ့ယွန်းယွန်းကိုသာ။ သို့သော် သူ့ဆင်သည် ဤမှာဘက်သို့လည်း မရောက်ဟုတော့ ဧကန်ဧက မပြောနိုင်။ ရှေ့လက်နှစ်ဖက်ကို ထုံးစိပ်ခတ်၍ လွှတ်လိုက်ရသောဆင်သည် တစ်ညခရီး၌ ဆယ့်နှစ်မိုင်ခန့်ကို အသာလေးရောက်သွားနိုင်သည်။

ကျော်စံသည် မန်းချောင်းဘေး မြေပြင်နှံ့မှ ဆင်ခြေရာကို သေသေချာချာကြည့်လိုက်သည်။ မိုးလုံး၏ခြေရာမဟုတ်။ မိုးလုံးသည် စွယ်နှံမျိုးဖြစ်သဖြင့် ဤကဲ့သို့ ခြေရာမဝိုင်း။ ဤမျှလည်း အဝိုင်းမကြီး။ ပြီးတော့ ... မိုးလုံးသည် ရှေ့လက်ခွာ လေးလုံးနှင့် နောက်ခြေခွာသီး ငါးလုံးတစ်ဖက် ဖြစ်သည်။ တွေ့ရသောဆင်မှာ ရှေ့လက်ခွာသီးငါးလုံးနှင့် နောက်ခွာသီးလေးလုံးစီကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမြန်းချောင်းပတ်ဝန်းကျင် တစ်ရွာရွာမှ ဟိုင်းဆင်တစ်ကောင်၏ ခြေရာသာ။

ကျော်စံသည် နတ်တောင်ဘက်ယွန်းယွန်းဆီ ခြေလှမ်း သွက်လိုက်သည်။

နေရောင်ခြည်သည် တောအလုံး တောင်အလုံး လောကတစ်ခုလုံးကို ဖြန့်ခေ သွန်းပနေပြီး ဖြစ်သည်။

မကြာခင်ပင် ဆင်ထူးလမ်းတစ်ခုကို တွေ့ရပြန်သည်။ သစ်ရွက်ကြွေတောပေါ် တရှုတ်တိုက် ဆွဲသွားသော စွပ်ကြောင်းနှင့် မှန်ဒေါင်းပင် တစ်ပင်တွင် ထူးကြီးတိုက်သွားသော ပွန်းပွဲရာကိုလည်း တွေ့ရသည်။

ထူးကြိုးဆိုသည်မှာစားကျက်သို့ဆင်ကိုလွှတ်လိုက်ကတည်းက ဆင်နှင့်အတူ ဘရွတ်တိုက်ဆွဲပါသွားသော သုံးလေးလံရှည်သည့် သံကြိုးကြီးကိုခေါ်ခြင်းဖြစ်သည်။ ထူးလမ်းဆိုသည်မှာ ဆင်သွားရာ၌ သံကြိုးစွပ်ကြောင်းရာ ထင်ကျန်ခဲ့ခြင်းကို ခေါ်ခြင်းဖြစ်သည်။

ဆင်ဦးစီးတစ်ယောက် မိမိဆင်ကို ကောက်ရန်လာရာ၌ ရိုးရာအယူအဆများ ရှိသည်။ ဆင်ဦးစီးသည် ဆင်ထူးလမ်းကြောင်းပေါ်၌ အလေးအပေ့မသွားရ၊ တံတွေးမထွေးရ၊ အကယ်၍ ထိုသို့ပြုလုပ်မိလျှင် ကျားနှင့်တွေ့ရတတ်သည်။ ငှက်ကတ်ခံရတတ်သည်။ သို့မဟုတ် ဆင်ပျောက်တတ်သည်ဟုအယူအဆရှိကြသည်။

အမှန်မှာ ဆင်ဦးစီးသည် ဆင်ကောက်သွားရာ၌သာ စည်းကမ်းရှိရသည် မဟုတ်။ တောထဲက ဆင်ဝိုင်းစခန်းတွင် နေရာ၌လည်း စည်းကမ်းရှိရသည်။ ဆင်စခန်းတွင်နေစဉ် သူတစ်ပါး သားမယားကို မကျူးလွန်ရ၊ သူများပစ္စည်းများကို ပိုင်ရှင်မသိဘဲ မယူရ၊ အကယ်၍ ဤအပြစ်တွေကို ကျူးလွန်မိလျှင် ဆင်နင်းသတ်၍ သေတတ်သည်ဟု အယူရှိကြသည်။

ဆင်ဦးစီးတစ်ယောက် မိန်းမယူပြီဆိုလျှင် ဆင်ဝိုင်းရှိ လူအားလုံးကို အသိပေး၍ ဥတိန္နနတ် ပြရသည်။ အချို့ကလည်း ခေါ်ကာရီနတ်၊ မူကာရီနတ်ဟု ဒေသကိုလိုက်၍ အမျိုးမျိုးခေါ်ကြသည်။ ဦးစီးတစ်ယောက် မိန်းမယူလျှင်သာ မဟုတ်၊ ဆင်ဝိုင်းထဲ လူသစ်တစ်ယောက် ဝင်လာနေမည်ဆိုလျှင် နတ်ပြရသည်။

ဥတိန္နနတ်ပြခြင်းမှာ ဆင်စခန်း၌ နတ်စင်နတ်ကွန်း ဆောက်လုပ်ပြီး ထိုနတ်စင်များတွင် ဆင်သမားအားလုံးဝိုင်းဖွဲ့ကာ မိန်းမရသူ ဦးစီးက မိမိသည် မိန်းမပြေးဖြစ်ကြောင်း ကြေညာရသည်။ ထိုနတ်ပြသောနေရာ၌ မိန်းမကို ခေါ်လာစရာမလိုပေ။ နတ်ပြနေစဉ် ဝိုင်းထဲသို့ မိန်းမမဝင်ရ၊ ဖိနပ်မစီးရ၊ ခေါင်းပေါင်းပေါင်းထားခြင်းမရှိစေရ၊ နတ်စင်တွင် မှန့်ဖြူမုန့်နီတင်၍ အချို့အရပ်တွင် မင်္ဂလာဆောင်သလို စားပွဲသောက်ပွဲများပင် ပါတတ်ကြသည်။

ကျော်စံသည် ထူးလမ်းကို တွေ့ရပြီဖြစ်သော်လည်း မိုးလုံး၏ ထူးလမ်း



ဟုတ်မဟုတ်ကြည့်သည်။ ကျူရင်း တစ်ပိုင်း နှစ်ပိုင်းကို ထူးလမ်း၏ ညာဘက်တွင် မြင်ရသည်။ မိုးလုံး၏ ထူးလမ်းမှာ သေချာသွားလေပြီ။

ဆင်ကောက်ရာ၌ ဆင်ဦးစီးသည် မိမိဆင်၏ စားကြွင်းစားကျန် (စားဖတ်) များ လွှင့်ပစ်တတ်သည့် အကျင့်ကိုလည်း သိရသည်။ ဥပမာ ကျူပင်တစ်ပင်ကို ဆင်ကချိုးစားရာ၌ အရင်းပိုင်း ကျူရင်းဘက်ကို မိမိဆင်သည် ထူးလမ်း၏ဘယ်ဘက်ကို ပစ်တတ်သလား၊ ညာဘက်ပစ်တတ်သလား၊ ဂရုစိုက်ကြည့်ရသည်။ ဘယ်ဘက်ပစ်တတ်သောဆင်သည် အမြဲတမ်းထူးလမ်း၏ ဘယ်ဘက်ကိုသာ ပစ်တတ်သဖြင့် မိမိဆင်မှာ ဘယ်ပစ်လား၊ ညာပစ်လား၊ မှတ်ထားရသည်။ ဆင်သည်လည်း လူများ ဘယ်သန်ညာသန်၊ ဘယ်လေ့ ညာလေ့ ရှိသလိုပင်။

ကျော်စံ၏ဆင် မိုးလုံးမှာ ညာပစ်ဖြစ်သဖြင့် ယခုတွေ့ရသော ကျူရင်းပိုင်းစားဖတ်က သက်သေခံနေသည်။

စားဖတ် ဘယ်ပစ် ညာပစ်ကို သတိထားကြည့်၍ ထူးလမ်းစွပ်ကြောင်းအတိုင်း လိုက်လာလေသည်။ မကြာခင်ပင် ညက မိုးလုံးခေတ္တ မှေးအိပ်သွားသောနေရာကို တွေ့ရပြန်သည်။

ကျော်စံ၏ခြေလှမ်းသည် ပို၍မြန်လာလေသည်။ ဝါးတောနားတစ်ခုသို့ ရောက်လာ၏။

ဆင်ချေးတုံးတစ်တုံးကို သစ်ရွက်ကြွေပေါ်တွင် တွေ့ရသည်။ ကျော်စံသည် ဆင်ချေးတုံးကို ခြေနှင့်ကန်လိုက်သည်။ အတွင်းချေးပုံထဲမှ အငွေ့မသိမသာ ထွက်လာသည်။

ဆင်ဦးစီးသည် ဤသို့ပင် ဆင်ချေးတုံးကိုတွေ့က ခြေထောက်နှင့်ကန်၍ ဆင်ချေးတုံး၏ အတွင်းသဏ္ဌာန်ကို ကြည့်ရသည်။ ဆင်သည် ညက ဝါးကိုစားသလား၊ ကြိမ်ကိုစားသလား၊ ကျူပင်တွေကိုစားသလား၊ သစ်ရွက်သစ်ခေါက်များကိုစားသလား ခွဲခြားသိရသည်။

ဥပမာ မိမိဆင်သည် ညက ဝါးကိုချည်း စားထားလျှင် မိုးသက်... ကိုင်းမြက်များကိုစားရန် ချောင်းကမ်းပါး ကိုင်းတောထဲသို့ ... ယူဆရသည်။ ဆင်၏ ပင်ကိုသဘာဝထူးခြားချက်မှာ လူများသည် ဟင်း... အချဉ်၊ အသုပ်၊ အငန်၊ အစပ်များကို မွှေ၍စားတတ်သလို ဆင်သည်လည်း ... ကျူ၊ သစ်ခေါက်၊ သစ်ရွက်၊ မြက်စသည်တို့ကို မွှေမွှေတတ စားတတ်... ဆင်သည် ဝမ်းချုပ်လာပြီ၊ သန်ထလာပြီဆိုလျှင် သဘာဝအရ ဆေး... ကျစ်မြေကိုစား၍ ဝမ်းနုတ်ရမည်ကို သူ့အလိုလို သိတတ်သည်။ ... လာလျှင် ယာကန်ရိုင်းခေါ် သစ်ရွက်သစ်ခေါက်နှင့် ဆပ်... 

www.burmeseclassic.com

www.burmeseclassic.com



ဆေးအဖြစ် စားတတ်လေ့သည်။ ဆင်၏ကျန်းမာရေးကို ဦးစီးက ဆင်စားသော အစာကို ကြည့်၍လည်း သိရလေသည်။

ဆင်ဦးစီးသည် ဤတော၊ ဤတောင်၊ ဤဒေသ၌ ဘယ်နေရာ ဝါးတော ရှိ၍ ဘယ်နေရာ ကျူတောရှိသည်၊ ဘယ်နေရာတွင် ယာကန်ရှိင်းနှင့် ဆင်တုံးမနွယ်ပင်များ ပေါက်ရောက်တတ်သည်ကိုလည်း သိရသည်။ သို့မှသာ နေမမြင့်မီ ဆင်ကိုကောက်၍ တောထဲကအလုပ်စခန်းသို့၊ သို့မဟုတ် အိမ်သို့ ပြန်နိုင်မည်ဖြစ်လေသည်။

ညကတစ်ညလုံး ဝါးစားသွားသောမိုးလုံးသည် မိုးလင်းပိုင်း၌ ကျူတော ချောင်းနားသို့ ဆင်းသွားကြောင်း ကျော်စံ ခြေရာခံမိလေသည်။ ကျော်စံသည် တောင်ကြောဝါးတောမှ ချောင်းနား ကျူတောရှိရာသို့ ဆင်းလာလေသည်။

ကျူတောသို့ရောက်သောအခါ ထူးလမ်းမှာ မထင်မရှားဖြစ်လာသည်။ ထို့ကြောင့် ကျူတောအစတွင် မတ်တတ်ရပ်၍ ဆင်ခလောက်သံကို နားစွင့်ရသည်။ မိုးလုံး၏ခလောက်သံကျပ်ကျပ်ကို ကျော်စံသည် နှစ်မိုင်နီးပါးကပင်ကြားလျှင် မှတ်မိနေလေသည်။

မိုးလုံး၏ ခလောက်သံကျပ်ကျပ်ကို ကြားသောအခါ ကျော်စံသည် ကိုင်းတောဘက်သို့ ဆင်းလာသည်။ သူလာမှန်းသိအောင် သူ့အရှင်သခင်အသံကို မှတ်မိအောင် ကျော်စံက မိုးလုံးအား သီချင်းသံပေးရသည်။

တည်းလုံ့မှီ အသွားအလာ ထောက်လိုက်တော့
လှည်းကုန်သည်ငါးရာ ရောက်ကရော့ထင့်
နွားစာခြောက်ကိုတဲ့ မြင်သလို
ခွင်စားဖို့ရယ်တဲ့ တည်ရာစခန်း
တော ... ဟေမဝါ ...။

မိုးလုံး၏ခလောက်သံကို နားစွင့်မိသည်။

ဆင်သည် တောထဲ၌ တစ်ခါတစ်ခါ လန့်တတ်သည်။ ကျူပင်တွေမှာ လူတစ်ရပ် ကျော်မြင့်သဖြင့် ဆင်နှင့်လူသည် မိမိဆင်နှင့်မိမိသခင်မှန်း ရုတ်တရက်သိဖို့မြင်ဖို့ မလွယ်ကြပေ။ ဆင်ခလောက်မှာလည်း တစ်ခါတစ်ခါ တပုံစံတည်းထွင်းလုပ်ထားသော ခလောက်ဖြစ်သဖြင့် အသံချင်း တူနေတတ်သည်။ ထို့ကြောင့် ဦးစီးက ထပ်၍ အသံပေးရ၏။

တောဟေမဝါ
ပေါရိသာ အယုူမှားစဉ်က
လူသားကို ခင်မင်လို့
ရှင်ဘုရင်အရာကျရယ်က



မဆင်မခြင်လာသမျှကိုတဲ့
ဟော၊ အမိအရ ဖမ်းတာကြောင့်
တော အဓိကရ ကြမ်းလိုက်ပါဘိ
ပေါရိသ လမ်း ....

သူသီချင်းဆို၍ အသံပေးလိုက်ခါမှ မိုးလုံး၏ ခလောက်သံသည် လုံးဝ ဟိတ်သွားသည်။

ကျော်စံ စိတ်ထဲ သက်ာရနဲ့ မကင်းသလို ဖြစ်သွားမိ၏။ စောစောက သူကြားရသော ခလောက်သံသည် မိုးလုံး၏ ခလောက်သံမှ ဟုတ်ပါလေစ။

ကျော်စံသည် ခြေလှမ်းကိုတုံ့၍ ခလောက်သံကို ထပ်နားစွင့်သည်။

စောစောက ကျူပင်တွေကို ဆင်စားတိုင်း တဂျောင်ဂျောင် မြည်နေသော ခလောက်သံမှာ ယခုအခါ လုံးဝ တိတ်ဆိတ်သွားလေသည်။

ကျော်စံသည် ရှေ့သို့မတိုးရဲတော့။ နောက်သို့ ပြန်ဆုတ်ရ၏။ အကယ်၍ မိမိဆင် မိုးလုံးမဟုတ်လျှင် ထိုးလိုက်ခံရမှာ သေချာသည်။ ကိုင်းတောထဲတွင် အကာအကွယ်ဆို၍ ဘာမှမရှိပေ။

အိတ်ထောင်ထဲပါလာသော ဆေးသားလိပ်ကိုနှိုက်၍ မီးညှိဖွာသည်။

ခါတိုင်းနေ့တွေဆိုလျှင် မိုးလုံးသည် သူ့အသံကြားသည်နှင့် ပြေးလာတတ်သည်။ ယနေ့ ဘာကြောင့် မလာပါလိမ့်။ ဆေးလိပ်သောက်ခြင်းမှာ မိုးလုံးအား သခင်မှန်း သိအောင် အနံ့ပေးခြင်းဖြစ်သည်။

ကျော်စံသည် ချောင်းနားဘေးက ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်သည်။

"မိုးလုံးရေ ...၊ လာ ... လာ ..."

"ဒီကို လာဝေး .... ဒီကိုလာ ....ဒီကိုလာ ...."

မိုးလုံးကို ခေါ်ကြည့်သည်။

ဘာသံမှ မကြားရ။

ဆင်ဦးစီးသည် စိတ်တော့ ရှည်ရ၏။ ဦးစီးသခင်က သူတို့အပေါ် ဒိတ်[illegible] စိတ်တိုနေပြီဟု ဆင်အထင်အမြင် လွဲသွားအောင် ဤလို ဆင်ကောက်[illegible] လုံးဝမလုပ်ရပေ။ ဆင်က မိမိသခင်စိတ်တိုနေမှန်းသိလျှင် ပုန်းနေဘတ်[illegible] ထို့ကြောင့် ကျော်စံကလည်း ထပ်၍သီချင်းဆိုရ၏။ ထပ်၍ခေါ်ရ၏၊ [illegible] စောင့်စားရ၏။

သို့သော် ဘာမှ အကြောင်းမထူး။

မိုးလုံးသည် ကိုင်းတောထဲက ပေါ်ထွက်မလာ။ ဝေးဝေးက[illegible]သော စောစောက မိမိဆင် မိုးလုံး၏ ခလောက်သံဟု ကေန်ကေ ထင်[illegible]သော

www.burmeseclassic.com

www.burmeseclassic.com



ခလောက်သံမှာလည်း ယခုအခါ လုံးဝတိတ်ဆိတ်သွားလေပြီ။

ကျော်စံသည် ကိုင်းဖျော ကျူပင်တွေကို အကဲခတ်သည်။ လေတိုက်တိုင်း ယိမ်းနွဲ့ လှိုင်းထသွားသော ကျူပင်များတွေမှတပါး အခြားထူးခြားချက်ဆို၍ ဘာမှမမြင်ရ။

အခြား ကာစ်ယောက်ယောက်၏ ဆင်တစ်ကောင်ကောင်လား။

တွေးစရာဖြစ်လာသည်။

အခြားတစ်ယောက်ယောက်ပိုင် ဆင်ဖြစ်ပါကလည်း သူ့အရှင်သခင် အသံ မဟုတ်မှန်းသိသော ဆင်သည် အစားမပျက် အနေမပျက်၊ ကျူပင်တွေကို စားနေရုံသာ။ ခလောက်သံလည်း မြည်နေရုံသာ။ ယခု ခလောက်သံ တိတ်သွား သည်မှာ ဘာသဘောပါလိမ့်။

ကျော်စံသည် ဆယ့်ငါးမိနစ်ခန့် အခြေအနေကို လုံးဝ အသံမပြုဘဲ တိတ်တဆိတ်အကဲခတ်နေ၏။

"ဂျောင်"

မတော်တဆ မြည်သွားသော ခလောက်သံ တစ်ချက်က ကျော်စံကို လှုပ်ရှားသွားစေသည်။ ကျော်စံသည် အသက်အောင့်၍ ကိုင်းတောဘက်သို့ စိုက်ကြည့်နေ၏။

"ဂျောင်"

"ဂျောင်"

"ဂျောင်"

ဆင်တစ်ကောင်အစာစားနေသောအခါ ပုံမှန်ပေါ်ထွက်လာတတ်သော ခလောက်သံသည် ပုံမှန်ပြန်၍ ထွက်ပေါ်လာသည်။ ကျူပင်များ လှုပ်ရှားကျိုးလဲ သွားသည်ကိုပင် အမြင့်က သွားကြည့်လျှင်မြင်ရမည်ဟု ကျော်စံတွေးလိုက် သည်။

ခါးကြားက ဓားမြှောင်ကိုစမ်းပြီး မျှန်းကို မြဲမြဲကိုင်လိုက်သည်။

သူ့တွင် လက်နက်ဆို၍ ဤမျှသာ ပါသည်။ သစ်စခန်းတောကြီးမျက်မည်းထဲ ဆင်ကောက်လာခြင်း မဟုတ်သဖြင့် လုံကိုပင်ရှုပ်သည်ဟု မယူလာခဲ့။ ယခုမှ လုံယူလာခဲ့လျှင်အကောင်းသားဟု တွေးမိလိုက်သည်။ အရေးအကြောင်းဆိုလျှင် ချွန်းနှင့်ဓားမြှောင်က လုံလောက်အားမကိုးရပေ။

ကျော်စံသည် ခလောက်သံကြားရာသို့ တရွေ့ရွေ့လျှောက်လာသည်။ သတိဝီရိယနှင့် ကျူပင်ကျူတောတွေကို ကိုး၍လာရသည်။ မိုးလုံးမဟုတ်လျှင် လည်း ထိုဆင်သည် အဘယ်ကြောင့် အသံဝှက်ပါလိမ့်။ သူ့သခင် မဟုတ်မှန်း သိလျှင်လည်း စားမြဲနေမြဲသာရှိသင့်သည်။ ယခုတော့ လူသံကြားသည်နှင့်သူက



ပုန်းဖို့ကြိုးစားသည်။ ခလောက်သံကို ရပ်ပစ်လိုက်သည်။ နောက်လူသံတိတ်သွား ၍ လူက သူ့ဆင်မဟုတ်မှန်းသိ၍ ပြန်သွားပြီထင်မှ ခလောက်သံမြည်၍ အစာ ပြန်စားသည်။

ခြေသံကို လုံအောင် ပြုသည်။ လေအောက် လေထက်ကို သတိထားသည်။ လေအောက်ဘက်မှ ခလောက်သံ ကြားရာဘက်သို့ ချဉ်းကပ်သည်။ လေထက်မှ ချဉ်းကပ်မိလျှင် ဆင်သည် လူနံ့ကို ကြိုတင်ရသွားမှာ စိုး၍ဖြစ်သည်။

ခလောက်သံ တကျောင်ကျောင်မြည်နေသော နေရာနှင့် ဆင်အစာစားနေရာကို ကျူကောထဲတွင်မြင်နေရပြီး ဆင်ထီး ဆင်မ အကြီး အသေးတော့ ခွဲခြား မသိရ သေး။ ခလောက်သံကမူ မိုးလုံး၏ ခလောက်သံမှ မိုးလုံး၏ခလောက်သံအစစ်၊ နှစ်ပေါင်းများစွာ ကြားလာခဲ့ရသော မိုးလုံး၏ခလောက်သံကို သူ့နားက မည် သည့်နည်းနှင့်မှ မမှားနိုင်။ ဤခလောက်သံကိုနားထောင်၍ မိုးလုံးကို သူကောက် ခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပေ။

ကျော်စံသည် ဆင်၏ပုံပန်းကို သေသေချာချာကြည့်သည်။ နှာမောင်း ခလောက်နှင့် လည်ပင်းအောက်ကို မြင်နေရသည်။ ကွဲကွဲပြားပြားတော့ မမြင်ရသေး။ သေသေချာချာ ကြည့်ရန်ခါးကို အနည်းငယ်ကုန်းလိုက်သည်။ ကိုင်းပင်ခြောက်တစ်ပင်ကိုတိုက်မိကာ ဖြောက်ခနဲ အသံမြည်သွားသည်။

မြင်ကွင်းကြောင့် ကျော်စံ မျက်လုံးပြူးသွားသည်။ တကိုယ်လုံးလည်း ကြက်သီးဖြန်းဖြန်းထသွား၏။ မိုးလုံးမှမိုးလုံးအစစ်။

ကိုင်းပင်နှင့် သူ့ပခုံးစွန်း တိုက်မိသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မိုးလုံးသည် ရုတ်ခနဲ ခလောက်ကို နှာမောင်းနှင့် ဆုပ်ထားသည်။ ခလောက်သံမှာ ရုတ်ခြည်း ရပ်သွားသည်။ မိုးလုံးသည် ထူးကြိုးကိုလည်း စိတ်မချသလို နောက်ခြေတစ်ဖက်နှင့် သိမ်းနေ၏။

ကျော်စံသည် မချစဖူး သက်မကို ချလိုက်ရသည်။

မိုးလုံးနှင့်ပတ်သက်၍ ဦးစီးဖြစ်သူကျော်စံသည် ဤသို့တစ်ခါမှ သက်မ မချဖူးပေ။ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ ဤတစ်ကြိမ်က အစပြု၍ နောက်နောင်တွင် မိုးလုံးကြောင့် သူသည် သက်မအကြိမ်ပေါင်း မည်မျှ ချရလေဦးမည် မသိသေး။

စိုးရိမ်စိတ်သည် ရုတ်ချည်း ရင်ထဲ ပြည့်သိပ်လာ၏။

ကျော်စံ မြင်လိုက်ရသော မိုးလုံး၏ ဤနေ့အပြုအမူသည် ဆင်ဆိုး တစ်ကောင်၏အပြုအမူ၊ သို့မဟုတ် နာမည်ကြီး ဆင်ဆိုးဖြစ်လာမည့် ဆင်ပေါက် တစ်ကောင်၏ စတင်ပြုမူမှု ဆိုသည်ကို ဆင်သမားကျော်စံသည် ချက်ချင်း သိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်စံသည် ခဏငိုင်သွားမိသည်။

တောထဲ စခန်းတွင် မိုးလုံးသည် ဘယ်ဆင်ဆိုးနှင့် နီးနီးကပ်ကပ် အလုပ်သင် လိုက်ဖူးပါလိမ့်။ မိုးလုံး၏ ရာဇဝင်ကို ပြန်တွေးရပြီ။ မိုးလုံး၏ ပကတိရုပ်ကို လေ့လာရပြီ။ မိုးလုံးသည် အရွယ်ရောက်နေပြီ ဖြစ်သဖြင့် မုန်ရိုပ်မုန်သွေးတို့ ရှိမရှိ ကိုလည်းကြည့်ရပြီ။

နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးက ဆင်များဆိုလျှင် ဆင်တစ်ကောင်စီ၏ ကိုယ်ရေးရာဇဝင် ဆင်စာအုပ်ပုံစံ (ည) ရှိသည်။ မွေးသည့်နေ့ကပင် သေဆုံးသွားသည့်နေ့ထိ၊ သို့မဟုတ် မမွေးခင်ပဋိသန္ဓေ ကာလကပင် ဆင်တစ်ကောင်၏ မှတ်တမ်းသည် အပြည့်အစုံရှိလေသည်။ ထိုဆင်နှင့် ပတ်သက်၍ သိလိုလျှင် ပုံစံ(ည)ကို ယူကြည့်ရုံနှင့် အပြည့်အစုံ သိရလေသည်။ ဘယ်နေ့ကစ၍ ပဋိသန္ဓေနေသည်ထိ ထိုစာအုပ်တွင် ပါလေသည်။

ဆင်ဦးစီးသည် မိမိစီးနေရသော ဆင်တစ်ကောင်ကောင်၊ အထီးအမ မဟူ မုန်ကျတော့မည်ဆိုလျှင် သုံးလေးရက်ကပင် ကြိုတင်သိလေသည်။ ဆင်သည် အဖော်ရှာလိုသောဝမ်းခေါင်းသံများ၊ ထိုင်းမှိုင်းတွေဝေခြင်းများဖြင့် မုန်ရိုပ်ပြသည်။ ဆင်ထီးဆိုလျှင် ကာမကြောများ တင်းလာတတ်သည်။ ဤသို့သော လက္ခဏာများသည် မုန်ကျတော့မည့် ဆင်တစ်ကောင်၏ ရုပ်လက္ခဏာများပင်တည်း။

ဆင်ဦးစီးသည် ဆင်ခေါင်း ဆင်အုပ်တို့ကို ချက်ချင်းအကြောင်းကြားရသည်။ ဆင်ခေါင်း ဆင်အုပ်ကတစ်ဆင့် ဆင်ဝန်ထောက်ဆီကို အစီရင်ခံစာ ရေးရလေသည်။ ဝန်ထောက်၏ ညွှန်ကြားချက်နှင့်အတူ ဦးစီးသည် ရိုးရိုးကြိုးနှင့် ထုံးများအစား ပို၍ခိုင်ခံ့သော မုန်ထုံးမုန်ကြိုးတို့ကို ပြောင်းတပ်ပေးရသည်။မုန်ထုံးမှာ ရိုးရိုးသာမာန်ထုံး ငါးမူးလုံးထက်ကြီးသော ခြောက်မူးလုံးထုံးသံကြိုး ဖြစ်သည်။

မုန်ထုံးမုန်ကြိုးများ တပ်ဆင်ပြီးသော ဆင်ကို အခြားဆင်များနှင့် အနည်းဆုံး ငါးမိုင်ခန့်ဝေးသော နေရာသို့ ရွှေ့ပြောင်းထားပေးရသည်။ မုန်ဆင်၏ ဦးစီးပဲ့စီးများအပြင် ဖြတ်နိုင်ပါက ချောင်းခေါင်းတစ်ယောက်ကိုပင် ထိုဆင်နှင့် အတူ လိုက်သွားစေရသည်။ မုန်ယိုနေသော ဆင်ကို ငါးမိုင်ဝေးသော နေရာထိရွှေ့ပြောင်းရန် မဖြစ်နိုင်ပါက အခြား တိရစ္ဆာန်များ အထူးသဖြင့် တောဆင်ရိုင်းများ အနီးသို့ ရောက်လာလျှင် သိသာစေရန် လူများ အချိန်မီ ကာကွယ်နိုင်ရန် စခန်းအနီးတွင် ချည်နှောင်ထားရသည်။

ဆင်တစ်ကောင် မုန်ကျပြီ၊ မုန်နံ့ရပြီဆိုလျှင် တောဆင်ရိုင်းများ လိုက်လာပြီး ဆင်ယီးဖြစ်ပါက ထိုးသတ်တတ်သည်။ ဆင်မဖြစ်နေလျှင်လည်း အလိုမတူက ထိုးသတ်တတ်သည်။ ဆင်မများသည် မုန်ယိုနေသော်လည်း တွေ့ကရာဆင်နှင့် ပေါင်းဖော်ခြင်းမရှိပါ။ ဆင်ဝိုင်းတွင် သူတို့ကြိုက်သော



ဆင်နှင့်သာ မိတ်ယူလေ့ ရှိသည်။ ထို့ကြောင့် ဆင်တစ်ကောင်ကောင် မုန်ကျလာလျှင် သစ်ထုတ်လုပ်ရေးမှ ဆင်ဦးစီး၊ ပဲ့စီး၊ ဆင်ခေါင်း၊ ဆင်အုပ်တို့က အထူးဂရုစိုက်ကြရသည်။ ဦးစီးသည် မိမိဆင်က ကြိုက်နေသော ဆင်ကိုလည်း သိရသည်။

မုန်ယိုလာလျှင် ဆိုးသွမ်းတတ်သည်ဟု ရှေ့ကအစီရင်ခံချက်ရှိသော ဆင်များဆိုလျှင် အရိပ်အာဝါသကောင်းကောင်းတွင် မုန်ပျောက်သည်ထိ ချည်ထားရသည်။ ဆင်တစ်ကောင် မုန်ကျလျှင် အနည်းဆုံး နှစ်ဆယ်၊ နှစ်ဆယ့်ငါးရက်မှသည် တစ်လထိ အလုပ်မခိုင်းပဲရပ်ထားရ၏။ ထို့ကြောင့် အချို့ပုဂ္ဂလိကပိုင် ဆင်များမှာ မုန်ကျလျှင် အလုပ်ပျက်မည်စိုးသဖြင့် မုန်ရိပ်မြင်ကတည်းက မုန်ရပ်သွားစေရန်အတွက် ပိုင်ရှင်များက အလုပ်ပင်ပင်ပန်းပန်းခိုင်းပစ်တတ်ကြ၏၊ သို့တည်းမဟုတ် ဘိန်း၊ ဆေးခြောက်နှင့် ကျောက်ဖရုံသီးများ ကျွေးတတ်ကြသည်။

ဘိန်း၊ ဆေးခြောက်နှင့် ကျောက်ဖရုံသီးများ ကျွေးလျှင် မုန်ကျနေသော ဆင်မှာ မုန်ရပ်သွား၏။ သို့သော် ကျွေးဖန်များသောအခါ အင်အားကုန်ခမ်းပြီး သစ်မဆွဲနိုင်သော အခြေအနေသို့ ရောက်သွားတတ်သည်။ ထိုအခါ လူများပန်းသေသလို ဖြစ်ပြီး မုန်နာကျတတ်သည်။ ထို့ကြောင့် ဆင်သမားများသည် သဘာဝအလျောက် မုန်ကျခြင်းကို ပိတ်ပင်တားဆီးခြင်း မပြုကြသည်ကများလေသည်။

သစ်ထုတ်လုပ်ရေး၌ မုန်ကျနေသော ဆင်တစ်ကောင်သည် အခြားဆင်များကို ရန်ရှာတတ်သည်ဟု သိရပါက နေ့အချိန်တွင် အခြားတိရစ္ဆာန်များနှင့် မတွေ့ရအောင် ဦးစီးက အမြဲလိုက်၍ စောင့်ရှောက်ရ၏။ ညအခါ၌ အစာရေစာ ဝဝလင်လင် ကျွေးပြီး ထုံးခတ်ချည်ထားရသည်။

မုန်ကျနေသော ဆင်တစ်ကောင်သည် မိမိ ဆင်ဝိုင်းရှိ ဆင်တစ်ကောင်ကောင် ကို အမှန်တကယ် တပ်မက်မှုရှိနေကြောင်း အသေအချာ သိရလျှင် ဦးစီးသည် ထိုဆင်နှစ်ကောင် လွှတ်ပေးရသည်။ မုန်ကျနေသော ဆင်ထီး၊ ဆင်မ တစ်ကောင်ကောင်သည် သူကြိုက်သော ဆင်နှင့်အတူ သွားလာနေရလျှင် လူနှင့် အခြားတိရစ္ဆာန်၊ ကျွဲ၊ နွား များကို အန္တရာယ်မပြုတတ်ပေ။ မုန်ယိုသောဆင်သည် မိတ်လိုက်တတ်သဖြင့် မိတ်အစ မုန်ကဟု ဆိုတတ်ကြသည်။ မိတ်[illegible] ဆင်မက သဘောမတူလျှင် စွယ်စုံဆင်များသည် မုန်စိတ်နှင့် [illegible] အနိုင်ကျင့် တတ်ကြသည်။

သစ်စခန်းတွင် မုန်ကျသော ဆင်ထီးများကို ဆင်ဆိုးများပမာ သံ[illegible] ဆွဲပေးတတ်ကြသည်။ ဤသည်မှာ ရွာနီးချုပ်စပ်မှ ထင်းခွေ၊ [illegible] လူများအား ဤနေရာ၌ မုန်ကျနေသော ဆင်ရှိကြောင်း သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဆင်များမှန်ကျရာတွင် တောဆင်နှင့်အိမ်ဆင်တို့ မတူကြပေ။ တောဆင်များမှာ စိတ်လွတ် ကိုယ်လွတ် ဖြစ်သဖြင့် အိမ်ဆင်များထက် မှန်ကျသောအချိန်များသည်၊ အိမ်ဆင်များမှာမူ လူက ကြပ်မတ်ပေးထားသည့်အပြင် အလုပ်ကလည်း ပင်ပန်းသဖြင့် တစ်နှစ်လျှင် အများဆုံး သုံးကြိမ်လောက်သာ မှန်ကျတတ်သည်။ မှန်မကျသော ဆင်ကို မှန်ကျအောင်လုပ်သောနည်းမှာ သစ်ချိုခေါက်ကို ကျိုပြီး အရက်နှင့် ရောတိုက်လျှင် မှန်ကျတတ်သည်။

အလုပ်စခန်းက ဆင်များသည် များသောအားဖြင့် အလုပ်နားချိန်တွင် မှန်ကျတတ်သည်။ မှန်ကျသောဆင်၊ မိတ်လိုက်သောဆင်ကို ဦးစီးသည် အမြဲစောင့်ကြည့်ရသဖြင့်လည်း ဘယ်နေ့က ဘယ်ဆင်မသည် ဘယ်ဆင်ထီးနှင့် မိတ်လိုက်သည်။ အထီးအမည်က မည်သို့၊ အမအမည်က မည်ပုံ ဆိုသည်ကို ဆင်စာအုပ်ပုံစံ (ည) တွင် ရေးမှတ်ထားရသည်။ ထို့ကြောင့်လည်း ဆင်ကလေးတစ်ကောင်၏ ပဋိသန္ဓေနေလသည် အထီးဆိုလျှင် နှစ်ဆယ့်နှစ်လ၊ အမဆိုလျှင် ဆယ့်ရှစ်လဟု တိတိကျကျ သိရခြင်းဖြစ်သည်။

ဆင်ကလေး မွေးဖွားလာသောအခါ အဖနာမည်၊ အမိနာမည်၊ မွေးနေ့ သက္ကရာဇ်၊ မွေးတုန်းက အလုံးအရပ်၊ ဟိုင်း၊ ဟန်၊ တော၊ စွယ်စုံ စသည့် အမျိုးအစား၊ ကျောကုန်းလေးမျိုးတွင် ခြသေ့ထိုင်၊ ဝက်ကုန်း၊ ငှက်ပျောကိုင်း၊ ကျောပြာသာဒ် စသည် တစ်မျိုးမျိုး၊ မျက်လုံးထဲတွင် ပုလဲ၊ ဘုတ်၊ ကြက်တူရွေး သို့မဟုတ် ကပြားအစပ်ဆိုလျှင် ကပြားအစပ်။ အမြီးက ရိုးရိုးဆိုလျှင်ရိုးရိုး၊ တံခါးပိတ်ဆိုလျှင် တံခါးပိတ်ဟု ရေးမှတ်ထားရသည်။ အမြီးတံခါးပိတ်ဆိုသည်မှာ ဆင်မြီးဖျားမှ အမွေးသည် အလိုက်သင့်မဟုတ်ပဲ ကန့်လန့်ပေါက်နေခြင်းကို ဆိုသည်။မွေးကတည်းကပင်ပါ၏။ ဆင်အကောင်တစ်ရာတွင် တစ်ကောင်မပါတတ်ပေ။ ထို့ကြောင့်လည်း ဆင်သမားများသည် ထိုအမြီးတံခါးပိတ်အမွေးကို ဆင်သမားများသည် လက်စွပ်ထိုး၍ ဝတ်တတ်ကြသည်။ စည်းကာ၊ နတ်ကာ အမှောင့်ပယောဂကောင်းသည်ဟု အယူရှိကြသည်။

ထို့နောက် ခွာသီး ရှေ့လက်ငါးလုံး၊ နောက်ခြေငါးလုံး အစုံပါမပါကိုလည်း သေသေချာချာစစ်ဆေး၍ ဆင်စစ်ဆေးသူဝန်ထောက်က ဆင်စာအုပ်ပုံစံ (ည) တွင် ရေးမှတ်ထားရသည်။ ရှေ့လက်တစ်ဖက်ခွာသီး ငါးလုံးစီနှင့် နောက်ခြေခွာသီး ငါးလုံးစီပါသောဆင်ကို ကြန်စုံဟု ခေါ်သည်။ အလွန်ရှားပါး၏။

အဖွဲ့ပိုင်ဆင်များမှာ ဤသို့စနစ်တကျ ထားရှိသဖြင့် ဆင်စာအုပ်ပုံစံ(ည) ယူကြည့်ရုံနှင့် သိနိုင်သော်လည်း ယခုကျော်စံ၏ဆင် မိုးလုံးမှာကား ပုဂ္ဂလိကပိုင်ဆင်ဖြစ်သည့်အပြင် ရခိုင်ရိုးမမှ ကျူးသွင်း၍ဖမ်းဆီး ရမိထားသော တောဆင်



တစ်ကောင်ဖြစ်ရာ မှတ်စု မှတ်ရာ ဆို၍ ဘာမှ မရှိပေ။ လက်ရှိဆင်၏ အသွင်သဏ္ဌာန်ကို ကြည့်၍သာ ဆင်ဆိုး ဖြစ်နိုင် မဖြစ်နိုင် အကဲဖြတ်ရတော့မည်။

ကျော်စံသည် မိုးလုံး၏ ရုပ်ဆင်းသဏ္ဌာန်ကို တွေး၍ နောက်ဆုတ်လာ၏၊ အရိုင်းစိတ် တောစိတ်ဝင်နေလျှင် ရန်ရှာမှာစိုးရသည်၊ မိုးလုံး၏ မျက်လုံးသည် ဆင်ဆိုးကို့တွင် တွေ့ရတတ်သော မျက်လုံးမျိုး ရှိသည်ကို တွေးမိသောအခါ ကျော်စံ၏ ရင်ထဲမှာ ပို၍ အခုန်မြန်လာလေသည်။ မိုးလုံး၏ မျက်လုံးသည် ပုလဲ မဟုတ်။ ဘုတ်နှင့် ကြက်တူရွေးစပ်ပြီး မှုန်မှုန်မှိုင်းမှိုင်းပေသီ နေတတ်သည်။

ဆင်ဆိုးများသည် များသောအားဖြင့် လူ့အထာကို အလွန်သိကြသည်။ ပါးနပ်လိမ္မာမှုကို့တွင်လည်း ဆင်ကောင်းများထက် သာသည်။ ဆင်ဆိုးများကို စီးရသော ဦးစီးများသည် ရဲရင့်သူများ၊ ဆင်ပါးဝသူများဟု မိမိကိုယ်ကို မိမိ အထင်ကြီးတတ်ကြသည်။ ထို့ကြောင့်အချို့ ဦးစီးများသည် ဆင်မဆိုး ဆိုးအောင် တမင်သင်ယူကြသည်လည်း ရှိလေသည်။

မိုးလုံးသည် အလွန်လိမ္မာသော ဆင်ဖြစ်သလို ယနေ့ လူသံကြားသည်နှင့် ခလောက်သံမမြည်အောင် ခလောက်ကို နွာမောင်းနှင့် ဆုပ်ကိုင်ထားခြင်း၊ ထူးကြိုးကို နောက်ခြေနှင့် သိမ်းခြင်းတို့မှာ ဆင်ဆိုးဖြစ်လာသည့် အင်္ဂါရုပ်ပင် ဖြစ်သည်။ ထို့ကြောင့် ကျော်စံသည် မိုးလုံးအနားမှ နောက်ဆုတ်လာခြင်း ဖြစ်လေသည်။

ခြေလှမ်း ကိုးလှမ်းခန့် နောက်ဆုတ်ပြီးမှ မိုးလုံးကို အသံပေးရ၏။

"မိုးလုံးရေ ... လာ ...လာ"

"ဟော့ ... ကောင်ကြီး ... လာ ... လာ "

"စီးလာ ... မောင်ရေ ... စီးလာ ... စီးလာ ..."

"ဂျောင်"

"ဂျောင်"

ချက်ချင်း ခလောက်သံ မြည်လာသည်။

ကျော်စံမှာ ပို၍ ထိတ်လန့်ရသည်။

သူ့ကို ဦးစီးက မြင်နေပြီ၊ သူ့အနားကို ဦးစီးရောက်နေပြီ၊ သူပုန်းနေ၍ မရမှန်းသိသွားသောအခါ သူ့အကျင့်ကို ဦးစီးမြင်မှာစိုး၍ ချက်ချင်း ခလောက်ကို ပြန်ရှ ပစ်လိုက်သည်။ သိမ်းရုပ်ထားသော ထူးကြိုးဖြန့်သံကိုလည်း ကြားလိုက်ရသည်။

"စီးလာ မောင်ရေ ... စီးလာ ... စီးလာ"

ကျော်စံကမူ မိုးလုံးခလောက်ပုက်ခြင်း၊ ထူးကြိုးသိမ်းခြင်းကို လုံးဝမသိ

www.burmeseclassic.com

www.burmeseclassic.com



မမြင်လိုက်သလို ခါတိုင်း ခေါ်နေကျ အသံနှင့်ချော့ခေါ်နေသည်။

မိုးလုံးသည် ဣန္ဒြေမပျက်၊ ကျော်စံ ရှိရာသို့ တယိမ်းယိမ်းလာနေသည်။

"မိုးလုံး ... မက် ...မက်"

"ဟော့ ကောင်ကြီး ... မက် ...မက်"

ကျော်စံက နှစ်ခွန်းပင် မအော်လိုက်ရ၊ ခြေတစ်ဆစ် လက်တစ်ဆစ်ချိုး၍ သခင်ကို ကြွပါတက်ပါဟု ပင့်တင်နေသလို အနေအထားမျိုး လုပ်ပေးလိုက်သည်။

ခါတိုင်းနေ့ထက်ပင် ကျိုးနွံနေသော မိုးလုံးကို ကြည့်ကာ ကျော်စံက သဘော်ပြုံး တစ်ချက်ပြုံးလိုက်သည်။ ပြီး .... ထူးစိပ်ထူးထိကို ဖြုတ်လိုက်သည်။

"လိမ္မာလိုက်တဲ့ ကောင်ကြီး၊ မိုးလုံး .... ဒါမှ ငါ့မိုးလုံးကွ"

ကျော်စံ သူ့ဦးကင်းပေါ် ရောက်သွားသည်နှင့် မိုးလုံးသည် ဆတ်ခနဲ ထလိုက်သည်။

"သွားစမ်း မိုးလုံးရေ၊ သွားစမ်းဟ၊ နေမြင့်နေပြီ"

ဦးစီးသခင်၏ ညွှန်ရာဘက်ကို မိုးလုံးက စလှမ်းသည်။

ကျော်စံသည် ဆိုနေကျ ခွန်းထောက်နှင့် မိုးလုံးကို ချွေးသိပ်စီးချလာလေသည်။

ဘာမပိုတာ ဝေ့လိုက်တော့
ရာဇဂြိုဟ် သာကေတငယ်နှင့်
ဗာရာဏ တက္ကသိုလ်
အညီ တွေးလိုက်တော့
ဤလေးပြည် ဗဟိုအလယ်ထင့်
ခိုစဖွယ် ထိုဝယ်ခရီးမှာတော့
မှောင်စိုစို ညောင်ညိုကြီးရယ်
ထီး .... ဖြန့်သလို ....

"လှမ်းထား မိုးလုံးရေ၊ လှမ်းထား၊ လှမ်းထား၊ တိုင်းတော် ပြည်တော်နဲ့ နီးလာပြီဟ"

တည်းလှုံမှီ အသွားအလာ ထောက်လိုက်တော့
လည်းကုန်သည် ငါးရာရောက်ကဖျော့ထင့်
နွားစာခြောက်ကိုတဲ့ မြင်သကို
ခွင်စားဖို့ရယ်တဲ့ တည်ရာစခန်း

■

[၁၄]

"ဟောင်နော် .... ဟောင် .... ဟောင်"

"ဒီဆင်မဟာလေ .... ဟောင်နော် .... ဟောင်ဆိုနေ"

ဆင်မကြီး မြင်မတိန်ကို ဦးလှဘော်နှင့်ကျော်စံတို့က ပုခက်တင်ရန် ကြိုးစားနေကြသည်။

ဆင်မကြီးသည် ထူးဝင်မခံသေးဘဲ လူလှည့်သည့်ဘက် လှည့်လှည့်ပါနေသဖြင့် ဦးလှဘော်က အော်ခြင်းဖြစ်သည်။

ဟောင် ....ဟောင် ....ဆိုသည်မှာ မလုပ်နဲ့၊ မလုပ်နဲ့ဟု ဦးစီးက ဆင်ကို နားလည်အောင် ပြောသောစကားဖြစ်လေသည်။

"ဟောင် ....ဆိုနေ၊ ဒီဆင်မဟာ ....ကဲ"

လှံကိုင်၍ ဘေးကရပ်ကြည့်နေသော ကျော်စံသည် မြင်မတိန်၏ ဖွယ်ပုန်းရင်းကို လှံတစ်ချက်ပေးလိုက်သည်။

ဆင်မကြီးမြင်မတိန်သည် တုံခနဲ တစ်ချက်တွန့်၍ ရပ်သွား၏။

ဦးလှဘော်သည် ကျော်စံကို ကျေကျေနပ်နပ် တစ်ချက်ကြည့်လိုက်သည်။

ကျော်စံသည် စီးသင်စီးတိုက်ရာ၌သာ မဟုတ်၊ လှံထောက်၊ ချွန်းပေါက်ရာ၌လည်း လက်ဆမှန်သည်။ လှံလွန်၊ ချွန်းလွန်၍ ဆင်အနာတရဖြစ်ခြင်း၊ နာနာကျင်ကျင် ဖြစ်ခြင်းလည်း တစ်ခါမှ မရှိပေ။ ထို့ကြောင့်လည်း ဦးလှဘော်သည် ကျော်စံကို အားကိုးခြင်း၊ ကျေနပ်ခြင်း ဖြစ်လေသည်။

ဆင်မ မြင်မတိန်နှင့် မိုးလုံးတို့ကို ဤသို့ ပုခက်တင်နေကြခြင်းမှာ မန်းစက်တော်ရာ ဘုရားပွဲသွားကြရန်ဖြစ်သည်။ ဤမန်းစက်တော်ရာ ဘုရားပွဲသည် သူတို့ဒေသ၌ အဓိက ဘုရားပွဲ ဖြစ်သည်။ အနယ်နယ် အရပ်ရပ်က လာကြသော ကုန်သည်များ ဘုရားဖူးများနှင့် မန်းစက်တော်သည် တလမြို့ ဖြစ်နေတော့သည်။

အခြားဒေသ၊ မြန်မာပြည်အရပ်ရပ်က ရွှေစက်တော်ဘုရားဟု ခေါ်လေ့ပြောလေ့ ရှိကြသော်လည်း သူတို့ အရပ်ကလူများကား .... မန်းစက်တော်ဟုသာ အခေါ်အပြော လေ့ကြလေသည်။ အကြောင်းမှာ သူတို့ရွာ၊ သူတို့နယ်ကို ဖြတ်စီး

www.burmeseclassic.com

www.burmeseclassic.com



သွားသော မန်းချောင်းသည် ရွှေစက်တော် ခြေရာတော်ကို သုံးကြိမ်သုံးခါ ဦးတိုက်ပြီးမှ ဆင်းသွားသောကြောင့် ဖြစ်သည်။ တစ်နည်း၊ မန်းချောင်းနှင့် ကပ်လျက် တည်ရှိသော ဘုရားမို့ မန်းစက်တော်ဟု ခေါ်ကြခြင်း ဖြစ်လေသည်။

မန်းစက်တော်ရာ ဘုရားပွဲသည် အထက်မြန်မာပြည်တွင် ပွဲရက်အရှည်ကြာဆုံးနှင့် အစည်ကားဆုံး ဘုရားပွဲ ဖြစ်သည်။ ထိုစဉ်က မန်းစက်တော်ဘုရားပွဲကို တပို့တွဲလပြည့်ကျော် တစ်ရက်မှ တပေါင်းလပြည့်ကျော် တစ်ရက်ထိ ကျင်းပလေသည်။

ဘုရားပွဲတော်မကျင်းပမီ တစ်လလောက်ကပင် ရွာနီးချုပ်စပ် သို့မဟုတ် ဘုရားနှင့်နီးသော ပတ်ဝန်း၊ ဝန်းကျင်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေတတ်ကြသည်။ ဘုရားပွဲတော်ရက်ဆိုလျှင် ရွာသူရွာသားတွေမှာ ဘုရားပွဲသွားရာလမ်း၌ လှည်းအလှ၊ နွားအလှ၊ လှည်းအမြန်၊ နွားအမြန် ကြိမ်တံ၊ လှည်းထောက်၊ လှည်းဘီးက အစ ပြိုင်လေ့ရှိကြသည်။

အထူးသဖြင့် ငွေကြေးချမ်းသာသူများဆိုလျှင် လှည်း၊ နွား စသည်တို့ကို ကြော့နေအောင်ဆင်၍ ဘုရားပွဲတော်သို့ သွားလေ့ရှိကြသည်။ သမီးကညာပျိုတို့၏ အချောအလှကိုလည်း ဤလိုပွဲမျိုးရောက်မှ ပွဲထုတ်ပြသခွင့် ကြုံကြလေသည်။

ထို့ကြောင့်လည်း ယခု ညောင်ခြေထောက်ရွာမှ ဆင်ပိုင်ရှင် ဦးလှဘော်သည် သူ့မိသားစုနှင့်အတူ မန်းရွှေစက်တော်ပွဲသွားရန် ဆင်မကြီးမြင်မတိန်ကို ပုခက်တင်လျက် ရှိလေသည်။

ဦးလှဘော်၊ ကျော်စံနှင့် မြင်မတိန်၊ မိုးလုံးတို့အနားတွင်တော့ ဒေါ်သူဇာမေနှင့် မြသူတို့ ရပ်နေကြသည်။ ဆင်နှစ်ကောင်စလုံး ပုခက်တင်ပြီးလျှင် ပွဲသွားကြရမည် ဖြစ်သည်။ နွားရှိသူတို့က နွားလှည်းနှင့် ပွဲသွားသလို၊ ဆင်ရှိသူတို့ကလည်း ဆင်နှင့် ပွဲသွားကြသည်မှာ သူတို့ဒေသ၌ ရပ်ဓလေ့၊ ရွာဓလေ့ ဖြစ်လေသည်။

မကြာခင်ပင် မြင်မတိန်နှင့် မိုးလုံးတို့ကို ပုခက်တင်ပြီး သွားကြသည်။ သူတို့သည် မန်းစက်တော်ရာဘုရားပွဲ သုံးလေးရက်နေကြမည်ဖြစ်သဖြင့် စားအိုးစားခွက်နှင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ တိုလီမိုလီအားလုံးကို ဆင်မကြီး ပုခက်ပေါ် တင်ကြသည်။ ပွဲတော်တွင် ရှိနေစဉ်အတွင်း နေ့ခင်းနေ့လယ်တွင် အပျင်းဖြေဓာတ်စက်ဖွင့်ရန်အတွက် ဆောင်းဦးက ဦးလှဘော်ဝယ်လာသည့် မတ်တတ်ဗီရို ဓာတ်စက်ကြီးကိုလည်း ဆင်ပုခက်ပေါ် တင်ကြသည်။

ဤဓာတ်စက်ကြီးမှာ ဒေါ်သူဇာမေနှင့် မြသူတို့ အလိုကျ ဦးလှဘော် မန္တလေးသွားဝယ်ခဲ့ရသော ဓာတ်စက် ဖြစ်သည်။ ဒေါ်သူဇာမေ၏ သဘောမှာ မန်းစက်တော်ပွဲ၌ ဓာတ်ပြားအသစ်၊ ဇာတ်ထုပ်အသစ်တွေဖွင့်၍ ဆင်ပိုင်ရှင် ဖြစ်မှန်း လူအများသိအောင် ကြွားရန် ဖြစ်သည်။ မန်းစက်တော်ပွဲရောက်သော



အခါ သူတို့မှာ မိမိအရှေ့ ရွာသားတွေနှင့် တစုတဝေးတည်း နေကြရမည်ဖြစ်ရာ နေ့ခင်း နေ့လယ် ဆိုလျှင် ဓာတ်စက်မှာ မနားတမ်းဖွင့်ရမည်။ ဤသို့ဖွင့်နိုင်ရန် ဒေါ်သူဇာမေသည် ခွေးတံဆိပ်အပ်ဘူး အသစ်သုံးလေးဘူးကိုပင် ကြိုတင်ဝယ်ထားခဲ့လေသည်။

“ဗျို့ … ဦးလှဘော်၊ ကောက်ညှင်းဆန်နဲ့ ပဲဆန်၊ နှမ်းအိတ်တွေ ဒီထမ်းလာပို့ပေးရမှာလား၊ ကျွန်တော့် အိမ်မှာပဲထားရမှာလား”

ဦးကျော်လှသည် ဦးလှဘော်ကို ခြံဝက လှမ်းမေး၏။

ဦးကျော်လှသည် သူတို့အရှေ့ပိုင်းတွင် ဘုရားဒကာ ကျောင်းဒကာ လူကြီးဖြစ်သည်။ ယခု သူပြောသော ကောက်ညှင်းဆန်၊ ပဲဆန်နှင့် နှမ်းအိတ်တို့မှာလည်း မန်းစက်တော်ဘုရားရောက်လျှင် စုပေါင်းပြီး ထမင်းနဲ့ထိုးလှူကြရန်အတွက် ရွာမှ ကောက်ခံထားသော ပစ္စည်းများ ဖြစ်သည်။ ဤပစ္စည်းများကို သယ်ဆောင်သွားရန်မှာ ဆင်ပိုင်ရှင်ဦးလှဘော်တာဝန်ဖြစ်သဖြင့် လာမေးခြင်း ဖြစ်၏။

“ဘုရားဒကာတို့အိမ်ဘက်က သွားရမှာပဲ ဦးကျော်လှ၊ ဘုရားဒကာတို့အိမ်ရှေ့မှာပဲ ထားပေးပါ၊ ကျွန်တော် ဆင်နဲ့လာပြီးကောက်သွားမယ်”

“ဟုတ်ကဲ့ …. ကောင်းပြီဗျို့”

ဦးကျော်လှ ခြံဝက လှည့်ပြန်သွားသည်။

သူတို့ ရွာသူရွာသားတွေ လှည်းကိုးစီး၊ ဆယ်စီးနှင့်ပွဲသွားကြမည်ဖြစ်သော်လည်း လှည်းတွေမှာ အလှအပ အမြန်သာမောင်းသွားကြမည်ဖြစ်ရာ ဝန်လေးကို မတင်ချင်ကြပေ။ ဝန်လေးတင်ရန်မှာ ဆင်ပိုင်ရှင်၊ ဆင်သမားများတာဝန်သာ ဖြစ်သည်။ ဤသည်မှာ ရပ်ဓလေ့ ရွာဓလေ့ ပင်။

“ကဲ …. လူလေး၊ သူဇာတို့ သမီးတို့နဲ့ မင်းအလျင် သွားနှင့်၊ ဦးကြီး ပဲဆန်တွေ၊ ကောက်ညှင်းဆန်တွေကောက်ပြီး နောက်ကလိုက်လာခဲ့မယ်”

“ဟုတ်ကဲ့ ….”

ကျော်စံသည် မြင်မတိန်နှင့် ယှဉ်ရပ်နေသော မိုးလုံးကို ဒူးတစ်ချက်ထောက်ပြီး ဒေါ်သူဇာမေနှင့် မြသူတို့အနား စီးချလာသည်။

“မက် … မက် … မိုးလုံး မက်”

မိုးလုံးသည် ကျော်စံ အမိန့်အတိုင်း ခြေလက်ကွေးချိုး၍ ဝပ်ချလိုက်လေ၏။

ဒေါ်သူဇာမေနှင့် မြသူတို့သည် မိုးလုံး၏ ပုခက်ပေါ် လှမ်းတက်ကြသည်။

မိုးလုံး၏ပုခက်မှာ ဝန်တင်ရန်ထက် လူစီးရန်သီးသန့်ကြိမ်ရက်ပုခက်ဖြစ်သဖြင့် ဆင်စီးသူတွေမှာ ခရီးဝေးသော်လည်း မပင်ပန်းပေ။ ကြိမ်ကုလားထိုင်ပေါ် မှီလိုက်သလို သက်သောင့်သက်သာ လိုက်နိုင်လေသည်။

“ရွာက ဘုရားလိုက်မဲ့ လှည်းတွေကိုလည်း တစ်ခါတည်း ဆင်ပြအော်သွားနော် လူလေး”

www.burmeseclassic.com



အိမ်ဝင်းထဲက လှမ်းထွက်သွားသော ကျော်စံအား ဦးလှဘော်က လှမ်းပြောသည်။

"ဟုတ်ကဲ့ … ဦးကြီး"

ကျော်စံသည် ရွာမြောက်ဖျားအတိုင်း မိုးလုံးကို စီးချလာသည်။

"ဘုရားလိုက်မဲ့ လှည်းရှင်တွေ ကျုပ်တို့တော့ သွားပြီဗျို့၊ လိုက်လာခဲ့ကြပါ"

"ဟေ့ … ဦးသာရင်တို့အိမ်က အပြောချိုတဲ့ အပျိုချောမတွေ ကြီးဒေါ်တို့တော့ သွားပြီ …၊ ဟေး … လိုက်ကြမယ် မဟုတ်လား"

"မြင့်ရင်တို့ မြရှိန်တို့ရေ … ကျုပ်တို့တော့ သွားပြီတော့"

ကျော်စံနှင့် မြသူတို့သားအမိမှာ အသိအိမ်နှင့် ဘုရားလိုက်မည်ဟု ပြောထားကြသော အိမ်နားရောက်တိုင်း ဆင်ပေါ်က လှမ်းအော်သွားကြသည်။

"ကိုကျော်စံကြီး ရှင့်ဆင်ခြေမြန်တိုင်း အရမ်းမောင်းမသွားနဲ့ ကျွန်မတို့လှည်းကိုလည်းစောင့်ပါဦးတော့"

လှည်းယဉ်ကလေးစီးကာ သင့်ရာသင့်ရာဖွဲ့၍ နောက်ကထွက်လိုက်လာကြသော အပျိုတချို့က ကျော်စံကို လှမ်းပြောကြသည်။

"လှရီတို့လားဟေ့၊ ကျော်စံတို့ကိုမမှီလည်း မကြောက်ပါနဲ့ဟ၊ နေ့ခင်းကြောင်တောင်ကြီး နင်တို့ကို ဘယ်သူမှ မဆွဲပါဘူး၊ နောက်က တို့လည်းလိုက်လာပါတယ်ဟ"

"ကာလနာ … သေချင်းဆိုးတွေ၊ တော်တို့ကို ဘယ်သူက နောက်ကလိုက်ခိုင်းလို့လဲတော့"

"ဝါး … ဟား … ဟား"

"မာန်ဝင်ကာ အလှဂုဏ်ကိုးသူရဲ"

အန့်ချင်စရာကောင်းအောင် ငေါ့ရုပ်ပုံကဖြင့် …

ဆိုး … ဆိုး … ဆိုးလေရွှေသလား"

"ဝေါ့ …"

"ဝေါ့ …"

"ဟဲ့ကောင်တွေ မနောက်ကြနဲ့ကွာ"

"တရားသဖြင့် ဆင်ခြင်ပါနော်

ဘုရားလောင်းကုသမင်းမှာ"

"ဟဲ့ … ကာလနာ … နွေခေါင်ခေါင်မှာ နင့်မိုးကြိုးပစ်ဦးမယ်ဟဲ့"

"ဘုရားသွားကြတာပါနော်

တရားသဘောအလာ မေတ္တာ ကရုဏာ ဆကြပါဦး"

"ဟ … နင်က ငရဲလားမဲ့ အကောင်ပါဟ ထွန်းကျော်ရာ"



"ဝါး … ဟား … ဟား"

ဤသို့နှင့် မန်းစက်တော်ဘုရားပွဲ သွားကြသော ညောင်ခြေထောက်ရွာ အရှေ့ပိုင်းသား၊ အရှေ့ပိုင်းသူ အပျိုလူပျိုတွေမှာ တစ်ယောင်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်ရင်း ရွာမှထွက်လာကြလေသည်။

ရွာလွန်၍ ကွင်းပြင်ရောက်သည်နှင့် နွားလှည်း အပြေးပြိုင်ကြသည်။ ခြုံခလောက်သံနှင့် နွားငေါက်သံ၊ နွားမောင်းသံတို့မှာ ကွင်းလုံးညံလာကြသည်။ လှည်းအစီး နှစ်ဆယ်ကျော်လောက် တစ်ပြိုင်တည်း အပြေးမောင်းလာကြသဖြင့် ဖုန်လုံးတွေမှာလည်း ထောင်းထောင်းထ ပါလာကြသည်။

ဆင်ပုခက်ပေါ်မှ နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့်လိုက်ပါလာကြသော ဒေါ်သူဇာမေနှင့် မြသူတို့မှာ သူတို့၏ မှတ်မိသမျှ လှည်းများကို "ဘယ်သူ့လှည်း ရှေ့တက်လာပြီ ဘယ်သူ့လှည်းနောက်ကျန်ခဲ့ပြီ၊ အဲဒါ သန်းရီတို့လှည်းမဟုတ်ဘူး အမေရဲ့၊ မမအေးခိုင်တို့အိမ်ကလှည်း၊ မဟုတ်ပါဘူးအေ — ခုရှေ့တက်လာတာ သန်းရီတို့လှည်းမှ သန်းရီတို့လှည်းအစစ်" ဟု သားအမိနှစ်ယောက် ငြင်းလာကြသည်။

သူတို့မှာ ရှေ့ကရောက်နေကြသော ဆင်ပေါ်က လူတွေဖြစ်သဖြင့် ဖုန်လိပ်ဖုန်လုံးတွေကြားထဲက လှည်းယဉ်လေးတွေကို ပီပီပြင်ပြင် မမြင်ကြရ၊ စိတ်မှန်းချက်စိမှန်းနှင့်သာ ငြင်းချက်ထုတ်လာကြခြင်း ဖြစ်လေသည်။

ရှေ့ကသွားနေသော ကျော်စံတို့မှာ ကွင်းလွန်လာသည်။ မိုးတွင်းတွင် သွည်းလမ်း နွားလမ်းအဖြစ် ခရီးကာထားသောလမ်းထဲ ဝင်လာကြသည်။ လမ်းနှစ်ဖက်ရှိ ခရီးတွင် ဆူးရစ်ကန္တာရနှင့် ရှား ထနောင်းပင်တို့ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေကြသည်။ လူနှစ်ရပ်ကျော်မြင့်သော ရှား၊ ထနောင်းပင်ပျိုတို့မှာ ညနေသွေးသော လေချိုထဲ နွဲ့ယိမ်းနေကြသည်။ ခရီးထဲတွင် ရှားထနောင်းပင်တို့က အမြင့်ဆုံး၊ အလှဆုံးပင်တည်း။

ခရီးလမ်းထဲ ဆယ်လှမ်းပင် လှမ်းမဝင်ရသေး၊ မိုးလုံး၏ သွက်လက်သော ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။

"ဟဲ့ကောင် ဘယ်လိုဖြစ်နေတာလဲ၊ တက် … တက် … ဆို"

ကျော်စံသည် နောက်က အပြေးမောင်းလိုက်လာကြသော လှည်းယဉ်လေးတွေကို လှည့်ကြည့်လှည့်ကြည့် လုပ်နေရာက မိုးလုံးကို ဒူးတစ်ချက်ချေးလိုက်၏။ သို့သော် မိုးလုံးအား ပေရပ်နေသည်။ တုတ်တုတ်မျှမလှုပ်။

"ဟ … ဒီ … ကြော်"

မိုးလုံးကို နောက်တစ်ချက် ဒူးပေးပြီး မောင်းနှင်မည်ဟု စိတ်ကူးလိုက်သော ကျော်စံ၏စိတ်ကူးမှာ အလိုလို ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားလေသည်။

www.burmeseclassic.com



ကျော်စံသည် ရှည်လျားသော ခရီးလမ်းတစ်ဖက်ကို လှမ်းကြည့်လိုက်၏။ ဘသာသည် စွယ်ပြောင်ဆင်တစ်ကောင်ကိုစီးကာ ခရီးလမ်းထဲ ဝင်လာနေသည်။ ဘသာစီးလာသော စွယ်ပြောင်ဆင်မှာ မိုးလုံးထက် တစ်ပေကျော်မြင့်သော စွယ်ပြောင်ကြီး ဖြစ်နေသဖြင့် မိုးလုံးက ရှေ့မတိုးရဲတော့။

ခရီးနှစ်ဖက် ကာထားသော လမ်းမကြီးမှာ ဥတုသုံးပါး အချိန်မရွေး သွားလာ၍ရသောလမ်းဖြစ်သဖြင့် ပေသုံးလေးဆယ်ကျယ်သည်။ ဆင်သုံးကောင် လှည်းသုံးလေးစီး ပြိုင်မောင်းသွား၍ရသောလမ်းဖြစ်၏။ သို့သော် လှည်းတွေကိုသာ မောင်းနှင်သွား၍ရမည် ဖြစ်သော်လည်း ခရီးလမ်းကြောင်း ဆင်ကြီးတစ်ကောင်ရှိနေလျှင် မိုးလုံးကို မည်သည့်နည်းနှင့်မျှ မောင်းနှင်၍မရဆိုသည်ကို ဆင်သမား ကျော်စံက အတပ်သိလိုက်သည်။ မိမိနှင့်မကျွမ်းသော စွယ်ပြောင်ဆင်ကြီး အနားကို မိုးလုံးသည် မည်သည့်နည်းနှင့်မျှ မကပ်ဝံ့၊ မဖြတ်ရဲပေ။ အထူးသဖြင့် လိင်တူသော စွယ်စုံမျိုးကြီးဖြစ်နေရာ မိုးလုံးလို ဆင်ပေါက်အရွယ်ကို စွယ်ပြောင်ဆင်ကြီးတွေမှာလည်း လုံးဝကြည့်မရ ရှိတတ်သည်။ တစ်နေ့ကျလျှင် သူတို့ကို အာခံလာမည့်ရန်ဘက်တွေ ဖြစ်သဖြင့် လူမပါသော တောထဲတောင်ထဲ၌သာဆိုလျှင် တွေ့သော မြင်သောနေရာက ထိုးလိုက်တတ်သည်။ သူတို့မှ တွေ့ရာသချိုင်း တားမဆိုင်းထဲက ဖြစ်သည်။

ဤသည်ကိုသိ၍ ယခု မိုးလုံးသည် ခြေလှမ်းတုံ့ပြီး စွယ်ပြောင်ဆင်ကြီး၏ အခြေအနေကို အကဲခတ်နေခြင်းဖြစ်သည်။ ရှေ့သို့ လုံးဝမတိုးရဲ။ ခြေလှမ်းကို တုံ့ တုံ့ရပ်ထား၏။

အမှန်က မိုးလုံးသာ မဟုတ်။ ကျော်စံကလည်း ဘသာကို အကဲခတ်ကြည့်ရသည်။ ဤခရီးလမ်းက ဘသာဆင် ဖယ်ကြဉ်သွားမှ မိုးလုံး သွားဝံ့မည်မဟုတ်ပါလား။

ဘသာသည် ဆင်ကောက်ရာ ဆင်ရေချရာက ပြန်လာ၍ မတော်တဆ ဆုံမိကြခြင်းမဟုတ်။ ဘသာ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အင်္ကျီလုံချည်အသစ်တွေက ဆင်ကောက်ရာမှ ပြန်လာခြင်းမဟုတ်ကြောင်း သက်သေခံနေသည်။

ဘသာသည် ဟုတ်တိပတ်တိဆင်ကောက်၊ ဆင်ရေချခြင်းအလုပ်ကိုလည်း လုပ်တတ်သူ မဟုတ်။ သူတို့မှာ ဆင်ပိုင်ရှင်တွေဟု ဆိုသော်လည်း ကျော်စံတို့ ဦးလှဘော်တို့လို ဆင်ဦးစီးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူတွေလည်း မဟုတ်။ ဘသာ အဖေ ဦးဘထွန်းမှာ လယ်ယာကိုင်းတောတွေနှင့် သက်ငယ်ခင်းများကို ပိုင်ဆိုင်သူဖြစ်သည်။ ထို့ကြောင့် ဆင်ဖမ်းအဖွဲ့တွင် အစုထည့် အရင်းကြည့်ထောင်ပေးခြင်း၊ ဆင်ဖမ်းသမားများ ရိုးမထဲက ဖမ်းဆီးရမိ



လာသော ဆင်များကို မတရား ကြေးနှိမ်ခေါင်းပုံဖြတ် ဝယ်ယူ၍ သစ်လုပ်ငန်း သစ်အဖွဲ့များတွင် သစ်ခေါင်း ဝန်ထောက်စသည့် အရေးပါ အရာရောက်သူတွေနှင့် ပေါင်းကာ လှည့်လည်ရောင်းချခြင်း၊ ရောင်းမထွက်သေးသော ဆင်များကို ဦးစီးငှား၍ သစ်လုပ်ငန်းတွင် ယာယီဝင်လုပ်စေခြင်းတို့နှင့်သာ ကြီးပွားချမ်းသာနေသူဖြစ်သည်။ ထို့ကြောင့်လည်း ဦးဘထွန်းသား ဘသာမှာ ဆင်ပိုင်ရှင်၊ ဆင်ပွဲစားသမားဟု ဆိုသော်လည်း ဆင်ဦးစီး အတတ်ကို ယခု အသက်အရွယ်ထိ ကျွမ်းကျွမ်းကျင်ကျင်တတ်သူ မဟုတ်မှန်း ကျော်စံသိသည်။

ထို့အပြင် ဘသာသည် တောရွာမှ လူချမ်းသာကြေးရတတ်သားတို့၏ ဆိုးဂုဏ်အတိုင်း အလုပ်ကိုလည်း လက်ကြောတင်းအောင် မည်မည်ရရ လုပ်သူမဟုတ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားထဲက ဖြစ်သည်။ ယခု ဝတ်ကောင်းစားလှနှင့် ဆင်စီးကာ ခရီးလမ်းတွင် လမ်းသလားနေခြင်းမှာလည်း ကျော်စံတို့ အနေ့ရွာသားတွေထက် ဘုရားစောစောတက်သွားကြသော တခြားရွာနီးချုပ်စပ်က အပျိုချောတွေကိုလိုက်ကြည့် လိုက်ပိုးရင်း ဘသာရှုံးပြနေမှန်း မမေးဘဲ သိနိုင်၏။

သို့သော် ဤသည်မှာ ကျော်စံနှင့်တော့မဆိုင်ပေ။ ကျော်စံနှင့် ဘသာ ယခုဆိုင်တွေ့နေကြသည့် ကိစ္စမှာ ဆင်နှစ်ကောင်ကိစ္စသာ ဖြစ်သည်။ ဘသာ ခရီးထဲရှိနေလျှင် မိုးလုံးသည် မည်သည့်နည်းနှင့်မျှ ခရီးထဲ မဝင်ရဲပေ။ ဘသာဆင် ဘရွေ့ရွေ့လာနေသဖြင့် မိုးလုံးသည် နောက်ဆုတ်စပင် ပြုနေလေပြီ။

အမှန်က အသွားနှင့်အပြန်လိုဖြစ်နေသဖြင့် ရှောင်ခြင်း ရှောင်လျှင် ဘသာသာ ရှောင်ပေးသင့်သည်။ သို့သော် ယခုမူ ဘသာက မရှောင်။ ကျော်စံသည် မိုးလုံးအား နောက်သို့ လှည့်လိုက်သည်။ ခရီးဝသို့ ဆုတ်လာပြီး လမ်းဖယ်ပေးထားသည်။ သူ့အနေမှာ ဘသာကို ပြိုင်၍မရမှန်း သိသည်။ ဘသာနှင့်ဆိုလျှင် ရွာခံလည်း မဟုတ်သဖြင့် အစစအရာရာ သိမ်သည်။ သူ ဤသို့ လူဘသာ့သူတလုံး ဖြစ်လာသည်ပင် ဦးလှဘော်မျက်နှာကြောင့်သာ။ ထို့ကြောင့် ကျော်စံက ရှောင်ပေးရသည်။

ကျော်စံတို့နောက်မှ လိုက်လာကြသော လှည်းယဉ်များအားလုံးသည် ဘသာစီးပြီးတစ်စီး ခရီးထဲဝင်မောင်းသွားကြသည်။ ဆင်ဆင်ချင်းသာ အန္တရာယ်ရှိသော်လည်း နွားနှင့်ဆင်မှာ မည်သို့မျှ အန္တရာယ်မရှိသဖြင့် လှည်းသမားတွေက ရဲရဲဝံ့ဝံ့ ဝင်သွားကြခြင်းဖြစ်သည်။ ခရီးထဲ ဝင်လာသော နွားလှည်းတွေကို ဘသာကလည်း အသာတကြည် လမ်းဖယ်ပေးပေလိမ့်မည်။ ခရီးနား ချုံစပ်ကို ကပ်၍ လှည်းပေါ်က အပျိုချောများကို ဘသာလိုက်ခ လိုက်နေသည်ကိုပင် ကျော်စံကြားနေရသည်။

ဘသာကြောင့် သူတို့ပြန်ဆုတ်နေကြရသည်ကို သိသော ... သူတို့ကမှ ဘသာဆီလှမ်းကြည့်၍ နှုတ်ခမ်းစူနေကြ၏ ... ကျော်စံကမူ ဘသာ

www.burmeseclassic.com



သည် သူ့ဆင်နှင့် ခရီးထဲက မြန်မြန်ထွက်လာရေးကိုသာ သတိထားနေရ၏။

လှည်းများလွန်သွားသောအခါ ဘသာသည် ခရီးတစ်ဝက်အလယ်က လှည်းယဉ်တွေနောက် ပြန်လှည့်လိုက်သွား၏။

ကျော်စံမှာ ယခုမှ သက်မချနိုင်တော့သည်။

ဘသာသည်လည်း "ပွဲတက်တာကိုး"ဟု သဘောပေါက်လိုက်သည်။ ထို့ကြောင့် သူ့ဆင်မိုးလုံးကို ခရီးထဲ ဝင်ခိုင်းရပြန်၏။

"တောက်"

ကျော်စံသည် တက်တစ်ချက်ကို ကျယ်ကျယ်လောင်လောင် ခေါက်လိုက်မိသည်။

ပွဲတက်သွားသည်ဟုထင်သော ဘသာသည် လှည်းတန်းကြီး ခရီးတစ်ဖက်ထိပ် လွန်သွားသည်နှင့်တပြိုင်နက် ခရီးထဲပြန်ဝင်လာသည်။ ဘသာဆင် ခရီးထဲ ဝင်လာသောအခါ ကျော်စံဆင် မိုးလုံးမှာ အလိုလိုခြေလှမ်း တုံ့ရပြန်ပြီ။

"အမျိုးယုတ် သက်သက် ညစ်တာ"

"ဆင်နင်းသေပါစေတော်"

မိုးလုံးကို ကျော်စံပြန်အလှည့်တွင် ဒေါ်သူဇာမေနှင့် မြသူတို့၏ ပါးစပ်က အယုတ္တ အနတ္တ ဆဲဆိုသံတွေ ပေါ်ထွက်လာသည်။

သူတို့နှင့် ဘုရားအတူလာကြသော လှည်းတန်းကြီးမှာ တောလမ်းစသို့ပင် ရောက်သွားကြပြီဆိုသည်ကို သိသောအခါ မြသူနှင့် ဒေါ်သူဇာမေတို့မှာ ဆွေ့ဆွေ့ခုန်လာကြသည်။

"အမျိုးယုတ် အကျင့်ပုပ် ကြည့်ပါလား၊ လုပ်နေတဲ့ညစ္စာ"

ဘသာသည် ဆင်ကို ခရီးအလယ်တွင်ရပ်ပြီး ခရီးထဲ ပေါက်နေသော နန်းလုံးကြိုင်ပင်က ကိုင်းတစ်ကိုင်းကို ဆင်ပေါ်က လှမ်းချိုးနေသည်။

ကျော်စံသည်လည်း ဆည်းဆာထဲတွင် ပြုံးနေသော ဘသာ၏ မျက်နှာကို လှမ်းကြည့်ကာ မသိမသာ အံကြိတ်ထားသည်။

ဘသာသည် ကျော်စံတို့ ရပ်နေကြသည်ကို မြင်သောအခါ သူ့ဆင်ကို ကျော်စံတို့ရှိရာဘက်သို့ တအိအိစီးချလာပြန်သည်။ ကျော်စံနှင့် မိုးလုံးတို့မှာ ခရီး ထွက်ဝသို့ ပြန်လှည့်ဆုတ်လာကြရပြန်သည်။ ကွင်းစပ်ထွက်ဝသို့ ရောက်သောအခါ ကျော်စံက မိုးလုံးကို ရပ်လိုက်သည်။

ခရီးလမ်း ဤနေရာမှာ အကွေ့ဖြစ်နေသလို ဆူးခြစ်နှင့် ရှား ထနောင်းတို့ကလည်း တောထနေသဖြင့် ဘသာ လာ, မလာကို ပြန်လှည့်၍ ကြည့်ရသည်။ ဘသာသည် လမ်းတစ်ဝက်ကျော်ကျော်တွင် သူ့ဆင်ကို ကျော်စံတို့ဘက် နောက်ပေး၍ ရပ်ထား၏။ သက်သက် ညစ်နေမှန်း သိသာသည်။

"ဒီလူ သက်သက်ညစ်တာဗျ"



"ဟုတ်တယ် .... ဘထွန်းသားလား မမေးရဘူး၊ ညစ်စုတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး"

"ဟင် ... ဟိုမှာ ဖေဖေနဲ့ မြင်မတိန်တို့ လာကြပြီတော့"

မြသူစကားမဆုံးခင်ပင် ကျော်စံနှင့် ဒေါ်သူဇာမေတို့က နောက်သို့ လှည့်ကြည့်လိုက်သည်။

မှန်သည်။ ကြီးမားမြင့်ခိုင်သော ဆင်မကြီးကို အပြင်းစီးကာ ဦးလှဘော် လာနေသည်။

မြင်မတိန်မှာ ပင်ကိုကပင် ရှစ်ပေကျော် ဆင်မကြီးဖြစ်ရာ သူ့အပေါ်မှာ ပုခက်နှင့်ဆန်အိတ်၊ ဆီပုံး၊ ပဲအိတ်၊ နှမ်းအိတ်တို့တင်ထားသောအခါ ပိုမြင့်ပြီး တောင်ကမူကြီးတစ်ခု ရွေ့လာနေသလို ဟိန်းနေလေသည်။

"လူလေးတို့ ဘာလုပ်နေကြလဲ၊ ဦးကြီးက မင်းတို့တော်တော်တောင် ရောက်သွားကြပြီထင်လို့ အပြင်းလိုက်လာတာ"

"ရောက်မလားတော် .... ရှေ့မှာ ဟိုကောင်က ဆင်တစ်ကောင် နဲ့ ခရီးထဲ ပိတ်ရပ်နေလို့ ကျုပ်တို့ ဒီမှာဘယ်လောက်ကြာပြီလဲ စောင့်နေရတာ၊ ရွာကလှည်းတွေတောင် အားလုံး တောလမ်းထဲ ရောက်သွားကြပြီ"

"ဟုတ်တယ်ဖေဖေ၊ သမီးတို့ကို ဘသာသက်သက်ညစ်နေတာ၊ ကိုကိုက ဆုတ်ပေးလည်း သူခရီးထဲက ထွက်မလာဘူး၊ သူဟိုဘက်က လှည်းတွေနောက် လိုက်သွားတာတွေ့လို့ ခရီးထဲ ဝင်တော့ သူကဒီဘက် တမင်ပြန်လှည့်တာ၊ ခုလဲ ခရီးအလယ်မှာ သက်သက် ဆင်ကိုရပ်ထားတယ်"

"ဟုတ်လား လူလေး"

ဦးလှဘော်သည် ဇနီးနှင့် သမီးတို့၏အထာကို သိသူဖြစ်သဖြင့် ဇနီးနှင့် သမီး စကားကို နေရာတကာ ယုံကြည်သူမဟုတ်။ ထို့ကြောင့်လည်း ဆင်သမားအချင်းချင်း ဆင်ဦးစီးအချင်းချင်းသာ သိနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျော်စံကို လှမ်းမေး၏။ မေးရင်းက ခရီးအကွေ့ကို နေရာယူ၍ ဘသာဆင်ရှိသည်ဆိုသော ခရီးအလယ်သို့ လှမ်းငေးကြည့်သည်။ သူတို့ဘက်ကို ဖင်ပေး၍ ဘသာဆင် တမင် ရပ်ထားသည်ကို ဦးလှဘော် လှမ်းမြင်နေရသည်။

"ဟုတ်တယ်ဦးကြီး၊ ဒီလူအချင်းချင်း နားလည်ဖို့ကောင်းတယ်၊ ခုတော့ ကျွန်တော်တို့ကို သက်သက်ညစ်တာ"

ဦးလှဘော်သည် ပါးစပ်နှင့် ပြန်မပြောတော့။ နားလည်ပြီဟူသော သဘော နှင့် ကျော်စံ၏စကားကိုလက်ခံပြသည်။

"မင်းတို့ နောက်ကလိုက်ခဲ့ကြ"

ဦးလှဘော်သည် တိုတိုပြတ်ပြတ်ပြော၍ မြင်မတိန်ဆင်မကြီးကို ချွန်းချွန်း အမှန်သွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်မတိန်ဆင်မကြီး၏ ရှုးရှူးရှရှ တစ်ချက်အော်သံကြောင့် ကျော်စံနှင့် မြသုတို့သားအမိမှာ ကြက်သီး ဖြန်းဖြန်းထသွားကြသည်။

မြင်မတိန်ဆင်မကြီးမှာ ရှုးရှူးဝါးဝါး အော်ဟစ်ကာ ခရိုးလမ်းထဲ ပြေးဝင်သွားသည်။ ဦးလှဘော်သည် မြင်မတိန်၏ ဦးကင်းပေါ်၌ ချွန်းပေး၍ပါ သွား၏။ သူ့ထက်မြင့်မားအားသန်သော ဟိုင်းဆင်မကြီးတစ်ကောင် အမုန်ဝင်၍ ပြေးချလာသည်ကို မြင်သောအခါ ဘသာ၏ စွယ်ပြောင်ဆင်ကြီးမှာ ခရိုးလမ်းအတိုင်း ပင်မပြေးသွားဝံ့တော့ဘဲ ခရိုးတောထဲ ဝင်ပြေးတော့၏။ ရုတ်တရက် ဖြစ်သ ဖြင့် ဘသာမှာလည်း ဘယ်လိုမှ ချွန်းအုပ်၍ မနိုင်လိုက်ပေ။

သူ့ဆင်က ခရိုးတောထဲ တိုးဝင်ပြေးသောအခါ ဘသာမှာ ဆူးရစ်ထနောင်းဆူး တွေရှုးပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် လှမ်းအော်မိသည်။

"ကျော် …ကျော်စံ… မင်း …မင်း … ဘယ်လို လုပ်တာလဲကွ"

ဘသာကမူ ကျော်စံဆင်လဲပြီး သူ့ကိုတမင် တိုက်သည်ထင်သဖြင့် သူ့ဆင် ကို ချွန်းအုပ်ယင်း ဆူးရစ်ခြုံထဲက လှမ်းအော်၏။ သို့သော် သူ့ဆင်ကိုမူ ယခုချိန်ထိ ချွန်းအုပ်၍မိပုံ မရသေး။ သူ့အနေမှာ ဆင်ကိုစီးရုံသာ စီးတတ်သူဖြစ်သဖြင့် ဤလိုဆင်လန့်ပြေးသောအခါ ဘယ်လိုမှ ချွန်းမနိုင်ဆိုသည်ကို ဦးလှဘော်က အတပ် သိသည်။ ထို့ကြောင့်လည်း မြင်မတိန်ကို အမုန်သွင်းပြီး တမင်ခြောက် လန့်ခြင်း ဖြစ်သည်။

"အာ … အံမလေး …ဗျ …ကျုပ် …ကျုပ် …သေပါပြီ"

"သေ …သေ… အသေတောင် နောက်ကျသေး …"

"သေကြဟေး …သေကြ …သေကြ နင်တို့မျိုးတွေတစ်ကောင်မကျန် သေ ကုန်မှ ငါကစိတ်ချမ်းသာမယ်"

ဘသာ၏ ထိတ်ထိတ်လန့်လန့် အော်ကျန်ရစ်သော အသံကို မြသုနှင့် သူ့အမေက တုံ့ပြန်လိုက်ကြသည်။

ကျော်စံကမူ မည်သို့မျှမထူးခြား။ သူ့ရှေ့က အပြေးစီးသွားသော ဦးလှဘော် နှင့် မြင်မတိန်ကိုမှီရန်သာ အဖြေးစီးသွားနေ၏။

ခရိုးထိပ်အရောက်တွင် ဦးလှဘော်က မိုးလုံးနှင့်ကျော်စံတို့ကို ရပ်စောင့်နေ သည်။ သူ့အနားသို့ မိုးလုံးနှင့် ကျော်စံတို့ ရောက်လာသည်နှင့် မြင်မတိန်ကို ဆက်မောင်းသွား၏။ လုံးဝ စကားမပြော။

ဘသာက မည်မျှ သေပါပြီ၊ ပျောက်ပါပြီ အော်အော် ဘသာသည် ဆူးဒုဏ်ရုံ၊ သစ်ကိုင်းသစ်ခက်နှင့် ရိုက်မိရုံ၊ နောက်ဆုံး ချွန်းမနိုင်၍ ဆင်ပေါ်ကလိမ့်ကျရုံအပြင် မရှိဆိုသည်ကို ဦးလှဘော်သိသည်။ ဘယ်နည်းနှင့်မျှ မသေနိုင် မပျောက်နိုင် ဆိုသည်ကို အတပ်သိ၍ ဆင်ဦးစီးလုပ်ချင်သော ဘသာကို ပညာပေးလိုက်ခြင်း ဖြစ်သည်။



ယခု ဘသာစီးနေသော ဆင်အကြောင်းလည်း ဦးလှဘော် သိပြီးသား။ ကမျှဉ်းရွာက ဆလိုင်းယန်ထောင်၏စွယ်ပြောင်ကြီး။ ဘသာအဖေ ဝယ်လိုက်သည် မှာ နှစ်လပင်မပြည့်သေး။ အလွန်လိမ္မာသည်ဟု နာမည်ကြီးသောဆင်။ ဘသာကို မည်သည့်နည်းနှင့်မျှ နင်းမည်မဟုတ်။ မည်မျှ ကြောက်ရွံ့၍ပြေးပြေး၊ ဦးစီးသခင် ကိုတော့ ခြေလက်ရှောင်တတ်သောဆင်ပင်။

ဘသာအနေကသာ ထိုဆင်ကြီးဆီမှ ပညာယူရမည်။ ရုတ်တရက် ကြောက် ရွံ့ ထိန့်လန့် ထွက်ပြေးသောဆင်တစ်ကောင်ကိုပင် ချွန်းနိုင်အောင် မထိန်းနိုင်လျှင် မုန်ဆင် မာန်ဆင်များကို မည်သို့ထိန်းမည်နည်း။ မုန်ဆင် မာန်ဆင်နှင့်စာလျှင် ကြောက်ရွံ့ထိတ်လန့်၍ ထွက်ပြေးသောဆင် ဆိုသည်မှာ အပရိကသာ မဟုတ် ပါလား။

ဦးလှဘော်သည် ကျော်စံ၏မျက်နှာကို လှမ်းကြည့်၍ ပီတိတစ်ခု ဖြစ်မိပြန် သည်။ ဘသာနှင့်စာလျှင် ကျော်စံသည် သုံးလေးနှစ်ခန့် ငယ်သည်။ သို့သော် မုန်ဆင်တို့ကို ကျော်စံထိန်းကိုင်နေတတ်ပြီ။ ယခု ဘသာက မည်မျှပင် သေပါပြီ ပျောက်ပါပြီ အော်ကျန်ခဲ့သော်လည်း ကျော်စံ၏မျက်နှာမှာမူကား ဘာမှ မထူးခြား။ ကျော်စံသည်လည်း မိမိကဲ့သို့ပင် ဘသာ ဘာမှ မဖြစ်နိုင်ဆိုသည်ကို သိ၍ တည် ငြိမ်နေခြင်းသာ။

အစကမူ မိန်းမစိတ် ဒေါ်သနှင့် သေပါစေ၊ ပျောက်ပါစေဟု ကျိန်တွယ်ခဲ့သော ဒေါ်သူဇာမေကပင် လမ်းတစ်ဝက်ရောက်သောအခါ "ကိုလှ ဟိုကောင် တကယ်များ ဆင်နင်းသေပြီလားတော်" ဟု မေးသည်။

ဦးလှဘော်နှင့် ကျော်စံတို့က ပိုင်းရယ်ကြသောအခါ ဒေါ်သူဇာမေမှာ ဦးလှဘော်ကို စိတ်ဆိုးမိပြန်လေသည်။

"ဟိုကောင်သေတာက အကြောင်းမဟုတ်ဘူး၊ တော်တစ်ခုတစ်ခု အပြစ် ကျမှာစိုးလို့ ကျုပ်ကပြောရတာ"

"ယုံတယ် ယုံတယ် …အားကီးကီးယုံပဗျား၊ ကျုပ်မယားက ကျုပ်ကိုချစ် တာ ချစ်တာ၊ ဖာပတ်ပြားထဲက ဘုရားဒကာ ဦးဖိုးစိန်ရဲ့ အဟေးလေး — သာကိုရ် လို့ …ကာမ တစ်ဆယ့် တစ်ဘုံမှာ … ရာဂမီးစုံ တစ်ထောင်ငါးရာတွေနဲ့ —"

"ဟော်နော် …ကိုလှ …ကလေးတွေရှေ့ ကလေးကလား"

ဤကဲ့သို့တစ်ခါတော့ မြသုရော ကျော်စံပါ ရယ်မိသွားကြသည်။

မန်းစက်တော် ဘုရားဖူး အသွားသည် ဘသာကလွဲလျှင် အားလုံးအတွက် ပျော်စရာကြီးပါတကား။

အဝေရာကုန်းတက် မရောက်ခင်ပင် အရှေ့ရွာက လှည်းယဉ်များ တွေ့ရ ကြသည်။ ကုန်းအဆင်းတွင် လှည်းယဉ်များ ကန်းစီဆင်းနေကြသည်။ ဆင်စီး ပါသော ဦးလှဘော်တို့ မိသားစုမှာ လှည်းနောက်က လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဟပ်တန်း လွန်သောအခါပွဲထဲမှ အသံချဲ့စက် ဖွင့်သံတွေ ကြားရသည်။ ကွဲကွဲပြားပြား ကြားနေရသည်မှာ ပတ္တမြားဦးအောင်ခင်၏ လူပျိုတော်ဆေးကြော်ငြာသံ။ နောက် မန္တလေး အောင်ကုမ္ပဏီ ပိုးထည့်တိုက်မှ ဇန်ကောက်လုံချည် ကြော်ငြာသံ။

ပွဲတော်မှ အသံဗလံဖဟာဖကြောင့် လှည်းယဉ် ကြောနှကြောနှတွေမှာ ပိုမြန်လာကြသည်။

"ရွှေကြက်ဖ မောင်းနံ့ဖောင်ပံယှက်သလိုပ

အသက်ကလေးရယ်နဲ့ ရွှေပွဲလာ"

"အသက်က ဒဟပ်ကုန်းအဲဆင်းမှာ ကျန်ခဲ့တယ်ဗျို့ ချီးပါချင်လို့တဲ့ စောင့်ကြပါဦး"

"ဝါး ...ဟား ...ဟား"

ရွှေပွဲလာ သူတွေမှာ အားလုံး မြူးရွှင်လာကြသည်။

မိုးမချုပ်ခင်ပင် မန်းချောင်း သောင်ပြင်သို့ ရောက်လာကြသည်။ တပေါင်းလဆန်း ဆယ့်နှစ်ရက်လသည် အထက်စက်တော်ရာ တောင်ပေါ်ထိပ်ရောက်နေပေပြီ၊ မန်းချောင်းရေအလျဉ်သည် လရောင်ထဲ၌ လက်လက် တောက်နေလေသည်။

ဆင်နှင့်လာသော လှည်းအုပ်ကို ရွှေကြို့တွေက ဝိုင်းနေကြ၏။ ရွှေတစ်ဆိုင်းမှာ သုံးဆယ့်ငါးကျပ်ဈေး ရှိသဖြင့် ဤလိုဆင်ပိုင်ရှင်တွေပါသော လှည်းအုပ်ကို ရွှေကြို့တွေက မက်ကြသည်။ သူတို့သည် ဘုရားပွဲတော်ရက် မရောက်ခင်ကပင် မန်းချောင်းသောင်ပြင်တွင် မဏ္ဍပ်ဆောက်၍ ရွှေကြို့ ရွှေရောင်းသော အလုပ်ကို လုပ်နေကြသည်။

ဦးလှဘော်တို့ အပါအဝင် ညောင်ခြေထောက်အရှေ့ရွာသားအုပ်မှာ မဏ္ဍပ်တစ်လုံး သီးသန့်ရကြသည်။ ပါလာသော အိုးခွက်ပန်းကန်တွေကို လှည်းပေါ်ဆင်ပေါ်မှ ချကြသည်။ ညစာအတွက် ချက်ပြုတ်ပြင်ဆင်ကြသည်။

"ဟဲ့ ...ကောင်မလေးတွေ ချက်ချင်း ရေမချိုးကြနဲ့ဦး၊ နေပူစပ်ခါး လာကြတာ အပူရှပ နေဦးမယ်"

ရေချိုးထမင်းစားပြီးလျှင် ပွဲဝင်ကြည့်ရန် ခြေဟန့်ဖြစ်နေကြသော မိန်းကလေးတွေကို ဒေါ်သူဇာမေက သတိပေးရ၏။

အောက်စက်တော်ရာတဝိုက်က သောင်ပြင်တွင် ရုပ်ရှင်ရုံတွေ၊ အထည်လိပ်ကုန်မျိုးစုံ ဆိုင်ခန်းတွေ၊ ရွှေကြို့မဏ္ဍပ်တွေနှင့် ပြည့်နေသည်။ ပွဲလာကြသူများ အားလုံး၏ သုံးရေ၊ သောက်ရေ၊ ချိုးရေ တွေမှာလည်း မန်းချောင်း တစ်ချောင်းလုံး မကုန်နိုင် မခန်းနိုင် ဖြစ်သည်။

ခြေရာတော် အောက်ခြေရင်းမှ တသွင်သွင် စီးကျနေသော မန်းချောင်းကို ဇလီဝါးအခင်းနှင့် တံတား သုံးလေးခု ဖြတ်ထိုးထားသည်။ လူလျှောက်လျှင်



ဇလီဝါးအခင်းတွေမှာ ညွတ်ပွဲ ညွတ်ပွဲ လုပ်နေကြသည်။ ကလေးငယ်များမှာ တံတားအောက် ရေဟိမ်ထဲ ဆင်း၍ ရေချိုးကြ၏။ အမျိုးသမီး၊ အမျိုးသားရဟန်းသံဃာများပင်မကျန် မန်းချောင်းရေကိုသာ ဆင်းချိုးကြသည်။ မန်းချောင်းသည် ခြေတော်ရာရှိသော တောင်ကို ဦးသုံးကြိမ် ကွေ့ဝိုက်၍ တိုက်ဆင်းနေသည်။ သောက်ရေအတွက်ကိုမူ ချောင်းဘေးတွင် လက်ယက်တွင်းယက်၍ ခပ်ယူရသည်။

ဦးလှဘော်နှင့်ကျော်စံတို့သည် ဆင်နှစ်ကောင်ကို မန်းချောင်းကမ်းပါးယံနားက ပျဉ်းမပင်တစ်ပင်တွင် သွားချည်ထားကြသည်။ မနက်ဖြန်ကျမှ ဆင်လာကြည့်ကြသော ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ားတွေက ပြောင်းဖူး ကြံကန်စွန်းဥ၊ ရွှေဖရုံသီးတွေ ပေးကျွေးကြတော့မည်ကို သိသဖြင့် မြင်မတိန်နှင့် မိုးလုံးတို့ကလည်း နှာမောင်း တယမ်းယမ်းနှင့် ပျော်နေကြသည်။

ထမင်းစားပြီးကြသောအခါ လူငယ်တွေက ပွဲထဲဝင်ရန် ပြင်ဆင်နေကြသလို လူကြီးတွေမှာ မနက်အရုဏ်တက်တွင် ထမနဲဆွမ်းကပ်နိုင်ရန် စိုင်းပြင်းနေကြရသည်။ သူတို့မှာ နှစ်စဉ်နှစ်တိုင်း လာနေကျ လုပ်နေကျ အလုပ်မို့ မည်သူကမှ ဆော်ဩရန် အထူးမလိုပေ။ မိမိအသိနှင့် မိမိ ဝိုင်းလုပ်နေကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

အထက်စက်တော်ရာက ဆင်းလာကြသည်။

"ကိုကို ....သူများ ဆံညှပ်တွေ ဝယ်ဦးမယ်"

ပွဲပြီးညမှ ဝယ်ပါလား ညီမရယ်၊ ပွဲပြီးညမှာဆို ဈေးက သိပ်တော်တာတဲ့"

"ကိုကို ဝယ်ပေးရမယ်နော်"

"အေးပါ"

"မေမေက နိုင်လွန်အစင်းတွေ သကြန်တုန်း ဝတ်ဖို့ဝယ်ပေးမယ်တဲ့"

"ဘာအစင်းလဲ၊ ငွေအစင်းလား ....ရွှေအစင်းလား"

"ငွေအစင်းရော ရွှေအစင်းပါ အတင်းပူဆာရမယ်"

"ကျသွားဦးမယ်"

ချောင်းကူးတံတားပေါ် လျှောက်ရင်း မြသူက အစပ်နားလှမ်းသွားသဖြင့် ကျော်စံက ပြော၏။ မြသူက ကျော်စံ၏ လက်တစ်ဖက်ကို တင်းတင်းဆုပ်ထားသည်။

"ကိုကို့ ကိုလည်းဦးကြီးက အောင်ကုမ္ပဏီက ဖန်ကောက်တစ်ထည် ဝယ်ပေးမယ်တဲ့"

"မြသူကိုကော ဖေဖေက ဘာဝယ်ပေးမယ် ပြောလဲ"

"မပြောတတ်ဘူး"

"ဟင် ... ကိုကိုကလဲ၊ တစ်အုပ်ဝယ်ပါလား ဦးကြီးရယ်၊ ညီမလေးနဲ့ ကျွန်တော်နဲ့ ဆင်တူပတ်ရအောင်လို့ ဘာလို့မပြောလဲ"

နှစ်ယောက်သား စကားတပြောပြောနှင့် သောင်ပြင်အတိုင်း လျှောက်လာကြသည်။

"မြို့ကြီးတွေမှာ အမျိုးသမီးတွေ ဖန်ကောက်မဝတ်ကြတော့ဘူးတဲ့"

"ဘာဝတ်လဲ"

"ကိုယ် .... မခေါ် ...."

"ကိုကို ....သာ လာ ဒီမှာ ....ဒီမှာ"

မြသူက သူ့စကားမဆုံးမီ လက်ဆွဲခေါ်သွား၏။



ဝံကလေးနှစ်ကောင်ကို သံကြိုးနှင့်ချည်ထားသောနေရာတွင် မတ်တတ်ရပ်လိုက်ကြသည်။

"ဝယ်မလို့လား"

ဝံပိုင်ရှင်ဟု ထင်ရသော ချင်းအမျိုးသမီးငယ်က သူတို့နှစ်ယောက်ကို မေးသည်။

အသံကို ကြားကတည်းက ရိုးမမှ လာသော ချင်းအမျိုးသမီးမှန်း သိသာသည်။ မှန်နားကွင်းဆွဲ၍ မြသူတို့ အရွယ်ပင်။ သူ့အနားတွင် သူ့အမေလား၊ သူ့အစ်မလား မမှန်းတတ်။ နောက်ထပ် ချင်းအမျိုးသမီး တစ်ယောက်လည်းထိုင်နေ၏။

"ဝယ်မလို့လား"

မြသူနှင့်ကျော်စံတို့ ဝံကလေးနှစ်ကောင်ရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်ကြသောအခါ ချင်းအမျိုးသမီးလေးက ထပ်မေးပြန်သည်။

"ဟုတ်ကဲ့၊ ဝယ်မလို့၊ ဘယ်လိုရောင်းလဲ"

အမျိုးသမီးငယ်က အမျိုးသမီးကြီးမျက်နှာကို လှမ်းကြည့်သည်။

"ဆယ့်ငါးကျပ်ပေး"

အမျိုးသမီးကြီးက သူတို့နှစ်ယောက်ကို စိတ်ဝင်တစားကြည့်၍ ပြောဆိုး၊ မြသူနှင့်ကျော်စံတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"မလျှော့တော့ဘူးလား"

မြသူက ဝံကလေးခေါင်းကို လက်နှင့်ပွတ်၍ ဈေးဆစ်၏။

ရင်ဘတ်အဖြူကျားနှင့် လသားအရွယ် ဝံကလေးနှစ်ကောင်မှာ ချစ်စရာပင်။

"ဆယ့်ငါးကျပ်ပဲ"

"ချင်းအမျိုးသမီးတွေမှာ ရိုးလွန်းသော တောင်ပေါ်သူတွေ ဖြစ်သဖြင့် ဈေးတင်မခေါ်တတ်ပေ။ သူတို့ရောင်းနိုင်သောဈေးကို တခါတည်း ပြောသည်ဟု ဆိုသည်ကိုသိ၍ ဈေးနောက်ထပ်မဆစ်ရန် မြသူကို ကျော်စံက လက်ကုတ်၍ သတိပေး၏။ မြသူက ချက်ချင်းမရိပ်မိ။ "ဟင် ကိုကိုဘာလဲ ဈေးများလို့လား" ဟု ကျော်စံ မျက်နှာကိုကြည့်၍ ထပ်မေးနေပြန်၏။

"မများပါဘူး၊ ဆယ့်ငါးကျပ်ပဲ"

ချင်းအမျိုးသမီးက ထပ်ပြောသည်။

"တစ်ကောင်တည်းဆိုရင်ကော အစ်မ"

"တစ်ကောင်တည်း ခွဲမရောင်းဘူး"

"ကိုကိုမှတ်မိလား၊ မြသူငယ်ငယ်က ကိုကို ဆင်ပိုင်ရှင်ဖြစ်ရင် သိသလား

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာ ဝယ်ပေးမယ်ဆို ဝယ်ပေးရမယ်နော်၊ ခု ကိုကို ဆင်ပိုင်ပဲ"

မြသူက ကျော်စံ၏ပခုံးကို သူ့ပါးနှင့်အပ်၍ တီးတိုးပြော၏။

ကျော်စံကိုပြောသလိုနှင့် သူတို့မှာ ဆင်ပိုင်သားသမီးတွေဖြစ်ကြောင်းလည်း တခါတည်း ကြွားလိုက်ပုံရသည်။

"ဒါကျတော့ သူမမေ့ဘူးပေါ့"

မြသူက မမေ့ဘူးဟုပြော၍ ရယ်နေ၏။

"ဘာလို့ ခွဲမရောင်းတာလဲ အစ်မ"

"သူတို့က တမိတည်းပေါက်တာ"

"သြော် .... ခွဲရောင်းလိုက်ရင် ဖဲကြိုးမှာစိုးလို့ပေါ့နော်"

မြသူက ဝင်ပြောသည်။

"ဝံကလေးတွေ ဘယ်လိုရောင်းလဲဗျ"

မြသူနှင့်ကျော်စံတို့ ပြိုင်တူမေးကြည့်လိုက်ကြသည်။

ဘယ်က ဘယ်လိုရောက်လာမှန်းမသိ။ ဘသာသည်မတ်တတ်ရပ်ပြီး ဝံကလေးနှစ်ကောင်ကို လက်ညှိုးထိုး မေးနေသည်။ ဝံပိုင်ရှင်အမျိုးသမီးကလည်း ဘသာကို ချက်ချင်းမော့ကြည့်၏။

ရွှေဖလားရောင် ဗန်ကောက်ပုဆိုး တရွမ်းရွမ်း၊ နိုင်လွန်ရွှေစင်းကြောင်း ရှပ်အကျီလက်ရှည်၊ သက္ကလက်တိုက်ပုံအပြာနုနှင့် သူဌေးသားဂိုက်ဖမ်းနေသော ဘသာကို ဝံပိုင်ရှင်အမျိုးသမီးက ချက်ချင်းအထင်ကြီးသွားပုံရသည်။ ထို့ကြောင့်လည်း .....

"ဆယ့်ငါးကျပ်" ဟုပြောလိုက်၏။

"ဆယ့်ငါးကျပ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ရော့ပိုက်ဆံ၊ ကျွန်တော်ယူမယ်"

ငါးကျပ်တန်သုံးရွက်ကို ချက်ချင်းလှမ်းပေးကာ ဝံကလေးနှစ်ကောင်ကို ဘသာက ဆွဲယူလိုက်သည်။

"ခင်ဗျားဝံကလေးတွေက သိပ်ချစ်စရာကောင်းတာပဲ၊ ကိုက်တော့ မကိုက်ဘူးနော် ဟဲ ....ဟဲ"

ဘသာသည် သံကြိုးတန်းလန်းနှင့် ဝံကလေးတွေကိုကောက်ချီ၍ မြသူနှင့် ကျော်စံတို့ကို သရော်သည်။

မြသူနှင့်ကျော်စံတို့မှာ ရုတ်တရက်မှု ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

အမှန်က ဘသာသည် သူတို့နှစ်ယောက်ကို ဘယ်အချိန်ကပင် လိုက်ကြည့်နေသည်မသိ။ ပွဲလာစနေ့က ခရီးလမ်းတွင် တွေ့ခဲ့ကြသည်ကို အခဲမကြေ၍



ပွဲထဲလိုက်လာခြင်းဖြစ်မည်။ ကျော်စံကို နှောင့်ယှက်ချင်၍ သူသည် ကျော်စံကို လိုက်ရှာကောင်း လိုက်ရှာနေပေမည်။ ဟိုနေ့က သူခံလိုက်ရသည်မှာ ကျော်စံ ကြောင့်ဟု ထင်နေပုံရသည်။ ယခုအခါ အကွက်ဝင်သဖြင့် သူတို့ကို ကျောသွား ခြင်း ဖြစ်လေသည်။

"ဟွန်း ... သိပ်လူပါးပဟာ၊ ကိုကိုကလည်း ကျုပ်တို့ဝယ်မယ်လို့ ဘာလို့မပြောတာလဲ"

မြသူက ဘသာကိုပြောလျှင် သူ့အမေ ဒေါ်သူဇာမပြောတတ်သလို အမျိုး ယုတ်ဟု ပြောတတ်သည်။ ဘသာအဖေ ဦးဘထွန်းမှာ အမွေကိစ္စနှင့်ပတ်သက်၍ သူတို့အမွေဆိုင်ပစ္စည်းတွေကို သူညီသူကြီးအားကိုးနှင့်မတရား အနိုင်ယူသွားကြ သည်ဟူသော အစွဲအလမ်းဖြင့် သူတို့ကိုပြောလျှင် အမျိုးယုတ်ဟု အမြဲပြောတတ် သည်။ ဒေါ်သူဇာမေသာမဟုတ်၊ မြသူလည်း ယခုအခါ အမျိုးယုတ်တွေဟူသော စကားကို ပြောတတ်နေလေပြီ။

ကျော်စံသည် သက်ပြင်းတစ်ချက်ချ၍ မတ်တတ်ထရပ်လိုက်သည်။

ကျော်စံလက်တစ်ဖက်ကိုဆွဲဆုပ်ထားသော မြသူမှာဒေါသနှင့် ဆတ်ဆတ် ခါနေ၏။

"ရုတ်တရက်ဆိုတော့ ကိုကိုလည်း ကြောင်သွားလို့ပေါ့ ညီမလေးရယ်"

"သိပ်လူပါးဝတာ၊ သူများဝယ်မဲ့ဟာ ကြားဖြတ်ဝယ်သွားတယ်၊ အမျိုးယုတ်"

"မပြောပါနဲ့တော့ညီမရာ၊ နောက်တွေ့တော့ ကိုကိုဝယ်ပေးပါမယ်၊ သူကလည်း တကယ်လိုချင်လို့ ဝယ်တာနေမှာပါ"

ဘသာနှင့်ပြိုင်၍ မဖြစ်ချင်သော ကျော်စံကမူ သင့်တင့်လျောက်ပတ်သော စကားနှင့်သာ မြသူကို နှစ်သိမ့်သည်။ သူ့အနေမှာ ဘသာနှင့်ပြိုင်၍ အခန့် ဘကယ်လည်းမဖြစ်ချင်ပေ။

"ဘာ တကယ်လိုချင်လို့လဲ၊ သူလိုချင်ရင် စောစောကပင် ဝယ်[illegible] သူ့ အဲဒီနားမှာ မယောင်မလည် လုပ်နေတာ စောစောကပင် မြသူမြင်သား[illegible]"

"ဟင် ....စောစောကပင် သူ အဲဒီနားမှာ ရှိတယ်"

"ဟုတ်တယ် ....ဟုတ်တယ်၊ စောစောကပင် အဲဒီနားမှာ မယောင်မလည် လုပ်နေတာ မြသူမြင်သားပဲ၊ ဟိုနေ့ကပင် ဆင်ပေါ်ကကျ[illegible]ပြီး မ[illegible] အမျိုးယုတ်"

မြသူမှာမူ တစ်လမ်းလုံး မပျော်မနပ် ဖြစ်လာသည်။

စောစောကပင် ထိုနေရာ၌ မယောင်မလည် လုပ်နေသည်ဆိုသော [illegible] ကျော်စံ၏စိတ်ကို အနှောင့်အယှက်ဖြစ်သွားစေသည်။

သူတို့ပွဲအပြန်တွင် တစ်စုံတစ်ခုနှောင့်ယှက်ချင်၍များ [illegible] ဘာလားဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးဦးလှဘော်က နောက်တစ်ရက်ဆိုလျှင် ပြန်မည်။ အပြန်လမ်းတွင် ငန်ပေ့ါသဖြင့် သူနှင့်မိုးလုံးတို့သာ ဦးဆောင်ပြန်ကြရမည်။ အပြန်လမ်းတွင် ဘသာများ လိုက်နေခြင့်ယှက်နေဦးမည်လား။ ဟိုနေ့က ခရီးလမ်းတွင် သူဆင်ထွက်ပြေးရခြင်းမှာ သူ့ကြောင့်ဟု ထင်နေပုံရသည်။ ထိုနေ့က သူနာမည်ကို ဘသာ အော်သွားသေးသည်မဟုတ်ပါလား။

မန်းစက်တော်ရာဘုရားမှအပြန် ကျော်စံထင်သလိုတော့ မဖြစ်ခဲ့။ ဘသာကို အရိပ်အယောင်ပင်မတွေ့ရသဖြင့် ပျော်ပျော်ရွှင်ရွှင်ပင် ပြန်လာခဲ့ကြလေသည်။

■

|၁၆|

"ညီမရေ …. ဂုံညင်းဆူးရစ်နွယ်တွေ ယူလာခဲ့၊ မိုးလုံးကို ရေသွားချရအောင်"

"ဟုတ်ကဲ့ကိုကို၊ မြသူလိုက်လာခဲ့မယ်၊ သွားနှင့်၊ သွားနှင့်"

ကျော်စံသည် မိုးလုံးကို ရေဆိပ်သို့စီးချလာသည်။ တသွင်သွင်စီးဆင်းနေသော ချောင်းရေကို မြင်ကတည်းက မိုးလုံးသည် ရေထဲဆင်းချင်၍ ခြေတကြွကြွဖြစ်နေ၏။ သို့သော် မိုးလုံးမည်မျှ ခြေကြွကြွ ကျော်စံက မိုးလုံးကို ချက်ချင်းရေမချသေး။ ကျီးပင်ကြီး အရိပ်အောက်တွင်သာ လျှောက်ခိုင်းပြီး ချွန်းအုပ်ထား၏။

မကြာခင်ပင် မြသူ ဆင်ရေချဆိပ်သို့ ရောက်လာသည်။ ခေါင်းပေါ်တွင် ဂုံညင်းဆူးရစ်နွယ်တစ်စည်းနှင့် ခါးထစ်ခွင်တွင် ရေအိုးတစ်လုံး ရွက်လာသည်။

"ကိုကို ဒီဂုံညင်းဆူးရစ်နွယ်ပင်တွေ အကုန်ထုရမှာလား"

"ဟုတ်တယ်၊ အကုန်ထုရမယ်၊ ဒီနေ့မိုးလုံးကို ရေကြာကြာ ချိုးပေးရမယ်"

"ဟင် …. ကိုကိုကလည်း အများကြီး"

မြသူသည် ရေအိုးနှင့် ဂုံညင်းဆူးရစ်နွယ်စည်းကိုချ၍ နှုတ်ခမ်းဆူချင်သလို ပြောသည်။

"မမလေး ….လက်ဖဝါးတော်နနသွေးခြည်တွေ ဥမှာကို ကိုကိုကလည်း ကြည့်မနေရက်ပါဘူးဗျာ၊ ကိုကိုပါ ဝင်ထုပေးမှာပါ"

ကျော်စံစကားကြောင့် မြသူ၏မျက်နှာပေါ်တွင် အပြုံးတွေဖိတ်သွားသည်။

မြသူသည် လူကြီးလက်ကောက်ဝတ်မိုးပါးရှိသော ဂုံညင်းနွယ်တစ်ပင်ကို ရေစပ်နားအရိပ်ထဲကကျောက်တုံးပေါ် တင်လိုက်သည်။ ပြီး —ခဲ[illegible]အသင့်ထည့်ယူလာသော လက်ရိုက်တုတ်လုံးနှင့် ဂုံညင်းနွယ်တစ်ပင်ကို [illegible]ထုနေသည်။

ကျော်စံသည် မိုးလုံးကို ရေထဲ စီးချလာ၏။ မိုးလုံးဒူးခေါင်း[illegible] ခစ်သွားချိန်တွင် မိုးလုံးကို ရေနက်ထဲမဆင်းရအောင် ချွန်းအုပ်၍ [illegible]ထားရသည်။

www.burmeseclassic.com



မိုးလုံးအား ကျော်စံက ဤသို့ချက်ချင်း ရေမချဘဲ ရပ်ထားရခြင်း တစ်ကြောင်းမှာ ဆင်အပူ ရှပ်မှာစိုး၍ ဖြစ်သည်။ နေပူပြင်းချိန်တွင် ဆင်ကို ချက်ချင်းရေချပါက အပူရှပ်ပြီး နေမကောင်း ဖြစ်တတ်သည်။ နောက်တစ်ကြောင်းမှာ ရေဆင်စသည့်အန္တရာယ်များကိုလည်း ဆင်ကခန့်မှန်းနိုင်ရန်နှင့် သဘာဝအရ အသိအာရုံ ရှိမရှိ အကဲခတ်ရန်အတွက် ဖြစ်လေသည်။

အကယ်၍ ဆင်သည် သူ ဆင်းရမည့် ရေထဲတွင် ရေဆင်ရောက်နေလျှင် ရေထဲစဆင်းသည်နှင့် သို့မဟုတ်၊ မဆင်းခင်ကတည်းကပင်သိသည်။ ရေဆင်ရှိနေသော ရေထဲ လူက အတင်းမောင်းချလျှင် ဆင်မှာရေဆင်ထိုး၍ ချက်ချင်း သေတတ်သည်ဟု ဆင်သမားကြီးများ အယုံရှိကြသည်။

ထို့ကြောင့်လည်း ကျော်စံသည် မိုးလုံးအား ရေနက်ထဲချက်ချင်းမချသေးပဲ မိုးလုံး၏ အခြေအနေ သဘာဝ အသိကို အကဲခတ်နေ၏။

ဆင်များသည် ရေဆင်ကို အကြောက်ဆုံးဟု ဆိုကြသည်။ ရေဆင် ကိုက်လျှင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်အတွင်း ဆင်ကသေလေသည်။ ဆင်ပစ်မြွေကိုက်သည်ထက်ပင် မြန်သည်ဟုဆိုကြသည်။ ဆင်နှင့်ဆင်သမားများ အကြောက်ဆုံး အန္တရာယ်ကောင် နှစ်ကောင်မှာ ရေထဲတွင် ရေဆင် ဖြစ်ပြီး၊ ကုန်းတွင် ဆင်ပစ်မြွေ ဖြစ်သည်။

ဆင်ပစ်မြွေ၏ ထူးခြားချက်မှာ သစ်ပင် အသီးက အသက်ဝင်ပြီး မြွေဖြစ်လာခြင်းပင်။ ဆင်ပစ်မြွေပင်သည် အပွင့်ပွင့် အသီးသီးသည်။ ဆင်ပစ်မြွေသီးသည် ဒန့်သလွန်သီးကဲ့သို့ ရှည်မျောမျော ဖြစ်သည်။ လေတိုက်လျှင် ယိမ်းနွဲ့လှုပ်ရှားနေတတ်သည်။ လေတိုက်၍ ယိမ်းနွဲ့လှုပ်ရှားရာက တဖြည်းဖြည်းအသက်ဝင်လာတတ်သည်။ ဆင်ပစ်မြွေ အသက်ဝင်လာချိန်တွင် လေမတိုက်သော်လည်း မိမိကိုယ်ကို မိမိပခက်လွှဲ၍ ရန်သူအလာကိုစောင့်နေတတ်သည်။ သစ်ပင်အောက်ကို ရန်သူ ရောက်လာသည်နှင့် အညာနှင့်ချိတ်ထားသောအမြီးကို ဖြုတ်ချလိုက်ပြီး ဆင်ကို ကိုက်လေသည်။

အမှန်က ဆင်ကိုသာမဟုတ်၊ မည်သည့်တိရစ္ဆာန်ပင်ဖြစ်စေ ဆင်ပစ်မြွေသီးများ အသက်ဝင်ရင့်မှည့်ချိန်ဆိုလျှင် လာသမျှသက်ရှိသတ္တဝါအားလုံးကိုကိုက်မည်သာဖြစ်သည်။ ဆင်ပစ်မြွေ၏ ထူးခြားချက်မှာ အမှတ်တမဲ့ကြည့်က ခေါင်းမှန်း၊ အမြီးမှန်းမသိနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဆင်သမားများက ဆင်ပစ်မြွေတွင် ခေါင်းနှစ်လုံး ပါသည်ဟု ပြောလေ့ ရှိကြသည်။ ပုံသဏ္ဌာန်အားဖြင့်မူ အမြီးရောခေါင်းရောအဆုံးနှစ်ဖက်သည် မြွေ၏ ဦးခေါင်းပုံသဏ္ဌာန်ချည်း ဖြစ်သည်။ သို့သော် အမြီးပိုင်းတွင် ပါးစပ်အစွယ်မပါဟု ဆိုကြ၏။ ဆင်နှင့်တကွ သက်ရှိသတ္တဝါတွေကို ကိုက်သတ်နိုင်သော အစွယ်နှင့် ပါးစပ်သည်ခေါင်းပိုင်း၌သာ ပါ



သည်ဟု ပြောကြသည်။ အမှန်က သူတို့ကိုယ်တိုင်ပင် ဆင်ပစ်မြွေပင်အောက် မဝင်ရဲကြသဖြင့် အမြီးသည် ခေါင်းလား၊ ခေါင်းသည် အမြီးလား ခွဲခြား မသိတာလည်း ဖြစ်လေမည်။

ဆင်ပစ်မြွေသီးသည် သက်ရှိ သတ္တဝါ တစ်ကောင်ကောင်ကိုကိုက်ပြီးသည်နှင့် သူလည်း ချက်ချင်း သေသွားသည်။ သူ၏ အသက်သည် မိခင်အပင်တွင် ချိတ်ဆွဲနေသော အသက်ဝင်ကာလ ရင့်မှည့်ချိန်ခဏသာဟု အယူရှိကြသည်။ အဆိပ်ရှိသော မြွေကဲ့သို့ သစ်သီးတစ်မျိုး ဟုလည်း အချို့က ယူဆကြသည်။ ထိုသစ်သီးများ ကြွေကျရာတွင် သစ်စေး အဆိပ်ရည်သည် ခေါင်းပိုင်းတွင် ပါလာ၏။ ခေါင်းတွင် ဆူးပါသဖြင့် အဆိပ်ပါသော ဆူးစူးသည်နှင့် သက်ရှိသတ္တဝါတို့ သေခြင်းဖြစ်သည်။ အများဆုံး ထိုသစ်ပင်အောက်ကို ဖြတ်လျှောက်သွားရာ၌လည်း ဆင်သည် ကိုယ်ခန္ဓာ ကြီးမားသဖြင့် ဆင်ကျောကုန်းနှင့် တွဲလောင်းဆွဲသီးနေသော ဆင်ပစ်မြွေသီးတို့ မလွတ်၍ ဆူးစူးမိပြီးသေသည်ဟု အချို့က ယူဆကြလေသည်။ ထိုဆင်ပစ်မြွေအသီးတစ်မျိုး တောနက်ထဲတွင် ရှိသည်မှာတော့ အမှန်ပင်။

ဆင်ပစ်မြွေနှင့်စာလျှင် ရေဆင်ကိုမူ မြင်ဖူး တွေ့ဖူးသူတွေများသည်။ ရေဆင်သည် အကြီးအသေးသာကွာပြီး ကုန်းဆင်နှင့် တစ်ပုံစံတည်းတူသည်။ အရွယ်အစားမှာ အလျား ခြောက်လက်မခန့်ရှိပြီး အမြင့်မှာ လေးလက်မခွဲခန့် ရှိလေသည်။ ရေဆင်သွားလာကျက်စားတတ်သောနေရာမှာ များသောအားဖြင့် ရေအတက်အကျရှိသော မြစ်ချောင်းများဖြစ်သည်။ အစားအစာမှာ ရေထဲတွင် ပေါက်ရောက်သော ရေမှော်ပင်များနှင့် ရေညှိ ရေညှိဖတ်တွေကို စားတတ်သည်။ လသာသောညများတွင် သဲသောင်ခုံများပေါ်တတ်၍ တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားတတ်ကြသည်။ ဆင်ရုပ်ကလေးတွေနှင့်တူ၍ အလွန်ချစ်စရာကောင်းသည်ဟု မြင်ဖူးသူများက ပြောကြသည်။ တစ်ကောင်နှင့်တစ်ကောင် ခေါ်ထူး လှမ်းပြောကြသော အသံမှာလည်း နာပျော်ဖွယ်ရှိသည်ဟု ဆိုကြသည်။

ရေဆင်တစ်ကောင်ကောင်ရှိနေသော ရေထဲကို ဆင်သည် လုံးဝဆင်းဝံ့ပေ။ ရေဆင်ကို ကုန်းဆင်များ ကြောက်သလို ရေဆင်၏အရိုး၊ အစွယ်ချပ်ဆေးစီရင်ထားလျှင်၊ ဓါး၊ တုတ်၊ သေနတ်ပြီးသည်ဟု အယူရှိကြသည်။ ဆင်ဦးစီးအချို့သည် ရေဆင်၏ အစွယ်အရိုးတို့ကို ဆောင်ထားလျှင် ဆင်ကြောက်သည်။ ဆင်ဆိုးများကို စီးသင်ရာ၌ ရေဆင် အရိုးအစွယ်သာရှိထားလျှင် နိုင်နင်းသည် ရသည် ဟုလည်း အစွဲအလမ်းရှိကြလေသည်။

အမှန်ကတော့ ဆင်ကိုရေချရာ၌ ရေဆင်ကိုက်၍ သေတတ်သည် အမှန်ပြီး ရေထဲတွင် ရုတ်တရက် ကြွက်တက်၍လည်း ဆင်သေတတ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုးလုံးခြေတကြွကြွဖြစ်နေသော်လည်း ကျော်စံကချက်ချင်း မေ့ချ သေးပဲ ချွန်းအုပ်ထားခြင်းဖြစ်သည်။

မြသူဂုံညင်းနွယ်တစ်ပိုင်းထုပြီးချိန်လောက်မှ ကျော်စံသည် မိုးလုံးအား အနက်ထဲသို့ချလိုက်သည်။ သူသည် မိုးလုံး၏ ဦးကင်းပေါ်တွင် ရေထဲအထိ စီး၍ ပါသွား၏။ မိုးလုံးက သူ့တစ်ကိုယ်လုံးကို ရေနှစ်ထားသောအခါ ကျော်စံသည် မိုးလုံးကိုယ်ပေါ်၌ ဒူးတုပ်၍ ထိုင်နေလေသည်။ မိုးလုံးကိုယ်ပေါ်မှ မြသူဆီသို့ လှမ်းပက်၍စနေ၏။ မြသူကလည်း ဂုံညင်းနွယ်ထုရင်းက ကျော်စံကို ရေနှင့် လှမ်းပက်၍ ရယ်မောနေသည်။

'ဟော့ မိုးလုံး ... မြသူက တို့ကို ရေနဲ့ပက်တယ်ကွ၊ ပုတ်...ပုတ်' ကျော်စံက မိုးလုံး နားရွက်ကို ဆွဲ၍ ပြောသည်။

မိုးလုံးသည် သူ့နှာမောင်းကို ပါးစပ်ထဲထည့်သွင်းလိုက်၏။ ပြီး ... ဗမ်းခေါင်းထဲက ရေပုပ်ကို စုပ်ယူကာ မြသူနားသို့ လှမ်းမှုတ်သည်။

ကိုကိုနော် ... သူများကို ရေပုပ်တွေ ဇဉ်ကုန်ပြီ၊ မိုးလုံး နှင်သေချင်လား... နှင့်အတွက် ငါဂုံညင်းဆူးရစ်တွေ မထုတော့ဘူးနော်... လုပ်ရဲရင် လုပ်ကြည့်စမ်း'

မြသူသည် ထုလက်စ ဆူးရစ်နွယ်ပင်နှင့် မိုးလုံးကိုရွယ်၍ လှမ်းအော်၏။

မိုးလုံးသည် မြသူ၏ စကားကို နားလည်သလို သူ့ဗိုက်ထဲက နောက်တစ်ခါ စုပ်ယူလိုက်သော ရေပုပ်တွေကို ချောင်းအောက်ဘက် မှုတ်ထုတ်ပစ်လိုက်၏။

'တွေ့လား ညီမ၊ မိုးလုံးက ဘယ်လောက်လိမ္မာလဲ၊ သူ့ကို ဆပ်ပြာတိုက် ရေချိုးမပေးမှာစိုးလို့ ရေပုပ်တွေကို ဟိုဘက်လွှင့်ပစ်လိုက်တာ'

ဆင်သည် သဘာဝအားဖြင့် အလွန်ရေကြိုက်သော တိရစ္ဆာန်ဖြစ်ရာ ဦးစီးက သူ့ကို ရေကြာကြာချပေးလျှင်၊ ဂုံညင်းဆူးရစ် နွယ်ဖတ်တွေနှင့် သူ့တစ်ကိုယ်လုံးကို ပွတ်တိုက်၍ ရေချိုးပေးလျှင် အလွန်သဘောကျပျော်ပါးလေသည်။

ကျော်စံသည် မြသူ ဂုံညင်းနွယ် ထုနေရာနားသို့ မိုးလုံးကို စီးချလာသည်။ မိုးလုံးမှာ ကျောကုန်းပေါ်ရုံလောက်ထိ ရေထဲနှစ်နေ၏။

'ဟဲ့ မိုးလုံး... နင့်နှာမောင်းကြီးက ရေပုပ်တွေ စုပ်ထားတယ်၊ ငါ့ကိုမထိနဲ့ ငါရွံတယ်'

'ဟဲ...ဟဲ.. ဟုတ်သားပဲ၊ မင်းသခင်မက သိပ်သန့်တာ၊ ဟေ့ကောင်ကြီး နှာမောင်းဆေးလိုက်ဦး၊ လက်ဆေးလိုက်ဦး'

သူ့အနား နှာမောင်းယမ်းမိ၍ မြသူအော်သည်။ မိုးလုံးကနှာမောင်း ပြန်ရုပ်လိုက်၏။ ပြီး ဦးစီးကျော်စံ၏ အမိန့်အတိုင်း သူ၏နှာမောင်းကို တသွင် သွင်စီးနေသော ရေထဲ တပွန်ပွန်နှစ်လှုပ် ဆေးကြောပစ်လိုက်သည်။

မြသူနှင့် ကျော်စံတို့သည် သူ့ကို ရေချပေးတိုင်း နေ့စဉ် ဤသို့ သင်ပြပြော ဆိုနေကျဖြစ်သဖြင့် မိုးလုံးကနားလည် ယဉ်ပါးနေလေပြီ။ ဦးစီးက ဘာစကား ပြော၍ ဘယ်နေရာကို တို့ထိလျှင် ဘာလုပ်ရမည်ကို မိုးလုံးက အတပ်သိနေလေ သည်။



'ကဲ...ရော့'

မြသူလှမ်းပေးလိုက်သော ဂုံညင်းဖတ် တစ်ပိုင်းကို မိုးလုံးသည် နှာမောင်း နှင့် အသာတကြည့် လှမ်းယူကာ ကျော်စံကိုတစ်ဆင့် လှမ်းပေးသည်။ မိုးလုံး လှမ်း ပေးသော ဂုံညင်းထုဖတ်ကိုယူကာ ကျော်စံက မိုးလုံး၏တစ်ကိုယ်လုံးကို တရှမ်းရှမ်း တိုက်ပေးရလေသည်။

ဂုံညင်းဆူးရစ်ဖတ်တွေမှာ ဆပ်ပြာကဲ့သို့ အမြှုပ်တွေက ဖွေးဖွေးထလာ လေသည်။ မိုးလုံး၏ တစ်ကိုယ်လုံး ဂုံညင်းဆူးရစ်မြှုပ်တွေနှင့် ချောကျိကျိဖြစ်နေ၏။ ကျော်စံသည် ဂုံညင်းဆပ်ပြာမြှုပ်တွေ စင်သွားအောင် မိုးလုံး၏ တစ်ကိုယ် လုံးကို ဆေးကြောပွတ်သပ်ပေးသည်။ ဂုံညင်းဆူးရစ်မြှုပ်တွေ စင်သွားသောအခါ မိုးလုံး၏ တစ်ကိုယ်လုံးမှာ ညိုမှောင်ပြီး သြဇာကွက်တွေထလာလေသည်။

ဆင်တစ်ကောင်၏ ကျောကုန်းမှာ သြဇာသီးကွက်တွေပေါ်နေမှ တကယ့် ကျန်းမာသန်စွမ်းသောဆင်ဖြစ်သည်။ ဖုထစ်မို့မောက်နေသော အရေပြားကြား တွင် ဖုန်အမှိုက်သရိုက်များ ပိုးကောင်မွှားကောင်များ ကပ်တွယ်မနေအောင် ဦးစီးသည် သာမန်အားဖြင့် ဆင်ကိုတစ်နေ့တစ်ခါ ရေချရသည်။ ရေချိုးပေးရ သည်။ အလုပ်နားချိန်နွေရင့်ရက်ဆိုလျှင် တစ်နေ့နှစ်ခါချရသည်။

သာမန်အားဖြင့် ဆင်ရေချချိန်၊ ရေချိုးပေးချိန်မှာ နံနက် ဆယ်နာရီနှင့် တစ်နာရီကြားတွင်တစ်ကြိမ်၊ ညနေ လေးနာရီနှင့် ခြောက်နာရီကြားတွင် တစ်ကြိမ် ဖြစ်လေသည်။

ယခုအခါ နွေရင့်ရက် အလုပ်ရပ်နားချိန်ဖြစ်သဖြင့် ကျော်စံက မိုးလုံးကို နှစ်ခါရေချပေးသည်။ မနက်ကမူ သာမန်သာဖြစ်သော်လည်း ညနေ၌မူ ... နပြေ ချိုးပေးရသည်။ ယခုအခါ ဦးကြီးဦးလှဘော်နှင့် ဆင်မကြီး မြင်မတိန်တို့ ပကါိန်း၊ ငဖဲဘက် စပါးတိုက်သွားနေကြသဖြင့် မိုးလုံးက ကျော်စံ၏ အပြုအစု အယုအယကို အပြည့်အဝ ခံနေရသည်။ မြင်မတိန်ရှိလျှင် ကျော်စံမှာ မြင်မတိန် ကိုလည်း ဂရုစိုက်ရသဖြင့် မိုးလုံးကို ဤမျှမပြုစုအား။ ကျော်စံရှိနေလျှင် ဦးလှ ဘော်ကလည်း မြင်မတိန်ကို ကျော်စံနှင့်သာ လွှဲထားတတ်သည်။ ကျော်စံမှာ ဆင်နှစ်ကောင်ကို ထိန်းရသူမို့ မိမိဆင် မိုးလုံးကို ယခုလို အချိန်ပြည့် မပြုစုအား ပေ။

သြဇာကွက်ပေါ်နေသော မိုးလုံး၏ ကျောကုန်းကို ကျော်စံက ... ၍ တက်နင်းပေးသည်။ ဤသည်ကို မိုးလုံးကား သဘောအကျဆုံးဖြစ်လေသည်။

ဟဲ့ကောင်ကြီး ... နင်ပါးစပ်ဟာစမ်း၊ မနက်က ... ဘာတွေ ... လာလဲ၊ အမယ် ... စားဖတ်တွေနဲ့ ညစ်ပတ်လို့ပါလား၊ ညီမ ... သဲ ...

www.burmeseclassic.com

www.burmeseclassic.com



ကမ်းလိုက်စမ်းပါ၊ ဒီကောင်ကြီးကို ကိုကိုသွားတိုက်ပေးလိုက်ဦးမယ်'

ကျော်စံသည် မိုးလုံး၏ ကျောကုန်းကိုစီး၍ နင်းပေးနေရာက မြသူဆီ သဲတစ်ဆုပ်လှမ်းတောင်း၏။ မြသူက ကျော်စံကို သဲတစ်ဆုပ်လှမ်းပေးသည်။

'မိုးလုံးကို ကိုကိုက သဲနဲ့သွားတိုက်ပေးသလို၊ ကိုကို့ကိုလည်း မြသူသဲနဲ့ သွားတိုက်ပေးမယ်၊ မှန်းစမ်း ... ပါးစပ်ဟာစမ်း မနက်ကဘာတွေစားလာလဲ'

မြသူသည် သူ့လက်ပေကြီးနှင့်ကျော်စံပါးစပ်နား လက်တယမ်းယမ်း လုပ်ထား၏။ ကျော်စံကား ပါးစပ်ကို တင်းတင်းစေ့ပိတ်ပြီး ခေါင်းယမ်းရှောင်နေရသည်။

'ကြည့်စမ်း၊ ဒီဆင်ကြီးသိပ်ဆိုးတာ၊ ပါးစပ်ဟာ ဟာ'

မြသူစကားမဆုံးခင်ပင် ချောင်းတောလမ်းနားက ဆင်ခလောက်သံနှင့် လူသံတွေကြားသဖြင့် နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။

မန်းချောင်းဖျားမှ စီးသင် ဆင်နှစ်ကောင်ကို တစ်ယောက်တစ်ကောင်စီ စီးကာ ဘသာနှင့်သူတို့အိမ်က ဆင်ဌားစီး ထွန်းရတို့ လာနေကြသည်ကို မြင်ရသည်။ သူတို့နှစ်ယောက်သည် ညနေချမ်း၌ ဆင်ကိုရေချိုးရန် လာကြပုံရသည်။

မြသူနှင့် ကျော်စံတို့သည် တိုင်ပင်ထားကြသလို ဘသာနှင့် ထွန်းရတို့ဆီမှ အကြည့်ကို ချက်ချင်းလွှဲပစ်လိုက်ကြ၏။ သို့သော် ဘသာနှင့် ထွန်းရတို့ကမူ သူတို့နှစ်ယောက်ကို သေသေချာချာ အကဲခတ်သွားကြသည်။

'ညီမ နောက်သဲတစ်ဆုပ်ပေးပါဦး၊ ဒီကောင်ကြီး စွယ်ပုန်းရင်းညှိနေတယ်'

ကျော်စံသည် ဘသာနှင့်ထွန်းရတို့အား လုံးဝမကြည့်တော့ဘဲ မြသူလှမ်းပေးသော သဲတစ်ဆုပ်နှင့်သာ မိုးလုံး၏ စွယ်ပုန်းရင်းကို တိုက်ချွတ်ပေးလေသည်။

ဆင်များစားသော သစ်ရွက် သစ်ခက်တွင် ပိုးကောင်မွှားကောင် ခူဘောက်ဖတ်ကောင်များပါက တစ်ခါတစ်ခါ စွယ်ပုန်းရင် ပါးစပ်ထောင့်တွင် တွယ်ကပ်နေတတ်သည်။ ထိုပိုးမွှားကောင်များကိုက်၍ အသားနု ပါးစပ်ထောင့်တွင် အနာဖြစ်တတ်သလို၊ ပါးစပ်အဲဝင်ပါသွားလျှင်လည်း ဝမ်းလျှောခြင်း ဖြစ်တတ်သည်။ ထို့ကြောင့် ဦးစီးတိုင်းသည် ဆင်ကိုရေချိုးရာ၌ ပိုးကောင်မွှားကောင်များ စွယ်ပုန်းရင်းဟွင် တွယ်ကပ်၍ ရှိမရှိ၊ စွယ်ပုန်းကို လှန်ကြည့်ရသည်၊ စွယ်ပုန်းရင်းကို သဲနှင့်ပွတ်တိုက်ပေးလိုက်သောအားဖြင့် စားကြွင်းစားကျန် စားဖတ်နှင့် ပိုးကောင်များ သန့်စင်သွားလေတတ်သည်။

ဤသည့်တို့ကြောင့်လည်း ကျော်စံသည် မိုးလုံးအား ဂရုတစိုက် တိုက်ချွတ်ပေးနေခြင်းဖြစ်သည်။

'ဘသာ မင်းတို့အမေများကွာ... မင်းတစ်ယောက်တည်းပဲမွေးရတယ်လို့၊ တကယ်ဆို နှမလေးတစ်ယောက်ပါ ထည့်မွေးလိုက်ပါလားလို့'

သူတို့အနားက ဆင်စီးသွားကြရင်း ထွန်းရပြောသွားသော စကားကို ကျော်စံနှင့်မြသူက ကြားလိုက်ရသည်။ သို့သော် သူ့ကိစ္စနှင့်သူ ပြောသွားကြခြင်းသာဟုထင်၏။ သူတို့နှင့်မည်သို့မျှ ပတ်သက်လိမ့်မည်ဟုလည်း မထင်မိကြ။ ဘသာနှင့်သူတို့မှာ မိတချင်းမတည့်ကြသဖြင့် သူတို့လူငယ်ချင်းကလည်း အကျွမ်းတဝင်မရှိကြ။ ထို့ကြောင့် သူတို့စကားကို အမှုမဲ့ အမှတ်မဲ့သာ နေလိုက်ကြ၏။



သူတို့နှစ်ယောက်မှာ မိုးလုံးကို ရေချိုးပြီးလျှင် ညနေချမ်းမှာ အိမ်ပြန်ကြရုံသာ။ အိမ်ပြန်ကြသောအခါ မိုးလုံးကို ရေအိုးရွက်နိုင်းရမည်။ ဤသည်မှာ မြသူနှင့်ကျော်စံတို့၏ နေ့စဉ်လိုလိုလုပ်နေကြအလုပ်ဖြစ်လေသည်။

'ဟင် .... ဘသာ.... မင်းတို့အမေများနှင့်ကွာ၊ မင်းတစ်ယောက်တည်းပဲ မွေးရတယ်လို့၊ တကယ်ဆို .... နှမလေးတစ်ယောက်သာထည့်မွေးလိုက်ရင် ဘယ်ကလောက် ကောင်းလိုက်မလဲလို့ ဟဲ....ဟဲ....'

ဘသာသည် ထွန်းရအား ထူးထူးခြားခြားလှမ်းကြည့်လိုက်သည်။

'ဘာလဲကွ.... မင်းစကားက'

'ဩော်.... ငါ့စိတ်ထဲ ကျော်စံတို့များ ကောင်းစားနေတာမြင်တော့ အားကျလို့ပါ သူငယ်ချင်းရာ'

'မဆိုင်တာ.... ကျော်စံကောင်းစားတာနဲ့ ငါ့အမေပဲ ဒုက္ခခံပြီး နှမလေးတစ်ယောက်မွေး ....'

'မဆိုင်ဘဲ နေရမလားကွ၊ တကယ်လို့ မင်းတို့မှာသာ နှမလေးတစ်ယောက်ရှိခဲ့ရင် ငါလည်းကျော်စံကိုပဲ ဆင်ဌားစီးကနေ ပိုင်ရှင်ဖြစ်လာနိုင်တာပေါ့ကွ'

ဆင်ဌားစီး ထွန်းရသည် တကယ်ကျော်စံကို အားကျ၍လား အပြောင်အပျက်သဘောမျိုး တမင်ပြောနေတာလားဆိုသည်ကိုတော့ ဘသာမသိပေ၊ ထွန်းရက ဤစကားပြောလိုက်သောအခါ ဘသာရင်ထဲ နင့်ကနဲဖြစ်သွားသည်ကတော့ အမှန်ပင်။

ဘသာသည် သက်မတစ်ချက်ကို မသိမသာချမိလိုက်သည်။

သူသည် ဤနေ့၌ သွားရင်းလာရင်းဖြင့် ဝေဒနာတစ်ခုကို လမ်းအကြောင်ကောက်ရလိုက်သည်တော့မဟုတ်ပေ။ ထိုဝေဒနာသည် သူ့ရင်ကို နှင်အသော်ကြာကြာကပင် လောင်မြိုက်စေလေသည်။

ဆင်ရေချိုးရန်လာစဉ်ကမူ ကျော်စံတို့မြသူတို့နှင့် ဆုံမိကြလိမ့်မည်ဟု သူလုံးဝ မမျှော်လင့်ခဲ့ ယခုမူ မမျှော်လင်ဘဲ ဆုံမိနေကြလေပြီ၊ ယခင် [illegible] နှစ်ခန့်ကလည်း မန်းရွှေစက်တော် ဘုရားပွဲအသွားတွင် ဤသို့ပင် [illegible] ဆုံမိခဲ့ကြသည်ကို သတိရမိလိုက်သည်။ လူကြီးချင်းမတည့်ကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြု၍ ခရီးလမ်းတွင် ကျော်စံတို့အား သူကလူငယ်တို့၏ စိတ်သဘာဝအတိုင်း ညစ်မိခဲ့ကြသည်။ ပြီး....ပွဲထဲတွင်လည်း ကျော်စံနှင့်မြသူတို့ ဈေးဆစ်နေကြသည့် ဝံကလေးတစ်စုံကို သူနိုင်လိုမင်းထက် ဝယ်လာခဲ့သည်။ ခရီးလမ်းတွင် သူခံလိုက်ရသလို ပွဲထဲမှာတော့ ကျော်စံကခံလိုက်ရသည်။ အမှန်တကယ် စဉ်းစားမိလျှင် ထွန်းရပြောသလို မြသူသည် သူညီမသုံးလေးဝမ်းကွဲတော်သူ တည်း။

အညာသူ အညာသားတို့၏ ထုံးစံအတိုင်းဆိုလျှင် ....

ဘာသာရင်ထဲ ကျင်ကနဲဖြစ်သွားမိသည်။

အကယ်၍များ ဘသာတို့အဖေ ဦးဘထွန်းနှင့် မြသူတို့ အမေ အဖေတွေမှာ အမွေလုဘက်သာမဖြစ်ခဲ့ကြပါလျှင်၊ သင့်သင့်မြတ်မြတ်သာရှိခဲ့ရပါသည်။ မြသူသည် ကျော်စံနှင့် ဤသို့လက်ပွန်းတတီးရှိကြရန် ဘယ်လိုမှအကြောင်းမရှိပေ။ အညာသူ အညာသားတို့၏ ထုံးစံအတိုင်း မြသူသည် သူ့ရင်ခွင်ထဲသို့သာ ရောက်ရပေမည်။ ယခုတော့ ....။

ထွန်းရသာမဟုတ် ဤနေ့ကျော်စံနှင့်မြသူတို့ ဆင်ရေချရင်း နောက်ပြောင်ကျီစယ်နေကြသည်ကို မြင်သောအခါ သူ့ရင်ထဲမှာလည်း ရုတ်တရက် နှင့်မြက်သွားမိသည်။ ထွန်းရအားကျသလို သူလည်းအားကျခဲ့သည်မှာ အမှန်ပင်။ ထို့ကြောင့်လည်း စိတ်မကောင်းဖြစ်တာ ကျော်စံနှင့်မြသူတို့ရှိရာ ဆင်ရေဆိပ်နှင့် ဝေးရာသို့သာ ဆင်ကိုဦးတည်လိုက်လေသည်။

'တောက် .... ကျော်စံတို့များ ကံကောင်းလိုက်တာကွာ'

ထွန်းရ၏ စကားသံက ဘာသာ၏ရင်ကို ပိုပြီး နာကျင်သွားစေသည်။

အမှန်ကတော့ ထွန်းရသာမဟုတ်၊ ကျော်စံအား ညောင်ခြေထောက် တရွာလုံးက ကံအကောင်းဆုံးကာလသား တယောက်ဟု အသိအမှတ်ပြုထားကြသည်။ အဘယ်ကြောင့်ဆိုသော် ကျော်စံ ဆင်ဦးစီးကောင်း တစ်ယောက်ဖြစ်ပြီး အသက် ဆယ့်ရှစ် ဆယ့်ကိုးနှစ် ရောက်လာချိန်မှာ မြသူသည်လည်း အပ်လုံးသိမ်းပြီး အပျိုကြီးဖားဖား ဖြစ်လာသဖြင့်တည်း။

မြသူနှင့်ကျော်စံတို့အရွယ်ရောက်ကြလျှင် ထိမ်းမြားပေးစားကြမည်ဆိုသည့်ကိုလည်း လူတိုင်းလိုလိုသိနေကြသည်။ ကျော်စံအဖေ ဦးရွှေကျော် မဆုံးခင်လေးတင် မြသူအဖေ ဦးလှဘော်နှင့် ဒေါ်သူဇာတို့က ကတိကဝတ်ပြုကြသည်ကို လူကြီးတွေကသိကြသည်။ ဦးလှဘော်သည် ဤကတိကို မည်သည့်နည်းနှင့်မျှ ဖျက်မည်မဟုတ်ပေ။ ဦးလှဘော်နှင့် ဦးရွှေကျော်တို့သည် ရခိုင်ရိုးမဌ် ဆင်ဖမ်းကြရာတွင် တစ်ယောက် အသက်ကို တစ်ယောက် အပြန်ပြန် အလှန်လှန် ကယ်ဖူးထားခဲ့ကြသည်။ ဤမြင်မတိန်မည်သော ဆင်မနှင့် မိုးလုံးမည်သော



အဖွယ်ပြောင် ဆင်တို့မှာလည်း သူတို့နှစ်ယောက် ရိုးမက ဆင်ဝေစု ရလာခဲ့ကြခြင်းဖြစ်သည်။ ဦးရွှေကျော်ရှိစဉ်က စီးပွားဖက်အဖြစ် အလုပ်လည်းအတူ လုပ်ခဲ့ကြသည်။ ဦးရွှေကျော် ဆုံးပါးခါနီးတွင် ကျော်စံနှင့်သူ့ဆင်မိုးလုံးအား ဦးလှဘော်ကိုအပ်ခဲ့သည်။ သားနှင့်ဆင်ကိုအပ်ခဲ့သလို ကျော်စံအရွယ်ရောက်လာလျှင် မြသူနှင့်လက်ဆက်ပေးပါရန် ဟူသော ကဟ်ကိုလည်း ဦးရွှေကျော်ကတောင်းယူသွားလေသည်။

ဦးလှဘော်ကလည်း သူ၏အချစ်ဆုံး သူငယ်ချင်းထံတွင် ကတိကဝတ်ပြုခဲ့ကြသည့်အတိုင်း အရွယ်ရောက်လာလျှင် မြသူနှင့် ကျော်စံအား မုချပေးစားမည်ဟု တစ်ရွာလုံးကို ကြေငြာထားသည်။ မကြေငြာ၍လည်း မဖြစ်ပေ၊ သူ့အနေမှာ ဦးရွှေကျော် ဆုံးပြီးကတည်းကပင် အရွယ်မရောက်သေးသည့်သားဆိုလည်းဟုတ်၊ သမက်ဆိုလည်း ဟုတ်သော ကျော်စံအား အိမ်ပေါ်တင်၍ မွေးစားခဲ့ပြီး ဖြစ်လေသည်။

ဤသည်တို့ကြောင့်လည်း ကျော်စံအား ရွာရှိအကုန်သူတို့က မိဘမရှိ ဖြေရှိသော်လည်း အလွန်ကံကောင်းသူ တစ်ယောက်အဖြစ် အသိအမှတ်ပြုထားကြခြင်း ဖြစ်လေသည်။

ကျော်စံ ဤကဲ့သို့ ကံကောင်းနေသည်ကို တရွာလုံးရှိ ကာလသားများက ကျေနပ်ကြသော်လည်း ယခုအခါ ဘသာကမူ လုံးဝမကျေနပ်ပေ။ မြသူလိုရွာ၏ ကျက်သရေဆောင် ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အချောအလှနှင့် ကျော်စံလို မိမဲ့ ဖမဲ့၊ ဆွေမျိုးမဲ့၊ တစ်ကောင်ကြွက် တစ်မျက်နှာ၊ မြသူတို့ဆီမှာ ဆင်ကျွန်စီး၊ ကလေကချေအကောင်နှင့် လုံးဝမထိုက်တန်ပဲ သူလိုသူကြီးမင်း၏တူအရင်း လူချမ်းသာ ကြေးရတတ်၊ ဆင်ဆိုလျှင်လည်း ထည်လဲနှင့် စီးနိုင်သော ဆင်ပွဲစားနှင့်သာ ထိုက်တန်သည်ဟု သူက ယူဆနေလေသည်။

ပြီးတော့ .... သူနှင့်မြသူတို့မှာ ဆွေမျိုးလည်းတော်သည်။ သူ့အဖေ ဦးဘထွန်းနှင့် မြသူတို့အမေ ဒေါ်သူဇာမေမှာ မောင်နှမ သုံးဝမ်းကွဲလောက်သာ ကွဲသေးသည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက်တော့ တစောင်းစေးနှင့် မျက်ချေးဖြစ်နေကြသည်။ ထို့ကြောင့်လည်း ဘသာမှာ မြသူအား ခေါ်ချင်ပြောချင်နေသော်လည်း မခေါ်ရဲ၊ မပြောရဲ၊ မစရဲ ဖြစ်ခဲ့ရသည်။

မြသူအမေနှင့် သူ့အဖေတို့မှာ ယေဘဉ်က အမွေကိစ္စနှင့် အကြီးအကျယ် တရားတဘောင် ဖြစ်ခဲ့ကြသည်ဟု သိရသည်။ ထိုသို့ မိဘတို့၏ ရန်ငြိုးအစဉ်လိုက်၍ ခြောက်လှန့်နေသဖြင့်လည်း ဘသာမှာရွာရှိ အခြားကာလသားများသို့ အကြောင်းကိစ္စရှိ၍ပင် မြသူတို့အိမ်ကို ရိုးရိုးသားသား ဝင်ထွက်သွားလာခွင့် မဆိုထားနှင့် အိမ်ရိပ် ခြံဝင်းထဲကိုပင် နင်းဝံ့သူမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မြသူကို တဘက်သက်ကြိုက်မိသည့်စိတ်နှင့် တခါတခါ သူ့အမေအဖေတို့ကိုပင် လောဘကြီးကြရန်ကောဟု စိတ်ထဲကကျိတ်၍ ဒေါပွခဲ့ရ၏။ သူ့အဖေနှင့်မြသူတို့အမေသာ အမွေလုဘက် မဖြစ်ခဲ့ကြလျှင် မြသူမှာ ဆွေမျိုးနီးစပ်တော်သော သူ၏ညွှတ်ကွင်းထဲက ဘယ်လိုမှ လွတ်နိုင်ဖွယ်ရာ အကြောင်းမရှိချေ။

ယခုတော့ မိဘများ၏ ရန်ငြိုးရန်စကြောင့် သူ့မှာ မြသူ၏ မျက်နှာကိုပင် ရဲရဲဝံ့ဝံ့အကြည့်ရဲဖြစ်နေရသည်။ သူသာမြသူကို လက်ထပ်ရမည်ဆိုလျှင် ရှိသမျှပစ္စည်းအားလုံးကို မြသူတို့အမေ ဒေါ်သူဇာမေ လက်ထဲသို့ ပစ်ထည့်လိုက်မည်မှာ အမှန်ပင်တည်း။

ယခုတော့ သူ့အမေ အဖေတို့က လောဘရမ္မက်ကြီးခဲ့ကြသဖြင့် သူ့မှာ မြသူနှင့် နီးစပ်ရန် အခက်ကြီး ခက်နေရလေသည်။ မြသူအမေနှင့်အဖေကလည်း ဘသာဆိုလျှင် သူ့သမီးအား မျက်မွေးဖော်၍ မော်ကြည့်သည်ကိုပင် မကျေနပ်ချင်ကြ၊ သူ့အဖေက သူတို့၏ ဘိုးဘွားပိုင် လယ်မြေများကို သူ့ညီသူကြီးအားကိုးနှင့် မတရားအပိုင်စီးသွားခဲ့သူဖြစ်သဖြင့် ခုနှစ်ဆက် ရန်သူပမာ အနာကြီးနာခဲ့ကြသည်။

ထို့ကြောင့်လည်း ရွာတွင် ဆင်သမားသုံးလေးဦးရှိသည့်အထဲက ဆွေမျိုးနီးစပ်တော်သော ဘသာတို့အမေအဖေတွေနှင့် လုံးဝမပေါင်းမသင်းဘဲ ဘယ်လိုမှ ဆွေမတော်မျိုးအစပ်သော တခြားဆင်ပိုင်ရှင်များနှင့်သာ ပေါင်းသင်းခဲ့သည်။ စီးပွားဖက်အဖြစ် လုပ်ခဲ့သည်။ ယင်းတို့စီးပွားရေးလုပ်ရာမှာလည်း ကျော်စံအဖေဦးရွှေကျော်နှင့် မြသူအဖေ ဦးလှဘော်တို့ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဦးရွှေကျော်မှာ အလုပ်နှင့်ပတ်သက်လာလျှင် ရိုးဖြောင့်၍ အလွန်သစ္စာရှိသူ၊ ယုံကြည်စိတ်ချရသူပင်။

ဤကဲ့သို့သော အကြောင်းကြောင်းတို့ကြောင့်လည်း ဦးလှဘော်မှာ သက်ပေးချစ်ခဲ့ကြရသော သူငယ်ချင်းထံတွင် ကတိခံထားခဲ့သည့်အတိုင်း ငယ်စဉ်ကပင် သူသွန်သင်ဆုံးမလာခဲ့သဖြင့် ယခုအခါ ဆင်ဦးစီး ဆင်ပိုင်ရှင်တစ်ယောက် ဖြစ်၍ လိမ္မာရေးခြားလည်းရှိ၊ အလုပ်အကိုင်လည်း ကောင်း၊ သူ့စကားကိုလည်း မြေဝယ်မကျနားထောင်တတ်သော ကျော်စံလိုသားဆိုလည်းဟုတ်၊ သမက်ဆိုလည်းဟုတ်သော လူငယ်တစ်ယောက်က မိမိအိမ်ပေါ်တွင် အရန်သင့်ရှိနှင့်နေပြီဖြစ်ရာ ဘသာလို ရန်ဘက်ပြိုင်ငြိုး ကိုယ်ကျိုးမတရား စီးပွားရှာခဲ့သော ရန်သူတစ်ယောက်၏ သားကိုဘယ်လိုမှ စိတ်ကူးထဲ မထည့်တော့ပေ။

ဤသည်ကို သိလေ ဘသာမှာ မြသူ စိတ်နှင့်ကြံရာမရဖြစ်လေပင်။

ယနေ့မြသူကိစ္စ ထွန်းရက ပြောပြန်သောအခါ ငုပ်လျှိုးနေခဲ့သော ဝေဒနာ



မှာ အသစ်တဖန် ဖြစ်လာပြန်လေသည်။

'ဟင် .... ဘသာ၊ မင်းနဲ့မြသူက ဆွေမျိုးလည်းတော်ကြတယ်ဆိုကွ'

'ဟုတ်တယ်၊ မောင်နှမ သုံးလေးဝမ်းကွဲတော်တယ်'

'အေးကွ၊ ငါသာဆိုရင်တော့ မြသူကိုအရကြံမှာပဲကွ၊ မြသူဟာ ကျော်စံလို ဆင်ကျွန်စီးနဲ့ မတန်ပါဘူးကွ၊ မင်းလို ဆင်ပိုင်ရှင် ဆင်ပွဲစားသားနဲ့ တန်တယ်'

သူ့အယူအဆနှင့်ထွန်းရ၏ အယူအဆက ထပ်တူ တပ်မျှ ဖြစ်နေသောအခါ ဘသာမှာ တအားတက်သွားမိသည်။

သို့သော် ထွန်းရမှာ ရိုးမဘက်မှ ဆင်အငှား လာစီးသူဖြစ်သဖြင့် မိုးလုံးသည် ကျော်စံ၏ဆင်ဖြစ်မှန်းမသိပေ။ အမှန်က ထွန်းရသာမဟုတ်၊ ဘသာအနေမှာလည်း လူပြော သူပြောနှင့်သာ ကြားဖူးနားဝရှိသည်။ မိုးလုံးသည် ကျော်စံ၏ ဆင်မှန်းတိတိကျကျမသိပေ။ ကျော်စံ၏ အဖေ ဦးရွှေကျော်နှင့် မြသူ့အဖေ ဦးလှဘော်တို့က ကတိကဝတ် ပြုခဲ့ကြသည် ဆိုသော နှစ်ပရိစ္ဆေဒမှာလည်း ကြာညောင်းခဲ့ပြီး မဟုတ်ပါလား။

'ခု ငါတို့ ဘယ်မှာသွား ရှာရမလဲ၊ ကျော်စံတို့ အနားသွားပြီး အခြေအနေ အကဲခတ်ကြရအောင်ကွာ'

ဘသာက သူ့ဆင်ကိုကျော်စံတို့နှင့်ဝေးရာသို့ ဦးတည်နေမှန်းသိသဖြင့် ထွန်းရကပြောသည်။

'မလုပ်ပါနဲ့ကွာ၊ နဂို ကတည်းကမှ တို့နဲ့မသင့်မမြတ်ရတဲ့ကြားထဲ ပြဿနာ ဖြစ်နေပါဦးမယ်'

ငယ်စဉ်ကသာ လူငယ်စိတ်နှင့်မြသူတို့ ကျော်စံတို့ မနှစ်မြို့သည့်အလုပ်ကို မိုက်မိုက်ကန်းကန်း လုပ်ခဲ့မိသော်လည်း မြသူကို စိတ်ဝင်စားမိကတည်းကပင် မြသူ မနှစ်မြို့သည့် အလုပ်များကိုတော့ ဘသာမလုပ်ခဲ့၊ ရှောင်ကြဉ်ခဲ့သည်မှာ ဤနေ့အထိပင်ဖြစ်သည်။ ထို့ကြောင့်လည်း ယခုသူက ရှောင်ဖယ်သော စကားကို အလေးအနက်ထား၍ ပြောလိုက်ခြင်းဖြစ်လေသည်။

'ဘာလဲကွ၊ မင်းကကျော်စံကိုကြောက်လို့လား၊ ငါတစ်ယောက်လုံး ပါပါတယ်ကွ'

မာရ်နတ် ထွန်းရကမူ ဘသာကို သွေးထိုးလျက်ရှိလေသည်။

'ကြောက်လို့ရယ် မဟုတ်ပါဘူး ထွန်းရရာ၊ ငါအကြောင်းနဲ့ပါကွာ'

'ဟား .... ဟား.... ဘာကြောင်းလဲကွ၊ ငါမသိရဘူးလား'

'တခြားကြောင့်တော့ မဟုတ်ဘူးကွ၊ မြသူကို ငါတကယ်ချစ်လို့ပဲ'

'ဟဲ ... ဟဲ ...'

ဘသာ၏ ပကတိပွင့်လင်းစွာ ဖွင့်အံချက်ကို ထွန်းရကသဘောပေါက်သည်။

'မင်း မြသူကို တကယ်ချစ်တယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ထွန်းရကာ သူ့မျက်နှာကို စေ့စေ့ကြည့်၍မေး၏။

'တကယ်ချစ်လို့ပေါ့ကွာ၊ မြသူစိတ်အနှောင့်အယှက်ဖြစ်မယ့်အလုပ် ငါဘာမှမလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်ကွာ'

'ကျွတ် .... ကျွတ် ....ဖြစ်မှ ဖြစ်ရလေ ဘသာရာ၊ ကဲ .... ဒီလိုဆို ငါမေးမယ်ကွာ၊ မင်းမှန်မှန်ဖြေစမ်း၊ တကယ်လို့ မြသူနဲ့ ကျော်စံယူကြတော့မယ် ဆိုရင်ကော မင်းဘယ်လိုလုပ်မလဲ'

"ငါ့အနေနဲ့က ဘာလုပ်တတ်မှာလဲ၊ မြသူနဲ့ ငါက နီးစပ်မှုမှ မရှိတာ"

'ဟကောင်ရာ၊ နီးစပ်မှုမရှိတာ နီးစပ်မှုရှိအောင် ကြံရမှာပေါ့ကွ၊ ဒီမှာ ငါပြောမယ် ဘသာ၊ အချစ်နဲ့စစ်မှာတရားတယ် မတရားဘူးဆိုတာ မရှိဘူးတဲ့ကွ၊ လက်ဦးဖို့ ရယူနိုင်ဖို့ပဲ အရေးကြီးတယ်တဲ့ ဦးသူနိုင်တာပဲတဲ့၊ မင်း မန်းရွှေစက်တော်ဘုရားပွဲတုန်းက အချစ်နဲ့စစ်ဆိုတဲ့ပြဇာတ် မင်းမကြည့်လိုက်ဘူးလား'

ထွန်းရ၏စကားက ဘသာကိုများစွာတွေဝေသွားစေသည်။

'ငါတစ်ယောက်လုံးရှိပါသေးတယ် ဘသာရာ၊ မင်း မြသူနဲ့နီးအောင် ကြံစမ်းပါ၊ မြသူလို အချောအလှဟာ အမှန်ကတော့ တို့တောနဲ့တောင် မတန်ပါဘူးကွာ၊ ဝန်ထောက်ကြီး ကတော်လောက်တောင် ဖြစ်ဖို့ကောင်းတဲ့ မိန်းကလေး၊ အခုတော့ ဘာမဟုတ်တဲ့ကောင်နဲ့ ဖြစ်ကြရတော့မယ်ဆိုတော့ တောက် .... ရင်နာဖို့ကောင်းပါတယ်ကွာ'

ထွန်းရတည်းဟူသော နတ်ဆိုးသည် ဘသာ၏ ပူလောင်သောနှလုံးသားကိုပို၍ လောင်မြိုက်သွားစေအောင် ရှို့လျက်ရှိလေသည်။

'မင်းပဲကြံပေးစမ်းပါဦး မင်းမဟော်ရဲ့၊ ငါဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ'

'နို့ မင်းတို့ဆွေမျိုးတော်တယ်ဆို'

'ဟုတ်တယ်လေ'

'ကိုယ့်ဆွေမျိုးပဲကွ၊ မြသူကိုချဉ်းကပ်လို့ မရရင် မြသူအမေကို ချဉ်းကပ်ကွာ၊ အမေကိုချဉ်းကပ်လို့ မရရင် အဖေကို ချဉ်းကပ်မယ်ကွာ၊ ဦးကြီးရယ်၊ အဒေါ်ရယ် ဘယ့်နှယ်၊ ညာ့နှယ်ပေါ့ကွာ'

မြသူကို ချဉ်းကပ်လို့ မရလျှင် သူ့အမေအဖေကို ချဉ်းကပ်ရမည်ဆိုသော ထွန်းရ၏ စကားကို ဘသာက ကျောချမ်းသွား၏။ ထို့ကြောင့်လည်း ဆင်ပေါ်က ပခုံး တွန့်ပြလိုက်ရသည်။

'အင်း.... မင်းအကြံကတော့ မဆိုးပါဘူး၊ မဟော်သဓာဇာတ်တော်ထဲမှာ အမတ်လေးဦး ချီးတွင်းထဲကျရမဲ့ အကြံထက်ကောင်းတဲ့ သေတွင်းကျရမဲ့ အကြံပဲကွ'

'ဘာဖြစ်လို့'



ဘသာနှင့်မြသူတို့အဖေအမေတွေအကြောင်း လုံးဝမသိသော ထွန်းရကတော့ သူထင်တာတွေသာ ဖွတ်ပြောနေ၏။

'ဟ ....ငါတို့ အဖေအမေတွေနဲ့ မြသူတို့ အဖေအမေတွေက ကမ္ဘာ့ရန်တွေကွ'

'ဟေး .... ဘယ်လိုဖြစ်ကြလို့လဲ'

'ငါလည်း တိတိကျကျတော့မသိပါဘူးကွာ၊ တို့ငယ်ငယ်တုန်းက အမွေကိစ္စနဲ့ စက်ရှင်ရုံးတောင် ရောက်ကြဖူးတယ် ကြားတာပဲ'

'အံမလေး .... အမေအဖေတွေ မသင့်မြတ်ကြတာနဲ့ ဘာဆိုင်လဲကွ၊ မင်း မန်းစက်တော်ဘုရားပွဲမှာ ကပြသွားတဲ့ ဇမ္ဗူဒီပါကျော်အေး ပြဇာတ်ထက် ဆိုးဦးမလား၊ ကြိုးစားရင် ဘုရားတောင်ဖြစ်တယ်ဆိုတာ စကားပုံလည်းရှိတာပဲကွ၊ ကြိုးစားစမ်းပါ၊ ဒီလိုအမေအဖေတွေမတည့်ပေမဲ့ ညားသွားတဲ့ လင်မယားတွေတစ်ပုံကြီးကွာ၊ သားတွေ သမီးတွေ ခိုးပြေးကြ၊ ညားသွားကြတော့လည်း နောက်တည့်သွားကြတာပဲ၊ အဲဒီလိုပြဇာတ်တွေ တစ်ပုံကြီး ငါကြည့်ဖူးတယ်၊ ငါအကြံပေးစမ်းပါ့မယ်'

'အေးကွာ .... အားကိုးပါရစေ ထွန်းရရာ'

အားကိုးစမ်းပါ၊ ဖြစ်ကိုဖြစ်ရမယ်'

ထွန်းရက မည်မျှပြောပြော ဘသာအနေမှာကား မြသူကို ဘယ်လိုမှ မမှန်းရဲသည်မှာ အမှန်ပင်တည်း။

■

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း သုံး

www.burmeseclassic.com

www.burmeseclassic.com

[၁]

'ဟေး … ဘယ်သူလဲကွ'

'ကျွန် … ကျွန်တော်ပါကိုကြီးကျော်ခေါင်'

တရေးနိုး၍ အပေါ့အပါးသွားရန် ထလာပုံရသော ချောင်းခေါင်း ဦးကျော်ခေါင်၏အသံက ကျော်စံ၏ အတွေးအားလုံးကို ရုတ်ခြည်း လွင့်ပြေသွားစေသည်။

'မောင်ကျော်စံလားကွ'

'ဟုတ်ကဲ့'

'မင်းနှယ်ကွာ၊ ခလုတ်တိုက် ကန်သင်းတိုက်၊ ဒီမှာလာထိုင်နေတယ်လို့၊ ငါက တစ္ဆေခြောက်တယ်မှတ်လို့ ခေါင်းတောင် မနည်းကြီးသွားတာ၊ ငါကြားပါတယ်ကွ၊ ဘာလဲ မင်းက ညနေကကိစ္စ မကျေနပ်လို့ အကြံထုတ်နေတာလား။ အချင်းချင်းတွေပဲ ငါ့ညီရာ ဆက်မဖြစ်'

'မဟုတ်ပါဘူး ကိုကြီးကျော်ခေါင်ရာ ပူစပ်ပူလောင် ဖြစ်နေလို့ ဒီမှာ ခဏလာထိုင်နေတာပါ'

မလုံမလဲပြောရသူမို့ သူ့အသံက မှုမမှန်၊ ဤသည်ကို ချောင်းခေါင်းကြီးလည်း ရိပ်မိသွားလိမ့်မည်ဟု သူ့မှာပို၍ မလုံမလဲဖြစ်ရသည်။

ညနေကအဖြစ်ဟု ချောင်းခေါင်းကြီး ပြောမှ ဘသာထိုးကြိတ်ထားသော ပါးကဒဏ်ရာမှာ နာနာကျင်ကျင်ဖြစ်လာသည်။

ကျော်စံသည် ဆေးသားလိပ်ကို အိတ်ထဲက ဆွဲစမ်း၍တစ်ပိုင်းကိုဘ်ဝါးလိုက်သည်။ ပြီး ဆေးဖတ်တွေနှင့်ဒဏ်ရာကို ပွတ်စမ်း၏။ ရှိန်းရှိန်းမြမြသောအာသည် ရုတ်ခြည်း စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။

'ညဉ့်နက်လှပြီ၊ အိပ်တော့ပေါ့ ငါ့ညီရာ'

'ဟုတ်ကဲ့၊ အစ်ကိုကြီး'

မိမိသစ်တဲသို့ လှမ်းလာသော ကျော်စံ၏ ခြေလှမ်းမှာ ခံ့ညားထည်လေးလံလျက်ရှိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျော်စံသည် ဟိုင်းဆင်မငယ်မိပိုကို ခပ်သုတ်သုတ် စီးကာ စခန်းဝိုင်းထဲသို့ ဝင်လာသည်။ သူသည် ညနေချမ်း၌ အလုပ်သိမ်းပြီး တောထဲမှ ပြန်ရောက်လာခြင်းဖြစ်၏။

အလုပ်သမားများ စုဝေးနေထိုင်ကြသော စခန်းဝိုင်းသစ်တဲတစ်လုံးအလွန်တွင် "ဟဲ့ကောင်မ"ဟု မိပိုကို တစ်ချက်အော်ငေါက်ကာ ပုခက်စင်ရှိရာသို့ စီးချလာသည်။

တစ်နေ့တာအလုပ်မှ မကြာခင်အနားရတော့မည်ကို သိနှင့်နေသော ဟိုင်းဆင်မငယ်မိပိုကလည်း ပုခက်စင် ရှိရာသို့ တန်းတန်းမတ်မတ် လှမ်းလာလေသည်။ အလုပ်လုပ်ရန် စတွက်ရသော ခြေလှမ်းနှင့်စာလျှင် မိပို၏ ခြေလှမ်းမှာ နှစ်ပြန်နီးပါး မြန်နေလေသည်။

ပုခက်စင်မှာ စခန်းဝိုင်းအပြင်ဘက်တွင် ရှိလေသည်။ အလုပ်သမားများ စုဝေးနေထိုင်ကြသော သစ်တဲတန်းလျားနှင့်လည်း သိပ်မဝေးလှပေ။ ဟုတ်တုတ် ခိုင်ခိုင် ပျဉ်းကတိုးပင်ကြီးတစ်ပင်၏ ခွကြားတွင် ဆင်အရပ်နှင့် မနိမ့်စေ မမြင့်စေပဲ အနေတော်လောက်မှာ သစ်ဝါးချောင်းတို့ဖြင့် ခိုင်ခံ့စွာ ပုခက်စင်ကို ပြင်ဆင်လုပ်ထားသည်။

ပုခက်စင်နားသို့ရောက်လျှင်ရောက်ချင်း ဆင်ခတ်ကြိုးများနှင့် တန်ဆာပလာများကို ကျော်စံက အလွယ်တကူ ဖြုတ်ချလိုက်သည်။ ပထမဦးဆုံး နံ့သိုင်းကြိုးကို အလျှင်ဖြုတ်၍ လေးလံသော သစ်ထောက်ခွကိုမှု ဆင်လမ်းဘေးသို့ ရွှေ့ပစ်လိုက်၏။ ပြီးမှ အောက်ခံလျှော်ထူပြားကို သစ်ထောက်ခွပေါ်သို့ ဆင့်တင်လိုက်သည်။

သူဖြုတ်ချလိုက်စဉ်က မြေပြင်သို့ ပုံကျသွားသော ရင်သိုင်းကြိုးနှင့် သစ်ချိတ်ကြိုးတို့ကိုတော့ ဟိုင်းဆင်မငယ် မိပို၏အကူအညီနှင့်ပင် လမ်းဘေးသို့ ပုံစေလိုက်သည်။ တစ်ဖန် ပေါ့ပါးသော အတိုအထွာ တန်ဆာပလာများကို မိပိုအား နှာမောင်းနှင့်ပုခက်စင်ပေါ်သို့ ပင့်တင်စေပြီး သူက မိပို၏ ဦးကင်းထိပ်မှ မြေပြင်သို့ လျှောဆင်းလိုက်သည်။



ဝန်ထောက်ဦးထွန်းအောင်မြင့်သည် ကျော်စံ အကွက်ကျကျပြုလုပ်နေသည်ကို စမ်းချောင်းရေစပ်ရှိ သစ်လုံးကြီးတစ်လုံးပေါ်က အံ့သြစွာ ငေးကြည့်နေသည်။

ကျော်စံကတော့ အလုပ်သိမ်းရန်သာ စိတ်စောနေသဖြင့် ဝန်ထောက်မင်းကို လုံးဝမြင်ပုံမရပေ။ သူလုပ်စရာရှိသည်များကိုသာ ကတိုက်ကရိုက် ဆက်လုပ်နေလေသည်။

ဦးထွန်းအောင်မြင့်က ဆင်ဦးစီးကျော်စံအား အံ့သြမည်ဆိုကလည်း အံ့သြစရာပင်။ ကွမ်းတစ်ယာမညက်မီ အချိန်တိုကလေးမှာပင် ပုခက်တင် ပုခက်သိမ်းအလုပ်ကို ဤမျှ လွယ်ကူပေါ့ပါးစွာ တစ်ယောက်တည်း တစ်ဦးတည်းနှင့် ပြီးမြောက်အောင် လုပ်နိုင်ခြင်းမှာ ကျွမ်းကျင်လျင်မြန်လွန်းလှသော ဆင်ဦးစီးကောင်းတို့၏ ပြည့်ဝသောအင်္ဂါရပ်ပင်တည်း။

သာမန် သမားရိုးကျ ဆင်ဦးစီးတစ်ယောက်ဆိုပါက ဤကိစ္စမျိုးကို မြေပေါ်၌သာဖြစ်သလို လုပ်တတ်ကြသည်။ နောက်လိုက် တစ်ယောက်ယောက် သို့မဟုတ် အလုပ်သမားတစ်ယောက်ယောက် အကူအညီမပါဘဲနှင့် ဤသို့ ပုခက်သိမ်းခြင်း အလုပ်မျိုးကို လွယ်လွယ်ကူကူနှင့် သာမန်ဆင်ဦးစီးများ မလုပ်နိုင်ကြပေ။

လေးလံသော ပုခက်ကြမ်းနှင့် လူတစ်ယောက် မနိုင်တနိုင်ထမ်းရသော ဆင်သိုင်းကြိုးများကို တစ်နေ့နှစ်ကြိမ် တင်ရချရသောအလုပ်မှာ မကျွမ်းကျင်လျှင် အတော်ပင် ခဲရာခဲဆစ်လုပ်ရသောအလုပ်ဖြစ်၏။ သို့သော် လူငယ်ဆင်ဦးစီးတစ်ယောက်ပင်ဖြစ်သော်လည်း ဖျတ်လတ် ကျွမ်းကျင်လှသော ကျော်စံကတော့ ကွမ်းတစ်ယာမညက်မီ အချိန်တိုကလေးမှာပင် ပုခက်ချပြီးသွား၏။

ထို့ကြောင့်လည်း ကျော်စံနှင့်ပတ်သက်ပြီး သစ်ခေါင်းဦးမြက "ကျွန်တော့်တစ်သက်တာမှာတော့ ဆင်နဲ့ပတ်သက်လာရင် ဒီသူငယ်လို ပါရမီထူးတဲ့ဆင်ဦးစီးမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး ဝန်ထောက်မင်း၊ ပုခက်ချထားများ သူ့လောက်သာ သူတစ်ယောက်တည်း လုပ်လိုက်တာ ခဏလေးပဲ၊ အဲဒါတွေကြောင့်လဲ ဆင်အုပ်ဦးစီးဖြစ်တဲ့ဘသာက ဒီသူငယ်ကို မကျေမနပ်ဖြစ်နေဟန်တူပါရဲ့၊ သူက ဆင်အုပ်ဦးစီးသာဆိုပေမဲ့ ပုခက်တင်ရင် တစ်ယောက်ယောက်ရဲ့ အကူအညီပါမှ ပြီးတတ်တာကိုး" ဟု ကျော်စံနှင့် နှိုင်းလျှင် ဘသာအသုံးမကျကြောင်း ဦးထွန်းအောင်မြင့်အား ပြောပြဖူးလေသည်။

အမှန်ကတော့ သစ်ခေါင်းကြီး ဦးမြသာမဟုတ်။ သူကလည်း ခေါင်းဆောင်ပုခက်ချကို တစ်ယောက်တည်း တင်တတ်ချတတ်သော ဆင်ဦးစီးကောင်းများများ စားစား မတွေ့ဖူးပေ။ ယခု မိပို၏ ဦးစီးသခင်ဖြစ်သော ကျော်စံက ပုခက်သိမ်းခြင်းကို တစ်ယောက်တည်းနှင့် မိနစ်ပိုင်းအတွင်း ကျွမ်းကျင်နိုင်နင်း

www.burmeseclassic.com

www.burmeseclassic.com



စွာလုပ်သွားသည်ကို မြင်ရသောအခါ သူမှာ ရင်သပ်ရှုမော အံ့သြခဲ့ရလေသည်။

ကျော်စံသည် တိုတောင်းလွန်းလှသော အချိန်ကလေးအတွင်းမှာပင် ဆင်ကြိုးတန်ဆာပလာများအားလုံးကို မိပိုကိုယ်ပေါ်မှ ချွတ်စေပြီးနောက် ထူးကို ပါ တစ်ခါတည်း ခတ်လိုက်နိုင်၏။

အားလုံးကိစ္စများ နေသားတကျ ဖြစ်ပြီးခါမှ ထူးကြိုးတန်းလန်းနှင့် ဖြစ်နေသော ဟိုင်းဆင်မယယ်မိပိုကို တောစပ်သို့မောင်းလွှတ်လိုက်သည်။ ပြီးမှ ခါးတောင်းကျိုက်ကို ဖြုတ်ကာ စခန်းဝိုင်းထဲက သူနေသော သစ်တဲထဲ ဝင်သွားလေသည်။

ဘသာနှင့်ကျော်စံ အမှတ်(၁၃)အကွက်ထဲ၌ သစ်လုံးတွဲဆွဲရာကစပြီး တစ်ယောက်နှင့်တစ်ယောက် အထင်များ အမြင်များဖြစ်ကာ ယခုထိ သခွတ်ပင်က မီးတကျည်ကျည်ဆိုသလို မကြာမကြာ စကားများတတ်သည် ဆိုသော သတင်းကို သစ်ခေါင်းကြီးဦးမြထံမှ ကြားထားရသဖြင့် ဦးထွန်းအောင်မြင့်က သူတို့နှစ်ယောက်အား အလုပ်အနည်းငယ်ပါးသော ဤနေ့တွင် တစေ့တစောင်း လာ၍ အကဲခတ်နေခြင်းဖြစ်၏။

သို့သော် သူရောက်လာသည်မှာ အနည်းငယ် နောက်ကျသွားသဖြင့် ဘသာ စခန်းဝိုင်းထဲဝင်လာသည်ကိုတော့ မမီလိုက်ပေ။ ဤလိုစခန်းပြန်ချိန် ညစာမစားကြမီ အရက်ဝိုင်းမှာချည်း သူတို့နှစ်ယောက် စကားများတတ်သည်မို့ ဝန်ထောက်မင်းက တိတ်တဆိတ်လာချောင်းခြင်းဖြစ်သည်။

ကျော်စံက သူမတူအောင် အကွက်ကျကျလုပ်သွားသည်ကို ယခု သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံရသောအခါ လွန်စွာ နှစ်ထောင်းအားရဖြစ်သလို ယခင် သုံးလေးရက်က ကျော်စံအား တစ်ယောက်တည်းခေါ်ပြီး သူကကြိမ်းလာမောင်းလား လုပ်မိသည်များလည်း ပြန်လည်သတိရစေ၏။ ထိုအခါ ဘသာ စကားကို ယုံစားမိ၍ ကျော်စံအား မိမိကဆူပူကြိမ်းမောင်းမိသည်မှာ အများကြီးများလေပြီဟုလည်း ဝန်ထောက်မင်းမှာ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ထိုနေ့က ကျော်စံအား သူပြောဆိုကြိမ်းမောင်းမိခဲ့သည်မှာလည်း ဘသာက တမင်လုပ်ကြံတိုင်သဖြင့်သာ ဖြစ်လေပြီလား။

"ကျော်စံ မနေ့က တောထဲမှာ ထူးခတ်ထားတဲ့ ဘသာဆင်မိုးလုံးကို မင်းထူးကလွှတ်ပြီး တောထဲ မောင်းပစ်လိုက်တယ်ဆို၊ ခုမနက်မှာပဲ ဘသာက ငါ့လာတိုင်တယ်ကွ"

သူ့ရှေ့တွင်ရှိသေကျိုးနွံစွာ မတ်တတ်ရပ်လာသော ကျော်စံအား ဝန်ထောက်မင်းက မျက်နှာထားတည်တည်နှင့် မေးလိုက်၏။

မမျှော်လင့်သော ဝန်ထောက်မင်း၏စကားကြောင့် ကျော်စံမှာ မျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။ ပြီးမှ သူသည်ဝန်ထောက်မင်း၏ မျက်နှာ



ကို မဝံ့မရဲ လှမ်းကြည့်ပြီး "ကျွန်တော်လုပ်တာ မဟုတ်ပါဘူးဆရာ" ဟု တည်တည်ငြိမ်ငြိမ် ဆိုသည်။

"အေး .... မင်း ဒီလိုပြောလိမ့်မယ်လို့ ငါထင်သားပဲ ကျော်စံရာ၊ ဒါပေမဲ့ မပြေးသော် ကန်ရာရှိပါသတဲ့ ဆိုသလိုပဲကွ၊ ဒီဆင်ကိုမင်းပဲ ဒီလိုလုပ်လိမ့်မယ် ဆိုတာ ဘသာလာပြောကတည်းက ငါလည်းစဉ်းစားပြီးသားပဲ၊ ဘာကြောင့်လဲ ဆိုတော့ မနေ့က ဒီအချိန်မှာ မိုးလုံးဟာ မုန်ရိပ်နည်းနည်း ရှိနေလို့ ထူးခတ်ပြီး ခဏအနားပေးထားဖို့ ဘသာကို ငါကပဲပြောလိုက်တယ်၊ ငါ့အလုပ်သမားတွေထဲက တစ်ယောက်ယောက်က လွှတ်ပစ်တယ်ဆိုရအောင်ကလည်း ဒီလိုမုန်ရှိနေတဲ့ ဆင်တစ်ကောင်အနားကို ဘယ်အကောင်တွေကမှ ကပ်ဝံ့ကြမှာမဟုတ်ဘူးကွ၊ ဒီတော့ မင်းမဟုတ် ဘသာ၊ ဘသာမဟုတ်ရင်မင်းပဲ၊ ဒီသစ်တောကြိုးဝိုင်း စခန်းတစ်ခုလုံးမှာ ဆင်ဆိုလို့ နှစ်ကောင်တည်းပဲ ရှိသလို၊ ဆင်ဦးစီးအငယ်ပ်သမား ဆိုလို့လည်း မင်းနဲ့ဘသာ နှစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား"

ကျော်စံသည် ဝန်ထောက်၏မျက်နှာကို ခပ်မှေးမှေး တစ်ချက်လှမ်းကြည့်ပြီး ပါးစပ်ကို လက်နှင့်ပွတ်သည်။ ပြီးမှ .....

"ဘသာဆီမှာ စီးသင်တွေလည်းရှိပါသေးတယ်ဆရာ၊ ဒီကောင်တွေက စီးသင်ကျင့်ရင်း ရန်းရင်းဆန်ခတ်ဖြစ်ပြီး လွှတ်ထွက်သွားတာကော မဖြစ်နိုင်ဘူးလား ဆရာ"

ကျော်စံ၏ မရဲတရဲစကားကို ဦးထွန်းအောင်မြင့်က ကျိတ်၍ မဲ့ပြုံး ပြုံးမိသွား၏။

"ဟ ....ကောင် .... ကျော်စံရာ၊ ဘသာဆီမှာစီးသင်တွေရှိတာယ်ပဲ ထားပါဦး ဒီစီးသင်တွေက မုန်ရှိနေတဲ့ဆင်နားကို ဦးစီးသခင်မပါဘဲ ဘယ်လိုလုပ် ကပ်ရဲ စီးရဲမှာလဲကွ ပြောစမ်းပါဦး"

ဝန်ထောက်မင်းက ကျော်စံအား အကွက်ကျကျ ပြန်ချေလိုက်၏။

"ဘသာက ကျွန်တော့်ကို တမင်ရန်ရှာချင်လို့ လီဆယ်ပြီး ဆရာ့ကို တမင်လာတိုင်တာကော မဖြစ်နိုင်ပါလားဆရာ"

ဘသာက တမင်လုပ်ကြံလီဆယ်ပြီး တိုင်တောသည်ကို ဝန်ထောက်မင်းကပါ တကယ်ထင်မှတ်ပြီး သူ့အားမတရားစွပ်စွဲရပါမည်လား ဟူသော မကျေနပ်ချက်နှင့် ကျော်စံက ဝန်ထောက်မင်းအား ပြန်ချေပသည်။

ကျော်စံနှင့်ဘသာတို့မှာ ရန်ဘက်ဖြစ်နေကြသဖြင့် ကျော်စံပြန်ချေပလိုက်သလို၊ ဘသာကပင် တကယ်လုပ်ကြံ လီဆယ်ပြီး တိုင်တောခြင်းများလားဟု ဝန်ထောက်မင်းက ချက်ချင်း သံသယဝင်သွားသည်။ ထို့ကြောင့်လည်း ကျော်စံ စကားက ဝန်ထောက်မင်းကို ခဏငိုင်သွားစေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ..... ဘသာမှာ နေ့စားဆင်ဦးစီးအငှားသာဖြစ်သဖြင့် နေ့တွက်ရသင့်ရထိုက်ငွေ ဆုံးရှုံးခံကာ ဤသို့တော့ လုပ်ကြံလီဆယ်ခြင်း မပြုတန်ရာဟု ပြန်တွေးကာ ဝန်ထောက်မင်းမှာ ကျော်စံကိုသာဖိ၍ အပြစ်ဖို့လိုက်ပြန်၏။

"ဘသာက တစ်နေ့ငွေတစ်ဆယ်ကျော် နစ်ဆယ် ဆုံးရှုံးခံပြီး မင်းအပြစ်ဖြစ်အောင် တမင်လုပ်ကြံ လီဆယ်တယ် ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး ကျော်စံရာ၊ ငွေနဲ့ ပတ်သက်လာရင် ဒီကောင်က တမတ်ငါးမူးတောင် လက်လွှတ် ခံချင်တဲ့အကောင် မဟုတ်ဘူးဆိုတာ မင်းအသိဆုံးပါကွာ"

ဤတစ်ခါတော့ ကျော်စံမှာ မည်သို့မျှပြန်လည် ချေပနိုင်ခြင်းမရှိတော့။ ရုတ်တရက် နှုတ်ဆိတ်သွား၏။ ဝန်ထောက်မင်းက မည်သို့ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်ကိုပင် သူ့မှာ လုံးဝမရိပ်မိသလို တွေသွားသည်။

"အေး ..... အဲဒီတော့ ငါပြောချင်တာက မင်းနဲ့ဘသာ တစ်ယောက်ကိုတစ်ယောက် စောင်နေကြတဲ့ကြားထဲမှာ မင်းတို့ကြောင့် သစ်တောဌာနအလုပ်တွေ ထိခိုက်နစ်နာလာတာတော့ မကောင်းဘူးလို့ ငါဆိုလိုတဲ့ သဘောပဲကွ၊ အခုဆိုရင် မိုးလုံးကို ဒီကနေ့ညနေကမှ ပြန်ကောက်ရခဲ့လို့ မနေ့ကတစ်နေ့၊ ဒီနေ့တစ်နေ့ အလုပ်တွေ ပျက်ခဲ့ရတယ်၊ နှစ်ရက်လုံးလုံး အလုပ်တွေပျက်သွားခဲ့တော့ ဘသာမှာရော၊ ငါတို့သစ်တောဌာနမှာရော အားလုံးနစ်နာကြတာပဲ မဟုတ်လား"

ဝန်ထောက်မင်းက ဘသာဆင်မိုးလုံး ထွက်သွားရသည့် ပြဿနာပေါ်မှာ မူတည်၍ ယခုလို လေးလေးနက်နက် စကားဆိုလာသောအခါ ကျော်စံမှာ အပြစ်ရှိသော တရားခံတစ်ယောက်ပမာ အနေကျုံ့သွားရသည်။

ဤသည်ကိုပင် ဝန်ထောက်မင်းကလည်း အခွင့်ကောင်းယူ၍ နောက်နောင်ကို ထိုကိစ္စမျိုး မဖြစ်ရလေအောင် ဟူသော သဘောဖြင့် အလုပ်နှင့်ပတ်သက်၍ ကျော်စံအား အတတ်နိုင်ဆုံး ရှင်းပြခဲ့ရလေသည်။

"ဒီအကြောင်း အလျင် အမှတ်ဆယ့်သုံး အကွက်ထဲကစပြီး အရက်ဝိုင်းမှာ မင်းနဲ့ဘသာရန်ဖြစ်ကြရလို့ ငါမေမေ ပြောဖူးခဲ့ပြီ၊ အဲဒီတုန်းက မင်းတို့နှစ်ယောက်စလုံး ဒေါ်ရာတွေရကြလို့ အလုပ်ရက်ပျက်ခွင့်တွေ တော်တော်များများ ပေးလိုက်ရသေးတယ်၊ အလုပ်ဆိုတာမျိုးဟာ အချိန်နဲ့၊ ဓယားနဲ့ အကွက်ချေအောင် လုပ်ကယ်ဆိုတာလည်း မင်းတို့ကို ငါအကြိမ်ကြိမ် ပြောခဲ့ပြီ"

ဝန်ထောက်မင်းက ကျော်စံ၏မျက်နှာကိုသာ အပြစ်ရှိသူတစ်ယောက်အား ကြည့်သလို စူးစူးရဲရဲ ကြည့်ပြောနေသည်။

"နောက်တစ်ခုက ကိုအလုပ်ဟာ လူတွေနဲ့ချည်း ပြီးတဲ့အလုပ်မဟုတ်ဘဲ ဆင်တွေနဲ့ပါ အလုပ်လုပ်ကြရတဲ့ သစ်လုပ်ငန်းဆိုတော့ အလုပ်ပျက်ရတာ ဖြစ်ချင်းဖြစ်ငေ အသိဉာဏ်မရှိတဲ့ဆင်ကြောင့် ဖြစ်ရတယ် ဆိုတာက ကြားလို့ကောင်း



သေးတယ်၊ ခုတော့ ..... လူကြောင့်ချည်း ရက်ပျက်တွေ ဖြစ်နေရတယ် ဆိုတာ လူကြီးလုပ်တဲ့ ငါအဖို့ဘယ်လောက် ခေါင်းခဲနေမလဲဆိုတာ မင်းပဲတွက်ကြည့်တော့၊ ဒီနှစ်တို့အလုပ်တွေဟာ ပြီးချိန်တန်လို့မှမပြီး၊ စခန်းပြောင်းချိန်တန်လို့မှ မပြောင်းနိုင် မရွှေ့နိုင်ဘူးဆိုရင် ငါ့မှာ မင်းတို့ကြောင့် အထက်လူကြီးတွေရဲ့ အဆူအကြိမ်း ဘယ်လောက်ခံရမလည်းဆိုတာ နည်းနည်းပါးပါး ထည့်တွက်ကြဦး ကွ ....."

ဝန်ထောက်မင်း၏ စကားကို ကြားရသောအခါ ကျော်စံမှာ ဝန်ထောက်မင်းကို ကရုဏာသက်၍လား၊ သို့မဟုတ် နားပူလာပြီလားတော့မသိ။ သူ့အား စခန်းပြောင်းပေးပါရန် ပန်ကြားတော့သည်။

"ဘသာစကားကို ယုံပြီး ဆရာက ကျွန်တော့်ကို မတရားစွပ်စွဲစကားဆိုတာတော့ ကျွန်တော်အထူးပဲဝမ်းနည်းပါတယ် ဆရာ၊ အဲ .... အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်ကို ဝန်ထောက်ကြီးတို့ သပြေစခန်းကို ပြန်ပို့ပေးပါလား ဆရာ၊ ကျွန်တော်ဒီမှာဆက်နေရင် ဆင်ကြောင့်ပဲဖြစ်ဖြစ်၊ လူကြောင့်ပဲဖြစ်ဖြစ် ရိုးရိုးသားသား သဘာဝအတိုင်း ဖြစ်တာတောင် ဆရာတို့က ကျွန်တော့်ကိုပဲ မတရားစွပ်စွဲကြမှာပါ၊ အဲဒါကြောင့် ကျွန်တော့်ကို ဝန်ထောက်ကြီးတို့ ဆီပဲ ပြန်ပို့ပေးပါ ဆရာ၊ ကျွန်တော် စခန်းပြောင်းပါရစေ"

"မင်းကလည်း .....ဝန်ထောက်ကြီးအကြောင်း အသိသားနဲ့၊ ဒီစခန်းမှာ မင်းနဲ့ ဘသာ တစ်ယောက်နဲ့တစ်ယောက်အဆင်မပြေလို့ လွှတ်လိုက်ရတယ်ဆိုရင် မင်းကော သက်သာမယ်ထင်သလား၊ ပြီးတော့ မင်းတို့အပြောင်းအလဲ လုပ်နေတဲ့ ဒီတစ်ရက်နှစ်ရက်မှာ မိပိုကို ဘယ်ဦးစီးက လာစီးမှာလဲကွ၊ နဂိုကမှ ရက်ပျက်တွေများလို့ အလုပ်နှောင့်နှေးနေရတဲ့ကြားထဲ ခုမင်းတို့နှစ်ယောက်ကြောင့် ဆင်ဦးစီး အပြောင်းအလဲတွေလုပ်နေရလို့ နောက်ထပ် တစ်ရက်နှစ်ရက် ထပ်ပျက်ဦးမယ်ဆိုရင် ဒီအလုပ် တို့ဘယ်လိုလုပ်တော့မလဲ၊ မင်းပဲ စဉ်းစားကြည့်ပါဦး၊ နောက်တစ်ပတ်လောက်ကြာရင်လည်း သကြန်ရက်နီးလို့ မင်းတို့တွေ ရွာပြန်ကြမှာကလည်း ရှိသေးတယ်"

ဝန်ထောက်မင်း ပြောသည်မှာ အားလုံး ဆီလျော်သောစကားများသာ ဖြစ်ပေသည်။

ဘသာနှင့် အဆင်မပြေ၍ ကျော်စံအား သပြေစခန်းသို့ ပြန်လွှတ်လိုက်ရလျှင် ကျော်စံသည် ဝန်ထောက်ကြီးဆီ၌ အဆူအဆဲ ခံရမည်မှာ မုချပင်ဖြစ်၏။ အမှန်ကတော့ ကျော်စံသာ မဟုတ်၊ သူသည်လည်းအဆဲအဆိုခံရေဦးမည်ကို ဦးထွန်းအောင်မြင့်က ကြိုတင်သိထားပြီး ဖြစ်၏။

ကျော်စံလို လုပ်အားရှိပြီး အလုပ်ကောင်းသူ၊ အလုပ်ကျွမ်းကျင်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်ကြီးက တမင်ရွေးပြီး ဤကြက်ရေစမ်းစခန်းသို့ လွှတ်လိုက်သည်မှာလည်း ဤကြက်ရေစမ်းစခန်းရှိ သစ်လုပ်ငန်းတွေမှာ ခါတိုင်းနှစ်နှင့်စာလျှင်အတော်ပင်ကြန့်ကြာနှောင့်နှေးနေပြီ ဖြစ်သဖြင့် မြန်မြန် ထက်ထက် ပြီးစီးလို၍ ရွေးလွှတ်လိုက်ခြင်းဖြစ်သည်။

ဤလိုလူကိုမှ ဘသာနှင့် အဆင်မပြေ၍ ပြန်လွှတ်လိုက်ရသည်ဆိုလျှင် ဘသာကို နိုင်နိုင်နင်းနင်း မထိန်းနိုင်ကောင်းလားဟု သူ့ကိုသာ ဝန်ထောက်ကြီးက ဆဲဆိုလေမည်။ ဘသာကိုလည်း သူဆောင်ရွက်လုပ်ကိုင်သော ကြိုးပိုင်းစည်းအားလုံးမှ နောက်နှစ်နောင်ခါ လုံး၀ အလုပ်မှ ရပ်စဲချင်ရပ်စဲပစ်လေမည်။ ဝန်ထောက်ကြီး၏ တရှုးထိုးနိုင်လှသောစိတ်ကို ဦးထွန်းအောင်မြင့်က ကောင်းစွာသိထား၏။

ထို့ကြောင့် ဘာမဟုတ်သော အသေးအဖွဲ့ ကိစ္စကလေးနှင့်ဘသာကိုလည်း မထိခိုက် မနစ်နာစေချင်ပေ။ အမှန်အတိုင်း ဝန်ခံရလျှင် ကျော်စံလို လုပ်ရည်ကိုင်ရည်ရှိသော ဆင်ဦးစီးကောင်းတစ်ယောက်ကိုလည်း သူ့အနေနှင့်လက်လွှတ်မခံချင်ပေ။ ယခုတွဲဆွဲရာ၌ပင် ဘသာနှင့်ကျော်စံတို့မှာ မယှဉ်နိုင်လောက်အောင် အရည်အသွေး ကွာခြားနေ၏။

တွဲဆွဲဇက်ခတ်ဆွဲပြီး၍ သစ်ရေလိုက်ရာ၊ ပုတ်ပြတ်လုံးရေစီရာတွင်သာဆိုပါက ကျော်စံကို ဘသာသည် ဘယ်နည်းနှင့်မျှ မီနိုင်တော့မည်မဟုတ်ပေ။ ဤသည်ကို ဝန်ထောက် ဦးထွန်းအောင်မြင့်က ကျော်စံစခန်းသို့ ရောက်လာပြီး တစ်ပတ်နှစ်ပတ်အကြာမှာပင် အကဲခတ်မိထားပြီး ဖြစ်လေသည်။

ဘသာမှာ ဆင်ဦးစီးဟုသာဆိုသော်လည်း ပုခက်တင် ပုခက်ချ အလုပ်ကလေးကိုပင် ကျော်စံလို နိုင်နင်းကျွမ်းကျင်ခြင်းမရှိပေ။ မကြာခင် စခန်းပြောင်း၍ လုံးရေစီ သစ်ရေလိုက်ရာသို့ ရောက်လာသောအခါ ကျော်စံနှင့် ယှဉ်ပြိုင်ရမှာကို အလိုလို စိတ်ရှုံ့နေသဖြင့် ဘသာကတမင်ရန်လုပ်နေသလားဟုလည်း ဦးထွန်းအောင်မြင့်က စဉ်းစားမိပြန်၏။

သို့သော် ဘသာမှာ သူ့ဆင်နှင့်သူ နေ့စား အငှားလာလုပ်သူဖြစ်သဖြင့် သူ့အနေနှင့် အသင်းပိုင်ဆင်ကိုစီးလုပ်ရသော ကျော်စံကိုသာ ပို၍ထိန်းကွပ်ပေးရန် တာဝန်ရှိလေသည်။ ဖြစ်ရသည့်ကိစ္စမှာလည်း ကျော်စံကြောင့်လိုလိုချည်းဖြစ်နေ၏။ ထို့ကြောင့် ဦးထွန်းအောင်မြင့်က ကျော်စံကိုသာ အကျိုးအကြောင်းအမျိုးမျိုးပြ ဖျောင်းဖျ၍ ထိန်းကွပ်ဆုံးမနေခြင်းဖြစ်၏။

"ဆရာပြောတာလည်း အားလုံးမှန်ပါတယ်ဆရာ၊ ကျွန်တော့်အနေမှာလည်း ဘေးကျပ် နံကျပ်ချည်းပါပဲ၊ ကျွန်တော်တော့ ဆင်ဦးစီးအလုပ်ကို စိတ်တောင်ပျက်လာပါပြီ"

ကျော်စံက ခေါင်းငိုက်စိုက်ချ၍ ချုံသံပါအောင် ညည်းလိုက်သည်။



ဝန်ထောက် ဦးထွန်းအောင်မြင့်သည် ကျော်စံ၏ရုပ်လက္ခဏာကိုကြည့်ကာ ကရုဏာသက်မိသွားသည်။

ကျော်စံမှာ အသက်နှစ်ဆယ်ကျော်အရွယ်သာရှိသေးသည်။ အသားလတ်၍ မေးရိုးကားကားနှင့် ခန့်ချော ချောသောလူငယ်ကလေးတစ်ယောက်ပင်။ အကယ်၍ ယခုလို ဆင်ဦးစီးမဟုတ်ဘဲ တောလိုက်စာရေးလောက် အဆင့်ရှိလျှင်ပင် လူတကာလေးစားရမည့်ရုပ်မျိုး။ ဆင်နှင့်ပတ်သက်၍ ကျော်စံအား ယခုအခါ သူပင်လေးစားမိနေပြီ မဟုတ်လား။

အမှန်ကတော့ ကျော်စံသာ ဘေးကျပ်နံကျပ်ဖြစ်ရသည်မဟုတ်၊ ဝန်ထောက် ဦးထွန်းအောင်မြင့်အနေမှာလည်း ဘေးကျပ်နံကျပ်ဖြစ်ရလေပြီ။

ယခုနှစ် မိုးပို၏အရှင်သခင်ဖြစ်သော တင်မောင် ထုံနစ်ဖြစ်၍ ရွာပြန်သွားရသည့်ရက်ပျက်။ လာနိုးလာနိုးနှင့် စောင့်ခဲ့ရသည့်ရက်ပျက်။ ဝန်ထောက်ကြီးထံအကြောင်းကြား၍ ကျော်စံစခန်းသို့ ရောက်မလာမချင်း စောင့်နေခဲ့ရသောရက်ပျက်။ ကျော်စံရောက်လာခဲ့ပြီးတော့လည်း ဘသာနှင့်ကျော်စံတို့ ရန်ဖြစ်သတ်ပုတ်ကြ၍ ခေါင်းကွဲထိပ်ပေါက်ဖြစ်ကာ အလုပ်နားထားပေးရသည့်ရက်ပျက်။ သည်ကြားထဲ ယခင်က အလွန်သဘောကောင်း၍ အလုပ်လည်းကောင်းသော ဘသာဆင် မိုးလုံးက သည်နှစ်မှာမှ မကြာမကြာ မုန်ရိုပ်ဆင်နေတတ်သဖြင့် အနားပေးထားရသည့်ရက်ပျက် စသည်စသည် ရက်ပျက်များကြောင့် သစ်လုပ်ငန်းမှာ ယခုနှစ်တွင် အတော်ကြန့်ကြာ နှောင့်နှေးခဲ့လေပြီ။

ယခုတစ်ခါ ဘသာနှင့်ကျော်စံတို့ အဆင်မပြေကြသဖြင့် တစ်ခါထပ်၍ ရက်ပျက်ပေး လူလဲနေရလျှင် မိုးကျ၍ပင် သစ်ရေလိုက်ရန် စခန်းပြောင်းနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဝန်ထောက် ဦးထွန်းအောင်မြင့်က ကျော်စံအား ဘယ်နည်းနှင့်မျှ ဝန်ထောက်ကြီးဆီကို ပြန်လွှတ်၍တော့မဖြစ်နိုင်ပါချေ။ ဤသည်တို့ကြောင့်လည်း နောက်နောင်ကိုအဆင်ပြေအောင်သာ သည်းညည်းခံပြီး အလုပ်လုပ်သွားရန်ကို ကျော်စံအားထပ်၍ပြောရလေသည်။

" အမှန်ကတော့ မင်းဘာမှစိတ်ပျက်စရာမရှိပါဘူးကျော်စံရာ၊ ဒီဘသာနဲ့ မင်းကိုတို့များခေါ်ပြောရတာဟာလည်း ဘသာလာတိုင်လို့ပဲ၊ လူကြီးတစ်ယောက်အနေနဲ့လာတိုင်လျက်နဲ့ မပြောရင်လည်း ငါ့မှာတာဝန်ရှိတယ်ဆိုတာ မင်းအသိပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ...ပြောစရာဆိုစရာရှိရင် နေ့စားအငှားသမားလေးတဲ့ ဘသာထက် မင်းကိုငါကပိုပြောရမှာတော့အမှန်ပဲ၊ ဘသာနဲ့ငါကနေ့စားတွေလုပ်လာ ကြတာကြာပြီဆိုပေမဲ့ အလုပ်အကိုင်ရဲ့ပုံသဏ္ဍာန်အရပြောရရင် မင်းလောက်ကို ငါကဘသာနဲ့မရင်းဘူး၊ ရင်းစရာလည်းမလိုဘူး သူတာဝန်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေ့စားအငှားပဲ၊ အဲဒါကြောင့်ဖွပ်စရာရှိတော့လက်ရင်းနာနာ ဖွပ်ရမှာငါ့တာဝန်ပဲ၊ ကိုယ့်ဘက်က ကိုယ့်လူအလွန်မရှိမှသူများကိုပြောလို့ဆိုလို့ ထိန်းကွပ်လို့ ကောင်းတာမျိုးကလားကွ"

ဦးထွန်းအောင်မြင့်သည် ကျော်စံ၏မျက်နှာကိုအကဲခတ်သည်။

ကျော်စံသည် ဖြစ်မိသည့်အတွက် စိတ်မကောင်းဟန်နှင့်မျက်ရည်ဝဲ၍ ခေါင်းငုံ့ထား၏။

ဦးထွန်းအောင်မြင့်က ပို၍အားရှိသွားသည်။

"အမှန်မှာ ငါကမင်းကိုလူရင်းမို့ ပြောလို့သာပြောရတာပါ၊ မင်းဟာဘသာထက်အများကြီးလုပ်ရည်ကိုင်ရည်သာတယ်ဆိုတာကို ဟိုတုန်းကတည်းကငါသိပြီးသားပဲ၊ ခုလည်းမင်းပြောသလို ဘသာကသူ့ထက်သာမနာလိုတဲ့စိတ်နဲ့ တမင်လီဆယ်ပြီး တိုင်တာတောတာလဲဖြစ်နိုင်သပေါ့ကွာ၊ ငါလည်းမင်းပြောမှ ဒီကိစ္စတွေးမိလာတယ်၊ ဘာပဲဖြစ်ဖြစ်ပါလေ...မင်းငါ့ကိုခင်ရင်တော့ သည်းခံပြီးအလုပ်လုပ်ပါကွာ၊ ဒီသုံးလေးငါးပတ်ပါပဲ၊ တွဲဆွဲပြီးရင် မင်းနဲ့ဘသာ ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ပါဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ သူ့အလုပ်သူလုပ်ဖို့ပဲကျန်တော့တယ်မဟုတ်လား၊ ဒီတော့မင်းသည်းညည်းခံပြီးလုပ်လိုက်ပါငါ့ညီရာ...၊ မင်းကို ငါတောင်းပန်ပါတယ်၊ တကယ်လို့ဘသာ ဆင်မိုးလုံးကို မုန်ရိပ် မုန်သွေးနဲ့လွှတ်နေကျတ်နေတာတွေ့ရရင်လည်း မင်းထိန်းကွပ်ပေးပါကွာ၊ ဘသာကဆင်ပိုင်ဦးစီးသာဆိုပေမဲ့ ဆင်နဲ့ပတ်သက်လာရင် မင်းလောက်နားလည်တာမှမဟုတ်ဘဲ၊ မင်းကတော့ဆင်နဲ့ပတ်သက်လာရင် သိပ်ပါရမီထူးတဲ့ ဆင်ဦးစီးကောင်းတစ်ယောက်ဆိုတာ တို့စခန်းကလူတိုင်းသိပါတယ်ကွာ..."

တွဲဆွဲပြီးရန်မှာလည်း လေးငါးပတ်သာကျန်တော့သဖြင့် ဝန်ထောက်မင်းက ကျော်စံအား ချွေးသိပ်စကားများနှင့် ပြန်လွှတ်လိုက်သည်။

တွဲဆွဲပြီး၍ နောက်စခန်းတစ်ခုသို့ရောက်လျှင် လုံးရေစီခြင်း၊ သစ်ရေလိုက်ခြင်းတို့မှာ ကျော်စံနှင့်ဘသာက လုံးဝပတ်သက်စရာမရှိတော့ပါချေ။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်၏ရန်ငြိုးမှာ အလုပ်ဝေးကြသည်နှင့် အလိုအလျောက် ပြေပျောက်သွားကြလိမ့်မည်ဟု ဝန်ထောက်မင်းဦးထွန်းအောင်မြင့်က ယူဆလိုက်လေသည်။

■

[၃]

ကျော်စံ စခန်းဝိုင်းနားသို့ပြန်ရောက်လာချိန်မှာ နေအတော်စောင်းနေလေပြီ၊ ခက်လက်ရိုးတံကြားမှမြင်နေရသော တောင်စွယ်မှာပင်နေဝန်းနီနီသည်ကွယ်လုလုမေးတင်စပြုနေလေပြီ။

အကယ်၍ သစ်ရွက်ကြွေသော နွေနှောင်းသမယသာမဟုတ်ပါက ထူထပ်သိပ်သည်းလွန်းသော ရွက်အုပ်မိုးသစ်ပင်တို့ကြောင့် အပြန်လမ်းသည် မှောင်နှင့်မည်းမည်းပင်ရှိပေမည်။ ယခုပင်လျှင် အိပ်တန်းတက်ကြတော့မည်ဖြစ်သော တောကြက်တိန်ညင်သံတို့က အရပ်လေးမျက်နှာတွင် ညံစီနေကြလေပြီ။ ထို့ကြောင့်လည်း ကျော်စံသည် ဦးကင်းထိပ်မှ တွဲလွဲချထားသော ခြေဖွားထိပ်နှင့် ပန်းပြောက်များ သီထနေသော ဟိုင်းဆင်မငယ်မိပို၏ နားရွက်နောက်ကို ခပ်ဆတ်ဆတ် ကန်ကာ ပုခက်စင်ရှိရာသို့ အလျင်စလို စီးချလာမိသည်၊

'ဟော .... မောင် .... မောင် ကျော်စံ မဟုတ်လား .... မောင်ကျော်စံ'

စခန်းဝိုင်းအဆင်းတွင် သူ့အမည်ကို တစ်စုံတစ်ယောက်က အံ့သြသံနှင့် လှမ်းခေါ်နေသဖြင့် ကျော်စံသည် ဆင်ဦးကင်းထိပ်မှ အသံလာရာဘက်ဆီသို့ ဆက်ခနဲ လှည့်ကြည့်လိုက်၏။

စမ်းထဲမှရေချိုးပြီးလှမ်းတက်လာသော သစ်ခုတ်သမားကြီး ဦးညိုကိုမြင်ရသောအခါ သူ့စိတ်ထဲမှာ ဘာကြောင့်ရယ်မသိ နောက်ကျိသွားမိသည်၊

'မောင်ကျော်စံ .... မင်းဒီကို ရောက်နေတယ်'

သစ်ခုတ်သမားကြီး ဦးညိုက အံ့သြသလို မေးလာသော အမေးကို ရုတ်တရက်မှု ကျော်စံမှာ ဘယ်လိုဖြေရှင်းရမှန်းမသိ။ သူမဖြေချင်သော အမေးကို ဦးညိုက မေးနေလေပြီ။

ကျော်စံသည် ဦးညိုအား နှုတ်ဖြင့်မဖြေဘဲ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်မိသည်။

'နို့ .... ဘသာလည်း ဒီမှာ သစ်ဆွဲလုပ်နေတယ်မဟုတ်လား ဆင်ဦးစီးသာတဲ့ ဆင်ကကော ဘယ်သူ့ဆင်လဲကွ၊ မိုးလုံးပဲလား'

ဒီအဘိုးကြီးနဲ့တော့ ခက်ကပြီဟု ကျော်စံတွေးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဒီစခန်းက မဟုတ်ဘူး အဘညိုရာ၊ ကျွန်တော့်အလုပ်က သပြေမှာပါ၊ ဒီမှာအလုပ်မပြီးနိုင်လို့ တစ်ရက်နှစ်ရက်လာကူတာပါ။ ဒီဆင်က ဒီကြိုးဝိုင်းထဲက အသင်းပိုင်ဆင်ပါ၊ နောက်တစ်ရက်နှစ်ရက်လုပ်ပြီးရင် ကျွန်တော်က သပြေခနော်းပြန်ရမှာပါ'

'ဟယ်'

သစ်ခုတ်သမားကြီး ဦးညိုနှင့် စကား ရှည်ရှည်ဝေးဝေး ပြောနေရမည်ကို စိုးရွံ့နေမိသူကျော်စံက ဦးညိုအား ဤမျှသာပြောပြီး မိပိုပခက်စင်ရှိရာသို့ အလျင်စလို စီးချလာခဲ့သည်။

ဦးညိုက "ဟယ်"ဟူသော အံ့ဩသံနှင့်အတူ ဝန်ထောက်မင်းတို့ရှိရာ သစ်တဲဘက်ဆီသို့ တက်သွား၏။

ဦးညိုမှာ ကျော်စံတို့ ညောင်ခြေထောက်ရွာနှင့် ကပ်လျက်ဖြစ်သော တလိုင်းချောင်းဖျားကဖြစ်သည်။ ကျော်စံနှင့်ဘသာတို့အကြောင်းကိုလည်း ခရေစေ့တွင်းကျ သိနေသူဖြစ်သလို ဦးလှဘော်၊ ဦးရွှေကျော်တို့နှင့်လည်း ရင်းနှီးခင်မင်ခဲ့သူတစ်ဦးဖြစ်လေသည်။

မိမိအကြောင်းကိုသိသူဆို၍ ဤစခန်းတွင်ဘသာတယောက်တည်းသာရှိသည်ဟု ထင်ခဲ့သော ကျော်စံမှာ ယခုအခါ သစ်ခုတ်သမားကြီး ဦးညိုကို မမျှော်လင့်သောနေရာ၌ လာတွေ့နေရသဖြင့် သူ့စိတ်ထဲတွင် ရှုပ်ထွေးတွေဝေသွားမိသည်။

သစ်သင်းသတ်ရာသီ၊ သစ်ခုတ်ရာသီမဟုတ်ပါဘဲနှင့် ဤအဘိုးကြီးသည် ဤစခန်းသို့ အဘယ်ကိစ္စကြောင့် ရောက်လာပါလိမ့်ဟုလည်း ကျော်စံက ရေချိုးရန် ဆင်းလာရင်း တစ်လမ်းလုံးတွေးလာသည်။

ဤအဘိုးကြီးမှာ စပ်စပ်စုစု နိုင်လှသောအဘိုးကြီး ဖြစ်သဖြင့် ဘသာနှင့်သူ့အကြောင်းကိုသာ စခန်းဝိုင်းက လူများအား ပြောထားခဲ့လျှင်ဟူသော အတွေးက ကျော်စံ၏ ရင်ထဲဝယ် ချက်ချင်း ဘောင်ဘင်ခတ်လာ၏။

တစ်ယောက်စကား တစ်ရာနားဆိုသလို ဤအဘိုးကြီးမှတစ်ဆင့် သူနှင့်ဘသာတို့ နောက်ကြောင်းရာဇဝင်ကို ဝန်ထောက်မင်းနားသာ ပေါက်သွားပါက သူ့အနေ့နေ့အရက်ရက်က ကြံစည်အားထုတ်လုပ်ကိုင်လာခဲ့သော ဘသာအပေါ် မကျေနပ်ချက်တွေမှာ ဘူးပေါ်သလိုပေါ်တော့မည်။ ဘယ်လိုမှ ဖုံးကွယ်၍ရတော့မည် မဟုတ်ပါချေ။

ဤအရေးအခင်းတွေကို တွေးမိသောအခါ ကျော်စံ၏ ရင်ထဲမှာ ပူပန်စိုးရိမ်စိတ်တွေက တခဏချင်း ပြည့်သိပ်လာတော့၏။ သူ၏တစ်ကိုယ်လုံးကို အေးမြကြည်လင်သော စမ်းရေထဲတွင် နှစ်ထားသော်လည်း စိုးရိမ်သောက



စိတ်တွေကြောင့် သူ၏တစ်ကိုယ်လုံးမှာ ပူထူ၍သာနေတော့သည်။

ထိုအခါ စမ်းချောင်းဘေးနှစ်ဖက်မှ သစ်ရိပ်ဝါးရိပ်တို့ လာဟပ်နေသဖြင့် မည်းနက်နေသော စမ်းရေပြင်ထက်၌ ယခင်အတိတ်ဆီက မြသူ၏ဝင်းပပမျက်နှာသည် ရုတ်ခြည်းထွက်ပေါ်လာတော့သည်။

မြသူ၏ မျက်နှာကိုမြင်ယောင်မိပြီဆိုလျှင် မြသူအမေ ဒေါ်သူဇာမေ၏ မျက်နှာ၊ ထို့နောက် ပစ္စည်းဥစ္စာနှင့်ပတ်သက်လာလျှင် အမြဲအလိုရမ္မက်ကြီးနေသော ဘသာအဖေ ခေါင်းပြောင်ကြီး ဦးဘထွန်း၏ မချိုမချဉ် စပ်ဖြဲဖြဲမျက်နှာ၊ ဘသာအမေ၏ ငွေဂုဏ် ရွှေမျိုးဂုဏ်တို့နှင့် တင်းထားသော မျက်နှာတို့ကလည်း သူ၏အမြင်အာရုံမှာ ချက်ချင်း ထင်ဟပ်လာတော့သည်။

ကျော်စံ၏ ရင်ထဲမှာ တင်းကျပ်လာသည်။

ရေပြင်ကို လက်နှင့်တအား ယက်ကန်ပစ်လိုက်၏။ ရေပြင်ထဲတွင် လှိုင်းဂယက်များ ထသွားသော်လည်း သူတို့တွေ၏ မျက်နှာများက ကျော်စံအား လှောင်၍ ပြောင်၍ ငေးကြည့် ရယ်မောနေကြတုန်းပင်တည်း။

ထိုအခါ သူ့ဘဝတစ်ခုလုံးကို အညွန့်တုံး လူလုံးမလှဖြစ်အောင် ငွေအားလူအား၊ ပစ္စည်းအားတို့နှင့် မတရားအနိုင်ယူသွားကြသော သူတို့တွေ၏ အကြောင်းကို နာနာကြည်းကြည်း တွေးမိပြီးသား ဖြစ်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း လေး

www.burmeseclassic.com

www.burmeseclassic.com

## ||၁||

နံနက်ထတွင် ကျော်စံနှင့် ဦးလှဘော်တို့ ဆင်ကောက်ရန် သစ်တဲက ထွက်လာကြသည်။ မနေ့ညနေက အလုပ်သိမ်းပြီးချိန်တွင် မြင်မတိန်နှင့် မိုးလုံးတို့ကို နဘေးချောင်းဖျားတွင် လွှတ်ထားခဲ့ကြသဖြင့် နဘေးချောင်းဖျားသို့ ထွက်လာကြသည်။ နဘေးချောင်းဖျားတွင် ထူးလန်းကိုရှာကြသည်။

မိုးလုံး၏ ထူးလမ်းအတိုင်း ကျော်စံက လိုက်သွားသည်။ မြင်မတိန်၏ ထူးလမ်းပေါ်တွင်တော့ ဦးလှဘော်က ကျန်ခဲ့လေသည်။

မြင်မတိန်၏ ထူးလမ်းပေါ်တွင် ခြေလှမ်းတစ်ရာပင် မလှမ်းလိုက်ရ မြင်မတိန်ကိုလှမ်းမြင်ရသည်။ မြင်မတိန်သည် ဗန်းဖွေးပင်ကြီးတစ်ပင်ကိုမှီ၍ ငြိမ်သက်စွာ ရပ်နေလေသည်။

ဤမျှ တိုတောင်းသော ထူးလမ်းပေါ်တွင် မြင်မတိန်ကို မြင်တွေ့ရသဖြင့် ဦးလှဘော်က ရင်ထိတ်သွားသည်။ ဆင်များ မကျန်းမာလျှင် ဝေးဝေးလံလံ မသွားဘဲ သစ်ပင် ကမ်းပါးယံများ၌ မှီ၍ မှိုင်နေတတ်သည်။ ဤသည်ကိုသိသော ဦးလှဘော်သည် ချက်ချင်း မြင်မတိန်နား ရောက်သွားလေသည်။

မြင်မတိန်သည် ဦးလှဘော်ကိုမြင်သော်လည်း လုံးဝလှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေ၏။

ဆင်သည် ကျန်းမာနေလျှင် နားရွက်တဖျပ်ဖျပ်လှုပ်ခပ်ခြင်း၊ နှာမောင်း တယမ်းယမ်းလှုပ်နေတတ်ခြင်း၊ ခြေလက်အငြိမ်မနေဘဲ တစ်ကိုယ်လုံး ယိမ်းထိုး ခါးယမ်းနေတတ်ခြင်း စသော အလေ့အကျင့်များရှိသော်လည်း [illegible] ဝင်တော့မည်ဆိုလျှင် လှုပ်ရှားမှုအားလုံး နှေးကွေးလေးလံ [illegible] သည်။

ဦးလှဘော်သည် မြင်မတိန်ဆင်မကြီးနားသို့ တိုးကပ်သွားသည်။ [illegible] နှစ်ချောင်းအား ပူးခတ်ထားသော ထူးထိကိုဖြုတ်လိုက်သည်။ [illegible] မောင်းကို လက်နှင့်လှမ်းဆွဲကာ စခန်းဘက်သို့ ပြန်မောင်းလိုက်သည်။

မလှမ်းချင်လှမ်းချင် လှမ်းသွားသော မြင်မတိန်၏ ခြေလှမ်း [illegible] သည်။ နှာမောင်း အမြီးတွေကျနေသည်ကိုမြင်ရ၏ ခြေလှမ်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြေကို နောက်ခြေလှမ်းက မကျော်တော့ပေ။ ဤနေ့မြင်မတိန်အား ဘယ်လိုမှ အလုပ်ခွင်ထဲမသွင်းနိုင်တော့ဘူးဆိုသည်ကို ဦးလှဘော် ချက်ချင်းသိလိုက်လေသည်။

ခါတိုင်းနေ့တွေဆိုလျှင် အလွန်ခြေသွက်သော မြင်မတိန်သည် ဤနေ့၌ အိပ့်အိပ့် သာလှမ်းနေတော့၏။ ထို့ကြောင့် ဦးလှဘော်သည် ဆင်ဦးဇာင်းပေါ်ပင် မတက်တော့ဘဲ မြင်မတိန်ကို အကဲခတ်လျက် နောက်ကသာ လိုက်ပါလာလေသည်။

ဆင်များမကျန်းမာလျှင် အသားအရေ ခြောက်ကပ်ခြင်း၊ ခြေသည်းလက်သည်းများ၏ ခြေဆီ လက်ဆီများခြောက်ကပ်ခြင်း၊ ဆီးဝါခြင်း၊ မျက်ရည်ပုကျခြင်း၊ ချေးလုံးမကျွဲခြင်းစသည်တို့ဖြစ်လာသည်။ ချေးလုံးမကျွဲဘဲ ချေးထဲတွင် အစေးအထန်းများ ပါလာလျှင် အနံ့အသက်များပါ ဆိုးရွားလာ၏။ ဤသည်ကို ဆင်သမားများ ဝေါဟာရနှင့် "ဝမ်းခေါင်းရေမပါ"ဟုခေါ်လေသည်။ ထိုသို့ဖြစ်လာလျှင် ဆင်များကို ဆေးကျွေးရလေသည်။

ဆင်ဆေးများမှာ အမျိုးမျိုး အစားစားရှိလေသည်။ အင်္ဂလိပ်ဆေးအပြင် မိရိုးဖလာ ဆင်သမားများ၏ ဆေးမှာ စပါး၊ မန်ကျည်းမှည့်၊ ဆား၊ ယာကန်ရှိုင်း၊ ဆူးပေါက်၊ ခပ်ချို၊ စရစ်၊ သစ်ခေါက်ကြီး၊ ကျုံးပင်လက်ပံ၊ ဆင်ကြံပင်၊ ပေါက်မယ်၊ ဝံအူ၊ သစ်ချို စသည့်ဆေးခေါက် ဆေးပင်များအပြင် မဲနယ်၊ ကျောက်ချဉ်၊ ဆားခါး၊ ကန့်၊ ယမ်းစိမ်း၊ ဒုတ္တာ စသည်တို့မှာလည်း ဆင်ဆေးများ ဖြစ်လေသည်။

ဆီးချုပ်၍ ဝမ်းမကောင်းသောဆင်များကို ကန့်၊ ကျောက်ချဉ်၊ မန်ကျည်းမှည့်၊ ဆားကျွေးရသည်။ ဝမ်းသက်သက်ချုပ်သောဆင်ဆိုလျှင် ဆားခါးကို မန်ကျည်းမှည့်ထဲ ထာပနာ၍ကျွေးရ၏။ ထိခိုက်ဒဏ်ရာများကို ယမ်းစိမ်း၊ မဲနယ်ရည်တို့ဖြင့်ပက်ပေးရသည်။ ကင်ထားသော ကြက်သားကင်ကိုလည်း အမှုန့်လုပ်၍ အနာစိမ်းထဲထည့်သည်။ ယာကန်ရှိုင်း၊ ဆူးပေါက်၊ ခပ်ချို၊ စရစ်၊ သစ်ခေါက်ကြီး၊ ကျုံးပင်လက်ပံ၊ ဆင်ကြံပင်၊ ပေါက်မယ်၊ ဝံအူ၊ သစ်ချိုစသည်တို့မှာ အပင်အခေါက်တွေ ကျွေးရသလို ဖန်ရည်ဆေးရာ၌လည်း အသုံးပြုသော ဆေးပင်များ ဖြစ်လေသည်။

အားနည်းသောဆင်များကို စပါး၊ ဝါဓေ့ ကျွေးရသည်။ အသင်းပိုင်ဆင်ဆိုလျှင် ဆင်တစ်ကောင်အတွက် တစ်နှစ်လျှင် ဆားဆယ့်ငါးပိဿာနှင့် ဆင်အကြီးအသေးကိုလိုက်၍ စပါးမည်မျှ၊ မန်ကျည်းမှည့်မည်မျှဟု သတ်မှတ်ချက် ရှိလေသည်။ မကျန်းမာသောဆင်များအတွက် ဆင်နာရုံ (ဆင်ဆေးရုံ)လည်း သီးသန့်ရှိလေသည်။ မကျန်းမာသောဆင်များနှင့် ကလေးမွေးခါစဆင်များကို သီးသန့်ထားသောနေရာဖြစ်သည်။



ဦးလှဘော်သည် မြင်မတိန်အား စခန်းသို့ မောင်းမလာဘဲ စခန်းဝိုင်းနှင့် တစ်ခေါ်နီးပါးဝေးသောနေရာတွင် ရပ်စေလိုက်သည်။ ထူးစိပ်မခတ်တော့ဘဲ ထူးကျဲဖတ်ကာ ပျဉ်းမပင်တစ်ပင်တွင် ချည်လိုက်သည်။ အမှန်မှာ မြင်မတိန်သည် ရောဂါရနေသော ဆင်ဖြစ်သဖြင့် ထူးမခတ်ဘဲထားလျှင်လည်း ဘယ်မှတော့ သွားမည် မဟုတ်ပေ။ သဘောလောက် ချည်ထားခြင်းသာ ဖြစ်သည်။ စခန်းဝိုင်းသို့ မောင်းနှင်မသွားခြင်းမှာ အကယ်၍ ကူးစက်တတ်သော ရောဂါဆိုလျှင် မိုးလုံးနှင့်ဟာကွ အခြားဆင်များကို ကူးစက်မှာစိုး၍ဖြစ်သည်။ သစ်တောကြီးဝိုင်းကစ်ခုလုံးကို အုပ်ချုပ်ရသော ဝန်ထောက်ကြီးဆီကိုလည်း ဆင်မကျန်းမာကြောင်း၊ အလုပ်ခွင် မဝင်နိုင်ကြောင်း အကြောင်းကြားရပေမည်။

ဦးလှဘော်သည် မြင်မတိန်ဆင်မကြီးကို ဆေးကျွေးရန်အတွက် မြင်မတိန်၏ တစ်ကိုယ်လုံးကို လေ့လာသုံးသပ်ရသည်။ မည်သည့်ဆေးနှင့် သင့်တော်မည်ဆိုသည်ကိုလည်း ချက်ချင်းစဉ်းစားရသည်။ နောက်ဆုံး မြင်မတိန်၏ လည်ပင်းအောက်၊ မေးအောက် လည်ချောင်းတစ်လျှောက်၊ ဝမ်းဗိုက်၊ ရင်ပုံနှင့် ဒူးဆစ်အောက်မှသည် ခြေသည်း လက်သည်းရင်းထိ ကြည့်ရသည်။

ဤသို့ကြည့်ရခြင်းမှာ "သွတ်"ရှိမရှိကို ကြည့်ခြင်းဖြစ်သည်။ တခြားရောဂါတွေမှာ အတွင်းအဇ္ဈတ္တတွင်ဖြစ်သဖြင့် မြင်နိုင်ခဲ၊ သိနိုင်ခဲသော်လည်း သွတ်ရောဂါရှိလျှင်တော့ ချက်ချင်းသိရလေသည်။

"သွတ်"ဆိုသည်မှာ ဝမ်းဗိုက်အောက်တွင် အုန်းသီးလုံးပမာ အကျိတ်ပေါ်ပြီး ရောင်ရမ်းလာခြင်းမျိုးကိုခေါ်သည်။ ဆင်များတွင် အများဆုံးဖြစ်တတ်သော ရောဂါပင်။

ထိုသွတ်နာကို ၁ သွတ်ပြေး၊ ၂ သွတ်ကျောက်ပျဉ်၊ ၃ ရေသွတ်ဟူ၍ သုံးမျိုး ခွဲခြား၍ ဆင်သမားများက ခေါ်ကြသည်။

သွတ်ပြေးရောဂါဖြစ်ရခြင်းမှာ အပူလွန်ခြင်း၊ သွေးလေမမှုတခြင်း သွေးလမ်းကြောင်းများ ပိတ်ဆို့ခြင်းနှင့် နှလုံးရောဂါတို့ကြောင့်ဖြစ်သည်။ ဖြစ်တတ်သော အရပ်ဌာနများမှာ မေးအောက်၊ လည်ချောင်းတစ်လျှောက်၊ ရင်ပုံ ဝမ်းဗိုက်တို့မှသည် ဒူးဆစ်အောက်ခြေထောက်တစ်လျှောက်တွင်ဖြစ်သည်။

ဂွမ်းပုံဆိုသည်မှာ ခြေသည်း လက်သည်းများတွင် အကာနေသော အသားပုံ ခြေခုံ၊ လက်ခုတ်တဝိုက်ကို ခေါ်သည်။

သွတ်ပြေး၏ ထူးခြားချက်မှာ အုန်းသီးလုံးခန့် ဖူးရောင်လာသည့် အနာမှာ ဆင်တစ်ကိုယ်လုံးအနှံ့ ရွေ့လျားပြေးသွားတတ်သည်။ ဤနေ့ လက်ပြင်၊ ရင်ပုံတွင်တွေ့ရသော သွတ်လုံးသည် နောက်တစ်နေ့ ချက်အောက် ရောက်ချင်ကရောက်သွားတတ်သည်။ နောက်တစ်နေ့ ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ဘေးစောင်းတက်ကပ်ချင်ကပ်နေတတ်သည်။ ဤသို့ဖြင့် ကိုယ်အနံ့သွားနေတတ်၏။

သွတ်ကျောက်ပျဉ် ဖြစ်ရခြင်းမှာ ကူးစက်တတ်သော ရောဂါကြောင့် အဖြစ်များသည်။ အနှံ့သီးလုံးခန့်ရှိသော သွတ်လုံးသည် ကျောက်ပျဉ်ကဲ့သို့ မာကျောနေတတ်သည်။ မေးအောက်နှင့် လည်ချောင်းတစ်လျှောက်တွင် အဖြစ်များသည်။

ရေသွတ်ဖြစ်ရခြင်းမှာ သွေးကြောယော်များ ပျက်စီးခြင်း၊ အသည်းရောင်ခြင်း၊ သွေးအားနည်းခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်းတို့ကြောင့်ဖြစ်သည်။ အသားဆိုင်များ တွဲကျနေတတ်သော မြီးပုန်း၊ လည်ပင်း၊ ဝမ်းဗိုက်စသည်တို့၌ အဖြစ်များသည်။

ရေသွတ်မှာ သွတ်ပြေး သွတ်ကျောက်ပျဉ်ကဲ့သို့ မာမနေဘဲ ပျော့ညံ့၍ ရေလှိုင်းပမာ တုန်ခါနေတတ်သည်။ လူက ကိုင်တွယ်စမ်းသပ်ကြည့်သော်လည်း ဆင်သည်နာကျင်ခြင်း မရှိပေ။ အပူလည်းမရှိပေ။

သွတ်ရောဂါကိုကုသသောဆေးမှာ ရေနံချေးငါးဆယ်သား၊ မုန်ညင်းဆန်တစ်စလယ်၊ ကြက်သွန်နီဆီဗူးတစ်လုံး၊ မပေါက်ထုံး သုံးကျပ်သား စသည်တို့ကို ရောကျိုပြီး အအေးခံလိမ်းပေးရသောဆေးဖြစ်သည်။ ဤနည်းနှင့် တစ်လ တစ်လခွဲနှင့် မပျောက်လျှင် ဆင်ကိုညှပ်သွင်းပြီး ခွဲစိတ်ကုသရသည်။ သွတ်နာကို ဓါးနှင့်ခွဲကုလျှင် ဆင်တုံးမနွယ်၊ ဝံအူ၊ ပေါက်၊ ဆူးပေါက်၊ ဖန်ခါးခေါက်၊ ရေပိတောက်ခေါက်၊ စင်ပြွမ်းခေါက်စသည်တို့ကို ကျို၍ ဖန်ရည်ဆေးပေးရသည်။

မြင်မတိန်၏ ကိုယ်ပေါ်တွင် သွတ်နာကိုတော့ လုံးဝမတွေ့ရသဖြင့် ဦးလှဘော်က စိတ်အနည်းငယ် သက်သာရာရသွားသည်။ သွတ်နာသာဖြစ်လာလျှင် ဆင်ကို တစ်လ နှစ်လ အနားပေးထားရသည်။ ဆင်တစ်ကောင်၏ တစ်လနှစ်လ လုပ်အားတန်ဖိုးမှာ ထောင်ချီရှိလေသည် မဟုတ်ပါလား။

အမှန်မှာ ဦးလှဘော်သည် ဤလို နွေရင့်လဥ္စ ကျရောက်တတ်သည့် ဒေါင့်သန်းရောဂါ (ခွာနာ၊ လျှာနာ)ကို လုံးဝ မတွေးမိချေ။ သာမန် ဖြစ်ရိုးဖြစ်စဉ် ဝမ်းချုပ်၊ ဆီးချုပ် ဖြစ်ခြင်းသာ ထင်သဖြင့် မြင်မတိန်ကို ဝမ်းနုတ်ဆေး၊ ဆီးရှင်ဆေးတိုက်ကျွေးကာ စခန်းဝိုင်းထဲသို့ အေးအေးလူလူသာ ပြန်လာခဲ့လေသည်။

■

[၂]

အလုပ်သိမ်းထမင်းစားပြီးသည်နှင့် ကျော်စံသည် ဦးလှဘော်ရှိရာသို့ ထွက်လာသည်။ မြင်မတိန် မကျန်းမာ၍ တောထုတ်ထားသောနေရာမှာ စခန်းဝိုင်းနှင့် အတော်ဝေးသဖြင့် အပြန်တွင်မှောင်မည်။ ထို့ကြောင့် ကျော်စံသည် ကညင်ဆီမီးတုတ်တစ်ခုပါယူလာသည်။

မြင်မတိန်နှင့် ဦးလှဘော်တို့ရှိရာသို့ ကျော်စံရောက်လာချိန်မှာ မှောင်နေလေပြီ။ ဝန်ထောက်ကလေး ဦးသန်းကျော်လေး၊ ဆင်အုပ်ဦးအောင်လှိုင်၊ ဆင်ခေါင်းစာရေးပ စသည် သစ်လုပ်ငန်းအဖွဲ့မှ လူကြီးများကိုလည်း ကြိုရောက်၍တွေ့ရသည်။ အသင်းပိုင် ငှားထားသော တိရစ္ဆာန် ဆေးကုဆရာဝန် ဦးထွန်းကျော်မြင့်လည်းလာပြီး ဆေးထိုးပေးသွားသည်ဟုဆိုသည်။ ဦးထွန်းကျော်မြင့်၏ အကြံပေးချက်အရ ဆင်မကြီး မြင်မတိန်ကို ပျဉ်းမပင်ကြီး၌ ကြိုးဖြင့် ဆိုင်းတုပ်ထားကြသည်။ ဦးလှဘော် ဘယ်လိုမှ မမျှော်လင့်ခဲ့သော ဒေါင့်သန်းရောဂါကို ဆင်ဆရာဝန် ဦးထွန်းကျော်မြင့်ကပြောသွားသည်ဟုဆိုသည်။ ထို့ကြောင့် ဤနေ့ ကျော်စံကို မြင်သောအခါ ဦးလှဘော်မှာ မျက်နှာမကောင်းပေ။

တစ်ရက် နှစ်ရက်အတွင်း မြင်မတိန်အား ဤသို့ ကြိုးဆိုင်းတုပ်နှောင်ထားရသည်ကို မြင်သောအခါ ကျော်စံမှာလည်း ရင်ထဲနင့်သွားမိသည်။ ဆင်[illegible]ကောင်ကို ဤသို့ ကြိုးဆိုင်းတုပ်ဆွဲထားရသော အခြေအနေသည် လုံး[illegible] လင့်ချက် မရှိသော အခြေအနေပင်။ အိပ်ပြီ၊ ဝပ်သွားပြီ၊ လဲသွားပြီဆိုလျှင် [illegible] ထနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် လဲမသွားအောင် ထိန်း[illegible] သည်။

မြင်မတိန်သည် မျက်ရည်ပူတွေ ကျကာ မျက်စိကိုမှေးထား[illegible] သူ့အနားရောက်လာသော်လည်း နှာမောင်းမြှောက်ကာ ခါ[illegible] တော့။ ဝေဒနာ၏ ဖိစီးမှုဒဏ်ကြောင့် ငြိမ်၍ မှေးနေလေသည်။

'လူလေး စခန်းပဲပြန်အိပ်နေပါ၊ မြင်မတိန်ကို ဦးကြီး[illegible] လူလေး ဂရုစိုက်၊ အလုပ်လည်း မပျက်စေနဲ့'

'ဟုတ်ကဲ့'

www.burmeseclassic.com



ကျော်စံ စခန်းထဲသို့ ပြန်လာသည်။ ဆင်မကြီး စိတ်ကြောင့် ကျော်စံမှာ အိပ်မပျော်ပေ။ မျက်စိကြောင်လျက်ရှိသည်။

'ဝုန်း ....'

တစ်တောလုံး တစ်တောင်လုံး ပွဲတင်ထပ်သွားသည်။ စခန်းဝိုင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ ဝန်ထောက်ကြီး၏ နှိုးသံ၊ ခေါ်သံ၊ အမိန့်ပေးသံများကို ကြားရသည်။ မီးတုတ် လက်ဆွဲဓါတ်မီးတို့၏ အလင်းရောင်တွေက ရုတ်ခြည်းယှက်ဖြာလာသည်။

မေးစရာမလို။ ဆင်ပုန်းစခန်းမှ တောထုတ်ထားသော မြင်မတိန် လဲကျသွားပြီ၊ သို့မဟုတ် သေပြီဆိုသော အသိသည် အားလုံး၏ ဦးနှောက်ထဲသို့ ချက်ချင်း ဝင်ရောက်လာလေပြီ။

တိတ်ဆိတ်သောညဥ္ဇ ရုစ်ပေကျော် မြင့်သော ဆင်မကြီးတစ်ကောင်၏ လဲကျသံသည် ညဥ္ဇယံကို ဖောက်ထွက်သွားသည်။ တောင်ချိုင့်မှ ပွဲတင်ပြန်ရိုက်လာသော အသံမှာ ပို၍ပင် ချောက်ချားစရာကောင်းသည်ဟု ကျော်စံက ထင်လိုက်သည်။ ကြိုးနှင့်တည်းဆိုင်းထားသော်လည်း ဆင်မကြီးခမျာမှာ ဘယ်လိုမှ ရပ်တည်နိုင်ခြင်းမရှိ၍ ကြိုးပြတ်ကာ လဲကျသွားလေပြီ။

ကျော်စံသည် ချက်ချင်း မီးတုတ်ကိုထွန်းညှိကာ ဦးလှဘော်နှင့် ဆင်မကြီး မြင်မတိန်တို့ ရှိရာသို့ ခြေဦး လှည့်လိုက်သည်။

'ဟေ့ ကျော်စံ မင်းဘယ်လဲကွဲ့'

စောရန်ပက ကျော်စံကို လှမ်းအော်သည်။

'ကျွန် .... ကျွန်တော်.... ဆင်ပုန်းစခန်းက ဦးကြီးဆီ သွားကြည့်မလို့'

'ခဏနေဦး၊ စခန်းရှိ လူအားလုံးကို ဝန်ထောက်ကြီးခေါ်ထားတယ်၊ ဝန်ထောက်ကြီးဆီ အလျင်သွား'

ဝန်ထောက်ကလေး၊ အလုပ်သင် ဝန်ထောက်၊ ဆင်အုပ်၊ ဆင်ခေါင်း၊ ချောင်းအုပ်၊ ချောင်းခေါင်း၊ ဆင်ဦးစီး၊ ဆင်နောက်မြီးဆွဲ၊ တောလိုက်စာရေး၊ သစ်ခေါင်းအားလုံး သစ်တဲရှေ့စုနေကြသည်။

'ခုနက အသံဟာ ဦးလှဘော် ဆင်မကြီးလဲကျသံပဲ၊ ညဦးက ကျုပ်နဲ့ ဦးထွန်းကျော်မြင့်တို့ သွားကြည့်ကြပြီးပြီ၊ အခြေအနေ မကောင်းဘူး သေမှာပဲ၊ အဲဒါကူးစက်ရောဂါဖြစ်တတ်တယ်၊ မင်းတို့ဆင်သမားအားလုံး ကိုယ့်ဆင်ကိုယ် အထူးဂရုစိုက်ကြ၊ ဆင်ပုန်းစခန်း မင်းတို့ သိကြတယ်နော်'

'သိပါတယ် ဝန်မင်း'

'ပုဂ္ဂလိကရော၊ အသင်းပိုင် ဆင်ဦးစီးတွေပါ ပြောတာနော်၊ အဲဒီဘက် ဘယ်ဆင်မှ မသွားစေနဲ့၊ အန္တရာယ်ရှိတယ် ဦးသန်းကျော်ဌေး'



'ဟုတ်ကဲ့အစ်ကိုကြီး'

'အဲဒီဘက်မှာ ရောဂါရနေတဲ့ ဆင်ရှိတယ်ဆိုတာ ရွာနီးချုပ်စပ်က သူကြီးတွေကို ချက်ချင်းအကြောင်းကြား၊ ရွာသူရွာသားတွေရဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေ အဲဒီဘက် လုံးဝမသွားစေဖို့ပဲ၊ ဦးသန်းကျော်ဌေးက ခရိုင်ဝန်ရဲ့ ညွှန်ကြားချက်အတိုင်း ဆက်ဆောင်ရွက်ပါ'

'ဟုတ်ကဲ့'

'ဦးလှမြင့်'

'ဟုတ်ကဲ့ ဆရာ'

'ခု ဦးလှဘော်ဆီသွားပြီး ဦးထွန်းကျော်မြင့်ရဲ့ ညွှန်ကြားချက်အတိုင်း အကူအညီပေးပါ၊ တကယ်လို့ သေပြီဆိုရင်လည်း ဦးထွန်းကျော်မြင့်ရဲ့ ညွှန်ကြားချက်အတိုင်း ချက်ချင်း ဆောင်ရွက်ပါ'

'ဟုတ်ကဲ့ဆရာ'

'ဆင်ဦးစီးတွေ၊ ငါတို့အသင်းပိုင် ဆင်ဦးစီးတွေကို ပြောတာ၊ မင်းတို့ဆင်တွေကို အထူးဂရုစိုက်ကြဖို့ ငါထပ်မှာပါရစေ၊ ဟိုတလောက မော်လိုက်ဘက်မှာ အသင်းပိုင်ဆင်တစ်ကောင်သေသွားတာနဲ့ ပတ်သက်ပြီး ခရိုင်ဝန်က ငါတို့မန်နေဂျာတွေ ဝန်ထောက်တွေကို ကြိမ်းတယ်၊ မင်းတို့မန်နေဂျာတွေ ဝန်ထောက်တွေ ဘယ်နှစ်ကောင်သေသေ ဘယ်နှစ်ကောင်ပျောက်ပျောက် တို့သောက်ရေးမစိုက်ဘူးတဲ့'

ဝန်ထောက်ကြီးက လူအုပ်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ပြီးမှ စကားဆက်၏။

'နှစ်တိုင်း နှစ်တိုင်း ငါတို့သစ်တော သိပ္ပံက မန်နေဂျာတွေ၊ ဝန်ထောက်တွေ ရာနဲ့ချီပြီး မွေးထုတ်လို့ရတယ်၊ သေကြစမ်း၊ ပျောက်ကြစမ်း၊ မင်းတို့ဘယ်လောက် သေနိုင်ပျောက်နိုင်မလဲတဲ့။ အေး .... သစ်ဆွဲဆင်တစ်ကောင် သေတယ် ပျောက်တယ်ကြားရင်တော့ ငါနေမြောတယ်တဲ့၊ တစ်နှစ်တစ်နှစ်မှာ သစ်ဆွဲဆင် ဆယ်ကောင်ပြည့်အောင် ဝယ်လို့ရဖို့မလွယ်ဘူးတဲ့၊ ဆိုလိုတာကတော့ ခရိုင်ဝန်က ဆင်တွေကို ငါတို့မန်နေဂျာတွေ၊ ဝန်ထောက်တွေကိုထက် တန်ဖိုးထားတဲ့ သဘောပဲ၊ အဲဒီတော့ ငါ့ကို ငါ့အမေက နိုင်ရင် ငါကလဲကြက်မကြီးကို နိုင်မှာပဲ၊ အဲဒီတော့ မင်းတို့ သတိကြပ်ကြပ်ထားကြ၊ ငါ့ဆင်တွေ တစ်စုံတစ်ခု အဖြစ်မခံနိုင်ဘူး ဒါပဲ၊ အားလုံး ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ထမ်းဆောင်ကြပေ သွားနိုင်ပြီ'

ဝန်ထောက်ကြီး၏ အရေးပေါ်အစည်းအဝေးပြီးသည်နှင့် ကျော်စံသည် ဦးလှဘော်နှင့် ဆင်မကြီးမြင်မတိန်တို့ရှိရာ ဆင်ပုန်းစခန်းသို့ပြေး၍ လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ကြသည့်အတိုင်းပင် ဦးလှဘော်၏ ဆင်မကြီး မြင်မတိန် သေဆုံးသွားသည်။

ရောဂါတစ်ခုခုကြောင့် ဆင်တစ်ကောင်သေဆုံးပါက အသင်းပိုင်ဆင်ဆိုလျှင် ငှင်းဆင်သေကို ဖြစ်နိုင်သည့် အခါတိုင်း မီးသင်္ဂြိုဟ်ပစ်ရသည်။ မဖြစ်နိုင်လျှင် အသေကောင်ဘေးတွင် အနည်းဆုံးခြောက်ပေအနက် တွင်းတူးပြီး မြှုပ်ရသည်။ ဆင်သေကောင်ကိုမြေမြှုပ်ရန် တနေရာရာသို့ ဆွဲယူသွားရလျှင် ဥါရပေါက်များမှ စီးကျထွက်လာသော အပုပ်ရည်များ မြေကြီး စွပ်ကြောင်း တစ်လျှောက် ညစ်ပေ မကျန်ခဲ့ရအောင် ဥါရပေါက်များကို ပိုးသတ်ဆေးရည် (ဖန်ဆေးရည်)စသည် တို့တွင် နှစ်စိမ်ထားသော အဝတ် သို့မဟုတ် ဂွမ်လျှော် စသည်တို့ဖြင့် ပိတ်ဆို့ ထားရသည်။ မဖောက်ထုံးမှုန့်ကို ပတ်ဝန်းကျင်တွင် ဖြူးပြီး သင်္ချိုင်းပေါ်၌ အခြား ကျွဲ နွား တိရစ္ဆာန်များ အစာမစားနိုင်ရန် ဆင်သေ မြေပုံပေါ်တွင် သစ်ပင်များကို တန့်လန့်ဖြတ် လှဲချထားရလေသည်။

အသင်းပိုင် ဆင်ဆိုလျှင် ဆင်စွယ်များကို ထုတ်ယူ၍ ဆေးကြောပြီး အနံ့ အသက်ပျောက်အောင် လုပ်ကာ သစ်တောဝန်းရုံးသို့ပို့ရသည်။ ဆင်တစ်ကောင် သေဆုံးကြောင်း အစီရင်ခံစာတွင် ဆင်သေကို မည်သို့ပြုလုပ် သင်္ဂြိုဟ်ကြောင်း ပါ အစီရင်ခံရသည်။

ဆင်ပိုင်းစခန်း၌ ဆင်တစ်ကောင်သေဆုံး၍ ကူးစက်တတ်သော ရောဂါ ကြောင့်ဖြစ်သည်ဟု ယူဆလျှင် သို့မဟုတ် ဆင်စခန်းအနီးအနားရှိ ကျွဲ၊ နွား တိရစ္ဆာန် တို့၌လည်းကောင်း၊ ဆင်များထဲ၌လည်းကောင်း၊ ကူးစက်တတ်သော ရောဂါ ဖြစ်ပေါ်လာလျှင် ထိုအလုပ်ကွက် သို့မဟုတ် ဆင်ပိုင်းရှိ အလုပ်ဟူသမျှကို ရပ်ဆိုင်း လိုက်ကြရလေသည်။

ယခု ဦးလှဘော်၏ ဆင်မ မြင်မတိန်မှာ ကူးစက်တတ်သော ရောဂါဖြင့် သေဆုံးသွားခြင်းဖြစ်သဖြင့် သစ်လုပ်ကွက်ကို ရွှေ့ပြောင်းလိုက်လေသည်။ ယခင် က ဆင်တစ်ယောက်တစ်ကောင်စီနှင့် အလုပ်လုပ်ခဲ့ကြသော ဦးလှဘော်နှင့် ကျော်စံ တို့မှာ ယခုအခါတွင် ဆင်တစ်ကောင်တည်းနှင့် အလုပ်လုပ်ကြရသည်။

မြင်မတိန်သေစကမှ ဦးလှဘော်မှာ အကြီးအကျယ် စိတ်ထိခိုက်ခဲ့သည်။ လေးငါးရစ်ထောင်တန် ဆင်တစ်ကောင် ဆုံးရှုံးသွားရသည့်အတွက် ယူကျုံးမရ ဖြစ်ခဲ့သည်။ ဤသည်ကိုသိသော ကျော်စံသည် ဦးလှဘော်အား မိမိဆင်မိုးလုံး ကိုအပ်၍ အားပေးနှစ်သိမ့်ခဲ့ရလေသည်။ သည်လိုနှင့် ရာသီတစ်နှစ် ကုန်ဆုံးခဲ့ရ လေသည်။

■

|၃|

အကုသိုလ်တို့မည်သည် အပေါင်းအသင်းနှင့် လာတတ်သည်ဟူသော ရှေးလူကြီးသူမတို့၏ စကားကို ကိုယ်တွေ့ကြုံတော့ ကျော်စံယုံသွားသည်။ ဦးလှဘော်နှင့်သူသည် မနှစ်ကဆင်မကြီး မြင်မတိန် သေဆုံးသွားသဖြင့် မိုးလုံး တစ်ကောင်တည်းနှင့် ဤနှစ် အလုပ်အတူလုပ်ခဲ့ကြသည်။ အလုပ်သိမ်းရန် တစ်လ လောက်အလိုတွင် ဦးလှဘော်သည် မိုးလုံးနှင့်သူ့ကို အလုပ်စခန်းထဲတွင်ထားခဲ့ ပြီး ရွာကိုပြန်သွားသည်။

အလုပ်သိမ်း၍ မိုးလုံးနှင့်ကျော်စံတို့ ပြန်လာကြသောအခါ ဦးလှဘော်သည် လူ့လောက၌ မရှိတော့ပြီ။

'လူလေး ပြန်လာပြီ ကိုလှရေ...လာကြည့်ပါဦးတော့'ဟူသော ဒေါ်သုဇာ ၏ ရင်ဘက်စည်တီး ငိုလိုက်သံကို ခြံဝကပင် လှမ်းကြားရသည်။ လှေကားရင်း ဆင်ဝင်အောက်တွင် မြသူကိုလည်း ငိုရှိုက်၍ တွေ့ရလေသည်။ အကျိုးအကြောင်း မေးကြည့်သောအခါ သူပြန်မလာမီ နှစ်ပတ်အလို၌ပင် ဦးကြီး ဦးလှဘော်သည် ကာလဝမ်းရောဂါဖြင့် သေဆုံးသွားသည်ဟုသိရသည်။

ဦးလှဘော် တစ်ယောက်တည်းမဟုတ်၊ အရှေ့ပိုင်းတွင် သုံးလေးယောက် နှင့် အနောက်ပိုင်းတွင် လူကြီး လူငယ် မိန်းမ ယောကျ်ားခြောက်ယောက် ဆုံးပါး သွားသည်ဟုသိရသည်။ ထိုအထဲတွင် သူတို့နှင့် ပြိုင်ဘက် ဆင်ပွဲစား ဘသာ အဖေတစ်ယောက်လည်း ပါသွားသည်ဟုဆိုသည်။

သူ့မှာ စေတုတ္တရာကြိုးဝိုင်းမှလာသူ ဖြစ်သဖြင့် ဘာမှမသိ၍သာ ရွာထဲ ဝင်လာရဲသော်လည်း ရွာနီးချုပ်စပ်ကမှ ယခုထိ သူတို့ရွာကို ကြဉ်ထားကြတုန်း ဟု ဆိုသည်။ ကျော်စံမှာ ခရီးရောက်မဆိုင်းပင် ဒေါ်သုဇာမေနှင့် မြသူတို့ကို နှစ်သိမ့်စကားဆိုရသည်။ ဦးကြီးမရှိပေမဲ့ ကျွန်တော် တစ်သက်လုံး လုပ်ကျွေး ပါ့မယ်၊ ဘာမှအားမငယ်ကြပါနဲ့ဟု ပြောရသည်။

ဦးလှဘော်မရှိသောအခါ ဦးလှဘော်၏ တာဝန်အားလုံးမှာ ကျော်စံ၏ ပခုံးပေါ်သို့ ကျလာတော့သည်။ ဦးလှဘော်မရှိသော်လည်း ကျော်စံကမူ ဦးလှဘော်ရှိစဉ်ကကဲ့သို့ အလုပ်ကိုကြိုးကြိုးစားစားလုပ်သည်။ ရသမျှသော ပိုက်ဆံ ငွေကြေးများကိုလည်း တစ်ပြားတစ်ချပ်မကျန် ဒေါ်သုဇာမေအား အကုန်အပ် သည်။ ထို့ကြောင့် ဒေါ်သုဇာမေကလည်း ခင်ပွန်းသည်ရှိစဉ်ကလိုပင် ကျော်စံအား အခင်မင်မပျက် ရှိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## [၄]

ဤနှစ်သကြိန်ရက်နီး၍ ကျော်စံ မိမိရွာသို့ခေတ္တပြန်လာသည်မှာ တစ်ယောက်တည်းပင်ဖြစ်သည်။ ခါတိုင်းနှစ်တွေမှာ သကြိန်ရက်နီး၍ အလုပ်ကို ခေတ္တနားကာ စေတုတ္တရာကြိုးဝိုင်းဘက်မှ ပြန်လာရပြီဆိုလျှင် သူနှင့်အတူဦးကြီး ဦးလှဘော်က အမြဲယှဉ်တွဲ၍ ပါလာရစမြဲဖြစ်၏။

သူက စွယ်ပြောင်ဆင်ပေါက်မိုးလုံးကို ဦးစီးလုပ်လာသလို၊ ဦးလှဘော် ကလည်း ဟိုင်းဆင်မကြီးမြင်မတိန်၏ဦးကင်းထက်မှာ အခန့်အညား ပါလာ တတ်သည်။ သူ ယခုကဲ့သို့ ဆင်ဦးစီးကောင်းတစ်ယောက်ဖြစ်လာအောင် သွန်သင် ညွှန်ပြခဲ့သူမှာလည်း ဦးလှဘော်ပင်ဖြစ်သည်။

ကျော်စံမှာ သူ့အဖေ ဦးရွှေကျော် ဆုံးပြီးကတည်းကပင် ဦးလှဘော်ထံ၌ နေရ၍ ဦးလှဘော်ထံမှာပင် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ သူ ဆင်ဦးစီး ဖြစ်လာ သောအခါ ဦးလှဘော်နှင့် သူတို့မှာ ဆင်တစ်ယောက်တစ်ကောင်စီနှင့် စေတုတ္တရာ သစ်တောကြိုးဝိုင်းဘက်သွား၍ နှစ်စဉ်နှစ်တိုင်း အလုပ်အတူ လုပ်ကြစမြဲဖြစ် သည်။ ယခုတော့ ဦးလှဘော်နှင့် မြင်မတိန်တို့မှာ နှစ်ခြား၍ဆုံးပါးသွားကြသဖြင့် သူ့မှာ ရင်တဟာဟာနှင့် တစ်ယောက်တည်း ပြန်လာရလေသည်။

မန်းချောင်းနားရောက်၍ နန်းလုံးကြိုင်ပန်းရနံ့တို့ သင်းပျံ့လာသောအခါ ကျော်စံ၏စိတ်မှာ သူတို့ အိမ်နားသို့ ချက်ချင်းရောက်သွားသည်။ သူတို့ အိမ်နား မှာလည်း သည်ရာသီတွင် နန်းလုံးကြိုင်နံ့တို့က အမြဲသင်းပျံ့နေတတ်သည်။

သူငယ်စဉ်ကဆိုလျှင် ညီမငယ် မြသူအား နန်းလုံးကြိုင်ပွင့်တွေ နေ့စဉ် ခူးပေးခဲ့ရသည်။ နန်းလုံးကြိုင်ပွင့် ခူးပြီးသားတွေကို သူကလက်တစ်ဖက်နှင့် မြှောက်ထားလျှင် မြသူမှာ မမီမကမ်းနှင့် သူ့လက်တစ်ဖက်ကို အတင်းဆွဲပြီး ဝိုင်းကြီး ပတ်ပတ်လည့်နေတတ်သည်တို့ကိုလည်း ကျော်စံမျက်စိထဲမှာ မြင်နေ မိသည်။

သူ ယခုလို သစ်ဆွဲရာမှ ပြန်လာသည်ကိုမြင်လျှင်လည်း အိမ်ပေါ်က ပြေး ဆင်းလာပြီး မိမိအိမ်နှင့် သုံးလေးအိမ်ကျော်သို့ပင်ပြေးလာပြီး ဆီးကြိုတတ်သည်။



ဆီးကြိုလာသောမြသူကို သူကဆင်ပေါ်တင်၍ မိမိအိမ်အရောက် ခေါ်လာခဲ့၏ တောထဲမှပါလာသော ဆတ်သားခြောက်၊ ပျားရည် ကျည်တောက်နှင့်ပျားသွယ် နေလှန်းတို့မှာ မြသူအလွန် ကြိုက်တတ်သော အစားအစာများပင်။ ယခုအခါ အပျိုကြီး ဖားဖားဖြစ်ပြီး အရွယ်ရောက်လာပြီ ဖြစ်သဖြင့် ငယ်စဉ်ကလို မကြို ရဲသော်လည်း သူ ပြန်လာသည်ကို မြင်လျှင် အိမ်ကြီးပေါ်ကပြေးဆင်းလာပြီး နန်းလုံးကြိုင်ပွင့်တွေ ဖွေးနေအောင်ပွင့်သော အိမ်ဝက ဣန္ဒြေရရ ကြိုနေဆဲပင်။

ဤသည်တို့ကို တွေးမိသောအခါ ကျော်စံ၏ရင်ထဲမှာအလိုလို အေးမြလာ သည်။ ပြီး သူ ယခုနှစ် ဆောင်းဦးမှာစေတုတ္တရာကြိုးဝိုင်းဘက်ထွက်လာခါနီးတွင် မြသူအား သူက ဖက်နမ်းထားခဲ့ရသည်တို့ကိုထပ်၍တွေးမိသောအခါ သူ့မျက်နှာ မှာ တစ်ယောက်တည်းပင် မလုံမလဲနှင့် ရှက်၍ စပ်ဖြဲဖြဲဖြစ်လာ၏။

မြသူနှင့် ကျော်စံတို့မှာ အချိန်အရွယ် ရောက်လာကြလျှင် အိမ်ထောင်ဖက် ချစ်သူအဖြစ် မိဘနှစ်ပါးက စုလျားရစ်ပတ် လက်ထပ်ပေးစားကြလိမ့်မည်ဆို သည်ကို နှစ်ယောက်စလုံး သိနေကြသော်လည်း ငယ်စဉ်ကပင် မောင်နှမအရင်း အချာလိုနေလာခဲ့ကြသဖြင့် မြသူ အပျိုကြီးဖားဖားဖြစ်လာချိန်မှာ ကျော်စံက မြသူအား ချစ်သူတစ်ယောက်လို တီတီတာတာ ပလီပလာပြောရမည်ကို ရှက်ရွံ့ နေမိသည်။

အမှန်ကတော့ ကျော်စံသာမဟုတ်၊ မြသူမှာလည်း မိန်းမပီ့ ပို၍ပင် ရှက်ရွံ့ နေရှာသည်။ သို့သော် သူတို့နှစ်ယောက်စလုံးမှာ မောင်နှမအရင်းအချာတို့ထက် တစ်ယောက်ကို တစ်ယောက်အလိုလိုက် အကြိုက်ဆောင်၍နေခဲ့ကြသည် မှာတော့ အမှန်ပင်။ ဤသို့နှယ်ပင် နှစ်ပေါင်းများစွာ နေလာခဲ့ကြရာ မြသူတို့အဖေ ဦးလှဘော် ဆုံးပါးသွားပြီး တစ်မိုးအလွန် ယခုနှစ် သစ်လုပ်ငန်းအတွက် စေတုတ္တရာ ကြိုးဝိုင်းဘက်သို့ထွက်ခွာလာရသောနေ့ကမှ ကျော်စံသည် မြသူအား အတည့် အလင်းချစ်ရေးဆိုထားခဲ့သည်။

ကျော်စံ၏စိတ်ကူးမှာ ယခုနှစ်နွေလ သစ်လုပ်ငန်းပြီး၍ ပြန်လာသောအခါ မြသူအား လက်ထပ်ယူတော့မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်လေသည်။ ထို့ကြောင့် လည်း ကျော်စံ ခရီးထွက်ခါနီးတွင် မြသူအား ဖွင့်ပြောထားခဲ့ခြင်း ဖြစ်လေသည်။

'ဒီနှစ်နွေ သစ်လုပ်ငန်းပြီးလို့ အစ်ကိုပြန်လာရင် မြသူနဲ့ အစ်ကို လက်ထပ် ကြတော့မယ်လို့နော်....ညီမ'

မြသူ၏ ဖြူနုသောလက်တစ်ဖက်ကို မငုံ့မရဲဆွဲ၍ သူမေးခဲ့စဉ်က မြသူမှာ ရှက်ရှာလွန်းသဖြင့် မျက်နှာပင်မဖော်ရဲဘဲ ခေါင်းငုံ့နေခဲ့၏။

'အစ်ကိုပြောတာကို သဘောတူတယ်မဟုတ်လားဟင် ညီမ အစ်ကိုက တော့ မြသူကို ညီမငယ်တစ်ယောက်လိုလည်း ချစ်တယ်၊ ချစ်သူတစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



လည်း မြဲဘ်နိုးတာပဲကွယ်၊ မြ…မြသူကလည်း အစ်ကို့ကို ချစ်တယ်မဟုတ်လားဟင်'

ဤတစ်ခါတော့ ကျော်စံက မြသူ၏ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ထားမိ၏။

မြသူကလည်း လုံးဝရုန်းကန်ခြင်း မပြုပေ။

'ကဲ…ညီမ၊ ပြောလေကွယ်၊ အစ်ကို့ကို ချစ်တယ်မဟုတ်လားလို့'

'မြ…မြသူ မပြောတတ်ဘူးအစ်ကို၊ မြသူလည်း အစ်ကို့လိုပါပဲ'

ကျော်စံ၏ အနမ်းပန်းတစ်ပွင့် မညှိုးခင်ပင် မြသူသည် ပြောပြောဆိုဆိုနှင့်အိမ်ပေါ်တက်ပြေးသွားလေသည်။

ဤသည်တို့ကို တွေးမိသောအခါ ကျော်စံ၏ မျက်နှာမှာတစ်လမ်းလုံးပြုံးရွှင်ကြည်အေးလာလေသည်။ ယခု အိမ်ကိုရောက်မှ မြသူအား အတိုးချပြီး ချစ်လိုက်ဦးမည်ဟုလည်း အားခဲလာလေ၏။

'ဟေ့ ကျော်စံ၊ မင်း ရွာပြန်လာပြီလားကွ'

ရွာနားကိုင်းတောစအရောက်မှာ သာကျော်မောင်က လှမ်းနှုတ်ဆက်သည်။

'အေးကွ'

'ငါ့ဖရဲသီးတောင်းတွေ ခဏတင်ရအောင် သူငယ်ချင်း'

'ရပါတယ်ကွာ၊ ငါလည်း တောထဲက ဖရဲသီးတော်လာတာနဲ့ အတော်ပဲသူငယ်ချင်း'

ဖရဲသီးခူးဆွတ်နေသော သာကျော်မောင်အား ကျော်စံက လှမ်းပြောရင်း သာကျော်မောင်ရှိရာ ဖရဲခင်းအစသို့ မိုးလုံးကိုမောင်းချလာသည်။

ညောင်ခြေထောက်ရွာသားတွေမှာ နွေလဲ့ ဧရာ၊ ခရမ်း၊ ဖရဲတို့ကို စီးပွားဖြစ် စိုက်ပျိုးကြသဖြင့် ချောင်းဘေးနှစ်ဖက် ဧရာခင်း၊ ခရမ်းခင်း၊ ဖရဲခင်းတွေမှာ ပြည့်သိပ်နေကြသည်။

'မိုးလုံးဟေ့ကောင်ကြီး မက်…မက်'

သာကျော်မောင်သည်ဖရဲသီးအပြည့်တင်ထားသောခြင်းကြီးနှစ်လုံးကို မိုးလုံးပုခက်ပေါ်သို့တင်သည်။ သူလည်း ဆင်ပုခက်ပေါ် တက်လိုက်လာ၏။

'ဟိုသတင်းကြားလို့ ဒီနှစ် မင်းစောစောပြန်လာတာလား'

'ဘာသတင်းလဲကွ၊ ငါဘာမှ မသိပါလား'

သူ မရှိစဉ် မြသူက သူနှင့် မြသူအကြောင်း သူ့အမေအား နားပူနားဆာလုပ်သဖြင့် မြသူနှင့် သူ့ကို စောစောစီးစီး မင်္ဂလာဆောင်ပေးတော့မည်ဆိုသော



သတင်းများလားဟု ကျော်စံမှာဝမ်းသာသွားလေသည်။ ထို့ကြောင့်လည်း နံ့ထယ်ပိုင်းတစ်ခုနှင့် ချွေးသုတ်နေသော သာကျော်မောင်၏ စကားကို မစောင့်နိုင်တော့ဘဲ ကျော်စံက ထပ်မေးလိုက်၏။

'ဟင် သာကျော်မောင် ဘာသတင်းလဲကွ'

'တကယ် မင်းမကြားဘူး'

'ဟာ ဒီကောင် ခက်တော့တာပဲ၊ မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့ ဘာသတင်းကြားရမှာလဲကွ၊ ငါဆောင်းဦးကတည်းက စေတုတ္တရာဘက် သစ်ဆွဲနေတဲ့ဥစ္စာ၊ ဘာသတင်းကြားရမှာလဲ၊ ဘာသတင်းလည်း ပြောစမ်းပါဦး'

သာကျော်မောင်က ကျော်စံကို ငေးကြည့်၍ တချက်တွေသွား၏။ ပြီးမှ…

'ဟုတ်တာပေါ့လေ၊ မင်းက အလုပ် သွားလုပ်နေတော့ ဒီသတင်း ဘယ်ကြားပါ့မလဲ၊ ပြီး သူ ကလိမ်ကျချင်တိုင်းကျပြီး ခုမှ ငြိုးသူရန်ဘက်တွေနဲ့ ရွှေလမ်းငွေလမ်း ဖောက်နေတယ်ဆိုတာလည်း ဒီမိန်းမကြီးက မင်းမသိရအောင် အတတ်နိုင်ဆုံး ဖုံးဖိထားဦးမှာပေါ့ကွာ၊ ငါက မြသူနဲ့ ကိုဘသာကြီးတို့သတင်း မင်းကြားလို့ စောစောပြန်လာတယ် ထင်မိတာ'

'ဘာကွ မြသူနဲ့ ကိုဘသာ ဟုတ်လား၊ မြသူကို ဘသာကြီး ဘာလုပ်လို့လဲဟင် ငါ့ကိုပြောစမ်း'

မြသူနှင့်ဘသာဟူသောစကားကြောင့် ကျော်စံ၏မျက်နှာမှာ သာကျော်မောင်ဘက် ချက်ချင်းလှည့်လာလေသည်။ ဒေါသစိတ်သည်လည်း ချက်ချင်းငယ်ထိပ်သို့ ရောက်သွားသည်။

'ကိုဘသာကြီးနဲ့မြသူကို ဒီနှစ်မိုးဦးကျမှာ ပေးစားကြတော့မလို့ လူကြီးချင်းတောင် ပြောပြီးကြပြီတဲ့ကွ၊ မင်းတကယ်မကြားမိဘူး'

ဤတစ်ခါတော့ ကျော်စံမှာ စကားပင် ပြန်မပြောနိုင်တော့ဘဲ သက်မကိုသာ ရှည်လျားစွာချမိလိုက်လေသည်။

'ဒါပေမဲ့ အားတော့မလျှော့ပါနဲ့ဦးကွာ၊ မင်းကြိုးစားရင် အချိန်တော့ ရှိပါသေးတယ်'

ရုတ်တရက် ညှိုးကျသွားသော ကျော်စံ၏မျက်နှာကို မြင်ရသဖြင့် သာကျော်မောင်က အားပေးစကား ဆိုလိုက်၏။ သို့သော် ကျော်စံ၏မျက်နှာမှာကား ပြန်လည်၍ လန်းဆန်းမလာတော့။

'ဘယ်က ဘယ်လိုဖြစ်ကြတာလဲကွာ၊ မင်းကြားသလောက် ငါ့ကို ပြောပြပါ သူငယ်ချင်းရာ'

'အိမ်း ငါကြားတာကတော့ မင်းမရှိတုန်း မြသူကို ဘသာကြီးက စကားလိုက်ပြောတယ်တဲ့၊ အဲဒါကို မြသူက သူ့အမေကို တိုင်တယ်ပေါ့ကွာ'

'အင်း… တိုင်တော့'

www.burmeseclassic.com

www.burmeseclassic.com



'ဘိုင်တော့ သူ့အမေက ဘသာအမေကို သွားတုန်းကတော့ ရန်တွေ့ရအောင် သွားတယ်လို့ပြောကြတာပဲ၊ သူတို့က ငြိုးဘက်ရန်သူတွေပဲ မဟုတ်လား'

'ဟုတ်တယ်လေကွာ၊ အမွေကိစ္စနဲ့တရားတွေဘာတွေတောင်ဖြစ်ဖူးကြတယ်တဲ့၊ ကြီးကြီးမေဆို သူတို့ကို အမျိုးယုတ်တွေလို့ အမြဲကျိန်ဆဲနေတာပေါ့'

'ဟုတ်လား'

'ဟုတ်ပါတယ်ကွာ၊ ငါ့ရှေ့မှာကိုဆဲတာ၊ ငါကြားဖူးတယ်'

'ဪ....အေး....အေး၊အဲဒီ အမျိုးယုတ်တွေကို ရန်တွေ့ဖို့ ဒေါ်သူဇာမေ သွားတော့ ဘသာအမေက တခြားသူစိမ်းတွေမှ မဟုတ်တာ ယောက်မရယ်၊ ဒီကိစ္စလား၊ ကျွန်မတို့ ယောက်မတို့ဟာ ဆွေမျိုးတွေပဲ၊ဟိုတုန်းက တရားတဘောင်ဖြစ်ခဲ့ကြတာဟာလည်း ဘသာအဖေကြောင့်ပါ၊ ခုတော့ သူ့ အဖေလည်း ဆုံးပါးသွားပါပြီ၊ ယောက်မနဲ့ကျွန်မဟာ မုဆိုးမအချင်းချင်း ဘဝတူ ကံတူအကျိုးပေးဆိုသလို ဖြစ်နေကြပါပြီ၊ ဟိုတုန်းက ဖြစ်ခဲ့ ကြတာတွေကိုလည်း ဗွေမယူပါနဲ့တော့၊ ကျွန်မတောင်းပန်ပါတယ်၊ ခုကိစ္စမှာလည်း ကျွန်မ သားကြီးက မြသူကို တကယ် မေတ္တာရှိနေတဲ့အကြောင်း ကျွန်မကို နားပူနားဆာ လုပ်နေတာကြာပါပြီ၊ ကျွန်မကသာ အားနာလို့၊ ယောက်မတို့ဘက်က ကြည်ဖြူမှန်း မကြည်ဖြူမှန်း မသိလို့ မပြောရဲ မဟာရဲခဲ့တာ၊ ဘယ့်နှယ်ညနှယ်ရွှေ ပြည်အေး တရားဟောတယ်တဲ့ကွာ...၊ ဘသာအမေ စကားပြော ဘယ်လောက်တော်တယ် ဆိုတာကော့ ဒီတစ်ခါတို့ယုံရပြီ၊ ရန်တွေ့ဖို့သွားတဲ့ မာနခဲ မင်း ကြီးကြီးမေကို သူဘယ်လို ဆက်ပြောလဲဆိုတော့ သူတို့မှာ ရှိသမျှပစ္စည်းတွေဟာ ဒီသားဘသာအတွက်ချည်းပဲတဲ့၊ ဘသာကိုသာ မြသူကလက်ထပ်ယူတယ်ဆိုရင် ရှိသမျှပစ္စည်းအားလုံး တင်တောင်းပါဆိုလဲ တင်တောင်းပွဲမယ်၊ ပြောပေးပါ၊ နားဖောက်ပေးပါ ပြောတာ အကြိမ်တစ်ရာမကတော့ဘူး ယောက်မရယ်၊ ကျွန်မကို သားကြီးကပြောမရတော့ ခု မြသူကို သူ့ ဘသာသူ သွားပြောတယ်ထင်ပါရဲ့လို့လည်း ပြောလိုက်ရော့ ရန်တွေ့ရအောင် သွားတဲ့ မြသူအမေဟာချက်ချင်း ပျော့ကျသွားတော့တာပဲတဲ့၊ ဒါတစ်ဆင့် စကားကြားရတာ၊ နောက်ဘာတွေပြောကြ၊ ဘာကတိ ဘာဝန်ခံချက်တွေထား ကြသလဲ ဆိုတာတော့ တို့လည်း လုံးစေ့ ပတ်စေ့ဘယ်သိမလဲကွာ၊ သူတို့ လူကြီးချင်းထားကြတဲ့ ကတိကိုး၊ ငါ့အထင်ကတော့ ဆင်ပွဲစားသား သက်ငယ်ခင်း၊ ကိုင်းတော၊ လယ်တောတွေရှိတဲ့ ဘသာနဲ့သာ သူ့ သမီးကို ပေးစားလိုက်ရရင် တစ်သက်ချမ်းသာပြီဆိုတဲ့ စိတ်ကူးနဲ့ ပစ္စည်းမက်တဲ့မင်း ကြီးကြီးမေ လက်ခံတယ် ထင်တာပဲ၊ အဲဒီနေ့ကပင် ရွှေလမ်း ငွေလမ်း ဖောက်ကြတော့တာပေါ့ ကွာ'

'အင်း...ငါတော့ မင်း ပြောတာကောင် နားရှိလို့သာကြားရတာပါနော်လို့ ဇာတ်ထဲကလို အော်ပြီးငိုလိုက်ချင်တာပါပဲ၊ ဘာလုပ်ရမှန်းတောင် တကယ်မသိတော့ပါဘူးကွာ'



ကြက်ကြီးလည်လိမ် ခံထားရသလိုဖြစ်နေသော ကျော်စံမှာတကယ်သည်းမကြိတတ်တော့သလို ညည်းရှာသည်။

'မင်းကိုပြောလိုက်ရင် ဘာလုပ်ရမှန်း မသိဘူးကစတာပဲ၊ မင်း သိပ်အ တဲ့ကောင်၊ မင်းအ လို့ ဒီလိုဖြစ်ရတာ၊ ကိုယ်နဲ့လက်ပွန်းတတီးနေတဲ့ မိန်းကလေးကိုများ ခုထိဘာမှ မထိရဲ မကိုင်ရဲဘဲထားလို့ ဒီလိုဖြစ်ရတာ၊ မင်းကို ငါအစကပင် မပြောဘူးလား၊ မြသူကို ထိထားကိုင်ထားပါလို့၊ မိန်းမဆိုတာ အတွေ့အထိနဲ့ စည်းရုံးထားတာတောင် ဦးဒိုးစိန်ကြီး ဇာတ်စက်ထဲမှာ ငိုငိုနေတာမကြားဘူးလား၊ ရွှေကြုတ်ထဲထည့်ပြီး အာခံတွင်းထဲငုံထားတာ ဗိုဇ္ဇာနဲ့ပြစ်မှားလို့ ထွီ—ခံတွင်းချဉ်လိုက်တာ'

တကယ်ပဲ ခံတွင်းချဉ်လာ၍လားမသိ၊ သာကျော်မောင်ကနားတွင် ညှပ်ထားသော ဆေးလိပ်တိုကို ပါးစပ်ထဲတစ်ကိုက် ကိုက်ဝါးလိုက်သည်။

ကျော်စံအနေမှာတော့ စောစောက ပြောသလို တကယ်ဘာလုပ်ရမှန်းမသိဘဲ ယခုထိငေးငိုင်နေတုန်း၊ မိုးလုံး၏ ဦးကင်းထိပ်တွင် ရှိနေသော်လည်း မိုးလုံးကိုပင် သတိမထားမိဘဲ ငေးငိုင်နေမိ၏။

'မင်းလို အခွင့်အရေးမျိုးများ မြသူအပေါ် ငါရလိုက်ချင်စမ်းပါ့ ကျော်စံရာ၊ ပဒုမပေါင်တိုကို ဇွဲကာထက် မြသူမင်းကို ဇွဲသွားစေရမယ်၊ ခုမင်းက ရှက်သလို ရွံ့သလိုလုပ်နေလို့ပြဿနာဖြစ်ရတာ၊ ဒီအတိုင်းသာဆက် အ နေရင်တော့ မြသူတစ်ယောက် ဘသာကြီးနောက် ပါသွားမှာ ငါမြင်သေးတယ်'

သာကျော်မောင်မှာကျော်စံဘက်က ဆတ်ဆတ်ခါနေသူဖြစ်သဖြင့် ဘာ တစ်ခွန်း ပြောနေသည်။

'ဘသာကြီးနောက် ပါသွားရအောင် မြသူက ဘသာကိုကြိုက်လို့လား... ပြီးတော့ ကြီးကြီးမေကကော ဘသာကြီးနဲ့ သူ့သမီးကို တကယ်ပေးစား... လား၊ ဘသာကြီးတို့ အမေအဖေတွေနဲ့ ကြီးကြီးမေတို့နဲ့က ငြိုးဘက် ရန်သူတွေပဲ ကွ'

'အဲဒါကြောင့် ဒီမိန်းမကြီးလုပ်လိုက်တာကို တို့တစ်ရွာလုံးက အံ့ဩ... တာပေါ့ကွ၊ ဒီမိန်းမကြီးက သိပ်ကလိမ်ကျတတ်တာ၊ ငါတော့ ဦး... သေရွာက ခဏခေါ်လို့ရရင် ခေါ်ပြလိုက်ချင်စမ်းပါဘိ၊ တစ်သက်လုံး... အနှစ်တွေကို မတရားအပိုင်စီးထားခဲ့တဲ့ ငြိုးဘက်ရန်သူ... သမီးကို ချပေးစားတော့မယ်တဲ့၊ အံ့ရောကွာ၊ အံ့ရော၊ အမှန်... လို့ပေါ့ကွာ'

'ဦးကြီးကလည်း မရှိတော့ဘူးဆိုတော့ ငါ့မှာက ဘယ်သူ... ဘယ်သူ့အားကိုးရမှန်းတောင် မသိတော့ပါဘူး၊ သူငယ်ချင်း... လိုသာဆိုရင်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာမှ အားငယ်မနေနဲ့၊ မြသူက မင်းဘက်ပါဖို့အရေးကြီးတယ်၊ အမှန်က သူ့အမေလော်လို့ ဒီလိုဖြစ်ရတာ၊ ဒါကိုတစ်ရွာလုံးက သိတယ်၊ မြသူဟာ ဘသာကြီးကို ဘယ်လိုမှကြိုက်မှာ မဟုတ်ပါဘူးကွာ၊ အဲဒါ ဒီတစ်ခါတော့ မင်းလက်မနှေးစေနဲ့ ဘယ့်နှယ်ကွာ.... မင်းနဲ့ မြသူကို မင်းအဖေ မဆုံးခင်ကတည်းက လက်ထပ်ပေးစားပါ့မယ်လို့ ကတိ အတန်တန်ဝန်ခံထားခဲ့ကြတဲ့ ဥစ္စာ၊ ဦးလှဘော် ဆုံးပါးပြီးမှ ဒီမိန်းမကြီးက ဒီလို ကလိမ်ကျတာတော့ မင်းကိုတင်မကဘူး၊ မင်းအဖေရော သူ့ယောကျ်ားပါ သွားလေသူ နှစ်ယောက်စလုံးကို စော်ကားတာပဲကွ၊ ဒီတစ်ခါသာ မင်းလက်နှေးနေရင်တော့ မင်းဘဝပါသွားပြီသာ မှတ်ပေတော့၊ မြသူကို မြန်မြန်ခိုးပြေးဖို့သာ ကြံကွာ၊ တတ်နိုင်ရင် ဒီနေ့ညပဲ ခိုးပြေးကွာ'

'ချက်ချင်းကြီးတော့ ဖြစ်ပါ့မလား သူငယ်ချင်းရာ'

'အိုး.... ဘာလို့ မဖြစ်ရမှာလဲကွ၊ မြသူက မင်းကို ကြိုက်ဖို့ပဲအရေးကြီးတယ်'

ရွာနားရောက်လာသဖြင့် သာကျော်မောင်က အသံတိုးလိုက်၏။

'ကဲ....ငါတို့အိမ်နားက ပတ်မောင်းကွာ၊ ငါဆင်းတော့မယ်၊ မင်းငါပြောတာတော့ မြဲမြဲမှတ်သွားပါကွာနော်၊ အကူအညီလိုရင်လည်း ငါ့ကို အချိန်မရွေးလာခေါ်ပါကွာ၊ ငါတို့က ခြံလုပ်စားနေပေမဲ့ မတရားလုပ်လာရင်တော့ သူကြီးနှစ်လုံးပြူးလည်း ကြောက်တဲ့ အကောင်မဟုတ်ဘူးကွ၊ သေနတ်ကို ဓားနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရပဲ'

သူဆင်စီးပြီး ရွာလယ်လမ်းမကြီးအတိုင်း ဝင်လာနေသည်ကို ဤတစ်ခါ ရွာသူရွာသားတွေမှာ သူ့အား ထူးထူးဆန်းဆန်းဝိုင်းဝန်းကြည့်နေကြသည်ဟု ကျော်စံစိတ်ထဲက ထင်မိနေသည်။ ထိုကြောင့်လည်း ကျော်စံမှာ ခါတိုင်းလို ခေါင်းပင်မမော့ရဲခဲ့၊ ရွာသူရွာသားတွေရှေ့မှာ သူ့မျက်နှာကို မည်သို့ထားရမှန်းမသိလောက်အောင် ရှက်လာမိသည်။

သူ စေတုတ္တရာဘက်မှ ပြန်လာစက တစ်လမ်းလုံး တွေးလာသော အတွေးများမှာ ယခုအခါ ဘယ်ဆီသို့ ပျောက်ပြေး လွင့်မျောသွားကြမှန်းပင် မသိတော့။

မိမိအိမ်နားသို့ရောက်မှ သတိရမိသည်။ သူသည် တလမ်းလုံး သတိလက်လွတ် တွေးလာသော်လည်း လမ်းသိနေသော သွားနေလာနေကျမိုးလုံးသည် သူ့အားသစ္စာရှိစွာ မိမိအိမ်အရောက် သယ်ဆောင်လာလေသည်။ ဤတစ်ခါ သူ့အား မည်သူကမှ ဆင်းမကြိုကြသည်မှာလည်း သူ့အတွက် ရင်နာစရာဖြစ်ရပြန်သည်။

ဆင်ပုခက်ချပြီး အိမ်ပေါ်သို့ လှမ်းအတက်မှာ သူ့အတွက်ပို၍ ရင်နာရသည်။ အိမ်ပေါ်တွင် ဘသာအမေနှင့် ဘသာတို့ကိုအခန့်သား မြင်လိုက်ရ၏။ သာကျော်မောင် ပြောလိုက်သော သတင်းစကားထက် ယခုမျက်မြင်ကိုယ်တွေ့ဖြစ်ရပြီမို့



ရင်ထဲမှာ အတိုင်းအဆမရှိ နာကြည်းသွားမိသည်။

အိမ်ပေါ် ဧည့်ခန်းဆောင်တွင် ဘသာတို့ သားအမိနှင့် မြသူတို့သားအမိက စကားဖောင်ဖွဲ့နေကြ၏။ ခါတိုင်းနှစ်တွေမှာ ကျော်စံပြန်လာသည်ကိုမြင်လျှင် မြသူတို့ သားအမိနှစ်ယောက်က ပျာပျာသလဲ ပြေးဆင်း ကြိုတတ်ကြသော်လည်း ယခုအခါသူတို့သားအမိမှာ ကျော်စံအား ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် ထင်ကြဟန်မတူတော့။ မြသူကလည်း သူ့အားတစ်ချက်သာလှမ်းကြည့်ပြီး မျက်နှာလွှဲသွား၏။

သူ့အမေကြီးက မည်မျှပင်နားချထားသော်လည်း မြသူမှာ ငယ်စဉ်ကပင် သူ့ကိုသာ ချစ်လာခဲ့ရသူ ဖြစ်သဖြင့် သူ့ဘက်ကိုသာပါလိမ့်မည်ဟု တအား ထင်လာခဲ့ရသော ကျော်စံမှာ မြသူ၏ လွှဲသွားသော မျက်နှာကြောင့် အားလျော့သွားမိပြန်သည်။ ထို့ကြောင့်လည်း မြသူ ကြိုက်တတ်သဖြင့် တောထဲကတမင်ရှာလာသော ပျားသူငယ်နေလှန်းနှင့် ပျားရည် ကျည်တောက်နှစ်လုံးကို ကျော်စံမှာ လွှင့်ပစ်ချင်စိတ်ပင် ချက်ချင်းပေါက်သွားမိသည်။

'လူလေး ဒီနှစ်ပြန်လာတာ စောသားပဲ'

သူ့ကိုမြင်သော်လည်း ဒေါ်သူဇာမေ၏ နှုတ်ဆက်သံက ဟက်ဟက်ပက်ပက်မရှိ၊ အေးတိအေးစက်နိုင်လှ၏။

'သကြံန်ရက်နီးလို့ နားရက်ရတာနဲ့ ပြန်လာတာပါကြီးကြီးမေ၊ အလုပ်က မပြီးသေးပါဘူး'

'မောင်ကျော်စံ ဒီနှစ် မင်းတို့အလုပ်အကိုင်တွေကော အဆင်ပြေကြရဲ့လား ကွဲ့'

သူနှင့် မြသူတို့အမေကြားတွင် စကားဝင်ပြောလာသော ဘသာတို့အမေကို ကျော်စံစိတ်ထဲက အလွန်ခံပြင်းသွားမိသည်။ သို့သော် ရိုင်းရာကျမည်စိုးသဖြင့် အတော်အသင့်ပါပဲ ဒေါ်ဒေါ်ရယ်ဟု ယဉ်ယဉ်ကျေးကျေးပင် ပြန်ပြောလိုက်၏။

ဘသာကတော့ ကျော်စံ မျက်နှာကိုပင် ရဲရဲဝံ့ဝံ့ကြည့်ပြီး တည်ခင်းထည့်ထားသော လက်ဖက်သုပ်ကို တစ်လုတ်ပြီးတစ်လုတ်ဝါးမြုံ့နေသည်။

'ညီမရေ...ဒါကိုသွားသိမ်းလိုက်ပါဦးကွယ်'

ကျော်စံက ထူးထူးခြားခြား စကားနည်း အမူအရာတည်နေသော မြသူကို အကဲခတ်လိုသဖြင့် ပျားသူငယ်နေလှန်းထုပ်နှင့် ပျားရည်ကျည်တောက်တို့ကို မြသူဘက်သို့ ခါတိုင်းလိုလှမ်းပေး၍ပြော၏။

'ဘာအထုပ်တုံးကွဲ့ မောင်ကျော်စံ'

'ဪ.... ပျားသူငယ်နေလှန်းနဲ့ ပျားရည် ကျည်တောက်ပါဒေါ်ဒေါ်'

ဒုတိယမွှ ဘသာ အမေ၏စကား။

'ကဲ....သမီး သွားယူလိုက်လေ၊ ပျားသူငယ်နေလှန်းကို ခုပဲဆီပူလိုက်နှံပါ

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်၊ သမီး ဒေါ်ဒေါ်ကြီးနဲ့ သမီးအစ်ကိုကြီးတို့ ရေနွေးကြမ်းနဲ့ မြည်းသွားကြရအောင်'

ဒေါ်သူဇာမေက မြသူအား လှမ်းပြောလိုက်သံကြောင့် ကျော်စံ၏ ရင်ထဲမှာ စစ်ကနဲ နာကျင်သွားရပြန်သည်။

မြသူကြိုက်တတ်သဖြင့် ပျားအကောင်ပေါင်းမြောက်မြားစွာ အတုပ်ခံကာ ခဲရာခဲဆစ် သူတမင်ရှာဖွေလာခဲ့ရသောပျားသူငယ်နေလှန်းတို့မှာ ယခုအခါ ဘသာတို့သားအမိ စားဖို့ပင်ဖြစ်သွားလေပြီတည်း။

"လူလေး...ဝန်ထောက်ကြီးက ငွေကော အပြေအလည်ရှင်းပေးလိုက်ရဲ့လား လူလေး"

"ဪ...အင်း... ကျွန်တော် ပြောမလို့ပဲ ကြီးကြီးမေ၊ ဝန်ထောက်မင်း တစ်နေ့ကပဲ မြို့ကို ဆင်းသွားတယ်၊ ပြန်တက်လာရင် ဒီကိုဝင်မှာမို့ အဲဒီအခါကျမှ ယူပါလို့ မှာလိုက်ပါတယ်၊ ပိုက်ဆံထုတ်ဖို့ သွားတယ်ထင်တာပဲ ခင်ဗျား"

"အေး ...အေး... ကောင်းပြီ၊ လာလေလူလေး ရေနွေးကြမ်းလာသောက်ဦး၊ ဟဲ့ သမီး၊ ပျားသူငယ်က ကြာကြာကြော်မထားရဘူးနော်၊ ကူးသွားတတ်တယ်"

ကျော်စံက ဒေါ်သူဇာမေ ခေါ်နေသော်လည်း ဘသာတို့သားအမိနှင့် မျက်နှာချင်းဆိုင် မဆိုင်လိုသဖြင့် မိမိအခန်းထဲသို့သာ ဝင်လာမိသည်။

မြသူကတော့ သူတောထဲက အမြတ်တနိုး ရှာလာခဲ့သော ပျားသူငယ်နေလှန်းများကို ဆီနှင့်ကြော်၍ ဘသာတို့သားအမိကို လောကဝတ်ချော်နေလေသည်။ ဤသည်တို့ကို မြင်ရသောအခါ ကျော်စံ၏ အသည်းမှာ အပ်နှင့် အဆက်မပြတ်ထိုးဆွခံရသလို နာကျင်သွားမိသည်။ မြသူတို့သားအမိသည် ဘသာတို့ပြန်ခါနီးတွင် ခြံဝထိလိုက်ပို့၍ ကျော်စံတောထဲက ယူလာသော ပျားရည်တကျည်တောက်ကိုလည်း လက်ဆောင်ပေးလိုက်ကြသေး၏။

သူ စေတုတ္တရာ ကြို့ပိုင်းထဲ ရောက်နေခဲ့သော သုံးလေးလအတွင်း ပြီးဘက်ရန်ဘက်တွေနှင့် ရွှေလမ်းငွေလမ်းဖောက်နေကြသည်ဆိုသော သာကျော်မောင်၏ စကားမှာ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ မြသူတို့ သားအမိနှင့် ဘသာတို့သားအမိ ထွက်လိုက်ဝင်လိုက်၊ ပြန်လိုက် သွားလိုက် လုပ်နေကြခြင်းကို မျက်စိနောက်၍ ပြောခြင်း ဖြစ်ပေမည်။

ကျော်စံမှာ သူတို့ကောင်းစားရေးအတွက် စေတုတ္တရာ ကြို့ပိုင်းထဲသွားပြီး ဆောင်းဦးလောက်ကပင် သစ်ဆွဲနေခဲ့ရသဖြင့် အိမ်တွင် ပြောင်းလဲနေသော အခြေအနေကို ဘာမှမသိခဲ့ရခြင်း ဖြစ်လေသည်။

■

[၅]

စေတုတ္တရာ ကြို့ပိုင်းထဲ သူရောက်နေသော သုံးလေးလအချိန်အတွင်းမှာ အပြောင်းအလဲ မြန်လွန်းလှသော မြသူအမေ ဒေါ်သူဇာမေနှင့်မြသူ၏ သဘောထားကို သိလို မေးလိုသဖြင့် ကျော်စံက မြသူ၏အရိပ်အခြည်ကို နေ့စဉ်အကဲခတ်စောင့်ကြည့်နေသည်။

ဒေါ်သူဇာမေကိုတော့ သူက ဖွင့်မမေးရဲပေ။ ဤကိစ္စကို ဒေါ်သူဇာမေအား မေးမိပါက သူ့အတွက် အခွင့်အရေးအားလုံး ဆုံးရှုံးသွားရမည်ကို ကျော်စံက သိထားပြီးဖြစ်လေသည်။ ထို့ကြောင့်လည်း ကျော်စံက မြသူအား နှစ်ယောက်ချင်းတွေ့ဆုံ၍ မေးမြန်းနိုင်ရန် အခွင့်အရေးကိုသာ စောင့်ကြည့်နေခဲ့သည်။ သို့သော် ကျော်စံ မိမိအိမ်သို့ ရောက်နေသည်မှာ သုံးလေးရက်သာကြာလာသည်။ မြသူနှင့် နှစ်ယောက်တည်း ဆုံမိရန် အခွင့်အရေးကိုကား မရသေး။

အမှန်မှာမြသူ၏ အရိပ်အခြည်ကို သူကသာအကဲခတ်နေသည်မဟုတ်၊ မြသူအမေ ဒေါ်သူဇာမေကလည်း ကျော်စံနှင့်မြသူကို လုံးဝ အလစ်မပေးဘဲ အမြဲအကဲခတ်နေ၏။

သူ၏ ရည်ရွယ်ချက်မှာ ကျော်စံ စေတုတ္တရာဘက်မှပြန်ရောက်မလာခင် မြသူနှင့် ဘသာကို နေရာချထားရန် ဖြစ်သော်လည်း ယခုအခါ ကျော်စံက မမျှော်လင့်ဘဲ စောစောရောက်လာသဖြင့် ဒေါ်သူဇာမေ၏ အစီအစဉ်မှာ တစ်ခန်းရပ်နေရခြင်း ဖြစ်လေသည်။

သည်လိုနှင့် သင်္ကြန်ရက်ပင် နီးသွားလေသည်။

နောက်တစ်ရက်ဆိုလျှင် သင်္ကြန်အကြိုနေ့ပင် ဖြစ်သဖြင့် ရွာရှိအပျို လူပျိုတို့မှာ အဝတ်အဆင် သစ်သစ်လွင်လွင်တွေနှင့်ညနေ ရေခပ်လမ်းမှာ တစ်ယောက်နှင့် တစ်ယောက် နောက်လိုက်၊ စလိုက်၊ ကျီစယ်လိုက်နှင့် ဥဒဟို ဖြစ်နေကြသည်။

ထိုအချိန်တွင် မြသူအား စိန်စိန်က ရေခပ်သွားရန်လာခေါ်သည်။ မြသူက စိန်စိန်နောက် ထွက်လိုက်သွားသည်။ မြသူ၏ အရိပ်အခြည်ကို အမြဲစောင့်ကြည့်နေသော ကျော်စံသည်လည်း မြသူနှင့် စိန်စိန်တို့နောက်ကို မယောင်မလည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာလေသည်။

မန်းချောင်းထဲရှိ လက်ယက်တွင်းထဲက ရေကို အုန်းမှုတ်ခွက်နှင့် စစ်ခပ်နေကြသော မြသူနှင့် စိန်စိန်တို့ နှစ်ယောက်ကြားတွင် ဝင်ထိုင် ချလိုက်သည်။ ကျော်စံအနား ရောက်လာသဖြင့် မြသူမှာ မျက်နှာတစ်ချက် ပျက်သွားသည်။

'မြသူ…ညီမကို ရွာဖျားပိုင်းက ကိုဘသာကြီးနဲ့ ပေးစားကြမလို့ ကြီးကြီးမေတို့ စီစဉ်နေကြတယ်ဆို ဟုတ်လား'

သူ့ခေါင်းထဲတွင် မီးတောက်နေသော ကျော်စံက ဆိုင်းမဆင့် ဗုံမပါဘဲ ချက်ချင်းပင် ကောက်ကာငင်ကာ မေးလိုက်သည်။

'ဟုတ်တယ်ကိုကို'

မြသူကလည်း သံပြတ်ဖြင့်ဖြေသည်။

ကျော်စံ၏ သက်ပြင်းရှိုက်သံကြောင့် မြသူက ကျော်စံကို တစ်ချက်မော့ကြည့်သည်။

'အဲဒါမြသူက ဘယ်လိုသဘောရလဲဟင်…ညီမ'

ရုတ်တရက်မှု မြသူက မဖြေတတ်သလို နှုတ်ဆိတ်နေ၏။

'ညီမ…မြသူ ပြောလေ၊ ကြီးကြီးမေစီစဉ်တာကို ညီမကကော ဘယ်လိုသဘောရလို့လဲ'

ကျော်စံမှာ မချင့်မရဲ ဖြစ်လာသဖြင့် မြသူ၏အနား ရွှေ့ထိုင်လိုက်သည်။

မြသူနှင့် အဖော်ပါလာသော စိန်စိန်မှာ ဘုမသိ ဘမသိနှင့် သူတို့နှစ်ယောက်ကြားတွင် ထိုင်ရမလိုထသွားရမလိုနှင့် အနေကျပ်နေသည်။ နောက်ခပ်လှမ်းလှမ်း ချောင်းနံဘေးတွင် ရေခပ်နေကြသော အပျိုများကလည်း မြသူ၊ ကျော်စံ၊ ဘသာ တို့၏ အကြောင်းကို ကြားထားကြပြီး ဖြစ်သဖြင့် အကဲခတ်ကြည့်နေကြသည်။

'ကဲ…ညီမ မြသူ ပြောပါလေ'

'မြ…မြသူအနေက အမေစီမံသလိုပဲ ခံရတော့မယ်ကို'

'ဘာ…နင်က ကြီးကြီးမေ စီမံသလို ဘသာကို ယူတော့မယ်ပေါ့ဟုတ်လား၊ ဟိုတုန်းကတော့ နင် ငါ့ကို ဘယ်လိုပြောခဲ့လဲဟင်၊ မြွေဟောက်မ၊ နင်တို့ သားအမိ ဉာဏ်ဟာ ဒါအကုန်ပဲလားဟင် မြသူ၊ ဒါအကုန်ပဲလား'

ကျော်စံ၏ ဒေါသမှာ ချက်ချင်း ပေါက်ကွဲလာပြီး မြသူ၏ လက်မောင်းရင်းနှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ ဒေါသနှင့် မေးလိုက်၏။

မြသူမှာ တရှုပ်ရှုပ်ငို၍ ကျော်စံ၏ လက်ထဲကလွတ်ရန် ရုန်းကန်နေသည်။

'ကိုကို မြ…မြသူကို လွှတ်ပါ'

'တောက်…နင်တော်တော် ဉာဏ်များပါလားဟင် မြသူ၊ နင်တော်တော်



ဖောက်လွဲ ဖောက်ပြန် လုပ်တတ် ပါလား၊ နင်ဘသာကြီးကို တစ်သက်မယူရဘူးမှတ်၊ နင်ငါ့ကိုပဲ ယူရမယ်၊ ဒါပဲ၊ လာ လိုက်ခဲ့စမ်း'

'အို…ကိုကို၊ မြသူကိုဒီလိုအနိုင်မကျင့်ပါနဲ့၊ လွှတ်ပါ၊ လွှတ်ပါ၊ ကူကြပါဦး'

'လုပ်ကြပါဦးတော်…လုပ်ကြပါဦး၊ မြသူကို ကျော်စံကြီးအတင်းလာဆွဲနေပါတယ်တော်၊ လုပ်ကြပါဦး'

မြသူက အော်ဟစ် ရုန်းကန်နေသလို မြသူနှင့် အဖော်ပါလာသူ စိန်စိန်ကလည်း ချက်ချင်းပင် အော်ဟစ် အကူအညီ တောင်းလိုက်၏။

ရေခပ်နေကြသူ မိန်းကလေးတွေမှာ အနားကို မကပ်ရဲကြ၊ ထိတ်ထိတ်ပျာပျာနှင့်သာ ဝိုင်းကြည့်အော်ဟစ်နေကြသည်။

ချောင်းဘေးနှစ်ဖက်ရှိ ရွာသူရွာသားတွေကတော့ ရုတ်ရုတ်သဲသဲနှင့် ချက်ချင်း ချောင်းဘေး သောင်ပြင်ပေါ် ရောက်လာကြ၏။ ထိုအထဲတွင် ဘသာလည်းပါလာရာ ကျော်စံက မြသူအား အတင်းတရွတ်တိုက် ဆွဲခေါ်နေသည်ကို မြင်ရသောအခါ ယမ်းပုံမီးကျဖြစ်ပြီး ကျော်စံနှင့် မြသူတို့အနားသို့ ဘသာက ချက်ချင်း အပြေးရောက်လာသည်။

'ဟေ့ မဆိုင်တဲ့ကောင်တွေ ဘယ်သူမှ အနားမကပ်ကြနဲ့ကွ…'

မြသူကို တင်းတင်းကျပ်ကျပ်ဖက်ကိုင်ထားရင်းက ဘသာကိုမြင်သဖြင့် ကျော်စံက ကြုံးဝါးလိုက်သည်။

'ဟဲ့ကောင် ဒါဘာလုပ်တာလဲ၊ လူပါးဝလို့၊ မြသူကို ခုချက်ချင်းလွှတ်လိုက်စမ်း'

'မလွှတ်တော့ ခင်ဗျားဘာလုပ်'

'ကဲ မလွှတ်နဲ့ဦးကွာ… မလွှတ်နဲ့ဦး…'

ဘသာ၏လက်သီးဆုပ်က ကျော်စံ၏မျက်နှာကို တည့်တည့်မတ်မတ် လာထိသောအခါ မြသူမှာ ကျော်စံ၏ လက်ထဲက လွတ်ထွက်သွားသည်။ မြသူသည် အော်ဟစ်ငိုယို၍ အိမ်ဘက်သို့ ပြေးသွားသည်။

'ဟဲ့ ကောင်တွေ တော်ကြ…တော်ကြ၊ မိန်းမတစ်ယောက်အတွက်နဲ့များကွာ သောက်ရက်မရှိတဲ့ကောင်တွေ တော်ကြဆိုတော်ကြကွာ'

တစ်ယောက်နှင့်တစ်ယောက် ထွေးလုံးသတ်ပုတ် နေကြသော ကျော်စံနှင့် ဘသာအား သွေးရိုးသားရိုးထင်သူအချို့က ဆွဲထားဖျန်ဖြေကြသည်။

ဘသာနှင့်ကျော်စံတို့ ရန်ပွဲပြီးသွားချိန်မှာ အနောက်ဘက်တောင်စွယ်တွင် နေလုံးပင် ကွယ်သွားလေပြီတည်း။

'ဟိုမှာ…ဟိုမှာ လာပါပြီ'

ကျော်စံ အိမ်ဝင်းထဲဝင်လာသည်ကို အိမ်ကြီးပေါ်က တစ်စုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်သံကြားသဖြင့် ကျော်စံက အိမ်ကြီးပေါ်သို့ လှမ်းကြည့်လိုက်သည်.

သနေ့ချမ်း ရေခပ်ရာတွင် မြသူအား ကျော်စံက အတင်းဝင်ဆွဲသည်ဟူသော သတင်းကား အိမ်ခြေနှစ်ရာကျော်ရှိသော ညောင်ခြေထောက် တစ်ရွာလုံးကို ချက်ချင်း အုတ်အော်သောင်းတင်းပျံ့သွားပြီးဖြစ်သဖြင့် သူတို့အိမ်ပေါ်ထက်တွင် ရွာသူရွာသားတွေနှင့် ဘသာ၏ဦးလေး သူကြီး ဦးဘကျော်တို့ ညီအစ်ကိုနှင့် ရွာခေါင်းတို့က ရောက်နှင့်နေကြပြီး ဖြစ်လေသည်။

'ကြားပဲမကြားဖူးပါဘူးတော်၊ သားရေပေါ်အိပ် သားရေနားစားဆိုတာ စာဆိုပဲရှိတယ်ထင်တာ၊ ခုတော့ ကျုပ်မှာဖြင့် ကိုယ်တွေ့ကြုံနေရပါပြီ၊ မိမဲ့ ဖမဲ့ဆိုပြီး သနားလို့ အိမ်ပေါ်ခေါ်တင်ထားတဲ့ ခွေးဝဲစားက ခုတော့ အရေးပေးရွှေကျေး ပန်းကန်တက်၊ ဟဲ့ ကျော်စံ နင်ခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား၊ နင့်လို ကျေးဇူးကန်းတဲ့တိရစ္ဆာန်သာသာ အကောင်မျိုး နောက် ငါ့အိမ်ရိပ်ကိုလည်း လုံးဝမနင်းရဘူးမှတ်၊ နင့်မျက်နှာလည်း ငါလုံးဝ မကြည့်ချင်ဘူး ဒါပဲ'

ကျော်စံ မျက်နှာကိုမြင်သည်နှင့် တစ်ပြိုင်နက် ဒေါ်သူဇာမေက ဆဲဆိုကြိမ်းမောင်းလေတော့သည်။

'ကျုပ်ကလည်း ခင်ဗျားလို ပလီစီ ချောက်ချက် နိုင်လှတဲ့မိန်းမကြီးမျက်နှာကို ကြည့်ချင်လို့ လာတာမဟုတ်ဘူးဗျ၊ ကျုပ်ပစ္စည်းတွေယူရအောင်လာတာ'

တစ်သက်လုံး ရှိသေလေးစားလာရသော ဒေါ်သူဇာမေအား ကျော်စံကလည်း ဤတစ်ခါတော့ နာကြည်းစိတ်နှင့် ရိုင်းရိုင်းပြပြပင် အော်ဟစ်ပစ်လိုက်၏။

'ဟော ဟိုမှာအဆင့်သင့်ပဲ နင့်ပစ္စည်းတွေ၊ ငါ့အိမ်ပေါ်မှာအပ်တိုတစ်ချောင်းတောင် မထားရဘူး၊ အားလုံးသိမ်းပေးထားပြီ၊ ယူသွား၊ ကျေးဇူးမသိတဲ့ ခွေးတိရစ္ဆာန်'

ဒေါ်သူဇာမေက ကြိုတင်သိမ်းဆည်းပေးထားသော သူပိုင်ပစ္စည်းများကို ကျော်စံသည် မနိုင်မနင်းနှင့် အိမ်ကြီးပေါ်က တစ်ယောက်တည်း ထမ်းချလာ၏။

ကျော်စံနှင့် ဒေါ်သူဇာမေတို့ကြားတွင် မည်သူကမည်သို့မျှ ဝင်မပြောပဲ အားလုံးကနှုတ်ဆိတ်စွာ ကျော်စံကိုသာ ဝိုင်းကြည့်နေကြသည်။ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် မြတ်မြတ်နိုးနိုး ချစ်လာခဲ့ရသောချစ်သူဆုံးရှုံးရသဖြင့် ကျော်စံမှာတော့ ခေါင်းမီးတောက်နေသည်။ ဆင်ကြီးတစ်ကောင် မုန်ကျသလို တစ်ကိုယ်လုံးလည်း မွန်ထူနေလေသည်။

မြသူကိုတော့ အိမ်ပေါ်တွင် အရိပ်အခြည်မျှမမြင်ရ။ အိမ်ခန်းထဲတွင် ရှက်ရှက်နှင့် ပုန်းငိုနေသည်ထင်၏။ ကျော်စံသည် မြသူအိပ်ခန်းဘက် တစ်ချက်



လှည့်ကြည့်လိုက်သည်။ သူ့စိတ်ထဲမှာ သူ မဆင်မခြင် ရေဆိပ်၌ လက်ဆွဲစကားပြော ဖက်ပွေ့ ဆဲဆိုမိ၍ မြသူရှက်ရှက်နှင့်အော်ဟစ်သော်လည်း တကယ်တော့ မြသူသည် သူ့ကိုမမုန်းနိုင်၊ ဘသာနှင့်စာလျှင် သူ့ကိုသာ ချစ်သည်ဟု ယခုထိ ယုံကြည်နေတုန်း။ သူနှင့် သူ့အမေတို့ပြောဆိုနေကြသည်ကို အိမ်တွင်းထဲက မြသူ အတိုင်းသား ကြားနေရလိမ့်မည်။ သူတကယ်ထွက်သွားတော့မည်ဆိုတော့ သူ့ကို ပစ်မထားခဲ့ပါနဲ့၊ မြသူ ကိုကို့ကိုချစ်ပါတယ်၊ ကိုကို့နောက်မြသူလိုက်မယ်ဟု များ အော်ငိုပြေးဆင်းလာလေမလားဟု မိုက်မိုက်မဲမဲ တွေးမိလိုက်သေး၏။ မြသူအား ဤမျှအထိ မြတ်နိုးရသူဖြစ်သည်။

သို့သော် ကျော်စံထင်သလို ဖြစ်မလာခဲ့။ မြသူသည် အိမ်အောက်ရောက်နေသော သူ့အား ပြတင်းတစ်ချပ်လှစ်၍ပင် ကြည့်ဖော်မရပြီ။

'တောက်'

ကျော်စံသည် တက်တစ်ချက်ကို ကျယ်ကျယ်လောင်လောင် ခေါက်ကာ ဆင်တင်းကုပ်နားတွင် အထုပ်အပိုးတွေကို ပစ်ချလိုက်သည်။ ပြီး .... သူ့အဖေ အမွေပေးထားခဲ့သော ဖွားဖက်တော် မိုးလုံးကို ပခက်တင်ရန် ချက်ချင်း ကြိုးစားလိုက်သည်။

"ဟဲ့ ....ဟဲ့ကောင် နင်ဒါ .... ဒါဘာလုပ်တာလဲဟင်၊ နင်က ငါ့ဆင်ကို ဘာလုပ်ဦးမလို့လဲဟဲ့၊ ခွေးတိရစ္ဆာန်ရဲ့"

ကျော်စံက မိုးလုံးအား ပခက်တင်ရန် ပြုလုပ်နေသည်ကို မြင်သဖြင့် ဒေါ်သူဇာမေ အိမ်ကြီးပေါ်က အထိတ်တလန့် ပြေးဆင်းလာ၍ပြောသည်။ သူ့နောက်တွင် သူကြီးဦးဘကျော်တို့ ညီအစ်ကိုနှင့် ရွာခေါင်း၊ ဒေါ်သူဇာမေ ခေါ်ထားသော လူကြီးအားလုံး ကျော်စံနှင့် မိုးလုံးတို့အနား ရောက်လာကြသည်၊

"ဘာလုပ်ရမလဲ၊ ကျုပ်ဆင် ကျုပ်ယူသွားမလို့ပေါ့ဗျ"

"အံမယ် ....မြတ်စွာဘုရား၊ ဒီဆင်က နင့်ဆင်ကိုး၊ သမီးကို စော်ကားပြီး အားမရလို့ ဆင်ကိုပါ နင်က အပိုင်စီးချင်သေးတာပေါ့လေ ဟုတ်လား၊ လုပ်ကြပါဦး အစ်ကိုကြီးတို့ရယ်၊ မိန်းမသားတွေချည်းပဲဆိုပြီး ကျုပ်ဆင်ကို ဒီခွေးတိရစ္ဆာန်က အရှင်ခံနေပါပြီ လုပ်ကြပါဦး၊ စပါးရှင်ကို မျောက်နှင်တဲ့ကိန်းတော့ ကျုပ်မှာ ဆိုက်ရပါလား သွားလေသူကြီးရဲ့၊ ရှင်မွေးစားခဲ့တဲ့ ခွေးဝဲစားက ခုတော့ သမီးကို စော်ကားရုံတင်မကဘူး၊ ကျုပ်ပစ္စည်းတွေကိုပါ အတင်းလုနေပါပြီ၊ လုပ်ကြပါဦး"

ဒေါ်သူဇာမေ၏ ရင်ထုမနာအော်ပြောသံပင် မဆုံးလိုက်ရ ဘသာ၏ဦးလေး သူကြီးဦးဘကျော်က ချက်ချင်း ဟန့်တားလာ၏။ သူ့နောက်တွင် နှစ်လုံးပြူးသေနတ် လွယ်ထားသော သူဦးတစ်ဝမ်းကွဲလူမောင်ကလည်း နှစ်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ပခုံးမှ ချက်ချင်းဖြုတ်လိုက်၏။

"ဟေ့.... ဟေ့ ကျော်စံ မင်းဒီလိုမတရားမလုပ်နဲ့ကွ၊ ဒီဆင်က သုဇာမေ ဆင်ကွ၊ မင်း....မင်းက ဆင်ငှားစီး၊ မင်းနဲ့ ဒီဆင်နဲ့ ဘာမှမဆိုင်ဘူး'

"ဘာလို့ မဆိုင်ရမှာလဲဗျ၊ ဒီဆင်က ဒေါ်သုဇာမေ ဆင်မဟုတ်ဘူး၊ ဒေါ်သုဇာမေ ဆင်က မြင်မတိန်၊ ဦးကြီးရှိကတည်းက သေပြီ၊ ဒီဆင် မိုးလုံးက ကျုပ်ဆင်၊ ကျုပ်ကို ကျုပ်အဖေအမွေပေးထားခဲ့တဲ့ ကျုပ်ဆင်ဗျ"

'အံမယ်.... လာ လာသေး၊ နင့်ကို နင့်အဖေက ဘယ်တုန်းက ပေးခဲ့လို့တုန်း ဟဲ့ သေနာကောင်လေးရဲ့'

ဒေါ်သုဇာမေက ဒေါသနှင့်အော်ဟစ်ရင်း ကျော်စံအနားတိုးလာသည်။

'အဖေဆုံးခါနီးမှာ ကျုပ်ကိုပေးထားခဲ့တာ၊ ကျုပ်အရွယ်မရောက်သေးလို့ ဒီဆင်ကို အဖေက ခင်ဗျားတို့ဆီမှာ ခေတ္တအပ်ထားခဲ့တာပဲမဟုတ်လား'

ကျော်စံမှာ သူ့အဖေသေခါနီး၌ အရွယ်မရောက်သေးသော သူနှင့် မိုးလုံးတို့ကို သူ့အဖေက ဦးလှဘော်နှင့် ဒေါ်သုဇာမေတို့ဆီတွင် အပ်ထားခဲ့သည်ဆိုသော လူကြီးတွေ၏ ပြောစကား၊ ဦးလှဘော်ပြောသွားသော စကားအရ ဒေါ်သုဇာမေ အားပြန်ပြောရသည်။

'တို့က နင့်အဖေသေခါနီးမှာ အယူဖြောင့်အောင်လို့ ဟိုကိစ္စကို ကတိပေးလိုက်ကြပေမဲ့ ဒီဆင်ဟာ နင့်အဖေမသေခင် လေးငါးလကပင် တို့ကိုရောင်းပြီးသား ဆင်ပါဟဲ့၊ ခုတော့ နင့်အဖေသေခါနီးမှာ သွေးရူး သွေးတန်းနဲ့ ကယောင်ချောက်ချား ပြောတဲ့စကားကို အတည်ထင်ပြီး နင်က ငါ့ဆင်ကို မတရားအပိုင်ကြံချင်တာပေါ့လေ ဟုတ်လား'

'သုဇာမေပြောတာ ဟုတ်တယ်၊ မင်းအဖေရောဂါဖြစ်နေလို့ ဆေးကုလိုက်ရတာ ငွေဘယ်လောက်ကုန်တယ်ဆိုတာ မင်းဘာမှသိတာ မဟုတ်ဘူး၊ မင်းအဖေသေပြီးလို့ မင်းအဖေအတွက် ဆေးကြွေးတွေတောင် သုဇာမေတို့က ဆပ်ရသေးတယ်၊ ဒါနဲ့ပဲ ဒီဆင်ကို မင်းအဖေက သုဇာမေတို့ကို ရောင်းထားခဲ့တယ်ဆိုတာလည်း တို့အသိပဲ၊ မင်းဘာမှရှုပ်ရှုပ်ရှက်ရှက် မလုပ်ပါနဲ့ကွ၊ ငါပြောလျက်နဲ့ မင်းက မတရားလုပ်လာရင်တော့ ငါကသူကြီးကွ၊ ဥပဒေအရပဲ'

ဘသာကျို့ဦးလေး သူကြီးမင်းက ကျော်စံကို ဥပဒေနှင့် ခြိမ်းခြောက်လိုက်သည်။

'ဟုတ်ပါတယ်ကွယ်၊ မင်းမကျေနပ်ရင်လည်း ဆိုင်ရာကပဲ ပြောဆိုပြီး တောင်းယူပါ၊ အမှန်အတိုင်း ဖြစ်ရမှာပေါ့၊ ဒီလို တစ်ယောက်နဲ့ တစ်ယောက် ပဋိပက္ခတွေ ဖြစ်နေကြချိန်မှာတော့ မသင့်တော်သေးပါဘူး ငါ့တူရယ်'

ရွာခေါင်းကလည်း သူကြီးနှင့် ဒေါ်သုဇာမေတို့ဘက်ကသာ ရပ်လာသဖြင့်



တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်သော ကျော်စံမှာ မည်သို့မျှ မတတ်နိုင်တော့ပဲ သူ့အဖေသေခါနီးတွင် အမွေပေးထားခဲ့သည်ဆိုသော ဆင်ပေါက်မိုးလုံးကို ဒေါ်သုဇာမေ၏ လက်ထဲမှာပင် ထားပစ်ခဲ့ရလေသည်။

ထိုဆင်ကို ပြန်ရရေးအတွက် ခင်မင်သောလူကြီးအချို့နှင့် ကျော်စံက တိုင်ပင်နေစဉ် မြို့က ပုလိပ် ငါးယောက်သည် နှစ်ဆန်းနှစ်ရက်နေ့တွင် ကျော်စံအား လာဖမ်းကြ၏။ ပြစ်မှုမှာ မြသူအား အလိုမတူပဲ မတရားလက်ဆွဲ ကြံစည်မှုဖြစ်သည်။

ကျော်စံမြို့က အချုပ်ခန်းတွင် နှစ်လနေရပြီး တရားဆိုင်ကြသောအခါ တရားသူကြီးက ကျော်စံအား ချုပ်ရက်နှင့် ဖြတ်၍လွှတ်လိုက်သည်။ ဤသည်မှာလည်း ကျော်စံအဖေ ဦးရွှေကျော်နှင့် အလွန်ရင်းနှီးခင်မင်သော သစ်တောဝန်ထောက်ကြီးတစ်ယောက်က မြို့ဆင်းလာသည်နှင့်ကြုံပြီး ကျော်စံဘက်က မားမားမတ်မတ်ရပ်သွားသဖြင့်ဖြစ်သည်။ ကျော်စံ အဖေနှင့် အလွန်ရင်းနှီးခင်မင်သော ဝန်ထောက်ကြီးမှာ တရားသူကြီးနှင့်လည်း ကျောင်းနေဖက်သူငယ်ချင်းဖြစ်ရာ ကျော်စံတို့၏ အဖြစ်အပျက်ကို သူကိုယ်တိုင် ဝင်ပြောပြထားခဲ့သဖြင့်ဖြစ်သည်။

ကျော်စံနှင့် ဒေါ်သုဇာမေတို့ နောက်ထပ်တစ်ခါ တရားဆိုင်ကြရသေးသည်။ မိုးလုံးကို သူရရေး၊ ငါရရေးကိစ္စ။ ကျော်စံ တရားရှုံးသည်။ မိုးလုံးကို လက်လွှတ်လိုက်ရသည်။

သူ့အဖေက မိုးလုံးအား အမွေပေးထားခဲ့သည်ဟု ဆိုသော်လည်း သက်သေ အထောက်အထားမခိုင်လုံ။ ဦးရွှေကျော် သေခါနီးတွင် သူ့သား ကျော်စံအား အမွေအဖြစ် မိုးလုံးကိုပေးထားခဲ့သည်ဟု ပြောသံ ကြားဖူးပါသည်ဆိုသော ကျော်စံဘက်က သက်သေတို့၏ ထွက်ဆိုချက်ကို တရားသူကြီးက "အီးယားဆေး" တစ်ဆင့်စကား တရားမဝင်ဟု ဥပဒေအရ အရှုံးပေးလိုက်ရလေသည်။

'အသစ်အလွင်မှာ ပေါင်းကာ မွေ့မယ်လို့
အချစ်အကြင်နာ ပြောင်းကာ ရွှေ့ရှောသလား ...
ဟေး ... ဟေး ...ကောင်း ... ကောင်းလိုက်ပါဘိ
မကြီးတင် ....။

တရားရှုံး၍ မြို့က ပြန်လာသောနေ့က အရက်ကိုအလွန်အကျွံ သောက်၍ ဘုရား ဒကာကြီး ဦးဖိုးစိန်၏ အညာ ... အချွဲတွေနှင့် ကျော်စံ ရွာသို့ ဝင်လာလေသည်။

သူငယ်စဉ်ကပင် ချစ်ရသောမြသူက သူ့အပေါ်သစ္စာမရှိသည့် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆောင်တန် ဆင်တစ်ကောင်လုံးလည်း အဆုံးရှုံး ခံလိုက်ရသည့်အပြင် သူ့ဘဝ တစ်ခုလုံးကိုပါ အညွန့်တုံးလောက်အောင် မြသူ၏ အချစ်က အဆုံးအဖြတ် ပေးလိုက်ပြီမို့ မိန်းမများ သစ္စာမရှိ၊ ကတိမတည်ဆိုသော သီချင်းများကိုသာ ဟစ်ဆိုပြီး ကျော်သံမှာ အရူးတပိုင်းဖြစ်ခဲ့ရသည်။

နေညိုပြီဆိုရင် ကျော်စံသည် အရက်အလွန်အကျွံ သောက်ကာ ညောင်ခြေထောက် တစ်ရွာလုံးကို သီချင်းဟစ်ဆို၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတတ်သည်။ သူ့အားခင်မင်ကြသော ရွာသူ ရွာသားများမှာ သူ၏ အဖြစ်ကို မမြင်ရက် မကြည့်ရက် ဖြစ်ကြသော်လည်း သူကြီးမင်းနှင့် ဘသာတို့ တစ်ဆွေလုံး တစ်မျိုးလုံးကို မည်သူမှ မော်မကြည့်ဝံ့ကြသဖြင့် စိတ်မကောင်းဖြစ်ကြရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြပေ။

မြသူနှင့် ဘသာတို့ကို လူသိရှင်ကြား စေ့စပ်လိုက်သောအခါ ကျော်စံ၏ ဝေဒနာမှာ အတိုင်းအဆမရှိ ပေါက်ကွဲတော့သည်။ မစားရသည့်အမဲ သဲနှင့်ပက် ဆိုသည့်အလား မြသူအပေါ်မှာ ကျော်စံက သားပုပ်လေလွင့်ပြောတော့သည်။ မှုးလျှင် မြသူနှင့်သူ ဘယ်နေရာမှာ ဘယ်လို၊ အိမ်မှာဆိုလျှင် ဘယ်သို့၊ ဆင်ရေဆိပ်မှာ၊ ဆင်တင်းကုပ်မှာ၊ အိမ်ပေါ်မှာ၊ အိမ်အောက်မှာနှင့် အခါပေါင်း အခေါက်ပေါင်း မရေမတွက်နိုင်လောက်အောင် ကျူးကျူးလွန်လွန် ဖြစ်မိကြပုံကို ယုံလောက်အောင် လုပ်ဇာတ်ခင်းတော့သည်။

မြသူနှင့်ကျော်စံတို့မှာ ငယ်စဉ်ကပင် လက်ပွန်းတတီးနေလာခဲ့ကြသူတွေ၊ တစ်အိမ်တည်း နေလာခဲ့ကြသူတွေ၊ မိဘနှစ်ပါးကလည်း ယခင်က ပေးစားမည်ဟု သူတို့နှစ်ယောက်စလုံးကို အသိပေးထားကြသူတွေမို့ အားလုံးလိုလို ယုံကြသည်။ ဟုတ်မှာပဲဟု အတပ်ထင်ကြသည်။

ကျော်စံသည် ဤသို့ အရက်ဝိုင်းမှာ ပြော၍ အားမရသေးသဖြင့် ဘသာကြားလောက်အောင် ရွာကိုလျှောက်ပြီး သူ့လုပ်ဇာတ်ကို သီချင်းဟစ်ဆိုသည်။ ခါတ်စက်ထဲ ပွဲထဲကြားဖူးသော ဇာတ်နိပါတ်တွေထဲက သီချင်းနှင့် မြသူတို့ ဘသာတို့ကို စောင်းသည်။

'ဟိုယခင် အဖြာဖြာ မသိခင်ကဖြင့်၊

ကညာစင်ပါတော်လို့၊ မာယာ ... မာယာ ...

မာယာတွေနဲ့ဝိပါလို့

အမယ် ... မင်း ... အညာမိပါပေ့ ... မင်း ... မင်းကတော်'

ကာယကံရှင် မြသူနှင့်ဘသာတို့ မည်သို့နေမည် မသိကြသော်လည်း ကျော်စံ၏အရက်မူးပြီး မပီကလာ ပီကလာအော်ဟစ်သော သီချင်းကြောင့် မြသူကို တံတွေးထွေးကြသည်။ ဘသာကိုကျိန်ဆဲကြသည်။

'မလိုတမာ အခြေမြင့်ရာ တက်သူရဲ့



ဟိုဟာတွေ ဒီဟာတွေ ဖွင့်ကာ မခြွက်လိုက်ချင်ဘူး ....'

'ဘယ်ဟာတွေလဲ ကိုယ်တော်လေးရယ်'

ကျော်စံနှင့် အရက်အတူတူ သောက်လာသူ အမူးသမားတစ်ယောက်က ဝင်ဖောက်သည်။ နောက်တစ်ယောက်က ...

'အတော်ကြာ ဘယ်ဝန်ကြီးသားနဲ့ အတော်ကြာ ဘယ်အမတ်နဲ့ အတော်ကြာ ဆင်ထိန်းနဲ့တောင် ဆင်တင်းကုပ်ထဲမှာ ဆိုတော့ ...ဟဲ ... ဟဲ'

ခြသေ့်နှင့် ညားသောကေသရီ၊ သီဟဗာဟု ဇာတ်တော်ကို ညွှန်းပုံရသည်။

'တစ်ခါတည်းပါ ဘုရား'

'ဟဲ့ လှည်းသားငါးရာစလုံး တစ်ခါတည်းလား'

'ဝါးဟား ... ဟား'

'ယုံမိတာတွေ ...ယုံမိတာတွေ၊

ဂုဏ်ရှိသူ ကညာမေရဲ့'

အမူးသမားတွေက မိန်းမများဖောက်ပြန်တတ်သည်ကို ကျော်စံဘက်က လိုက်၍ ရွာလယ်လမ်း၌ ဇာတ်စုံခင်းကြတော့၏။

'ဟိုဟာ ဒီဟာတွေဖွင့်ကာ မခြွက်လိုက်ချင်ဘူး၊

အကျင့်ကလက်သလို ရုပ်သမျှ ပွေတယ်ရယ်ကောရယ်လို့၊

ကျုပ်ကဖြင့် ဂုဏ်အရည်ကိုနမြော ... မြော ... မြော'

ကျော်စံသည် တကယ်လည်း သူရာကြောမျောနေလေပြီ။

'မပြေးသော် ကန်ရာရှိပါသတဲ့၊

ဒွေး ဒွေး နှစ်ဖော် သံဝါပြီစဉ်က ဟဲ ... ဟဲ'

ဘေးလူပင် အမြင်ကပ်လောက်အောင် ကျော်စံက ဘသာနှင့် မြသူတို့ကို နှေ့စဉ်သီချင်းနှင့်ကလိသည်၊ ရိသည်။

'နင်မကောင်းလို့သာပ၊

မူရင်းမှာ ဟိုတလူနဲ့ ဟီး ... ဟီး'

'ဘယ်တလူနဲ့လဲ ... ကိုတာနောရဲ့'

'ဝိတ်ဂျာနဲ့ ... ဝိတ်ဂျာနဲ့'

နောက်တော့ နားမခံသာသော ကျော်စံအား ဘသာတို့ တစ်ဆွေလုံး တစ်မျိုးလုံးက နည်းအမျိုးမျိုးနှင့် ရန်ရှာလာကြသလို မြသူနှင့် ဘသာတို့မှာလည်း လူသိရှင်ကြား လက်ထပ်ဖြစ်သွားကြပြီ ဖြစ်သဖြင့် ကျော်စံသည် ညောင်ခြေထောက် တစ်ရွာလုံးကို စိတ်အနာကြီးနာကာ စေတုတ္တရာဘက်သို့ ထွက်ပြေးသွားခဲ့ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ငါး

www.burmeseclassic.com

www.burmeseclassic.com

|၁|

ကျော်စံသည် စေတုတ္တရာဘက်ရှိ သစ်တော ကြိုးဝိုင်းများတွင် ဆင်အငှား စီးပေးရသော အလုပ်ကိုလုပ်ရင်း ဘသာနှင့်မြသူတို့၏ သတင်းကိုလည်း ကြား နေရသည်။ ဘသာနှင့်မြသူတို့တွင် ကလေးပင်နှစ်ယောက်ရပြီ။ ဘသာတို့အမေ ဆုံးပါးသွားသည်။ ဘသာတို့စီးပွားပျက်သွားသည်။ ဆင်ဖမ်းအဖွဲ့မှ တစ်ကောင် ကို လေးငါးထောင်ပေးဝယ်ရသော ဆင်လေး ငါးကောင်မှာ ဒေါင့်သန်းရောဂါကျ၍ အားလုံးသေကုန်သည်။

မိုးလုံးတစ်ကောင်သာကျန်သော ဘသာသည် မိုးလုံးကိုကိုယ်တိုင်စီး၍ သစ်တောကြိုးဝိုင်းများတွင် သစ်အငှားဆွဲနေရပြီ။ ဤသတင်းကို ကြားသော ကျော်စံသည် တစ်နေ့မဟုတ် တစ်နေ့ သစ်အငှားဆွဲရန် စေတုတ္တရာကြိုးဝိုင်းသို့ ရောက်လာရမည်ဖြစ်သော ဘသာကို အမြိုးနှင့်အပင်ပန်းခံ စောင့်ခဲ့လေသည်။ သို့သော် သစ်တောကြိုးဝိုင်းကြီးထဲရှိ စခန်းတွေမှာ များပြားလွန်းလှသဖြင့် ဘသာ နှင့် သူတို့စခန်းဝိုင်းတစ်ခုတည်းတွင် နှစ်ယောက်အတူ တစ်နှစ်မှမဆုံဆည်း မိခဲ့ကြပေ။

ယခင်တစ်နှစ်ကလည်း ဘသာ အရှေ့ဖျားစခန်းဝိုင်းကို သစ်ဆွဲရန် မိုးလုံးနှင့် အတူရောက်နေသည်ဟူသော သတင်းကို ကြားရသဖြင့် သူက အရှေ့ဖျားစခန်း ဝိုင်းဘက်သို့ ချက်ချင်းလိုက်သွားခဲ့ဖူးသည်။ သို့သော် အလုပ်ရာသီလွန်၍ ဘသာ ပြန်သွားပြီဖြစ်သဖြင့် သူနှင့်ဘသာ တွေ့လွဲကလေး လွဲသွားခဲ့သည်။

ဤသည်တို့ကြောင့်လည်း ယခုနှစ် ဤကြက်ရေစမ်း စခန်းတွင် ဘသာနှင့် သူနှစ်ယောက်အတူဆုံမိကြသည်မှာ သူ့အတွက် အဖိုးမဖြတ်နိုင်လောက်သော ရလဒ်ကြီးတစ်ခုဆိုသည်ကို ကျော်စံ ဤစခန်းသို့ ရောက်သည်နေ့ကစ၍ တစ်နေ့မှ မမေ့ခဲ့ပေ။

ထို့ကြောင့်လည်း သူကြက်ရေစမ်းစခန်းသို့ ရောက်လာရပြီး တင်းတိ အကြာမှာပင် သစ်တွဲဆွဲရာ၌ ဘသာအား သူက အပိုင်ကိုက်ခဲ့သည်။ သို့သော် ဓားသန် ၍ အလွန်လျင်မြန် ဖျတ်လတ်လွန်းလှသော မိုးလုံးက သူ့သခင်သားကို အချိန်မီ ကာကွယ်လိုက်သဖြင့် ဘသာသည် သူ့စည်းဝိုင်း စက်ကွင်းထဲက လက်မတင်

www.burmeseclassic.com

www.burmeseclassic.com



ကလေး လွတ်ထွက်သွားခဲ့၏။

ဤသည်တို့ကို ရိပ်မိသွားသော ဘသာသည် နောက်ပိုင်းမှာ အမြဲသတိရှိနေသဖြင့် သစ်တွဲဆွဲရာတွင် ကြံစည်နိုင်သော အခွင့်အရေးကို ကျော်စံက နောက်ထပ်လုံး၀ မရရှိခဲ့တော့ပေ။

ထို့ကြောင့်လည်း မိုးလုံးမှန်ထ၍ ထူးကြိုးပြတ်ကာ ရိုးမထဲ ထွက်ပြေးသွားပါစေဟူသော သဘောနှင့် တောထဲက ရှာလာသော သစ်ချိုခေါက်နွယ်များကို ကျိုပြီး မိုးလုံးအား အရက်နှင့် ရောတိုက်ရသည်မှာ သုံးလေးကြိမ်ပင် ရှိသွားလေပြီ။

သို့သော် မိုးလုံးကား သဘောတည်ငြိမ်၍ လိမ္မာယဉ်ပါးလွန်းသော တိရစ္ဆာန်ကြီးဖြစ်နေသဖြင့် ထူးကြိုးပြတ်လောက်အောင် တစ်ခါမှမှန်မထခဲ့ပေ။ သူလိုချင်သလောက်သော မှန်ရိပ်မှန်သွေးကို မိုးလုံးမရရှိခဲ့သဖြင့် တစ်ကြိမ်တွင် ကျော်စံက မိုးလုံးအား ထူးကြိုးကိုနှင့် ချွန်းအနှောင့်နှင့် ရိုက်ဖွင့်၍ တောထဲသို့ မောင်းပစ်ခဲ့သေး၏။ သို့သော် မကြာခင်ပင် မိုးလုံးအား အရိုင်းစိတ်မဝင်မီ ဘသာကပြန်လိုက်၍ ဖမ်းဆီးလာနိုင်ခဲ့ပြန်သည်။

ထိုစဉ်က သူ့အနေနှင့် ဘသာတစ်ယောက်တည်း၏ အကျိုးစီးပွား ပျက်ပြားစေခြင်းတစ်ခုတည်းကိုသာ ရည်ရွယ်၍ ပြုလုပ်ခဲ့မိသော်လည်း သစ်တောလုပ်ငန်းများကို ထိခိုက်နစ်နာစေပြီး၊ ဝန်ထောက်မင်း၏ အလုပ်ဝတ္တရားများနှင့်ပါ ရောထွေးသွက်တင် ဖြစ်လာလိမ့်မည်ဆိုသည်ကိုလည်း သူကလုံးဝမမျှော်လင့် မတွေးမိခဲ့ပေ။

သူကြံစည်လုပ်ကိုင်ခဲ့သော အလုပ်က ဝန်ထောက်မင်းကိုပါ ထိခိုက်သွားသဖြင့် သူမှာ စိတ်မကောင်းဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်။ ပြီး …… ထိုစဉ်က မိုးလုံးအနားတွင် မည်သူမျှမရှိသဖြင့် သူ့အကြံအစည်များကို မည်သူမှ မသိနိုင်ဟု ထင်ပြီး ပြုလုပ်ခဲ့သော်လည်း ဘသာရိပ်မိသွား၍ ဝန်ထောက်မင်းကို သွားတိုင်သဖြင့် အဆူအပူ အကြိမ်းအမောင်းပင် ခံရသေးသည်။

သို့သော် ဘသာမှာလည်း သူ့အပြစ်နှင့်သူ လိပ်ပြာမသန့် ဖြစ်နေရသည်မို့ သူတို့နှစ်ယောက်၏ နောက်ကြောင်း ရာဇဝင်ကို ဝန်ထောက်မင်းအား ဖွင့်မပြောရဲသဖြင့် ကျော်စံသည် ဝန်ထောက်မင်း၏ ဖွဲချက်ထဲမှ မနည်းကြိုးစား ရုန်းထွက်လာခဲ့ရ၏။

ထိုစဉ်က သူ၏ဖြေချက်များမှာ ဖြစ်နိုင်ကောင်းသော အချက်အလက်များနှင့် ပြည့်စုံခဲ့သဖြင့် သူ၏စကားကို ဝန်ထောက်မင်းက ယုံယုံကြည်ကြည်နှင့် နားဝင်သွားခဲ့၍သာ တော်တော့သည်။ ထို့ကြောင့်လည်း ကျော်စံသည် သူ့ခေါင်းထဲက ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို ပိပိရိရိနှင့် အကွက်ချ တွက်ဆထားနိုင်ခဲ့ခြင်း ဖြစ်လေသည်။



သို့သော် သူက ဘသာအပေါ် ရန်ငြိုး အမျက်ထား၍ ကြံစည်အားထုတ်လုပ်ကိုင်လာခဲ့ရသော မသမာမှုဒုစရိုက်မှုများမှာ သည်အတိုင်းသာဆိုပါက ရှေ့ကိုဆက်ရန်ပင် အခက်ကြုံအကြံအိုက်ပြီး အကျပ်ရိုက်နေရသည်။ အဘယ်ကြောင့်ဆိုသော် သူနှင့်ဘသာတို့၏ နောက်ခံရာဇဝင် အပေါက်တောက်လျှောက်ကြီး အဖင်းသိ အတွင်းသိဖြစ်နေသော လူတစ်ယောက်သည် ယခု ဤကြက်ရေစမ်းစခန်းသို့ မမျှော်လင့်ချိန်တွင် ရောက်လာခဲ့လေပြီ မဟုတ်ပါလား။

သစ်ခုတ်သမားကြီး ဦးညိုထံမှတစ်ဆင့် ဝန်ထောက်မင်းနားသို့ ပေါက်ကြားသွားပါက သူ၏ အကြံအစည်အားလုံးမှာ ဘူးပေါ်သလို ပေါ်လာကြပေတော့မည်။ သူကဘသာအပေါ် ကြံစည်ခဲ့သော မသမာမှုဒုစရိုက်များမှာလည်း တစ်ခုတစ်လေမှမအောင်မြင်သေးသည့်အပြင် အရာရာနှင့်အကြောင်းကြောင်းချည်းဖြစ်ခဲ့ရသဖြင့် ရှေ့ဆက်ရမည့် ခရီးကိုပင် ကျောင်စံ ရင်လေးနေပြီဖြစ်လေသည်။

ထို့ကြောင့်လည်း လူသည် ရေချိုးပြီး၍ စမ်းထဲကတက်လာမိသည်ကိုပင် သတိမရတစ်ချက် ရတစ်ချက်နှင့် တွေးတောရင်ထိတ်လျက်သာ သစ်တဲထဲသို့ ရောက်လာရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ကိုကျော်စံ ခင်ဗျားကို ဝန်ထောက်မင်းကမှူးချင်လို့တဲ့၊ ခဏလာပါဦးဆိုပြီး၊ ကိုလှဝေကို အခေါ်လွှတ်တာ နှစ်ခါတောင်ရှိပြီဗျ"

တစ်နေ့သော ညနေစောင်းတွင် တောထဲက ပြန်လာသော ကျော်စံအား အလုပ်သမား တစ်ယောက်ကလာ၍ သတင်းပေးသည်။

ဝန်ထောက်မင်းက သူ့ကို တွေ့လိုသဖြင့် ခေါ်သည်ဆိုကတည်းက ကျော်စံ၏ ရင်ထဲမှာ ထိတ်နှင့်ပြီ။ သို့သော် လာမည့်ဘေး ပြေးတွေ့ဆိုသလိုပင် ကျော်စံက ရေချိုးပြီးပြီးချင်း ဝန်ထောက်မင်းဆီသို့ ဖျာဖျာသလဲ ရောက်သွားမိ၏။

ဝန်ထောက်မင်းကို ခါတိုင်းလိုပင် စာရင်းစာအုပ်တွေနှင့် အလုပ်ရှုပ်၍ တွေ့ရသည်။

"လာဟေ့ ကျော်စံ၊ မင်းကို ညနေအတော်စောစောက ငါတစ်ခါ အခေါ်လွှတ်လိုက်သေးတယ်၊ မင်းအခုတလော စခန်းအပြန် အတော်နောက်ကျသားပဲ"

ဘာကြောင့်ရယ်ဟုမသိ၊ ဝန်ထောက်မင်း၏ တည်တည်ငြိမ်ငြိမ်စကားသံကြောင့် သူ့မှာ ကျောချမ်းသွားပါသည်။

"ဟုတ် .... ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်အကွက်ထဲက သစ်တွေ အခုတလော ချောင်းနဲ့ တော်တော်ဝေးသွားလို့ မိုးချုပ်ခံပြီး အလုပ်လုပ်နေရပါတယ်"

သူကမလုံမလဲ ဖြစ်နေမိသော်လည်း ရိုရိုသေသေပင် ပြန်ပြော၏။

"အေး .... အေး၊ ခုလို အလုပ်ကြိုးစားတယ်ဆိုတာ ကြားရလို့ ဆရာဝမ်းသာပါတယ်ကွယ်၊ ဒါပေမဲ့ မင်းကိုငါ အခေါ်ခိုင်းတဲ့ကိစ္စကတော့ ဒီအကြောင်းပြောဖို့မဟုတ်ဘူး၊ မင်းနဲ့ ဘသာတို့အကြောင်း နည်းနည်းထပ်ပြီး သတိပေးရအောင်လို့ပဲ"

ဘသာဟူသော အမည်ကို ကြားလိုက်ရပြီဆိုကတည်းက ကျော်စံမျက်နှာမှာ အထားရခက်သွား၏။ သူ့ရင်ထဲကလည်း ချက်ချင်း တဒိတ်ဒိတ် အခုန်မြန်လာ၏။

"တကယ်တော့ မင်းနဲ့ ဘသာ ဆင်သမားနှစ်ယောက်ရှိကြတဲ့ အထဲက မင်းကိုပဲ ငါက သတိပေးဖို့ အတော်များများရှိခဲ့တယ်၊ ဘာလို့လဲဆိုတော့ မင်းနဲ့



ဘသာဟာ မျက်နှာချင်းဆိုင်လိုက်တာနဲ့ တစ်ပြိုင်နက် ရန်ဖြစ်ကြဖို့အကြောင်းအလိုလိုပေါ်ရပြီ၊ အဲဒီပေါ်လာရတဲ့အကြောင်းကလည်း မင်းကြောင့်ပဲ ဖြစ်ရတယ်ဆိုတာ ဟိုတုန်းကတည်းက ငါသတိထားခဲ့မိလို့ပဲ"

ဝန်ထောက်မင်း၏စကားက ကျော်စံ၏ မျက်နှာကို ရတ်ခြည်းအေးအေးစက်စက် ဖြစ်သွားစေသည်။

"နောက်တစ်ခုက ဘသာက သူ့အပိုင်ဆင်နဲ့ တို့များဆီမှာလာပြီး အလုပ်လုပ် လုပ်ရတဲ့ ဆင်ပိုင်ဦးစီး၊ မင်းအနေကတော့ ငါတို့ရဲ့ အဖွဲ့ပိုင်ဆင်ကို အခကြေးငွေနဲ့စီးပြီး အလုပ်လုပ်ပေးရတဲ့လခစားဦးစီး၊ ဒီလိုကွာခြားချက် နှစ်ခုကြောင့်လည်း မင်းကိုယ်မင်း နာကြည်းပြီး ဘသာကို အမြဲရန်လိုနေတယ် ဆိုတာကတော့ မကောင်းပါဘူးကွာ"

"ဒီလိုတော့ မဟုတ်ရပါဘူးဆရာ၊ ဒီလို စွပ်စွဲတာကတော့ တစ်ဖက်သတ်ကျလွန်းပါတယ်"

ထိုစကားတစ်ခွန်းကြောင့် ကျော်စံမှာ အနာပေါ် တုတ်ကျဖြစ်သွားပုံရသည်။

ထို့ကြောင့်လည်း သူက ဝန်ထောက်မင်းအား မကြည့်စဖူး ရူးရူးရဲရဲကြည့်၍ ဝံ့ဝံ့စားစား ပြန်ပြောလိုက်ခြင်းဖြစ်၏။

အမှန်ဆိုရပါမူ သူ့အဖြစ်ကလည်း ဤသို့ပင် ထင်နိုင်စရာ အခြေအနေသို့ ဆိုက်ရောက်နေလေပြီတည်း။

ဝန်ထောက်မင်းက ကျော်စံကို တစ်ချက်ကြည့်၍ ပြုံးလိုက်သည်။

"ငါကအရမ်းစွပ်စွဲတာမဟုတ်ပါဘူးကျော်စံ၊ မင်းငါ့စကားကိုပဲ ဆုံးအောင် နားထောင်ပါဦး၊ မင်းက ငါဘာမှ မသိဘူးထင်ပြီး ဆင်သေကို ဆိတ်ရေနဲ့ ဖုံးတာမျိုးတော့မလုပ်ပါနဲ့ကွာ၊ ခု မင်းစီးနေတဲ့ မိပိုဦးစီး တင်မောင်က ဖျားနေလို့ အလုပ်ပြန်မလာနိုင်သေးဘူးဆိုတာ ဦးညိုနဲ့ မှာလိုက်လို့ ဦးညိုက တင်မောင်ကိစ္စလာပြောရင်း မင်းတို့နှစ်ယောက် ရာဇဝင်ကိုလည်း ငါ့ကိုအကုန်ပြောထားခဲ့ပြီ၊ မင်း ဦးညိုကို သိတယ်မဟုတ်လား၊ တလိုင်းချောင်းဖျားက သစ်ခုတ်သမားကြီး လေကွာ"

"ဟုတ် .... ဟုတ်ကဲ့၊ မသိပါဘူးဆရာ"

ဦးညိုဟူသော စကားသံကို ကြားကတည်းကပင် သူ့မျက်နှာတွင် ချွေးဆုတ်နေပြီးဖြစ်သော ကျော်စံက ထစ်ထစ်အအနှင့် တကယ်မသိသလို ဘူးကွယ်လိုက်သော သူ၏အဖြစ်ကို သဘောကျသဖြင့် ဝန်ထောက် ဦးထွန်းအောင်သည် မသိမသာပြုံးလိုက်သည်။

"အေး .... မင်းကသာမသိပေမဲ့ ဦးညိုကတော့ မင်းဦးကြီးဦးသာ့ဆီ မင်းအဖေတို့နဲ့ ဟိုတုန်းကတည်းက အလုပ်အတူလုပ်ဖူးသူမို့ မင်းနဲ့ဘသာတို့ ရာဇဝင်ကို ငါ့အကုန်ပြောထားခဲ့ပြီ၊ အမှတ် ဆယ့်သုံးထဲမှာ မင်းနဲ့ဘသာ ရန်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြတုန်းက ငါ့အမှတ်တမဲ့ ပြောလိုက်မိတဲ့ စကားဟာ ခုတော့ တကယ်မှန်နေတာ ကိုး ဘောထဲ တောင်ထဲမှာနေရတဲ့ တို့ပါးစပ်ကို နတ်စောင့်တယ်ဆိုတာ ဒါပဲထင် ပါရဲ့ကွာ ....၊ လက်စသတ်တော့ မင်းနဲ့ဘသာဟာ တကယ်ရည်စားလုဘက်၊ [illegible]ပြားရေးလုဘက်တွေကိုးကွ၊ မင်းကဘသာကို ရန်သူတစ်ယောက်အနေနဲ့ အမြဲ ရန်ဖြစ်ဖို့ကိုလည်း ဝန်လေးမှာ မဟုတ်ဘူးလို့လည်း ငါ့ကို ဦးညိုက ပြောခဲ့သေး တယ်"

ဝန်ထောက်မင်း၏ စကားအဆုံးတွင် ကျော်စံ၏ ရင်ညွန့်ကို အလုံးကြီး တစ်လုံးက ဒိန်းခနဲ ဝင်ဆောင့်လာသည်။

ဤအကြောင်းအရာတို့မှာ သူ့ရင်ထဲတွင် နှစ်ရှည်လများ သိုသိပ်ထားခဲ့ သော အဖြစ်သနစ်တစ်ခုသာဖြစ်သဖြင့် သူနှင့်ဘသာကလွဲလျှင် ဤစခန်း၌ မည်သူမျှ မသိသင့် မသိထိုက်သော ပြဿနာပင်။ ယခု သူတို့ကိစ္စရန်ငြိုးကို ဦးညိုကြောင့် ဝန်ထောက်မင်းကပါ သိသွားသောအခါ ဤအကြောင်းအရာနှင့် ပတ်သက်၍ နောက်ဆက်တွဲ သူ၏ ကြံစည်ထားချက်များကိုပါ ဝန်ထောက်မင်းက မိုးခိုးကြွက်လျှောက် သိသွားလေပြီလားဟုလည်း တွေးမိပြီး ကျော်စံမှာ တုန်လှုပ် သွားရသည်။

"ဒါပေမဲ့ ငါတစ်ခုပြောမယ်ကွ ငါ့ညီရ ...."

ဝန်ထောက်မင်း၏အသံမှာ ချက်ချင်းနူးညံ့လာသည်။

"လောကကြီးမှာ အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်ခြင်းဆိုတာမျိုးဟာ ဖြစ်တတ် တဲ့သဘာဝပဲ၊ တစ်နည်းပြောရရင် အသွင်သာကွဲပေမဲ့ အဓိပ္ပာယ်ချင်းကျတော့ အတူတူပဲကွ၊ စာစကားနဲ့ပြောကြစို့ဆိုရင်တော့ အရှုံးနဲ့အမြတ်ဟာ ရလဒ်အဖြေ ချင်း အတူတူပဲလို့ ဆိုလိုတာပါပဲ၊ အဘိဓမ္မာစကားပြောရရင်တော့ ပြည့်နေတဲ့ အိုးဝတစ်လုံးနဲ့ မှောက်ထားတဲ့အိုးတစ်လုံးရဲ့ ညီမျှခြင်းဥပမာပါပဲ၊ ပြည့်နေတဲ့အိုး ကို ရေထပ်ထည့်ရင် လျှံကျမယ်၊ မှောက်ထားတဲ့အိုးကို ရေလောင်းပေးရင်လည်း အိုးထဲပင်မှာမှမဟုတ်တာ လျှံကျရုံပေါ့။ အဲဒါကြောင့် မင်းကဘသာကို ဆင်ပိုင် ဦးစီး အနိုင်သမားတစ်ယောက်ဘဝမျိုးကို နာသာခံခက် အမျက်ထွက် ဖြစ်နေ မဲ့ အစား .... နောက်ပြီး သူများပြောစကားနဲ့ မရေမရာတာတွေကို တကယ် ယုံကြည်ပြီး ဒီဆင်မိုးလုံးဟာ အဖေအမွေပေးထားခဲ့တဲ့ ဆင်ဆိုပြီး ဘသာတို့ ပတ်ဝန်းကျင်ကို နာကြည်းရန်ရှာနေမဲ့အစား အလုပ်ကိုပဲ ကြိုးစားလုပ်ကိုင် သွားရင် မင်းဟာ ဆင်ပိုင်ဦးစီးတစ်ယောက်ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲကွ၊ အရှုံးထဲက အမြတ်ဆိုတာ ဒီလိုပဲ ရှာယူရတာပေါ့ ငါ့ညီရာ၊ ပြီးတော့ ဒေါ်သူဇာမပြောသလို ဒီဆင်မိုးလုံးကို မင်းအဖေက သူတို့ကို ရောင်း ထားခဲ့တယ်ဆိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်တဲ့ကိစ္စပဲကွ"

"ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဆရာ၊ ဦးကြီးတို့ ကိုယ်တိုင်က



ကျွန်တော့်ကို အတည့်အလင်းပြောခဲ့ဖူးပါတယ်၊ ဦးကြီးဆုံးပါးသွားလို့သာ ကျွန်တော် ဒီဘဝမျိုး ရောက်လာရတာပါဆရာ"

ကျော်စံ၏ ရုပ်သွင်နှင့် စကားသံတို့ကို ကြားမြင်နေရသဖြင့် စကားလွှဲ ပြောတော့မှ ဖြစ်တော့မည်ဆိုသည်ကို ဦးထွန်းအောင်မြင့်က ရုတ်ခြည်း သတိပြု လိုက်မိသည်။

အမှန်က ကျော်စံအား သူဤကဲ့သို့ ခေါ်ပြောရခြင်းမှာလည်း သူတို့နှစ် ယောက်အကြောင်းကို ဝန်ထောက်မင်းကပါ သိထားနှင့်ပြီဆိုလျှင် ကျော်စံသည် ဘသာအား နောက်ထပ်မသမာမှုတွေနှင့် ကြံစည်ရဲတော့မည် မဟုတ်ဟု ယူဆမိ သဖြင့် ခေါ်ပြောရခြင်းသာဖြစ်သည်။ ယခင် သုံးလေးရက်ခန့်က ကျော်စံအား ညကြီးမင်းကြီး သူ့ဆင်အနားမှာ တွေ့ရသည်။

"ဘာလာလုပ်သလဲ"ဟူသော ဘသာ၏အမေးကို သူက "အခင်းကြီး သွားရာက ပြန်လာတာပါ"ဟု တုန်တုန်ယင်ယင်နှင့် ပြောသည်ဟုဆိုသော ဘသာ ၏ တိုင်ကြားလာချက်ကို ဝန်ထောက်မင်းက ဥပက္ခာပြုထားခဲ့လေ၏။

ဘသာတိုင်၍ ကျော်စံအားခေါ်ပြီး သတိပေးရပြန်ပြီဆိုလျှင် ကျော်စံသည် ဘသာအပေါ်၌ ရန်ငြိုးဖွဲ့လာမည်ကို ဝန်ထောက်မင်းအနေနှင့် လုံးဝမလိုလား ပါချေ။ ထို့ကြောင့်လည်း ဦးညိုက ဘသာနှင့်ကျော်စံတို့၏ နောက်ကြောင်း ရာဇဝင်ကို ပြောပြခဲ့ပြီး သုံးလေးရက်အကြာ ယနေ့တွင်မှ ဝန်ထောက်မင်းက ကျော်စံအားခေါ်၍ အပြစ်များစွာကို လိမ္မာပါးနပ်စွာ တစ်ပေါင်းတည်း ပြောရ ခြင်း ဖြစ်လေသည်။

"ငါ့အနေကတော့ မင်းဟာ ဆင်ဦးစီးကောင်း တစ်ယောက်ဖြစ်သလို နှလုံး ရည်ပါ ကောင်းတဲ့ ယောကျ်ား ကောင်းတစ်ယောက်လည်း ဖြစ်စေချင်တာပဲ ငါ့ညီရာ ယောကျ်ားကောင်းတို့မည်သည်မှာ ကိုယ့်ချစ်သူအတွက် အစစအရာရာ ခွင့်လွှတ်ဖို့အသင့်ရှိကြတဲ့တယ်လို့ ဆရာတော့ယုံကြည်တယ်၊ မင်းတို့က ဆင်သမား ဆင်ဦးစီးဆိုတော့ တို့ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းကြည့်ကွာ၊ [illegible] သုဘဒ္ဒါအတွက် အသက်တောင် အသေခံပြီး အစွယ်ဖြတ်ပေးလိုက်တာလေ — ဘယ် ...."

ကျော်စံ၏ အသိခက်သော အပြုံးတစ်ချက်က ဦးထွန်းအောင်မြင့်၏ စကားကို ထစ်သွားစေသည်။

"မင်းကပြောမယ်၊ ကျွန်တော်ဟာ ဘုရားလောင်းမဟုတ်ပါဘူး[illegible] ယောကျ်ားဆိုတာ ဘုရားဆုပန်လို့ ပြောကြတာပဲကွ၊ မြို့ကြီးပြကြီး[illegible] ကိုယ့်မယား နောက်တစ်ယောက်နဲ့ လော်လည်နေတာကို လက်[illegible] ဖမ်းမိတာတောင် ဘာမှအပြစ်မယူ ရန်ငြိုးမထားဘဲ သေသေ[illegible] လိုက်ကြတဲ့အပြင် ကိုယ့်ချစ်သူ ကောင်းကောင်းမွန်မွန် [illegible]

www.burmeseclassic.com



ရေးအတွက် တိုက်တွေ ကားတွေပါ လက်ဖွဲ့လိုက်ကြသေးတယ်ကွ၊ သူတို့အဖြစ်နဲ့ဆိုရင် မင်းအဖြစ်က အများကြီးခွင့်လွှတ်ဖို့ကောင်းတယ်လို့ ငါထင်တယ်၊ မြသူဟာ မင်းနဲ့လက်ထပ်ပြီးခါမှ သစ္စာဖောက်သွားတာလည်း မဟုတ်ဘူး၊ ရည်စားတောင် ရေရေရာရာဖြစ်ကြသေးတာမဟုတ်ဘူး၊ ပြီး မိုးလုံးဟာလည်း မင်းအဖေက မင်းကို တိတိကျကျ စာချုပ်စာတမ်းတွေနဲ့ အမွေပေးထားခဲ့တာလည်း မဟုတ်ဘူး၊ ဒါကိုလည်း မင်းအသိပဲ"

ဝန်ထောက်မင်းက ကျော်စံ၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ရင်း ကျော်စံကျေနပ်သွားအောင် ဖျောင်းဖျ ပြောလေသည်။ ကျော်စံကမူ ခေါင်းကြီး အောက်စိုက်ထား၏။ ဘာမှပြန်မပြော၊ ဝန်ထောက်မင်းကပို၍ ဖျောင်းဖျ ပြောအားရှိလာသည်။

"ဒီကိစ္စတွေဟာ မင်းတို့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမို့ ငါ့အနေနဲ့ ဒီထက် ပြောလို့လည်း မကောင်းပါဘူး၊ ပြောလည်းမပြောချင်ပါဘူးကွာ၊ မလွှဲသာလို့သာ ပြောတယ်ရယ်လို့ပဲ သဘောထားပါနော်။ ငါနဲ့မင်းတို့နဲ့ ပတ်သက်နေတာကတော့ အလုပ်အကြောင်းပဲ၊ အလုပ်အကြောင်းကတော့ မင်းတို့ငါတို့က မပြောလို့မှ မရကြတာကလား၊ ဒီတော့ အခုလို မင်းတို့တစ်ယောက်နဲ့တစ်ယောက် အတုံ့အလှည့် ရန်ဖြစ်ဘက်ပြိုင်နေကြတဲ့ကြားထဲမှာ အလုပ်နဲ့ ပတ်သက် ထိခိုက်လာမယ့် အပြုအမူမျိုးကိုတော့ ရှောင်ကြဉ်ကြပါလို့ ငါသတိပေးချင်ပါတယ်။ အခု ဒီနေရာမှာ ဆယ့်ငါးရက် လဝက်လောက် အလုပ်လုပ်ပြီးသွားကြရင် ချောင်းဖျားအထက်ပိုင်းကို အလုပ်ပြောင်းလုပ်ကြဖို့ ဝန်ထောက်ကြီးဆီက အမိန့်စာကို စောင့်ရင်း အစီအစဉ်တွေ ခုပဲ ငါလုပ်နေတယ်၊ ချောင်းဖျားစခန်းရောက်သွားကြရင် မင်းနဲ့ဘသာနဲ့က ဘယ်လိုမှ ပတ်သက်စရာအကြောင်းမရှိကြတော့ဘူး၊ ဟိုစခန်းရောက်ရင် တွဲဖွဲ့ဇက်ခတ်စရာလည်း မရှိတော့ဘူး၊ ရှိရင်လည်း မင်းဘသာနဲ့မတွဲစေရဘူး စိတ်သာချ၊ ငါလုလဲပေးမယ်၊ ဝန်ထောက်ကြီးတို့ဆီက ဆင်အကူလည်းတောင်းထားတယ်၊ အဲဒါကြောင့် နောက်ထပ်အလုပ်ရက်ပျက်တွေ ဖြစ်လာအောင် အနှောင့်အယှက်တွေတော့ မပေးကြပါနဲ့လို့ နောက်ဆုံး မင်းကိုငါသတိ ခေါ်ပေး ရတာပဲကွ၊ နားပူတယ်လို့တော့ မထင်ပါနဲ့ ငါ့ညီရာ၊ ငါ့သဘောတော့ မင်းအသိပါကွာ"

ဝန်ထောက်မင်းက သူ့စကားကို ဤတွင် အဆုံးသတ်သည်။

ကျော်စံ၏ တစ်ကိုယ်လုံးမှာ ရေချိုးပြီးခါစပင် ဖြစ်လင့်ကစား ချွေးတွေ ပြန်၍ လူမှာ မောကျန်ရစ်သည်။

ထို့ကြောင့် သူ့ရင်ထဲမှာ ပို၍မြန်လာကာ များပြားရှုပ်ထွေးလှသော အကြောင်းအရာတို့ကလည်း ရုတ်ခြည်း တိုးဝေ့ဝင်လာကြပြန်၏။ စိတ်ထဲမှာ မူးနောက်နောက်ဖြစ်လာသည်။



ဘသာနှင့် ပတ်သက်၍ သူ၏ ကြံစည်ချက်များမှာ အကျိုးထက် အပြစ်တာ ပို၍ အလေးကဲလာခဲ့ရာ မကျေနပ်သော ဒေါသက သူ့ကိုယ်သူပြန်၍ အပြစ်တင်ရသည်ကလည်းပါ၏။

နှစ်ရှည်လများ သိုသိပ်လာခဲ့ရသောအကြောင်းအရာတစ်ခုကို လူသိခံလိုက်ရသောကြောင့် စံပြင်းစိတ်၊ ရှက်စိတ်ကလည်းပါသည်။ သိပင်သိစေဦးတော့၊ ထိုသိသောအကြောင်းအရာတို့သည် မှန်မှန်ကန်ကန်မှ ဖြစ်လာပါလေစ ဟူသော သံသယ စိတ်ဝေဒနာ တစ်ခုကလည်း ထပ်ဆင့်၍ သူ့ကို နှိပ်စက်လာပြန်သည်။

ထိုအခါ ဝန်ထောက်မင်း၏ သစ်တဲထဲက ထွက်လှမ်းလာသော ခြေလှမ်းတို့မှာ ဘယ်ဆီသို့ ရောက်နေနှင့်ပြီ ဆိုသည်ကိုပင် သတိမထားမိချေ။ ဝန်ထောက်မင်းကို ပြန်ပါရစေ၊ ပြန်ပါဦးမယ်ဟုပင် နှုတ်ဆက်ခဲ့ရဲ့လား ဆိုတာလည်း ယခုမှ တွေးမိသည်။ သို့သော် ....သူ့အတွေးသည် ချက်ချင်း လွင့်ပြေသွားရပြန်သည်။

"ဗို့ .... အင်း .... အင်း၊ အဲ .... ကောင်းလိုက်တဲ့အရက်၊ ဘယ်လူ့ဆီကသဲကွ ဟီး .... မို့တောင်မကျပါလား .... ဗို့ ...."

သူတို့ အရက်ဝိုင်းနားသို့ လျှောက်လာနေသော ကျော်စံ၏ မျက်နှာကို မြင်ရသဖြင့် ဘသာကတံတွေးကို ဖွီကနဲတစ်ချက် ပစ်ထွေးလိုက်၏။ ပြီးမှ မလုံ မလဲနှင့် စကားဆက်အဖြစ် အရက်ပြင်းလွန်း၍ မို့မကျကြောင်း ဥဒါန်းကျူး လိုက်သည်။

ဘသာက သူ့အားတမင်ရန်စမှန်း အတပ်သိသဖြင့် ကျော်စံမှာ ထောင်းကနဲ ဒေါသထွက်သွားသည်။

"ဟော .... ကျော်စံလာပါဟ၊ အမြည်းလေးဘာလေးပါရင် တို့ဝိုင်းမှာ လာပေါင်းပါဟ ...."

ကျော်စံနှင့် ရင်းနှီးသော လှသမားကြီး ဦးအထော်က ကျော်စံလျှောက် လာနေသည်ကို မြင်သဖြင့် လှမ်းခေါ်လိုက်၏။

ညနေပိုင်း အလုပ်သိမ်းချိန်ဖြစ်သဖြင့် အလုပ်သမားများမှာ ထုံးစံအတိုင်း ငါးယောက်တစ်စု၊ ခြောက်ယောက်တစ်စု ဝိုင်းဖွဲ့ကာ ဝါးကျည်တောက်ထောင်နှင့် အရက်သောက်နေကြသည်။

ဤသစ်တော ကြိုးဝိုင်းထဲတွင် တခြား စားနပ်ရိက္ခာတွေ ရှားပါးသော်လည်း တောအရက်မှာမူ ဖောခြင်း သောခြင်း ပေါလှသည်။ ထိုတောအရက်တွေမှာ သစ်တော ကြိုးဝိုင်းနှင့် နီးသောရွာများမှ တောင်ပေါ်သားအချို့က ဖွက်ချိုနှင့် လာရောင်းကြသော ချက်အရက်ပင် ဖြစ်လေသည်။

"သောက်ပါ့မျိုး ကျွန်တော်က ဦးမြတို့ဘက်မှာ ဝိုင်းရှိသေးတယ်ဗျ၊ သွားသောက်လိုက်ဦးမယ် ဦးအထော်"

www.burmeseclassic.com

www.burmeseclassic.com



လူသမားကြီး ဦးအထော်တို့ အရက်ဝိုင်းမှာ ဘသာတို့ဝိုင်းနှင့် ကပ်လျက် ဖြစ်သဖြင့် ကျော်စံက တမင် ရှောင်ထွက်သွားခြင်းဖြစ်သည်။

'အလွမ်းရယ်တဲ့ ဆယ့်နှစ်ထွေ၊
မူးလာရင် ပြေတန်ကောင်းမယ်လို့
ဝါးကျည်ညို၊ ရေတကောင်းမှာ
ကွယ် .... တို့ရယ်၊ စု .... စုပေါင်းလို့ဖြေ၊
အဟမ်း .... အဟမ်း .... မူးလို့သာဝေ
မပြေပါလား သည်အလွမ်း ...'
'နန်းမတော်ကြီး'
'ရှင့် .... မောင်မောင့်ဖျော့'
'ဝါး .... ဟား .... ဟား'

စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဘသာ၏ အသံကျယ်ကြီးနှင့်အတူ သူတို့ဝိုင်းမှ သူ့လူများက ဝါးလုံးကွဲ ရယ်မောလိုက်ကြသည်။

အမှန်အားဖြင့် ယခုလို မြူခိုးယှက်ဝေ ရွက်သစ်ဝေ၍ တောင်လေပွေ့ဝိုက် မိုးစရိုက်မိုးဦးသမယတွင် ဘသာကဇနီးသည် မြသူနှင့် သူ၏ ကလေးငယ်များကို လွမ်းဆွတ်သတိရသဖြင့် ရိုးရိုးသားသား တမ်းတလိုက်သော အသံပင်ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ဘသာအပေါ် အနှစ်နှစ်အလလက နာကြည်းလာခဲ့ရသူ ကျော်စံကတော့ သူ့ကို တမင် လှောင်ပြောင် ရယ်မောနေခြင်းသာဟု အတပ်စွဲ လိုက်သည်။

ထို့ကြောင့်လည်း သူက အံကြိတ်ကာ တက်တစ်ချက် ခေါက်လိုက်ပြီး "ပြေးလေဦးရွှေယုန်၊ နေကုန်မှ သိမယ်" ဟူသော အငြိုးနှင့် ဦးမြတ်ထိုသစ်တဲဘက်သို့ ထွက်လာ၏။ သို့သော်ဘသာ၏ အမင်္ဂလာအသံကြီးကမူ သူ၏နားထဲမှာ ပျားနသန်ကောင် တစ်ထောင်လောက် ဝင်ရောက် အော်မြည်နေကြသကဲ့သို့ပင် အခံရ ခက်တုန်းတည်း။

ယခုဆိုလျှင် ဘသာနှင့် သူတို့ကိစ္စက ရှင်းရှင်းလင်းလင်း ပြီးပြတ်သွားကြဖို့ အချိန်ကလည်း များများစားစားမရှိလှတော့ပေ။ ဝန်ထောက်မင်း၏ ပြောစကားအရဆိုလျှင် မကြာခင် စခန်းတစ်နေရာ ပြောင်းကြရဦးမည်။ အဆင်မသင့်၍ လူအုပ်ကွဲသွားချေက ခဲလေသမျှ သဲရေကျဖြစ်ရတော့မည်။ ထို့ကြောင့်လည်း ကျော်စံက မိမိသစ်တဲထဲသို့ ပြန်လာရာ လမ်းတစ်လျှောက်လုံး၌ ခလုတ်ထိထိ ဆူးငြိငြိ ဘသာ၏ ပျက်စီးရာပျက်စီးကြောင်းများကိုသာ အကွက်ချ တွက်ဆလာ ခဲ့လေသည်။

[၃]

ကိုးရပ်အုံ့မှိုင်း လျှပ်ပန်းဆိုင်း၍ ရစ်သိုင်းမကြည် မိုးရာသီ၏ အစသို့ရောက်ခဲ့ပြီ တစ်တောလုံးတစ်တောင်လုံးရှိ သစ်ပင်ကြီးငယ်တို့မှာ ပွင့်လှာဝတ်မှုန် အဆုံးအကင်း အရင့်အမှည့်တို့ဖြင့် ရှုတိုင်းဝေဆာနေတော့သည်။

မိုးလေးငါးကြိမ် ရွာသွန်းသွားပြီး ဖြစ်သဖြင့် တောမီးကျွမ်းထားသော မြေပြင်ပေါ်မှ မြေသင်းနံ့တို့ ကြိုင်ထလာချိန်မှာပင် စခန်းတစ်ခုထပ်ပြောင်းကြရမည့်ရက်ကလည်း ကျရောက်၍ လာခဲ့ပြန်လေသည်။

ထို့ကြောင့် သစ်တောကြိုးဝိုင်းတစ်ခုလုံး ပြောင်းရွှေ့ကြရတော့မည်ဖြစ် သဖြင့် အလုပ်သမားတွေမှာ လှုပ်လှုပ်ရွရွနှင့် ဆူညံနေကြသည်။ အချို့အလုပ် သမားတွေမှာ မိမိ၏ ပစ္စည်းပစ္စယများကို ထုပ်သူထုပ်၊ ပိုးသူပိုးနှင့် အလုပ်ရှုပ် နေကြသလို၊ တချို့ကလည်း အေးအေးဆေးဆေး စားသောက်ပြီးမှ စခန်းရွှေ့ ကြရမည်ဖြစ်သဖြင့် ဝါးကျည်တောက်များနှင့် စိမ်ပြေနပြေဝိုင်းဖွဲ့သောက်စား နေကြသူများကိုလည်း စခန်းသစ်တဲပတ်ဝန်းကျင်တွင် တွေ့မြင်နေရပေသည်။

ဤသို့သော အလုပ်သမားများကြားထဲတွင် တစ်စုံတစ်ခုသော ပြဿနာ ကြောင့် မကျေမနပ်ဖြစ်နေသော ဝန်ထောက်ဦးထွန်းအောင်မြင့်ကိုလည်း အခန်း ဝိုင်း တစ်ဖက်အစတွင် တွေ့နေကြရသည်။

အလုပ်သမားများမှာ မိမိတို့၏ ဝန်စည်စလယ်များကို တစ်နိုင်တ [illegible] ထမ်းရွက်သွားနိုင်ကြသော်လည်း ဝန်ထောက်ဦးထွန်းအောင်မြင့်နှင့် [illegible] ကား မိုးကာရွက်ဖျင်တဲ၊ အလုပ်စာအုပ်စာဖိုင်များအပြင် အလုပ်နှင့် [illegible] သော စားပွဲကုလားထိုင် တခြားဝန်စည်စလယ်များကလည်း [illegible] စခန်းရွှေ့ပြောင်းရာ၌ ဆင်အကူမပါလျှင် ဘယ်လိုမှ မပြောင်းနိုင် [illegible]

ထို့ကြောင့် စခန်းပြောင်းရွှေ့မည့် ဤနေ့တွင် ဝန်စည်စလ [illegible] ကို အဆင်သင့် ထုပ်ပိုးထားပြီးခါမှ ဆင်နှစ်ကောင်မှာ တစ်ကောင် [illegible] ပြောင်းရာသို့ လိုက်ပါနိုင်ခြင်းမရှိဟု ဘသာနှင့်ကျော်စံ ဆင်ဦး [illegible] လာပြီး သတင်းပေးသဖြင့် ဦးထွန်းအောင်မြင့်မှာ အကြီးအကျယ် [illegible] သည်။

www.burmeseclassic.com



"အေး …. အေး၊ ကောင်းကြပေါ့ကွာ၊ သိပ်ကောင်း .. သိပ်ကောင်း၊ မင်းတို့နှစ်ယောက် ငွါအလုပ်မှာ ဒီထက်ပိုပြီး အနှောက်အယှက်ပေးဖို့ကော နောက်ထပ်ရှိကြတော့ဘူးလား ဟင် …"

ဝန်ထောက်မင်းက ဒေါသနှင့် အော်လိုက်သောအခါ ကျော်စံမှာ ဦးခေါင်းကို ငိုက်စိုက်ချထားသည်။ ဘသာကတော့ အရှိသေဆုံးအမူအရာနှင့် ဝန်ထောက်မင်း၏ ရှေ့မြေပြင်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

"ကဲ … ဆိုစမ်းပါဦး၊ မင်းဆင်က ဘယ်လိုဖြစ်တာလဲ"

ဝန်ထောက်မင်းက ဘသာကို ဦးစွာ မေးငေါ့၍မေး၏။

"ကျွန်တော့်ဆင် မုန်တွေကျပြီး အနားကို ကပ်မရလောက်အောင် ကြမ်းနေပါတယ် ဝန်ထောက်မင်း"

ဘသာက ရုတ်တရက် မတ်တတ်ထရပ်၍ ရိုးကျိုးစွာ ပြော၏။

"နို့ ဒီနေ့ ဒီရက်မှာ စခန်းရွှေ့မယ်ဆိုတာကို သုံးလေးရက်ကတည်းက ကြိုတင်ပြောထားလျက်နဲ့ မင်း ကြပ်ကြပ်မတ်မတ်မကြည့်ဘူးလားကွ၊ ဒါမှမဟုတ်ရင်လည်း တစ်ရက်နှစ်ရက်အလိုက မုန်စ မုန်သွေးမြင်ရင် မင်းငါ့ကိုလာပြောပါလား၊ စခန်းပြောင်းဖို့ ရက်ရွှေ့တန် ရွှေ့ထားရမယ်၊ ခုတော့ အားလုံးစီစဉ်ပြီး ဒီနေ့မနက်ကျမှ ငါဘယ်လိုလုပ်ရတော့မှာလဲကွ၊ နို့မဟုတ်ရင် မင်းအဖေဝန်ထောက်ကြီးကို မင်းသွားပြီး သံတော်ဦးတင်မှာလား"

"ကျွန်တော်လည်းတော်တော့ကို ဂရုစိုက်ပါတယ် ဝန်ထောက်မင်း မနေ့သက ဒီအကောင်ကို စခန်းနားမှာသိပ်ပြီး သေသေချာချာကြည့်တုန်းကလည်း ဘာမုန်ရိပ် မုန်သွေးမှ မရှိဘဲ အခုမနက်ကျမှ ကောက်ရသလို မုန်တွေယိုလာပြီး အရက်နံ့တွေကလည်း ထောင်းထောင်းထလာတော့ ကျွန်တော်လည်း ဘယ်လိုမှ ထိန်းမရတော့ပါဘူး'

အမှန်က လိမ္မာယဉ်ပါးသော မိုးလုံးကြီး စခန်းဝိုင်းနားရောက်လာတိုင်း အရက်ဝိုင်းမှ လူတွေက သူ့တစ်ခွက် ငါတစ်ခွက်လှမ်းတိုက်လေ့ရှိကြသဖြင့် မိုးလုံးဆီက အရက်နံ့ရသည်ဆိုခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်ပါချေ။ သို့သော် မနေ့သနေက မုန်ရိပ်မုန်သွေးဆို၍ အငွေ့အသက်မျှ မမြင်ခဲ့ရဘဲ ယနေ့ မနက်ကျမှ ကောက်ရသလို ဖြစ်လာသည်ကိုတော့ ဘသာစိတ်ထဲက ထူးဆန်းသည်ဟု ထင်နေလေသည်။

'အေး …. သိပ်ကောင်းပေါ့ကွာ'

ဝန်ထောက်မင်းက ဘသာ၏မျက်နှာကို နောက်ထပ် လုံးဝမကြည့်ချင်လောက်အောင် စိတ်ပျက်ရသော ဒေါသနှင့်ရွှေ့တ်လိုက်သည်။

'ကျော်စံ၊ မင်းဆင်မ မိပိုကကော ဆိုစမ်းပါဦး'



'ကျွန်တော့် ဆင်မကလည်း ဒီလို'

'ဘာ …. မင်းဆင်မကလည်း မုန်ယိုနေတာပဲလား'

'မ ….မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်ဆင်မက ခြောင်မှုစူးတာပါခင်ဗျား၊ ဟိုတစ်နေ့ကတောင် ဆရာ့သစ်တဲထဲမှာ ကျွန်တော်မဲနယ်လာရှာသေးလို့ ဆရာက မေးတော့ ခြောင်မှုစူးနေတယ်ဆိုတာ ကျွန်တော်ပြောခဲ့သားပါဆရာ'

မှန်သည်။

ယခင် သုံးလေးရက်လောက်က သူ့ဆင်မမိပိုကို စခန်းနားတွင် လွှတ်ထားစဉ် ကြခတ်ရုံတောထဲ သွားတိုးလာသဖြင့် ခြေထောက်တစ်ဖက်မှာ ကြခတ်ဆူးစူး၍ အနာတရ ဖြစ်လာသည်ဟု ပြောပြီး ဝန်ထောက်မင်းရှိရာ သစ်တဲထဲတွင် ကျော်စံ မဲနယ်လာတောင်းသေး၏။

မဲနယ်လာတောင်းသော ကျော်စံအား ဝန်ထောက်မင်းသည် ထိုနေ့က ဘသာဆင်ကို အားကိုးနေသဖြင့် မည်သို့မျှပင် ပြစ်တင်စကားမဆိုမိခဲ့။ မိပို၏ ဒဏ်ရာအခြေအနေကိုပင် အနည်းအများမမေးလိုက်မိ၊ အပရိကသာ ထင်ခဲ့၏၊ ထို့ကြောင့်လည်း တခြားစကားများနှင့် စခန်းပြောင်းရတော့မည့် ရက်ကိုသာ အသိပေးခဲ့မိသည်။

ဤသည်တို့ကြောင့်လည်း ယနေ့ကိစ္စမှာ ကျော်စံ၌အပြစ်မရှိဟု ဝန်ထောက်မင်းကယူဆသည်။ သို့သော် ဖြစ်လိုဖြစ်ငြား ကျော်စံကိုလည်း ဝန်ထောက်မင်းက စကားတီးခေါက်ကြည့်ရပြန်သည်။

"ကြခတ်ဆူးလေးစူးတာနဲ့ မင်းဆင်ကို ဝန်တင်လို့တောင် မရပြန်ဘူးပေါ့'

ကြခတ်ဆူးစူးတာ အနာပြည်မှည့်နေလို့ မနေ့ကမှ ညှပ်သွင်းပြီး ကျွန်တော် ကြခတ်ဆူးကို ဓားနဲ့ ခွဲနှုတ်ထားတာပါ ဆရာ၊ မိပိုက ဘယ်လိုမှ လမ်းမလျှောက်နိုင်ပါဘူးခင်ဗျား"

"တောက်"

ပတ်ဝန်းကျင်ကို ပွဲတင်ထပ်သွားလေသလားဟုပင် ထင်လိုက်ရသော ဝန်ထောက်မင်း၏ မကျေမနပ် တက်ခေါက်သံကြောင့် အဖွဲ့ရှိ အလုပ်သမား အားလုံးတို့မှာ ချက်ချင်း တိတ်ဆိတ်သွားကြသည်။

ယခုပြောင်းရမည့်စခန်းမှာ ဝန်စည်စလယ်များကို ဆင်နှင့် မတင်လျှင် ဘယ်လိုမှမဖြစ်နိုင်သလို စခန်းပြောင်းရမည့် ဤနေ့ ဤရက်ကိုလည်း ကြိုတင်ကြေညာထားပြီးဖြစ်ရာ စခန်းဝိုင်း၏ အဖျားကျသော (၈) နှင့် (၉) မှ အလုပ်သမားများသည် နံနက် ဝေလီဝေလင်းအချိန်ကပင် ကိုယ့်အထုပ်ကိုယ်ထမ်း၍ အချို့ထွက်သွားနှင့်ကြပြီ။ ထိုအထဲတွင် ကြိုးဝိုင်းအစမှ ချောင်းခေါင်းကြီး ဦးထွန်းအုံပင် ပါသွားနှင့်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်မင်းတို့အဖွဲ့သည် ယနေ့အထက်စခန်းသို့အချိန်မီ ရောက်မည်ဟူ၍ အားလုံးအလုပ်သမားတွေမှာ ဖရိုဖရဲဖြစ်၍ နောက်တစ်နေ့ အလုပ်ခွင်ဝင်နိုင်ကြမည်မဟုတ်ပေ။ ပြီး ခြောင့်စူးနေသော ဆင်တစ်ကောင်အဖို့ အလုပ်နားရက်မှာ အနည်းဆုံး လေးငါးရက်ဖြစ်ပြီး မုန်ကျနေသော ဆင်ကိုမူ မုန်ရိပ်မုန်သွေးမပျောက်မချင်းဘယ်လိုမှ အလုပ်ခိုင်း၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် ထုတ်ပြီးပိုးပြီးဝန်စည်စလယ်များကို အထပ်ထပ်အခါခါတိုက်ကြည့်ပြီး ဝန်ထောက်မင်းမှာ ဆင်ဦးစီးနှစ်ယောက်အား အကြီးအကျယ်ဒေါပွနေလေသည်။

"ကဲ .... ဒါဖြင့် ဒီနေ့အဖို့တော့ ဒီပစ္စည်းတွေ ဒီနေရာက ဘယ်လိုမှ မရွေ့နိုင်တော့ဘူးပေါ့ကွာ၊ ဟုတ်ကဲ့လား"

ဆင်ဦးစီးနှစ်ယောက်ဖြစ်ကြသော ဘသာနှင့်ကျော်စံအား ဝန်ထောက်မင်းကထပ်၍ မေးခွန်းဆင့်လိုက်သောအခါ ဦးစီးနှစ်ယောက်မှာ ဘယ်လိုမှ ပြန်မပြောနိုင်ကြတော့ဘဲ ငိုင်နေကြသည်။

အတန်ကြာမှ ကျော်စံက ဝန်ထောက်မင်း၏ မျက်နှာကို မဝံ့မရဲမော့ကြည့်ပြီး ....

"ဒါပေမဲ့ ကျွန်တော်တစ်ခုတော့ အကြံပေးချင်ပါတယ်ဆရာ၊ ကျွန်တော့်ဆင်မိပိုက ဒဏ်ရာနဲ့မို့ ဘယ်လိုမှ မခိုင်းနိုင်ပေမဲ့ မုန်ကျနေတဲ့ မိုးလုံးကိုတော့ မုန်ကိုနိုင်အောင် ထိန်းပြီး ကြံဖန်စီးမယ်ဆိုယင် ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်ဆရာ"

ကျော်စံ၏စကားကြောင့် ဝန်ထောက်မင်း၏ မျက်နှာရုတ်ခြည်း ဝင်းလဲ့လာသော်လည်း ဘသာမှာမူ အရိုက်ကို အထိုးခံလိုက်ရသူလို ရှုံ့ရှုံ့ရှဲရှဲ ဖြစ်သွားလေသည်။

"ကျော်စံ .... မင်းဟာ ... လူတစ်ယောက်ကို မကောင်းရာမကောင်းကြောင်း ဖြစ်အောင်တော့ အမြဲကြံပြောတတ်တာပဲကွ၊ ဒီလိုမုန်ကျနေတဲ့ ဗွယ်ပြောင်ဆင်ပေါက်ကြီး တစ်ကောင်ကို ကြံဖန်ပြီး ခိုင်းနိုင်တယ်ဟုတ်လား၊ ဒီလိုခိုင်းနိုင်အောင် ဘယ်လိုဦးစီးက ဒီဆင်ကို စီးဝံ့ဦးမှာလဲကွ"

ဘသာက ကျော်စံ၏မျက်နှာကို ဝန်ထောက်မင်းရှေ့မှာ စွေစွေကြည့်၍ အော်လိုက်သည်။

"ဒါကတော့ ဖြစ်ပျက်နေတဲ့အခက်အခဲနဲ့ ဖြစ်နိုင်တဲ့လမ်းကို ကျုပ်က ပြောရတာပဲဗျ၊ ခင်ဗျားကို ဒီဆင်စီးပါလို့လည်း ကျုပ်ကပြောရသေးတာမဟုတ်ပါဘူး၊ ခင်ဗျားစီးပေးရမှာကြောက်တာနဲ့ပဲ ကျုပ်ကိုပြန်အော်အော်မနေပါနဲ့"

ကျော်စံကလည်း ဒေါသနှင့် ပြန်ပြောသည်။

"ကျုပ်ဆင်သာဆိုရင် ဒီလောက်မုန်ကို နိုင်အောင် စီးပြီး စခန်းရွှေ့ပေး



လိုက်မှာပဲ"

ကျော်စံက ဘသာ၏မျက်နှာကို လုံးဝမကြည့်ဘဲ သူ့ဘာသာသူပြောသလို ထပ်၍ ရွေက်လိုက်ပြန်သည်။

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်မိကြပြီဆိုလျှင် ဤသို့ပင် ကတောက်ကဆဖြစ်တတ်ကြသည်မို့ ဝန်ထောက်မင်းက ကြားဝင်လိုက်၏။

"နေပါဦးကွ၊ ကျော်စံရာ .... မိုးလုံးက မင်းပြောသလိုအခြေအနေမျိုးကော ရှိနိုင်လို့လား"

"ဟာ .... ရှိပြီလားဆရာ၊ ထူးပြတ်လောက်အောင် အနေဆိုးနေတဲ့ မုန်မျိုးမှမဟုတ်တာ၊ ဒီထက်ဆိုးနေတဲ့ အခြေအနေမျိုးမှာတောင် အကျပ်အတည်းနဲ့ ကြုံလာရင် ကြံဖန်စီးရသေးတာပဲ"

"အေး .... မင်းက ဒီနေရာကတင်ထိုင်ပြီး မဖြစ်နိုင်တဲ့ စကားတွေချည်း ကြုပ်ကြုပ်ပြောနေ၊ ငါတို့ တမနက်လုံး အမျိုးမျိုးကြံပြီး ပုခက်တင်နိုင်ဖို့ ကြိုးစားကြတာ ဆယ်ခါထက် မနည်းတော့ဘူး၊ အနားကို လုံးဝအကပ်မခံဘဲ လူကိုလှုံခြည်မြင်တာနဲ့ လိုက်လိုက်ထိုးနေလို့ ထူးတောင် နှာထပ် ခတ်ထားရတယ်ဆိုတာ မင်းမှ မသိတာ"

"ခတ်ခတ်ဗျာ၊ ဒီလိုဆင်မျိုး မုန်ကိုနိုင်အောင် စီးနိုင်ရင် ခိုင်းလို့ရလိုက်တာမှ ဟိုဘက်တောင် လွန်သေး၊ အခုဟာက အလုပ်လုပ်ဖို့မှမဟုတ်တာ၊ ပစ္စည်းသယ်ရုံလောက်တွင်ပဲဟာ"

အမှန်ဆိုရမူ၊ ဤလိုအကျပ်အတည်းမျိုးတွင် ကျော်စံသည် အလွန်အားကိုးထိုက်သော ဆင်ဦးစီးကောင်းတစ်ယောက်ဖြစ်သည်ကို ဝန်ထောက်မင်းက ကောင်းစွာ သိထားသူဖြစ်သည်။ အခြေအနေမှာလည်း ဤဆင်တစ်ကောင်နှင့် ဤဆင်သမားနှစ်ယောက်သာရှိသဖြင့် ဝန်ထောက်မင်းက ဖြစ်နိုင်၏ မဖြစ်နိုင်၏ဆိုသည်ကို ကျော်စံအား ထပ်၍ မေးခွန်းထုတ်လိုက်၏။

"ကဲ ... ငါတစ်ခုမေးမယ်ကွာကျော်စံ၊ တကယ်လို့ ဘသာက စီးခွင့်ပေးမယ်ဆိုရင် မိုးလုံးကို မင်းစီးပေးဝံ့မှာလား"

"ဒါကတော့ သူ့ဆင်မှ သူမစီးရဲဘူးဆိုရင် ကျွန်တော်ပဲ စီးပေးရမှာပေါ့ဆရာ၊ ခုဟာက အကျပ်အတည်းနဲ့ ရင်ဆိုင်နေကြရပြီပဲ"

ကျော်စံက သွက်သွက်လက်လက်ပင် ဖြေလိုက်သည်။

ဘသာမှာမူ မျက်နှာပျက်နေလေပြီ။

"ကဲ ....ကောင်းပြီ၊ ဘသာ မင်းကကော ကျော်စံက စီးပေးပါမယ်ဆိုရင် မိုးလုံးကို စီးခွင့်ပြုနိုင်ပါ့မလား"

"ဒီလိုစီးပေးမဲ့ လူက စီးပေးဝံ့တယ်ဆိုနေမှ ကျွန်တော်က အခွင့်မပေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာမရှိပါဘူး ဝန်ထောက်မင်း၊ ဒါပေမဲ့ ဒီကောင့်လက်ထဲ ဆင်တစ်ကောင်လုံး အပ်လိုက်ရမှာကိုတော့ ကျွန်တော်သဘောမတူနိုင်ဘူး၊ သူနဲ့အတူ ကျွန်တော်လည်းလိုက်ပါရမှဖြစ်မယ်'

မိုးလုံးကို ကျော်စံနှင့်လွှတ်ပေးလိုက်ပါက ကျော်စံသည် ဉာဏ်နီ ဉာဏ်နက်ဆင်ကာ မိုးလုံးအား ရိုးမထဲ လွှတ်ပေးလိုက်ပါက သူ့မှာ ဆင်တစ်ကောင်လုံး ဆုံးရှုံးရပေမည်။

"မှန်သိပ်ကျလာလို့ ကျုပ်ကိုပါ ကိုယ်ပေါ်ကခါချပစ်ခဲ့ပြီး တောထဲထွက်ပြေးသွားတာဗျ"ဟု ကျော်စံက ဆင်ခြေပေးလျှင် မည်သို့မျှမတတ်နိုင်ပေ။ ထို့ကြောင့်လည်း သူက ဆင်နှင့်တပါတည်း လိုက်ရမှ ခွင့်ပြုနိုင်မည်ဟု အကျပ်ကိုင်လိုက်သည်။

"ဟာ .... ဒါကတော့ ခင်ဗျားမလိုက်လို့ ဘယ်ဖြစ်မလဲဗျ၊ ကျုပ်က ခင်ဗျားဆင်ကို ကြံကြံဖန်ဖန်စီးပြီး အလုပ်လုပ်ပေးနေမှတော့ ခင်ဗျားက ဒီမှာတွင် သက်သက်ကျန်နေရစ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်ကလည်း ခင်ဗျားပါပါမှ ခင်ဗျားဆင်ကိုစီးရဲမှာ"

ဘသာက ကပ်သည်ကို ကျော်စံက တမင်ပြန်ကော်လိုက်ခြင်းဖြစ်၏။

အမှန်တော့ ကျော်စံသည် သူကြံစည်ထားသော စည်းဝိုင်းအကွက်ထဲသို့ ဘသာဝင်လာနေပြီဆိုသည်ကို အတပ်သိနှင့်နေပြီမို့ ပို၍ သေချာသွားအောင် ထပ်ပြီး ဆွဲသွင်းလိုက်ခြင်းပင်တည်း။

"ကဲ ....ဒါဖြင့် မင်းတို့အလုပ်သမားအချို့နဲ့ ဆင်ကိုပဲအလျင် သွားကြည့်ကြပါဦး၊ ပုခက်တင်လို့ ရပြီဆိုရင် ဒီကိုစီးချလာခဲ့၊ သတိဝီရိယနဲ့လည်း လုပ်ကြကွနော်"

"ဟုတ်ကဲ့ပါဆရာ စိတ်ချပါ"

ဝန်ထောက် ဦးထွန်းအောင်မြင့်က အစီအစဉ်ပြောပြလိုက်ပြီးဖြစ်သဖြင့် ကျော်စံ၊ ဘသာနှင့် အလုပ်သမားအချို့သည် မိုးလုံးရှိရာသို့ စုရုံး၍ ထွက်လာကြလေသည်။

■

[ ၄ ]

မိုးလုံးရှိရာစခန်းဝိုင်းအစနားသို့ ရောက်လာကြသောအခါ ဘသာတစ်ယောက်ပါ မလာတော့ချေ။ လမ်းခုလတ်တွင် ပျောက်ကျန်နေခဲ့သော ဘသာကို ကျော်စံ စိတ်ထဲက ကျိန်ဆဲနေ၏။ ဤသို့ အကျပ်အတည်းကို ရင်ဆိုင်ရမှာစိုး၍ တမင်ရှောင်တိမ်းသွားလေသလားဟု သံသယ ဝင်သွားခဲ့သည်။ သို့သော် ဘသာ မပါလျှင်လည်း သူ့အစီအစဉ်ကို သူကဆက်လက်လုပ်ရန် စိုင်းပြင်း လိုက်လေတော့သည်။

ကျော်စံသည် သူကိုင်နေကျ ချွန်းရှည်အစား အလုပ်သမားများထံမှ ရှာဖွေငှားရမ်းလာခဲ့သော တောသုံးဓားမြှောင်နှစ်လက်ကို ပုဆိုးဟောင်းတစ်ထည်နှင့် သူ့ခါးတွင် နာနာစည်းကာ မိုးလုံးရှိရာသို့ တစ်လှမ်းချင်း လှမ်းလာလေသည်။

မိုးလုံးမှာ ရိုးရိုးသားသား အချိန်အခါမျိုးတွင် အလွန်သဘောကောင်းလိမ္မာသော သတ္တဝါကြီးပင်ဖြစ်သော်လည်း ယခုအခါ မုန်စိတ်မုန်သွေး ကြွနေသဖြင့် အတော်ဆိုးသွမ်းနေကြောင်း အကဲခတ်မိသည်။ သူ့နှာမောင်းနှင့် လက်လှမ်းမီသော အရာဝတ္ထုအားလုံးကို ချိုးဖဲ့နှင်းခြေထားသည်မှာ သူ့ပတ်ဝန်းကျင်၌ ရစရာ မရှိလောက်အောင် ကြိုးပွဲကြေမွနေလေသည်။

ခပ်လှမ်းလှမ်းတွင် မိုးလုံး လက်ချက်ပင် ဖြစ်ဟန်တူသော သစ်သားပုခက်တစ်ခုမှာလည်း တုံးလုံးပက်လက်နှင့် စောင်ထိုးမိုးမျှော်ဖြစ်နေလေသည်။ အကယ်၍သာ နောက်ခြေနှစ်ဖက်စလုံး မျှောကွင်း ဖူးလည်စည်းပြီး ကြိုးကြီးလေးငါးပင်နှင့် လူတစ်ဖက်ခန့်ရှိသော သစ်ပင်တွင် ချည်နှောင် တည်းထားခြင်းမပြုပါက ကျော်စံတို့လူအုပ်ကို မြင်သည်နှင့်တစ်ပြိုင်နက် ထိုးသတ်ရန်လိုက်လာမည်မှာ မုချပင်တည်း။

မကြာခင်ပင် လမ်းတစ်ဝက်တွင် ပျောက်ကျန်ရစ်ခဲ့သော ဘသာသည် မိုးလုံးအနားရောက်လာပြီးဖြစ်သဖြင့် ကျော်စံသည် အလုပ်သမားများဘေးသို့ ရှဲစေလိုက်သည်။ သူကတော့ မိုးလုံးရှေ့တွင် တစ်ယောက်တည်း သွားရပ်နေလိုက်၏။

ဘသာမှာ မိမိဆင်ပင်ဖြစ်သော်လည်း ယခုလိုအခြေအနေမျိုးတွင် မိုးလုံး

www.burmeseclassic.com

www.burmeseclassic.com



အနားကိုပင် ရဲရဲဝံ့ဝံ့ မသီရဲသေးသဖြင့် ကျော်စံနှင့်မိုးလုံးကိုသာ မနီးမဝေးမှ အကဲခတ်ကြည့်နေ၏။

ကျော်စံသည် မိုးလုံး၏အရိပ်အခြည်ကို ခဏသာအကဲခတ်နေပြီး မိုးလုံးအနားသို့ ချက်ချင်း တိုးကပ်သွားသည်။

ကျော်စံသူ့အနားချဉ်းကပ်လာသည်နှင့် တစ်ပြိုင်နက် မိုးလုံးသည် ထူးကြိုးတစ်ဆုံးပြေးလိုက်လာပြီး နှာမောင်းတယမ်းယမ်းနှင့် ကျော်စံကို ဖမ်းဆွဲရန်ကြိုးစားလေသည်။ သို့သော် ကျော်စံကလည်း ဝဲ၍လာသောမိုးလုံး၏ နှာမောင်းနှင့်သူ့ကိုယ်လုံးကို မရိုက်မိအောင် ပါးနပ်လိမ္မာစွာပင် ရှောင်တိမ်း ကွေ့လှည့်ပတ်ပြေးနေရ၏။ သူ့ကိုယ်လုံးကို မိုးလုံး၏ နှာမောင်းနှင့် လွတ်အောင် ရှောင်ပြေးရင်းက ကျော်စံသည် မိုးလုံးအား ဦးစွာအသံပေးလိုက်သည်။

"ဟဲ့ကောင်ကြီး၊ ကောင်ကြီးနော်၊ မိုးလုံး မိုးလုံး၊ ဒီကောင်ကြီးဟာလေ၊ ဟဲ့ကောင်ကြီးနော်"

တစ်ဦးနှင့်တစ်ဦး ရန်သူပမာ စိန်ပြေးတမ်း ကစားနေကြရာမှ ကျော်စံ၏အသံကို ရုတ်တရက်ကြားလိုက်ရသောအခါ မိုးလုံး၏ ခြေလှမ်းနှင့်တယမ်းယမ်းလိုက်ဖမ်းနေသော နှာမောင်းတို့မှာ ရပ်ခြည်းတုံ့ဆိုင်းသွားကြသည်။ ပြီး ... ဝန်းပြောက်များ သီးထနေသော နားရွက်ကြီးနှစ်ဖက်ကလည်း ရှေ့သို့ ယိမ်းကျလာလေ၏။

မိုးလုံး ယခုလိုဆိုးသွမ်းလာလျှင် ငယ်စဉ်ကပင် သူ့အား ကျော်စံက ဤသို့ချော့မြူ ချွေးသိပ်ပေးတတ်သော အသံကိုကြားရသဖြင့် မိုးလုံးမှာ တွေဝေသွားပုံရ၏။ ဤအသံရှင်နှင့် သူ့လက်ဦးသခင်ကို မကြားရ မမြင်ရသည်မှာ ကာလသုံးလေးနှစ် ကြာခဲ့ပြီးဖြစ်သဖြင့် အသံရှင်ကို တောင့်တောင့်တတလည်း ဖြစ်နေပုံရလေသည်။

ငယ်စဉ်ကပင် သူ့အားဘဝင်ခိုက်လောက်အောင် ချော့မြူချွေးသိပ်ပေးတတ်သော သူ့သခင်ရင်း၏ အသံကို ယခုယနေ့မှ ပြန်လည်ကြားရသောအခါ မိုးလုံးမှာ ချက်ချင်းငြိမ်ကျသွားပြီး ကျော်စံအား ဗူးစမ်းသော အကြည့်နှင့်လည်း စိုက်ကြည့်နေလေသည်။

ဤစက္ကန့်ပိုင်းမှာ သူ့အတွက် အလွန်အရေးကြီးသော အခွင့်ကောင်းဖြစ်သဖြင့် ကျော်စံသည် "ဟေ့ကောင်ကြီး .... မိုးလုံးနော် ....ကောင်ကြီး" ဟု အသံပြုပြီး ရှေ့သို့ ရဲရဲဝံ့ဝံ့ပင် ပြေးကပ်သွားသည်။ စက္ကန့်ပိုင်းအတွင်း၌ပင် ရှေ့သို့ယမ်းလာသော မိုးလုံး၏ နှာမောင်းဖျားတွင် ကျော်စံက တွယ်ချိတ်ပါသွားလေ၏။

"ဟယ်"ခနဲဖြစ်သွားကြသော ဘသာနှင့် အလုပ်သမားများ၏ အထိတ်



တလန့်ရဲ့သွားကြသံနှင့်အတူ မိုးလုံး၏ "ကျည်"ခနဲ တစ်ချက် အော်လိုက်သံတို့ကလည်း ပတ်ဝန်းကျင်ကို ချက်ချင်းတုန်လှုပ်ချောက်ချားသွားစေသည်။

ကျော်စံသည် သူ့ခါးကြားတွင် ဝှက်ယူလာသော ဓားမြှောင်တစ်လက်ကို အသုံးချလိုက်ပြီးဖြစ်၏။ လေထဲတွင် ယမ်းခါနေသော မိုးလုံး၏ နှာမောင်းပေါ်တွင် ခဏသာ ယီးလေးခိုနေပြီး ကျော်စံ၏ခြေထောက်နှစ်ဖက်က မိုးလုံး၏ အစွယ်ရင်းနှစ်ဖက်ပေါ်သို့ ချက်ချင်းကျရောက်သွားပြန်သည်၊ ထိုမှတစ်ဆင့် ကျော်စံသည် မျောက်လွှဲကျော် တစ်ကောင်၏ ပေါ့ပါးလျင်မြန်မှု အရှိန်နှင့် မိုးလုံး၏ ဦးကင်းထိပ်သို့ ခဏချင်းပင် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားလေသည်။

ကျော်စံ၏ ခါးကြားမှ ဒုတိယဓားမြှောင်တလက်ကမိုးလုံး၏ ဦးကင်းထိပ်တစ်ဖက်ကို စိုက်စိုက်မတ်မတ် စူးဝင်သွားပြန်သောအခါ မိုးလုံးမှာ တစ်တောလုံးတစ်တောင်လုံး ပွဲတင်ထပ်သွားအောင် လန့်အော်ပစ်လိုက်လေသည်။

သူ့ဦးကင်းထိပ်ပေါ်သို့ ရောက်နေသော ကျော်စံအား မြေပြင်သို့ အကြိမ်ကြိမ်ခါချပြီး နင်းသတ်ရန် ကြိုးစားနေ၏။ သို့သော် ဦးကင်းထိပ်တွင် ဓားမြှောင်နှစ်လက်၏ အရိုးကို မြဲမြဲဆုပ်ကိုင်ကာ သူ့နားရွက်ရင်းနှစ်ဖက်ကိုလည်း တဆတ်ဆတ်ကန်ပြီး ကျော်စံက အမိန့်ပေးနေသဖြင့် မိုးလုံးမှာ ဘယ်လိုမှ ရန်ရှာခြင်း မပြုနိုင်တော့ပေ။

သူ့အား ကောင်းစွာချုပ်ကိုင်နိုင်ပြီဖြစ်သော သခင်ဦးစီးသည် ယခုအခါ သူ့ခေါင်းပေါ်သို့ ရောက်နေလေပြီဟူသော အသိကြောင့် မုန်ရိုင်းမုန်သွေးများပင် အနည်းငယ် လျော့ကျသွားလေသည်။

"ကဲ .... ထူးအားလုံး ဖြုတ်ပေးကြပါဗျို့"

ဆင်ပေါ်ထက်မှ ကျော်စံက လှမ်းအော်ပြောလိုက်သံကြောင့် ရင်သပ်ရှုမော အံ့သြတကြီး ဖြစ်နေကြသော အလုပ်သမားများမှာ မဆီမဆိုင်ပါပဲနှင့် ထိတ်ထိတ်လန့်လန့်ဖြစ်ပြီး နောက်သို့ ရုတ်တရက် ရှဲသွားကြပြန်သည်။

ဘသာမှာတော့ မိမိပိုင်ဆင်ဖြစ်နေသဖြင့် ကျော်စံ၏ အမိန့်အတိုင်း မဝံ့မရဲနှင့် မိုးလုံး၏ ထူးကြိုးသုံးလေးစုံကို ဖြုတ်ပေးလိုက်ရ၏။

လူဆယ်ယောက်လောက် အကူအညီကိုယူကာ ပုခက်တင်နိုင်ရန် သူက ကစ်မနက်လုံး ကြိုးစားခဲ့ သော်လည်း အချည်းနှီးပင် ဖြစ်ခဲ့ရသော မိုးလုံးအား ယခုအခါ ကျော်စံသည် တခဏမျှအချိန်တိုကလေး၌ ပုခက်တင်နိုင်လောက်သော အခြေအနေကို ဖန်တီး ပြုလုပ်သွားနိုင်သဖြင့် ဘသာမှာ သူ့မျက်စိကိုပင် သူမယုံချင်သလို အလွန်အမင်း အံ့သြသွားမိသည်။

ကျော်စံတွင် ဆေးကောင်း ဝါးကောင်း အဆောင်အစွဲတစ်ခုခုပင် ပါလေသလားဟု သူ့စိတ်ထဲကတွေးနေ၏။ သို့မဟုတ်လျှင်လည်း ကျော်စံအားမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းမှာ ဝင်ပူးလုပ်ကိုင်ပေးလိုက်သဖြင့် ယခုလို အောင်မြင်နိုင်ခြင်းပေလားဟု ဘသာစိတ်ထဲက စနောင့်စနင်း ဖြစ်ရပြန်သည်။

ထို့ကြောင့်လည်း သူသည် ကျော်စံ၏ မျက်နှာကို ဆက်ခနဲ မော့ကြည့်လိုက်၏။ အဆီများပြန်ပြီး မသိမသာ အံကြိတ်ထားသော ကျော်စံမျက်နှာကို မြင်လိုက်ရသည့်အခါ ဖျင်ကြမ်း တိုက်ပုံအကျီနှင့် ဝှက်ယူလာသော သူ့ခါးကြားထဲက အရာဝတ္ထုတစ်ခုကို ချက်ချင်း ယောင်ယောင်မှားမှား စမ်းကိုင်မိသွားလေသည်။

"ကဲ .... ပခက် တင်ကြရအောင်ဗျို့"

"ဟွဲ ကောင်ကြီးနော် ... ဟောင် .... ဟောင်'

"နောက်ဖျောစမ်း ....၊ နောက်ဖျောစမ်း"

"မက်မက် ....၊ မက် .... မက်"

ကျော်စံ၏ ဆင်ရောလူပါ ရောပြောသော အမိန့်သံကြောင့် ဘသာနှင့်တကွ အလုပ်သမားအားလုံးမှာ ချက်ချင်းလှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။

မကြာခင်ပင် ကျော်စံသည် ကကြိုးပခက်အစုံအလင်တင်ပြီးသွားသော မိုးလုံးကို ဝန်ထောက်မင်းရှိရာ သစ်တဲသို့ ငြိမ့်ငြိမ့်သာသာ စီးချလာနိုင်ခဲ့လေသည်။

လူဆယ်ယောက်လောက် အကူအညီနှင့် တစ်မနက်လုံး ပခက်တင်နိုင်ရန် ကြိုးစားခဲ့သော်လည်း ဘယ်လိုမှ ပခက်မတင်နိုင်ခဲ့သော မိုးလုံးအား ယခုအခါ ကျော်စံက အချိန်တိုကလေးအတွင်းတွင် ပခက်တင်လာခဲ့သဖြင့် ဘသာမှာ ဝန်ထောက်မင်းရှေ့၌ မျက်နှာမထားတတ်အောင်ရှက်နေလေသည်။ ထို့ကြောင့်လည်း ဝန်စည်စလယ်များကို ပခက်ပေါ် ကူတင်ပေးနေရစဉ် သူက ဝန်ထောက်မင်း၏ မျက်နှာကို လုံးဝမကြည့်ဘဲ ကျော်စံကိုသာ မသိမသာ အကဲခတ်နေသည်။

သူအရှက်ကြီးနေပြီဆိုသည်ကို ဝန်ထောက်မင်းကလည်း သိထားပြီးဖြစ်သဖြင့် မိုးလုံးနှင့် ပတ်သက်သော စကားများကို ဘာမှမပြောတော့ဘဲ သူလုပ်စရာရှိသည်များကိုသာ ဆက်လုပ်နေလေသည်။

"ဆရာ ဝန်စည်စလယ်တွေလည်း တင်ပြီးသွားပြီ ကျုပ်တော်တို့ရှေ့က သွားနှင့်ပါ့မယ်"

"အေး ... အေး ... သတိဝီရိယလည်း အမြဲရှိကြပါကွာ၊ ဘသာ မင်းဆင်ကို အစိုပ်အခြည် အမြဲကြည့်သွားနော်၊ ကျော်စံက သူ့ဆင်မဟုတ်တော့ မင်းလောက် အရိပ်အခြည် ထင်ချင်မှထင်မှာ၊ သွား .... သွားကြ"

ဝန်ထောက်မင်း၏ စကားအဆုံးမှာ ကျော်စံက မိုးလုံးကို တငြိမ့်ငြိမ့် စီးချသွားသည်။ ကျော်စံအောက် မိုးလုံးဘေးတွင် ဘသာကကပ်၍ပါသွားသည်။

"ကဲ .... တင်မောင်ညွန့်၊ မင်းနဲ့လှရွှေက မိပိုကို စောင့်ရှောက်ပြီး ကျန်နေ



ခဲ့ကြဦး၊ အထက်စခန်းရောက်ရင် ကျော်စံကို မနက်ဖြန်ခါ ငါပြန်လွှတ်လိုက်မယ်၊ မိပို လမ်းလျှောက်နိုင်တဲ့အခြေအနေရှိရင် ဒီမှာကြာကြာမနေကြနဲ့နော်၊ ကျော်သာဦးလဲ ငါထပ်ပြီးမှာလိုက်ဦးမယ်၊ တစ်ရက်နှစ်ရက်အတွင်းမှာ ရွှေ့လာနိုင်အောင် ကြိုးစားကြ၊ ပြီးတော့ တောခေါင်းကြီး ဦးပန်းမောင်ကိုလည်း တို့ဒီနေ့ စခန်းပြောင်း ဖြစ်သွားပြီဆိုတာ သွားပြောလိုက်ကြဦး"

"ဟုတ်ကဲ့ဆရာ"

"ကဲ .... မောင်လှဝေ ကျန်တဲ့အလုပ်သမားအားလုံး သွားကြမယ် ဗျို့ ... ဟစ်လိုက်ကွာ၊ ခုလောက်ဆိုရင် ကျော်စံတို့တောင် ကြိုးဝိုင်းအစ ရောက်သွားရောပေါ့"

ဝန်ထောက် ဦးထွန်းအောင်မြင့်က မှာစရာရှိသည်များကို မှာထားခဲ့ပြီး ကျန်အလုပ်သမားများကို ဆော်ဩကာ ဘသာနှင့် ကျော်စံတို့နောက်သို့ လိုက်လာကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ခေန်းဝိုင်းထဲမှ လွန်လာကြသောအခါ ကျော်စံသည် မိုးလုံးအား သွက်သွားအောင် ခပ်ကြမ်းကြမ်းပင် စီးပစ်လိုက်သည်။ မုန်ရိုင်းမုန်သွေးဝင်နေသော ဆင်တစ်ကောင်အနေနှင့် ဘယ်လိုမှမသွားလို မလာလိုသော ချောင်းကူး မြောင်းကူးကလေးများကိုလည်း သွားရလာရ ခက်ပေ့ဆိုသည့်နေရာများမှ ဖြတ်ကူး စီးချသွားသည်။

"ဟဲ့ကောင် ကျော်စံ ဖြည်းဖြည်းစီးပါကွ၊ နောက်က ပြေးလိုက်ရတဲ့လူက သေတော့မယ်"

မမီမကမ်းနှင့် နောက်မှ ပြေးလိုက်လာသော ဘသာက ကျော်စံအား လှမ်းအော်တား၏။

"နောက်ကျရတဲ့ကြားထဲ ဖြည်းဖြည်းစီးသွားနေလို့ရမလားဗျ၊ မိုးဖွားကွေတောင် ကျလာပြန်ပြီ၊ အတော်ကြာ လမ်းမှာမိုးမိလို့ ခင်ဗျားအကောင်ကြီးကို ထိန်းမရဖြစ်လာရင်၊ ဟဲ့ကောင်ကြီးနော် ....ဆိုနေ"

ကျော်စံက ဘသာအား လှည့်၍မျှပင်မကြည့်ဘဲ ဆင်ကို ခက်ခက်ခဲခဲ ထိန်း နေရသလိုပြန်အော်ပြော၏။

အမှန်က မိုးအေးလျှင် မုန်ရိုင်မုန်သွေး ပြယ်ငြိမ်သွားမှာစိုးသဖြင့် ကျော်စံက မိုးလုံးအား မာန်သွင်းပေးနေခြင်းသာဖြစ်သည်။

ဓားတန်းလန်းနှင့် ခရီးကြမ်းနှင်နေရသော မိုးလုံးမှာ စိတ်တိုစပြုလာပြီဆိုသည်ကိုသိလေ ကျော်စံက မိုးလုံးစိတ်ကို ဆွပေးလေပင်တည်း။

အတန်ကြာသွားမိသောအခါ ရှေ့မှ လမ်းခွဲတစ်ခုပေါ်လာသဖြင့် ကျော်စံသည် သွားရိုးသွားစဉ်လမ်းမှ ဖယ်ခွာ၍ တစ်ဖက်သော လမ်းမြောင်ထဲသို့ စွပ်ဝင်သွား၏။

"ဟေ့ကောင်အဲဒီလမ်းမဟုတ်ဘူးကွ၊ ညာဘက်ကလမ်းခွဲပါဟ၊ ဘယ့်နှယ်ဘယ့်နှယ် ရွှံ့ချောင်းဘက် လှည့်ဝင်သွားတာလဲ"

လမ်းမှားဘက် ဝင်သွားသော ကျော်စံအား ဘသာကနောက်မှ လှမ်းအော်သည်။

"ကျုပ်ကမှ ဒီဘက်မသွားဖူးတာ၊ ဆင်သွားလမ်း ထင်လို့ပေါ့ဗျ၊ ခင်ဗျား



ရှေ့က လမ်းပြပါလား'

အမှန်က ကျော်စံသည် သိလျက်နှင့်ပင် တမင်လမ်းမှားထဲ ဝင်သွားခြင်းသာဖြစ်၏။ လမ်းမှားဝင်သွားသော ကျော်စံက မိုးလုံးကို မာန်သွင်းပြီး လမ်းမြောင်ထဲမှ ပြန်လှည့်ထွက်လာသောအခါ ဘသာသည် တဘက်လမ်းမှန်အစသို့ရောက်နှင့်နေလေပြီ။

"ခင်ဗျားချောင်းထဲဆင်းပြီး ရှေ့က လမ်းရှာပြသွားပါ။ ရွှံ့တွေ သိပ်ကျွံလှပြီ၊ ကျုပ်နောက်က ဖြည်းဖြည်းလိုက်ခဲ့ပါမယ်"

သူတို့နောက်မှလိုက်လာကြသော ဝန်ထောက်မင်းတို့ လူအုပ်မှာ အတော်ဝေးဝေး၌ ပြတ်ကျန်ခဲ့ကြပြီဆိုသည်ကို အတပ်သိသော ကျော်စံက ဘသာအား လမ်းရှာဆင်းရန် ပြောလိုက်၏။

အမှန်က သူတို့နှစ်ယောက်အနားကို ဝန်ထောက်မင်းတို့ လူအုပ်မရောက်လာမီ လုပ်စရာကိုင်စရာရှိသည်တို့ကို ဤနေရာ၌ ပြုလုပ်ပါမှ သူ၏အကြံအစည်များမှာ ပိပိရိရိရှိ၍ သူ့အပြစ်လည်း ကင်းလွတ်နိုင်မည်ဆိုသည်ကို ကျော်စံက ကြိုတင် တွက်ဆထားပြီးဖြစ်လေသည်။

ဤနေရာမှာ ချောင်းဟု ဆိုသော်လည်း ကမ်းနှစ်ဖက်လမ်းမြောင်အလွန်တွင် ရွှံ့နွံတို့က ပြည့်နေသဖြင့် ချောင်းရိုးရေစီးကြောင်းငယ်မှာ အလယ်၌သာ ရှိနေလေသည်။ အကယ်၍ ယခင်က သွားဖူးလာဖူးထားသူ ဆင်သမား မဟုတ်ပါက ဤနေရာကို ဖြတ်ကူးမည်ဆိုလျှင် ရှေ့က လမ်းပြလမ်းရှာတစ်ယောက်တော့ အမှန်ပင်လိုအပ်လှ၏။

လမ်းပြလမ်းရှာတစ်ယောက်မပါဘဲ ကူးဖြတ်ဆင်းသွားမိပါက မမြင်နိုင်သော ချိုင့်ဝှမ်း ရွှံ့ထဲတွင် ဆင်က ပိုကျွံနိုင်သည်။ ထို့ကြောင့်လည်း ကျော်စံအမိန့်အတိုင်း ဘသာမှာ ချောင်းထဲရှိနွံလွင်ပြင်သို့ လမ်းရှာရန်ဆင်းရတော့၏။ သူ၏ဆင် ပိုကျွံမှာ သူစိုးရိမ်လေသည် မဟုတ်ပါလား။

ကျော်စံသည် ဘသာအား မိုးလုံး၏ ဦးကင်းထိပ်မှ လှမ်းကြည့်လိုက်၏။ ပြီး သူကြိုတင်ကြံစည်လာခဲ့သော ဒုစရိုက်စည်းဝိုင်းထဲသို့ ဘသာ ရောက်လာမလာကို အကဲခတ်လိုက်သည်။ သို့သော် သူနှင့်ဘသာတို့မှာ အတော်လှမ်းနေသည့်အပြင် မိုးနှင်းတွေကလည်း တဖွဲဖွဲကျလာသည်။ တောင်ခိုးတွေကလည်း တောင်လေနှင့် ချောင်းထဲ လိမ့်ဝင်လာကြ၏။ ထို့ကြောင့် ရှေ့ကစမ်း၍ လမ်းရှာရင်းသွားနေသော ဘသာကို ရိုးတိုးရိပ်တိပ်သာ မြင်ရသည်။

ခြေမျက်စိသာသာ နစ်နေသော ရွှံ့ထဲမှ ခြေမာကိုစမ်းရင်း ဘသာသည် ရွှံ့နွံလွင်ပြင်ထဲမှာ တစ်လှမ်းချင်းလှမ်း၍ လမ်းရှာနေ၏။ ထိုမှတစ်စ [illegible] ချောင်း လယ်နားသို့ ရောက်လာသောအခါ ရွှံ့နွံတွေမှာ ခြေမျက်စိမှသည် ဒူးခေါင်းနားသို

www.burmeseclassic.com

www.burmeseclassic.com



နှင်းသား၏ ပြီး ချောင်းကို ဖြတ်ကူးရန် ခါးလယ်လောက်နက်သော ရေထဲဆင်းရ တော့မည် ဖြစ်သဖြင့် တောခေါင်းကြီး ဦးထွန်းခဆီက ငှားယူဝှက်လာခဲ့သော ခါးကြားမှ တစ်လုံးပေါက်လုပ်သေနတ်ကို သူက ပခုံးတစ်ဖက်အစွန်ရှိ လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်သည်၊ ပြီးမှချောင်းဘက်တစ်လှမ်းချင်း စမ်းလျှောက်လာရသည်။

"ဟဲ့ .... ဟဲ့ ...ကောင်ကြီးနော် .... ကောင်ကြီး ....ကောင်ကြီးကွ"

ဦးကင်းနှစ်ဖက်တွင် ထိုးစိုက်ထားသော ဓားမြှောင်နှစ်လက်ကို ချက်ချင်း လျှင်မြန်စွာ ဆွဲနုတ်လိုက်ပြီး နားရွက်နှစ်ဖက်နောက်ကို သူ့ခြေဖျားနှင့် တဆတ်ဆတ်ကန်ပေးကာ ကျော်စံသည် ဒူးခေါင်းလောက်ထိ ရွံ့နစ်နေသော ဘသာဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်သွားရန် မိုးလုံးကို ရုတ်ခြည်းအော်၍ အမိန့်ပေးလိုက်၏။

နှစ်ရှည်လများ ပျောက်ချက်သားကောင်းနေသော သူ့သခင်က ယခုအခါ သူသတ္တဝါတစ်ယောက်အား ချေမှုန်းတိုက်ခိုက်ရန်အတွက် သူ့အား ချော့မြှူ၍ အမိန့်ပေးနေပြီဆိုသည်ကို မိုးလုံးက ရုတ်ခြည်းနားလည်သွား၏။

အမှန်က မိုးနှင်းဖွဲဖွဲနှင့် တောင်ခိုးကြားထဲတွင် သူ့ရှေ့က မည်းမည်း မည်းမည်းနှင့် ရိပ်တိပ်တိပ်သွားလာ လှုပ်ရှားနေသော အရာဝတ္ထုတစ်ခုကို စမြင် ကတည်းကပင် မိုးလုံးမှာ ချေမှုန်းတိုက်ခိုက်ချင်လှသဖြင့် ဝမ်းထဲက ကျလိကျလိ ဖြစ်နေခဲ့ရသည်။ ထိုမပီမသသော အရာဝတ္ထုသည် ယခုလို မုန်ရိပ်မုန်သွေးကြွ နေသော သူ၏အသည်းကို ယားကျိကျိဖြစ်အောင် ကလိကစားလာခဲ့သည်မှာ နွံချောင်းထဲ စဝင်ကတည်းကပင် မဟုတ်ပါလား။

ဦးကင်းထိပ်မှ သွေးတွေ တစိမ့်စိမ့်ယိုကျလာပြီး နာကြည်းလှသော ဝေဒနာနှင့်အတူ ကြီးစွာမာန်ဝင်နေသော မိုးလုံးသည် နောက်ထပ်ပေးလာမည့် သူ့သခင်၏ အမိန့်ကိုပင် မစောင့်နိုင်ဘဲ ဘသာကိုသာ ပြေးလိုက်တော့သည်။

ကျော်စံ၏ ဆင်မြှူလိုက်သံကြောင့် ထိတ်ခနဲဖြစ်သွားသော ဘသာက နောက်သို့ ဆတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်သည်။

မုန်ယစ်နေသော မိုးလုံးက သူ့ဆီသို့ တည့်တည့်မတ်မတ် ပြေးလာနေသည် ကိုမြင်ရသောအခါ ဘသာ၏မျက်နှာမှာ ချက်ချင်းသွေးဆုတ်သွားလေသည်။ အမှန်က ဘသာ၏ မျက်နှာ၌သာ သွေးဆုတ်နေသည်မဟုတ်၊ ကျော်စံ၏ မျက်နှာ မှာလည်း သွေးဆုတ်၍ အေးစက်မာကျောနေသည်။

"မိုး ... မိုးလုံးကွ၊ ကောင်ကြီးကွ"

ကျော်စံသည် သူကြိုတင် ကြံစည်လာခဲ့ရသော ဒုစရိုက် စည်းဝိုင်းထဲသို့ ဘသာရောက်သွားခဲ့ပြီဖြစ်သဖြင့် မိုးလုံးကိုသာ အလျှင်အမြန်ဖြစ်အောင် တတွတ် တွတ်အမိန့်ပေး၍ အလျင်စလို ခိုင်းစေလိုက်၏။

သို့သော် မိုးလုံးမှာ ဘသာထက်ပင် နွံနစ်နေသဖြင့်ကျော်စံ ခိုင်းစေသလို



လျှင်မြန်ခြင်းမရှိဘဲ ယိုင်တိယိုင်တိုင်နှင့်သာ ဘသာကို လိုက်ဖမ်းနေရသည်။

"ဟေ့ .... ဟေ့ကောင် .... ကျော်စံ၊ မင်း .... မင်းဒါဘာလုပ်တာလဲကွ၊ မင်းငါ့ကို တမင်ကြံတာ မဟုတ်လား၊ မင်းကြံတိုင်း မရဘူးဆိုတာ မှတ်ပါကွ၊ ငါ့မှာ သစ်ခေါင်းကြီးဆီက ငှားလာတဲ့ သေနတ်ပါတယ်ကွ၊ သေနတ်ပါတယ်"

ကျော်စံက သူ့အား အသေကြံပြီဆိုသည်ကို အတပ်သိလိုက်သော ဘသာ နွံပြင်ထဲတွင် လှည့်ပတ်ပြေးနေရင်းက သူ့လက်ထဲတွင် သေနတ်ပါကြောင်း ကျော်စံအား သတိပေးကြုံးဝါးလိုက်၏။

"ဟား .... ဟား .... ဟား"

သေရတော့မည်ကို ကြောက်ရွံ့သဖြင့် သွေးရူးသွေးတန်းနှင့် ကယောင် ချောက်ချား အော်ဟစ်ရင်း ပြေးပြောပြောနေသော ဘသာကိုကြည့်ကာ ကျော်စံ မှာ တဟားဟား ရယ်ပစ်လိုက်သည်။

တောခေါင်းကြီး ဦးထွန်းခတွင် သေနတ် ရှိနေသည်ကို ကျော်စံမသိသည် မဟုတ်။ ဘသာနှင့် တောခေါင်းကြီးတို့မည်မျှ ရင်းနှီးကြသည်ကိုလည်း ကျော်စံ သိ၏။ သို့သော် ကျော်စံသိသော တောခေါင်းကြီး ဦးထွန်းခ၏ သေနတ်မှာ ရှေ့ထိုး ပြောင်းရှည်သာ ဖြစ်သည်။ အကယ်၍ တောခေါင်းကြီး၏ ရှေ့ထိုးသေနတ်သာ ဘသာဆီ၌ ပါလာလျှင် စခန်းဝိုင်းထဲက စထွက်လာကြကတည်းကပင် သူမြင် သာနိုင်သည်။ စထွက်လာကြကတည်းက ဘသာ၏ ကိုယ်ပေါ်တွင် သူ၏အဝတ် အစား အထုပ်အပိုးများကိုသာ မြင်ခဲ့ရသည်။ ထို့ကြောင့် ယခုဘသာက သူ၏ ကိုယ်ပေါ်တွင် တောခေါင်းကြီး၏သေနတ် ပါလာသည်ဆိုခြင်းမှာ သေရတော့ မည်ကို ကြောက်ရွံ့သဖြင့် သွေးရူးသွေးတန်းနှင့် ကယောင်ချောက်ချားပြောနေ ခြင်းသာဟု ကျော်စံက အတိအကျယူဆလိုက်သည်။

အမှန်မှာ တောခေါင်းကြီး ဦးထွန်းခတွင် လိုင်စင်မဲ့ လျှို့ဝှက်ကိုင်ထား သော တစ်လုံးပေါက်သေနတ် အတိုစားတစ်လက်ရှိသေးသည်ကို ကျော်စံမှာ လူသစ် ဖြစ်သဖြင့် မသိခြင်းသာပင်။ ထို့ကြောင့်လည်း ကျော်စံသည် မိုးလုံးအား ပို၍မြန်လာအောင် အမိန့်ပေးလျက်ရှိလေသည်။

မုန်သွေးမုန်မာန်ဝင်ကာ ကျော်စံခိုင်းနေသလို သူ့အား ချေမှုန်း သတ်ဖြတ် ရန် တစ်ဟုန်ထိုး ပြေးလိုက်လာနေသော မိုးလုံး၏ စက်ကွင်းထဲမှ ရုန်းကန်နေသော သူ့ခြေထောက်မှာ ဘယ်လိုမှ ထွက်မရတော့ဆိုသည်ကို ဘသာ ချက်ချင်းသိလိုက် သည်။

ဘသာသည် အန္တရာယ်ကိုရင်ဆိုင်ရန် သူ့ကိုယ်ကိုကျော်စံနှင့် မိုးလုံးတို့ ဘက်သို့ ပြန်လှည့်လိုက်သည်။

"ဟေ့ ....ကျော်စံ၊ မင်း .... မိုးလုံးကိုခုချက်ချင်းရပ်လိုက်စမ်း၊ မင်းမရပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မောက်တစ်လှမ်းတိုးလာရင် ငါ့သေနတ် ကျည်ဆန်က မင်းရင်ဝကို အဖောက်ပဲ ကွ"

ဘသာသည် မိုးလုံးဦးကင်းထိပ်က ကျော်စံအားသေနတ်နှင့် တည့်တည့် မတ်မတ် ချိန်ရွယ်ကာအော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟား .... ဟား .... ခင်ဗျား သွေးရူး သွေးတန်းနဲ့ မဖြစ်နိုင်တာတွေကို လျှောက်ပြောမနေပါနဲ့တော့ဗျာ၊ ကိုဘသာကြီး တစ်ယောက်တော့ ရွှံ့ချောင်းဘက်မှာ ဆင်နင်းလို့ သေပြီဆိုတာ မြသူနဲ့ ခင်ဗျားသားလေးသမီးလေးတွေကို ကျုပ်ပြောလိုက်ပါ့မယ်ဗျ၊ ခင်ဗျားချစ်ဇနီး မြသူကို မှာချင်တာသာ မှာတော်မူလိုက်ပါ၊ ဟား .... ဟား ....ဟား"

ခြောက်လုံးပြူး သေနတ်တစ်လက်ပမာ ဆင်စွယ်ရိုးတပ်ထားသော တောသုံးဓားမြှောင်တစ်လက်နှင့် သူ့အားချိန်ရွယ်ကာ သေခါနီး ခြိမ်းခြောက်စကားဆိုနေသော ဘသာကို ကျော်စံက ကလိလိုက်သည်။

အမှန်က မိုးနှင်းတွေ တဖွဲဖွဲကျ၍ ချောင်းနွံလွင်ပြင်ထဲတွင် တောင်ဆိုးတွေကလည်း ဝေနေသဖြင့် ထင်ထင်ရှားရှားမမြင်ရသော ဘသာလက်ထဲက လုပ်သေနတ်ကို ကျော်စံမှာ ယခုထိ သေနတ်ပုံ အရိုးတပ်ထားသော ဓားမြှောင်တစ်လက်ဟုသာ ထင်နေဆဲဖြစ်သည်။

"ဟေ့ ....ဟေ့ကောင်၊ ငါပြောနေတယ်ကွ၊ မင်းတကယ်သေချင်လို့လားဟင်၊ မင်းမသေချင်သေးရင် မိုးလုံးကို ခုချက်ချင်းရပ်လိုက်၊ ငါပစ်လိုက်မယ်နော်၊ ဟဲ့ကောင် .... ငါပစ်လိုက်မယ် ...."

ဘသာဒုတိယမ္ဗိအော်၍ သတိပေးလိုက်သော်လည်း မိုးလုံး၏ ခြေလှမ်းများကမူ တန့်ရပ်မသွားသည့်အပြင် နက်ရှိုင်းစွာ ရယ်မောလိုက်သော ကျော်စံ၏ တဟားဟား ရယ်လိုက်သံကပါ ဘသာကို ပြန်၍ ခြောက်လှန့်လိုက်ပြန်သည်။

အမှန်ဆိုရမူ ဘသာ၏လက်ထဲတွင် သေနတ်ပါလာသည်ကို ကျော်စံသိလျှင်လည်း ချွန်းလွှတ်ထားပြီးဖြစ်သော မုန်ဆင်တစ်ကောင်ကို ဤလိုအခြေအနေမျိုး၌ သူမှာ ဘယ်နည်းနှင့်မျှ ဆီးတားချုပ်ကိုင်၍ ရနိုင်တော့မည် မဟုတ်ပါချေ။

အကယ်၍ တားဆီးထိန်းချုပ်၍ ရနိုင်သည်ဆိုစေဦးတော့၊ သုံးလေးနှစ်ပင်ပန်းခံကာ ခက်ခက်ခဲခဲကြံစည်လာရသော အခွင့်အရေးကို ကျော်စံက ဘယ်နည်းနှင့်မျှ လက်လွှတ်ခံတော့မည်မဟုတ်ပါချေ။ ရန်ကို ရန်ချင်း တုံ့ပြန်ခြင်းဖြင့် နောက်ဆုံးစာရင်းရှင်း၍ ပြီးပြတ်ခါနီးမှ ပြောင်းလဲလာသော အခြေအနေကိုလည်း ကျော်စံက လုံးဝမမှုတော့ပါချေ။ ထို့ကြောင့်လည်း တစ်ဟုန်ထိုးပြေးနေသော မိုးလုံးကို ကျော်စံသည် မည်သို့မျှ တားဆီးထိန်းချုပ်ခြင်း အလျှင်းမပြု



တော့ဘဲ မသေခင် ဘသာကြားသွားစေချင်သော စကားများကိုသာ အားပါးတရ ပြောချလိုက်လေသည်။

"ဘာဗျ၊ ကျုပ်ကမိုးလုံးကို ရပ်လိုက်ရမယ် ... ဟုတ်လား၊ ဟား .... ဟား၊ ဒီလိုခင်ဗျားနဲ့ ကျုပ်စာရင်းရှင်းရမယ့် အချက်ကောင်းရဖို့ ကျုပ်သုံးလေးနှစ် ပင်ပန်းခံပြီး စောင့်လာခဲ့ရတာကို ခင်ဗျားမှထိ မသိသေးဘူးကိုး၊ဗျ၊ တကယ်လို့ ခင်ဗျားမသိသေးဘူးဆိုရင်တော့ ကျုပ်ကထပ်ပြီး ပြောပြလိုက်ပါဦးမယ်ဗျာ၊ မြသူနဲ့ကျုပ်ဟာ အကြိမ်ပေါင်းမနည်း"

"ဒိုင်း"

ကျော်စံ၏စကားမဆုံးမီပင် ဒိုင်းဟူသောသေနတ်သံတစ်ချက်သည် မိုးယံဘဝဂ်သို့ ပျံတက်သွားသည်၊ တောလုံး တောင်လုံး ဟည်းသွားသော သေနတ်ပဲ့တင်သံနှင့်အတူ ကျော်စံသည် မိုးလုံး၏ ဦးကင်းထိပ်မှ နွံလွင်ပြင်ထဲသို့ ဒလိမ့်ခေါက်ကွေး ကျသွားလေသည်။

"ဟဲ့ မိုးလုံး ....မိုးလုံး ...."ဟူသော ဘသာ၏ အသံနက်ကြီးနှင့်အတူ ကျော်စံသည် နွံလွင်ပြင်ထဲက သွေးရူးသွေးတန်းနှင့်ပြေးထသည်၊ သူ့ပခုံးပေါ်မှ သွေးစိမ်းရှင်ရှင်ကျနေသည်ကိုပင် သတိမထားမိ၊ သူ့ရှေ့လေးငါးလံအကွာတွင် ထီးထီးမားမား ရပ်နေသော ဘသာကို မြင်လိုက်ရသောအခါ ကြီးစွာတုန်လှုပ်သွားမိသည်။

ဘသာသည် သူ့အား သေနတ်နှင့် တည့်တည့်မတ်မတ်ချိန်ထားလေပြီ၊ မိုးလုံး နင်းသတ်၍ သေသွားသော ဘသာသည် သားမယားစိတ်နှင့် ချက်ချင်းအသိမ်းသရဲဖြစ်ကာ သူ့ကိုလာခြောက်နေလေသလား ထင်မိလိုက်သည်။ ကျော်စံ၏ ဘကိုယ်လုံးသည် ရုတ်ခြည်း ကြက်သီးဖြန်းဖြန်းထသွား၏။

"ခွေး .... ခွေး .... တိရစ္ဆာန်ထက် မိုက်တဲ့ ခွေးကောင်၊ မိုးလုံးထက် မိုက်တဲ့ခွေး၊ မင်း .... မင်းဟာ တိရစ္ဆာန်ထက်မိုက်တဲ့ခွေးကွ"

ဘသာ၏ ကတုန်ကယင် ရေရွတ်လိုက်သံကြီးသည် သူ့နှားထဲမှာ ကွဲလုမတတ် ဆူညံသွားသည်။

"ဒီ.... ဒီမှာ ကျော်စံ၊ မင်းဟာ မင်းတစ်ယောက်တည်း လူသတ်မှုကျူးလွန်ရုံသာမကဘူး၊ မိုးလုံးကိုပါ ရာဇဝတ်မှု ဖြစ်အောင်လုပ်နိုင်းတယ်၊ ငါ့ကို တမင်သတ်ခိုင်းတယ်၊ ဒါပေမဲ့ မိုးလုံးက မင်းလို မမိုက်ဘူးကွ၊ တိရစ္ဆာန်ပေမဲ့ ငါ့ မိုးလုံးက မင်းထက်အသိဉာဏ်ရှိတယ်၊ အများကိုသိတယ်၊ ရာဇဝတ်မှုဆိုတာ သူနားလည်တယ်၊ မင်းသာ ဆင်ထက်မိုက်တဲ့လူ၊ ရန်ကို ရန်ချင်းတုံ့ပြန်မယ်ဆိုတဲ့ အမှားလမ်းစဉ်ကိုလိုက်လာတဲ့အကောင်၊ မင်းဟာ အချိန်ကြာရှည် တစ်နည်းမဟုတ်တစ်နည်း ငါ့ကိုကလဲ့စားချေဖို့ပဲ ကြံဆောင်ကြိုးစားလာတယ်ဆိုတာ ငါသိတယ်၊ ငါ့ကိုလည်း မင်းက ငါ့ထက် သိပါတယ်ကွ ကျော်စံရာ၊ ဟုတ်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စံဆီမှ မည်သည့်တုံ့ပြန်စကားမှထွက်မလာ။ ပေါက်ထွက်မတတ်သော မျက်လုံးအစုံနှင့်သာ ဘသာကို တစူးစိုက်စိုက်ငေးကြည့်နေ၏။ သူ့စိတ်ထဲမှာ တကယ်ဘသာလား၊ တစ္ဆေသရဲ ဘသာလား ... ဟု ထင်နေတုန်းပင်။

"ဒီမှာကွကျော်စံရာ၊ ငါသေသွားလို့ကော မင်းအတွက် ဘာအကြောင်းထူးမှာလဲ၊ ငါသေသွားရင် မြသူက မင်းကို ပြန်ချစ်လာမယ်လို့ မင်းထင်သလား..."

"မထင်ဘူး၊ မထင်ဘူး"

ကျော်စံက ဒေါသနှင့်အော်လိုက်၏၊

"ဟား ... ဟား ... အေး၊ ဒါ ... ဒါဆိုလည်း အမြင်မှန်သားပဲ၊ ဒီမှာ ငါပြောမယ် ကျော်စံ၊ ငါဟာ ငါ့အမှား ငါသိတယ်၊ ငါ့အမှားငါသိလို့လည်း မင်းကို တစ်ချိန်လုံးငါခွင့်လွှတ်ထားခဲ့တယ်၊ ငါဟာ တစ်ခါပဲအမှားခံမယ်၊ လူဟာ နှစ်ခါမမှားရဘူးကွ၊ မင်းကိုဝန်ထောက်ကြီး ပြောပြောနေတဲ့စကား မင်းအမှတ်မထားတော့ဘူးလား"

ကျော်စံ၏ ဦးခေါင်းသည် အနည်းငယ်ငိုက်ကျသွား၏။

... မင်းတို့က ဆင်သမား ဆင်ဦးစီးတွေဆိုတော့ တို့ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်း ကြည့်ကွာ၊ ရှင်ဥသုဘဒ္ဒါအတွက် အသက်တောင် အသေခံပြီး အစွယ်ဖြတ်ပေးလိုက်တာလေ ... မင်းကပြောမယ်၊ ကျွန်တော်က ဘုရားအလောင်း မဟုတ်ဘူးလို့၊ မင်းယောက်ျားဆိုတာ ဘုရားဆုပန်လို့ပြောကြတာပဲကွ၊ မြို့ကြီးပြကြီးများမှာဆိုရင် ကိုယ့်မိန်းမနောက်ယောက်ျားတစ်ယောက်နဲ့ ဖောက်ပြားလော်လည်နေတာကို လက်ပူးလက်ကြပ်ဖမ်းမိတာတောင် ဘာမှ မပြစ်မယူ ရန်ငြိုးမထားပဲ ဝေဿန္တရာလက်သစ် လုပ်လိုက်ကြတဲ့အပြင် တိုက်တွေကားတွေပါ လက်ဖွဲ့လိုက်ကြတယ် ... သူတို့အဖြစ်နဲ့စာရင် မင်းအဖြစ်က အများကြီး ခွင့်လွှတ်ဖို့ ကောင်းတယ်။ မြသူဟာ မင်းနဲ့လက်ထပ်ပြီးခါမှ သစ္စာဖောက်သွားတာလည်း မဟုတ်ဘူး၊ ရည်းစားရယ်လို့တောင် ရေရေရာရာဖြစ်သေးကြတာမဟုတ်ဘူး၊ ပြီး ... မိုးလုံးဟာလည်း မင်းအဖေက မင်းကို တိတိကျကျ စာချုပ်စာတမ်းတွေနဲ့ ပေးထားခဲ့တာ မဟုတ်ဘူး ...။

"ဒီမှာကွ ကျော်စံ"

ဆတ်ခနဲ ခေါင်းကို မတ်လိုက်သည်။

"မင်းက ငါ့ကိုမိုးလုံးနဲ့ သတ်ခိုင်းပေမဲ့ မိုးလုံးဟာ အရှင်မှန်း သခင်မှန်း သိဘယ်ကွ၊ တိရစ္ဆာန်ပေမဲ့ မင်းတို့ငါတို့ထက်လိမ္မာတယ်၊ မိုးလုံးကိုအတုယူပြီး မင်းငို့ ငါတို့ နောင်တရကြဖို့ အချိန်ရောက်ပြီ၊ ကျော်စံ မင်းကိုသာ ငါအသေသတ်ချင်ရင် မင်းခုလိုတောင် ရပ်မနေရတော့ဘူးမှတ်၊ စောစောကပဲ မင်းသေပြီးပြီ၊ ဒါပေမဲ့ ငါမင်းကို မသတ်ဘူးကျော်စံ၊ မင်းကို ငါမသတ်ရက်ဘူး၊ မင်းခံစားနေရမဲ့ ဒုက္ခကို ငါနောင်တရလို့ ကိုယ်ချင်းစာတတ်ပါပြီကွ၊ ငါပြောနေဟာ မင်း



မယုံသေးဘူးလား ကျော်စံ၊ ဒီမှာကြည့်ကွ၊ မင်းကိုခုလည်း ငါသတ်လို့ရသေးတယ် မင်းအတွက် ငါ့ဆီမှာ ကျည်ဆန်တွေရှိသေးတယ်၊ ဒါပေမဲ့ မင်းကို ငါမသတ်တော့ဘူး၊ မင်းလို ငါမမိုက်တော့ဘူး၊ ငါ့အမှားကို ငါနောင်တရလို့နေပြီ၊ ဘာတွေကြည့်နေတာလဲကွ၊ ငါပြောတာမင်းမယုံရင် ဒီမှာကွ မင်းအတွက်ကျည်ဆန်ကို ...

"ဒိုင်း"

သူ့အား တည့်တည့်မတ်မတ်ချိန်ရွယ်ထားသော သေနတ်ကို ဘသာက မိုးပေါ်ထောင်ဖောက်လိုက်သောအခါ ကျော်စံ၏ ကိုယ်မှာ ဆတ်ဆတ်ခါ တုန်သွားသည်။ ဂါကယ်ပါလားဟူသော အသိကို သူချက်ချင်းသိလိုက်သည်။ သူသာ ဤအဖွင့်အရေးမျိုးကို ရခဲ့လျှင် ....။

ပခုံးတစ်ဖက်မှ ပူပူနွေးနွေး စီးကျနေသော သွေးစိမ်းရှင်ရှင်ကိုတစ်လှည့် ဘသာကိုတစ်လှည့်ကြည့်ကာ ကျော်စံသည် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

ဘသာသည် သူ့အား တကယ်သတ်ချင်လျှင် ယခုလည်းလှမ်းပစ်သတ်လိုက်ရုံသာ။ မိုးလုံးကို ပစ်ရင်း ထိသွားသည်ဆိုလျှင် မည်သို့မျှ အပြစ်ရမည်မဟုတ်။ အပြစ်ရဦး၊ မတော်တဆမှုအပြစ်က သက်သာမည်။ သူကမူ ....။

"ဟင် ... ကျော်စံ မင်းငါ့ကို ခုထိ ခွင့်မလွှတ်နိုင်သေးဘူးလားကွ ..."

ဘသာသည် နှဲကျဲ့နေသော ခြေလှမ်း ဒယီးဒယိုင်နှင့်သူ့ဆီလှမ်းလာနေ၏။ ကျော်စံကမူ ယခုထိကျောက်ရုပ်ဖြစ်နေသည်။ ဘသာသည် ကျော်စံ၏ လက်တကမ်းသို့ရောက်လာ၏။ သူ့ခါးကြားထဲက ကျည်တစ်တောင့်ကိုထုတ်၍ တစ်လုံးပေါက် သေနတ်တိုထဲ ထိုးထည့်လိုက်၏။

'ရော့ကွ ကျော်စံ၊ မင်း ... မင်း ငါ့ကို ဒီလောက်တောင် သတ်ချင်နေရင် ဒီသေနတ်နဲ့ ငါ့ကိုသတ်လိုက်စမ်းပါ။ ဒီသေနတ်နဲ့ ငါ့ကို ပစ်သတ်လိုက်စမ်းပါ ရော့လေကွာ ... ယူပါ၊ ခုထိမင်းငါ့ကို ခွင့်မလွှတ်နိုင်သေးဘူးဆိုရင် သတ်လိုက်စမ်းပါ၊ သတ်လိုက်စမ်းပါ၊ မင်းသတ်ရင် ငါသေရဲပါတယ် ကျော်စံရာ ..."

ဘသာသည် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျကာ သေနတ်လှမ်းပေးနေသည်။ ဘသာကို မျက်တောင်မခတ်·စိုက်ကြည့်နေသော ကျော်စံမှာလည်း ယခုအခါ ဇောချွေးတွေ ပြန်နေလေပြီ။ ဘသာ၏အဖြစ်ကိုကြည့်ကာ ဘာမှန်းမသိဘဲ သူပါငိုချင်လာ၏။

"ရော့ ယူလေကွာ ... သေနတ်၊ ကျော် ...ကျော်စံ ယူပါကွ၊ ငါ့မိုက်မှုအတွက် မင်းငါ့ကို ကလဲ့စား ချေလိုက်စမ်းပါ၊ ငါ့ကို သတ်ပစ်လိုက်စမ်းပါ"

ကျော်စံသည် ခေါင်းကို သွက်သွက်ခါလိုက်သည်။

"ကျွန် ... ကျွန်တော် မိုက်ခဲ့ပါတယ် အစ်ကိုဘသာ၊ ကျွန်... ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ဟမ်း – ဝမ်းသာလိုက်သာ ငါ့ညီရာ ...၊ အစ်ကို ဝမ်းသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဘသာသည် သူ့လက်ထဲကသေနတ်ကို နွံလွင်ပြင်ထဲပစ်ချပြီး ကျော်စံကို ခြေးဖက်လိုက်သည်။ ပြီး ... ကျော်စံ၏ပခုံးမှ ရုပ်မှန်ထားသော သေနတ်ဒဏ်ရာကို သူ့လည်ပင်းက ပဝါနှင့်စည်းပေးလိုက်၏။ ပြီး ... တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကျေကျေနပ်နပ် ပြုံးလိုက်ကြသည်။

"ဟေး .... ဟဲ့ကောင်တွေ ... ဘသာ၊ ဝေး ... ကျော်စံ"

"ဗျို့ ... ဝန်ထောက်ကြီး၊ ကျွန်တော်တို့ ဒီမှာဗျို့"

စိတ်မချ၍ နောက်ကလိုက်လာကြသော ဝန်ထောက်ကြီးတို့အဖွဲ့က အော်မေးလိုက်သံကို ကြားရသည်။

"ဟေး ....ကောင်တွေ၊ သေနတ်သံတွေလည်းကြားတယ် ... ဘာဖြစ်ကြတာလဲကွ"

"ဘာ ...ဘာမှမဖြစ်ပါဘူး ဝန်ထောင်မင်း၊ မိုးလုံးကြမ်းလို့ ကျွန်တော့်တို့နှစ်ယောက် ဝိုင်းထိန်းကြတာမရဘူး၊ တောထဲထွက်ပြေးသွားတယ်"

ဘသာ၏ အော်ပြောနေသံမဆုံးခင်ပင် ဝန်ထောက်ကြီးနှင့်အဖွဲ့ သူတို့အနား ရောက်လာကြသည်။

တစောင်းစေးနှင့်မျက်ချေးပမာဖြစ်နေကြသော ကျော်စံနှင့်ဘသာတို့ကို မြင်ကြသောအခါ အားလုံးမှာ အံ့သြသွားကြသည်။

ကျော်စံအား နွံလွင်ပြင်ထဲတွင် ညီငယ်တစ်ယောက်အား ကြင်ကြင်နာနာ ပြုစုနေသလို ပတ်တီးစည်းပေးနေသောဘသာကလည်း သူတို့အနား ရောက်လာကြသောလူများကို မော့ကြည့်သည်။

"ကျော်စံ ဘာဖြစ်သွားလို့လဲကွာ ဘသာ"

"မိုးလုံးကို ကျွန်တော်ခြောက်ပစ် ပစ်တာ ကျော်စံကို နည်းနည်းရုပ်ထိသွားလို့ပါ ဝန်ထောက်မင်း"

ဘသာက မလုံမလဲနှင့်ပြော၏။

"မင်း မိုးလုံးတော့ ဆုံးပြီပေါ့"

"မဆုံးပါဘူးဆရာ၊ ဒီကောင် ပြေးနိုင်ရင် အနောက်ရိုးမပါပဲ၊ မကြာခင် အစ် .... အစ်ကိုဘသာနဲ့ ကျွန်တော်တို့ မိုးလုံးကို လိုက်ကောက်ကြမှာပါ"

"မင်းတို့ နှစ်ကောင်ဟာလေ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ထို့ ...."

ဝန်ထောက်မင်း၏ ဆူသံကို ဤတစ်ခါနောက်ဆုံးကြားရခြင်းဟူသော နားလည်မှုဖြင့် ဘသာနှင့်ကျော်စံတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပီတိပြုံး ပြုံးလိုက်ကြလေသည်။

■

www.burmeseclassic.com